http://www.myanmarbookshelf.org



ဒေါက်ဦးစာဆဝ

စာပေမှတ်တိုင်များကို ဖြတ်သန်းခြင်း

မောင်ခင်မင်

[၀ဋ္ဌ]

http://www.cherrythitsar.org

စာစဉ်အမှတ် (၂)

အိပ်မက်ဦးစာပေ
အမှတ် ၃၅၊ ၈(ခ) လွှာ၊ ပုသိမ်မြို့နယ်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၇၀၆၄၁၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄။

–ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

– ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင့်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းသာရေးနှင့် နိုင်ငံတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

– နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

– စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်တည်ရှိရေး

– လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်သိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

စာပေမှတ်တိုင်များကို ဖြတ်သန်းခြင်း

မောင်ခင်မင် (ဓနုဖြူ)

"နှစ်လေးဆယ် ဘဝမှတ်တိုင်များ" စာအုပ်ဖြင့်
၂၀၀၂-ခုနှစ် အမျိုးသားစာပေဆု ရရှိခဲ့သော
ရန်ကုန်တက္ကသိုလ် မြန်မာစာပေါ်မောက္ခ ဌာနမှူး
[ဆရာကြီးဒေါက်တာ ဦးခင်အေး-မောင်ခင်မင်(ဓနုဖြူ)] ၏
မြန်မာစာပေ၊ အဟတ်အရှု၊ အတွေးအမြင်စာအုပ်။

စာမူခွင့်ပြုအချက်အမှတ်	-	၁၈/၂၀၀၄ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၁၉၆/၂၀၀၄ (၃)

❖

ဒီဇိုင်းသူ

ကိုဉာဏ်ထွန်း

❖

ပုံနှိပ်ခြင်း

ပထမအကြိမ်	-	(၂၀၀၄၊ ဇွန်လ)
အုပ်ရေ	-	(၅၀၀)

❖

မျက်နှာဖုံး	-	ဇော်မောင်
ကွန်ပျူတာစာစီ	-	ဏာကဋ္ဌေအပ
အတွင်းဖလင်	-	ဏာကဋ္ဌေအပ

❖

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်စက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ

ဦးမြင့်ထွန်း (မြို) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး	-	၉၀၀ - ကျပ်

http://www.cherrythitsar.org

မာတိကာ

၁	သံသယကိုလက်ကိုင်ပြု၍	၁
၂	ရာဇကုမာရ၏နှင့်ပတ်သက်၍	၉
၃	ကျောက်ထက်အကွာရာတင်ခဲ့သော သုတရသစကားပြေအစွဲ.များ	၁၆
၄	ငါးရွှင်ငါးဆယ်	၂၁
၅	ဇာတ်ကြီးဆယ်ဘွဲ.	၂၆
၆	ပုဂံခေတ်က ဇာတ်ကြီးဆယ်ဘွဲ.စကားပြေ	၃၁
၇	ဇာတ်ကြီးဆယ်ဘွဲ.ရှာပုံတော်	၃၆
၈	ဗုဒ္ဓဝင်နိဒါန်း	၄၁
၉	ပုဂံခေတ်က ဗုဒ္ဓဝင်	၄၅
၁၀	ဇင်းမယ်ပဏ္ဏာသ	၄၉
၁၁	အင်းဝခေတ်စကားပြေ မှတ်တိုင်နှစ်တိုင်	၅၃
၁၂	ပန်းချီကားကလေး သုံးချပ်	၅၈
၁၃	ရွှေပြည်ဇာတ်စာပေသည် စကားပြေလော	၆၄
၁၄	စကားပြေနေရာမှန်ရောက်ရေးအတွက်	၇၀
၁၅	ကုန်းဘောင်ခေတ် ဘာသာပြန်စာပေ	၇၇
၁၆	တရုတ်မြန်မာပြန်ဆေးကျမ်း	၈၁
၁၇	ပသီပုံပြင်အရေးအသား	၈၆
၁၈	ဝတ္ထုကဗျာနှင့် ဒီဋ္ဌလောကအစွဲ.	၉၀
၁၉	လွတ်လပ်ရေးအတွက် ဘာသာပြန်လက်နက်	၄၃
၂၀	အလက်ခမြင်ကွင်း	၉၇
၂၁	ပျားတောင်သည် ရွှေတောင်တည်လေ	၁၀၃
၂၂	ခံစားမှုနှင့်ယှဉ်၍	၁၀၇
၂၃	ချစ်၍အလှကို ဆော်ကျူးခြင်း	၁၁၂
၂၄	အဲချင်းခြေရာ ကြိုးခြေရာ	၁၁၉
၂၅	လပေါ	၁၂၅

http://www.cherrythitsar.org

၂၆	ဘာလ္လာတီယယ္ရို့အမွမ်ားအမ်	၁၂၉
၂၇	ဓားလည်းပြက်ရယ် ပေရွက်နှယ်သို့	၁၃၅
၂၈	ပါတော်မူ ရွပ်ပုံလွှာ	၁၃၉
၂၉	လယ်ယာတစ်ခွင်မှာ	၁၄၇
၃၀	ခုနှစ်လုံးဘွဲ့ကလေးများ	၁၅၄
၃၁	ရှစ်လုံးဘွဲ့ကိုခြေရာခံခြင်း	၁၅၈
၃၂	ကဗျာသီကီ	၁၆၄
၃၃	ကဗျာလမ်းကြောင်းမှ ကွင်းဆက်တစ်ခု	၁၆၉
၃၄	ရှင်မာလဲကို လေ့လာခြင်း	၁၇၃
၃၅	မြန်မာနှင့် ခါးတောင်းကျိုက်ယဉ်ကျေးမှု	၁၇၈
၃၆	စာတော်ဗတ်	၁၈၃
၃၇	ရွပ်ပုံလွှာဒဏ္ဍီ.ဒဏ္ဍီများ	၁၈၇
၃၈	ပဲခူးရွပ်ပုံလွှာ	၁၉၄
၃၉	မြန်မာစာပေတွင် ထင်ဟပ်နေသော ပြည်တောင်စု တိုင်းရင်းသား ရွပ်ပုံလွှာများ	၁၉၉

http://www.cherrythitsar.org

သံသယကို လက်ကိုင်ပြု၍

[၁]

စာပေသုတေသနပြုရာတွင် သံသယကို လက်ကိုင်ပြု၍ ခိုင်လုံသော အထောက်အထားများကို ရအောင်ရှာရန် တစ်ချိန်က ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခဖြစ်ခဲ့သော ဆရာကြီးဦးမျိုးမင်းက 'စာပေအဖွင့် ပုံသစ် လောင်းသင့်ပြီ'ဟူသော စာတမ်းတွင် မိန့်ဆိုခဲ့ဖူးသည်။

စာပေဆိုင်ရာအချက်အလက်များကို ပုဂ္ဂိုလ်တစ်ဦးဦးက ရေးသားထားတိုင်း 'မှန်ပြီ၊ ခိုင်လုံပြီ'ဟု ချက်ချင်းလက်မခံသေးဘဲ "ဟုတ်ရဲ့လား၊ ဘာအထောက်အထားနဲ့ ပြောတာလဲ"ဟူသော သံသယဖြင့် စူးစမ်းစိစစ်ကာ အထောက်အထားရှာဖွေပြီး ခိုင်လုံမှ လက်ခံရန် မိန့်ဆိုခြင်းဖြစ်သည်။

ကျွန်တော်တို့ စာပေသမားများ ထိုကဲ့သို့ စူးစမ်းစိစစ်မှုမျိုးနည်းပါးကြပုံ၊ ရှေ့ကပုဂ္ဂိုလ်တစ်ဦးမိန့်ဆိုသည်ကို နောက်က ပုဂ္ဂိုလ်က မစိစစ်ဘဲ အလွယ်တကူလက်ခံတတ်ပုံတို့ကို ဆရာကြီးက ထောက်ပြပြီး အထောက်အထားခိုင်ခိုင်လုံလုံရအောင် စူးစမ်းဖော်ထုတ်မှသာလျှင် အချက်အလက်သစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း မိန့်ဆိုထားပါသည်။

ဆရာကြီးဦးမျိုးမင်း၏ အဆိုအမိန့်သည် စာပေလေ့လာသူ၊ သုတေသနပြုသူတို့ တိတိကျကျလိုက်နာကျင့်သုံးအပ်သော တန်ဖိုးရှိလှသော လမ်းညွှန်ချက်ဖြစ်ပါသည်။ အထောက်အထားခိုင်လုံမှု၏ တန်ဖိုးကို အလေးအနက်ဖော်ညွှန်းသော မိန့်ဆိုချက်လည်း ဖြစ်ပါသည်။

မှန်ပါသည်။ စာပေပညာရှင်တို့သည် ဆရာကြီးမိန့်ဆိုသကဲ့သို့ပင် သံသယကို လက်ကိုင်ပြု၍ အထောက်အထားများ စူစမ်းဖော်ထုတ်ကြသည့်အတွက် ရှေ့ပုဂ္ဂိုလ်များ မဖော်ထုတ်နိုင်ခဲ့သော အချက်အလက်အသစ်များ ပေါ်ထွက်လာသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ရှေ့ပုဂ္ဂိုလ်တို့ မဖြေရှင်းနိုင်ခဲ့သော စာပေပြဿနာများ ပြေလည် ရှင်းလင်းသွားသည်မှာလည်း အထင်အရှားပင် ဖြစ်ပါသည်။

http://www.cherrythitsar.org

[၂]

ကုန်းဘောင်ခေတ်ပေါ် ထီးနန်းဆိုင်ရာ ကျမ်းတစ်စောင်ဖြစ်သော 'ရွှေဘုံနိဒါန်းကျမ်း' ရေးသားသူ မည်သူနည်းဟူသော ပြဿနာသည် တစ်ချိန်က မကွမ်ဟားဖြစ်နေခဲ့သော ပြဿနာတစ်ရပ်ဖြစ်သည်။

ထိုကျမ်းကို ဇေယျသန်ယာဘွဲ့ခံ အိမ်ရှေ့အတွင်းဝန် 'အဘိုး'ဆိုသူ ရေးသားသည်ဟု အချို့က ဆိုသည်။ မြဝတီမင်းကြီးဦးစရေးသားသည်ဟု အချို့က ဆိုကြသည်။

ကုန်းဘောင်ခေတ်၌ပင် ပေါ်ပေါက်သော လှေသင်းအတွင်းဝန်ဦးချိန်၏ ဝေါဟာရလီနတ္ထဒီပနီနှင့် မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက် ဦးခြိမ့်၏ ကဝိလက္ခဏာ ဒီပနီတို့တွင် 'ဇေယျသန်ယာ ဘွဲ့ခံ အဘိုးစီရင်သည့် 'ရွှေဘုံနိဒါန်းစာစောင်'ဟု အခိုင်အမာဆိုထားသည့်အတွက် ထိုအဆိုက ပို၍ ခိုင်လုံဖွယ်ရှိသည်။

သို့သော် ကိုလိုနီခေတ်တွင် ပေါ်ပေါက်သော ပညာအုပ်ဦးလွင်၏ ကဗျာသင်္ဂီဟ မေဒနီကျမ်းတွင် မြဝတီမင်းကြီး ဦးစ၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာ၌ **'ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော် အိမ်ရှေ့အတွင်းဝန်အဘိုးက အိမ်ရှေ့ဘုရားမှာ အရည်အချင်းနှင့်တကွ လျှောက်ထားဆက်သ၍ ခစားနေသည့် အတွင်း'** ဟုဖော်ပြထားရာ 'ရေးသားစီရင်သော်'ဟူသော စကားအရ ထိုကျမ်းကို ရေးသားသူမှာ မြဝတီမင်းကြီး ဦးစဖြစ်သည်ဟု ယူဆကြခြင်းဖြစ်သည်။

ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင်လည်း မြဝတီမင်းကြီးဦးစအကြောင်းဖော်ပြရာ၌ 'ထို့နောက် ရွှေဘုံနိဒါန်းကို ရေးသားစီစဉ်သည်တွင် အိမ်ရှေ့အတွင်းဝန်အဘိုးက အိမ်ရှေ့ဘုရားထံမှာ အရည်အချင်းနှင့်တကွ လျှောက်ထားဆက်သ၍ ခစားနေရသည်'ဟူ၍ ကဗျာ သင်္ဂီဟ မေဒနီ၏ အဆိုအတိုင်းပင် ဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာစာပေညွှန့်ပေါင်းကျမ်း ဒုတိယတွဲတွင်လည်း ထိုသို့ပင် ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်လျှင် ထိုကျမ်းများတွင် မြဝတီမင်းကြီးဦးစ ရေးသည်ဟု မည်သည့်အထောက်အထားဖြင့် ဆိုပါသနည်း။

ထိုပြဿနာကို ဖြေရှင်းသူမှာ စာပေပညာရှင် ရွှေကိုင်းသားဖြစ်သည်။ ရွှေကိုင်းသားက 'မြဝတီမင်းကြီးဦးစ၊ ဘဝနဲ့ စာပေဂီတ လေ့လာချက်'ဟူသော စာတမ်းတစ်စောင် ပြုစုဖတ်ကြားရာတွင် ထိုပြဿနာကို ဖြေရှင်းပေးခြင်းဖြစ်သည်။

ရွှေကိုင်းသားက ကဗျာသင်္ဂီဟ မေဒနီကျမ်းတွင် ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော 'အိမ်ရှေ့အတွင်းဝန်အဘိုး'ဟု ရေးသားရင်းဖြစ်ကြောင်း ပုံနှိပ်

http://www.cherrythitsar.org

ရာတွင် 'ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော်'ဟူ၍ 'သော'နှင့် 'သော်'မှားသွား သည့်အတွက် ဤသို့ ပြဿနာရှုပ်သွားရခြင်းဖြစ်နိုင်ကြောင်း စူးစမ်းဖော်ထုတ် ပြထားသည်။

ထို့ပြင် ရွှေဘုံနိဒါန်းကျမ်းပြုစုပြီးသော ၁၁၄၅ ခုတွင် ဦးစသည် ၁၇ နှစ်သားသာသာအရွယ်မျှသာ ရှိသေးသည့်အပြင် ထီးနန်းနှင့်လည်း မနီး စပ်သေးသည့်အတွက် ရွှေဘုံနိဒါန်းကို ပြုစုနိုင်ဖွယ်မရှိကြောင်းလည်း တင်ပြ ထားသည်။ ရွှေဘုံနိဒါန်းနှင့် တစ်ခေတ်တည်း ပေါ်ပေါက်သော ခေတ်ပြိုင်ကျမ်း ကြီးများတွင် ရွှေဘုံနိဒါန်းကို အိမ်ရှေ့အတွင်းဝန်ပြုစုသည်ဟု အခိုင်အမာဆိုပါ လျက် 'သော'နှင့် 'သော်'အမှားကြောင့် မြဝတီဦးစပြုစုသယောင် ရှုပ်ထွေးသွား ရသော ပြဿနာကို ရွှေကိုင်းသားက သံသယဖြင့် စူးစမ်းကာ ဖြေရှင်းပေးနိုင် သည့်အတွက် ယနေ့ဆိုလျှင် ထိုပြဿနာရှင်းလင်းသွားပါပြီ။

[၃]

အမည်တူ စာဆိုချင်းရောထွေးသော ပြဿနာများတွင် 'ဇေယျရန္တ မိတ်'နှစ်ဦးရှိသည့် ပြဿနာလည်း အပါအဝင်ဖြစ်သည်။ တောင်ငူခေတ်တွင် ထင်ရှားသော စာဆိုမင်းဇေယျရန္တမိတ်ကို အများသိကြသည်။ စာဆိုကျော်ကား သုံးထောင်မျှး၏ သားဖြစ်ပြီး ဇချင်း၊ မော်ကွန်း၊ ရတုများ ရေးဖွဲ့ခဲ့သူဖြစ်သည်။ သို့သော် ဇေယျရန္တမိတ်သည် သာချင်းဟူသော ကဗျာအဖွဲ့မျိုးကိုလည်း ရေးဖွဲ့ ကြောင်း မြန်မာစာ ညွှန့်ပေါင်းကျမ်းနှင့် မြန်မာစာပေသမိုင်းကျမ်းတို့တွင် ဆို ထားသည်။

ဇေယျရန္တမိတ်သည် သာချင်းအဖွဲ့ကို ရှေးဦးစွာ ထွင်သူဖြစ်သည်။ ဥတေနသာချင်း၊ ပဌာစာရီသာချင်း၊ စိဏ္ဏာမာဏာဝိကာ သာချင်းတို့ကို ရေးဖွဲ့ခဲ့ သည်။ ယင်းတို့ကို ထောက်၍ သာချင်းသည် တောင်ငူခေတ်တွင် စတင်ပေါ် ပေါက်ပြီး ရကန်နှင့် အဖွဲ့ချင်းတူ၍ ရကန်၏ ရှေ့ဆောင်ပြေးဖြစ်သည်ဟူ၍ ဆိုထားသည်ကို 'မြန်မာစာပေသမိုင်း'တွင် တွေ့ရပါသည်။

သို့သော် သာချင်းရေးဖွဲ့သော ဇေယျရန္တမိတ်မှာ တောင်ငူဇေယျ ရန္တမိတ်မဟုတ်ဘဲ ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းသော စာဆိုဖြစ်ကြောင်း၊ အမည်မှာ ဦးသာအောင်ဟု ခေါ်ကြောင်း နှောင်းခေတ်သုတေသီများက ဖော် ထုတ်ခဲ့ကြသည်။

ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် မင်းဇေယျ ရန္တမိတ်နှစ်ဦးကို ခွဲခြားပြထားပြီး သာချင်းမှာ ကုန်းဘောင်ခေတ် ဘိုးတော် ဘုရားလက်ထက်မှ ပေါ်ပေါက်သည့်အတွက် သာချင်းရေးသူမှာတောင်ငူခေတ်

http://www.cherrythitsar.org

မင်းဇေယျရန္တမိတ်မဟုတ်သည်မှာ ထင်ရှားကြောင်း ဖော်ပြထားသည်။ သာချင်းများထဲမှ အထောက်အထားများလည်း ပြထားသည်။

သာချင်းသည် တောင်ဂူခေတ်တွင် ပေါ်ပေါက်နေပြီဟူသော အယူအဆအမှားကို ကုန်းဘောင်ခေတ်ကျမှ သာချင်းပေါ်ပေါက်ကြောင်း ပြင်ဆင်နိုင်သည့်အတွက် စာပေသမိုင်းနှင့် ပတ်သက်၍ အလွန်အဖိုးတန်သော ဖော်ထုတ်ချက်ဖြစ်ကြောင်း ထင်ရှားပါသည်။

[၄]

လက်ဝဲသုန္ဒရနှစ်ဦးရောထွေးသည့် ပြဿနာသည်လည်း ကာလအတန်ကြာအောင် မဖြေရှင်းနိုင်သော ပြဿနာတစ်ရပ်ဖြစ်သည်။ စာဆိုနှစ်ဦးစလုံးမှာ အလောင်းမင်းတရားကြီး ချီးမြှောက်ခံရသူများဖြစ်သည့်အပြင် လက်ဝဲသုန္ဒရဟူသော ဘွဲ့ကိုလည်း နှစ်ဦးစလုံးရသည့်အတွက် ထိုသို့ရောထွေးခဲ့ရခြင်းဖြစ်သည်။ တစ်ဦးမှာ ဦးမြတ်စံဖြစ်၍ တစ်ဦးမှာ ဦးနေ(ခေါ်) ဦးမြတ်သာနေဖြစ်သည်။ လက်ဝဲသုန္ဒရ ဦးမြတ်စံမှာ သေနင်္ဂဗျူဟာပျို့၊ ဗျူဟာစက္ကိပျို့၊ နန္ဒိသေနပျို့ဟူသော စစ်ပျို့များနှင့် 'မဲဇာတောင်ခြေ'၊ 'ဝေရှန်းစန္ဒာ'စသော ရတုများရေးဖွဲ့သူဖြစ်သည်။

ဦးမြတ်သာနေမှာ အလောင်းမင်းတရား အရေးတော်ပုံ၊ မြန်မာသံယောဂ ဒီပနီကျမ်းများ၊ ရာဇနီတိပျို့၊ မော်ကွန်းများ၊ ရတုများစသည်တို့ကို ရေးဖွဲ့သူဖြစ်သည်။

သို့သော် ရှေးကတည်းက စာဆိုနှစ်ဦးရောထွေးခဲ့ကြောင်းတွေ့ရသည်။ သီပေါမင်းလက်ထက်တွင် ပညာရှိများက သတ်ပုံကျမ်းများကို စိစစ်ရာ၌ မြန်မာသံယောဂဒီပနီကျမ်းကို 'လက်ဝဲ သုန္ဒရဘွဲ့ခံ မောင်မြတ်စံ'ပြုစုသည်ဟု မှားယွင်းရေးသားထားသည်ကို ထောက်၍ စာဆိုနှစ်ဦး ရောထွေးနေကြောင်း သိရသည်။

မြန်မာစာပေသမိုင်းကျမ်းတွင် စာဆိုပုဂ္ဂိုလ်နှစ်ဦး ဖြစ်နိုင်ကြောင်း သံသယရှိသည့် သဘောကို တွေ့ရသည်။

သို့သော် လက်ဝဲသုန္ဒရတစ်ဦးအဖြစ်သာ ရော၍ ပြထားပါသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ(ပထမအကြိမ်ထုတ်)၌လည်း လက်ဝဲသုန္ဒရနှစ်ဦးကို တစ်ဦးတည်းအဖြစ် ရောထွေးပြထားရုံမက မြန်မာစာပေကျမ်းတွင် စာဆိုပုဂ္ဂိုလ်နှစ်ဦးရှိနိုင်သည့် သဘောမျိုးဖော်ပြသည့်အချက်ကိုပင် ဗိုလ်မှူးဘသောင်းက ငြင်းပယ်၍ တစ်ဦးတည်းပင် ဖြစ်ကြောင်း သက်သေထူခဲ့ပါသေးသည်။

http://www.cherrythitsar.org

နောက်ပိုင်းတွင် ပုဂ္ဂိုလ်နှစ်ဦးခွဲခြားပြသသည့် ပညာရှင်များ ပေါ်ပေါက်လာပါသည်။

ဦးမြတ်စံကို မန်ကျည်းတုံလက်ဝဲသုန္ဒရ၊ ဦးမြတ်သာနေကို မုံရွေးလက်ဝဲသုန္ဒရဟု ခွဲခြားပြပြီး တစ်ဦးချင်းရသည့် ဘွဲ့အမည်များကိုလည်း ခွဲခြားပြကြပါသည်။ ဦးမြတ်သာနေသည် လက်ဝဲသုန္ဒရာဘွဲ့သာမက လက်ဝဲနော်ရထာဘွဲ့လည်းရသည့်အတွက် လက်ဝဲသုန္ဒရနှင့် လက်ဝဲနော်ရထာဟု ခွဲခြားခေါ်ဝေါ်ခြင်းဖြင့် စာဆိုနှစ်ဦးမရောထွေးအောင် ရှင်းလင်းဖော်ထုတ်နိုင်ခဲ့ကြပါသည်။

မြန်စာဂုဏ်ကျော်မြင့်၏ 'တိလောက ကျောက်စာ'၊ 'တိလောကခေါင်းလောင်းစာ'၊ 'မုံရွေးလက်ဝဲသုန္ဒရ၏ခေါင်းလောင်းတော်များ'ဟူသော ဆောင်းပါးများ၊ မြကေတု၏ 'မင်းလက်ဝဲနော်ရထာနှင့် မင်းလက်ဝဲသုန္ဒရ'ဆောင်းပါး၊ ရွှေကိုင်းသား၏ 'လက်ဝဲသုန္ဒရနှင့် လက်ဝဲနော်ရထာ'ဆောင်းပါးတို့တွင် ဆောင်းပါးရှင်တို့က စာဆိုနှစ်ဦးကို ကွဲပြားစွာ ခွဲခြားပြသခဲ့ကြပါသည်။ ရှေးကတည်းက ရောထွေးလာသော စာပေပြဿနာတစ်ရပ်သည် ပညာရှင်တို့၏ ကျေးဇူးကြောင့် ရှင်းလင်းသွားရပါသည်။ ဗိုလ်မှူးဘသောင်းကလည်း စာဆိုတော်များ အတ္ထုပ္ပတ္တိကို နောက်ထပ်ရိုက်နှိပ်ရာ၌ မိမိ၏ ရောထွေးမှုကို ဝန်ခံပြီး လက်ဝဲသုန္ဒရနှင့် လက်ဝဲနော်ရထာကို သီးခြားစာဆိုအဖြစ် ခွဲခြားပြခဲ့ပါသည်။

[၅]

'အရေးတော်ပုံ ငါးစောင်တွဲ'ဟူသော အသုံးအနှုန်းကို မြန်မာစာပေလေ့လာသူများ ရင်းနှီးပြီးဖြစ်သည်။ ဓညဝတီ အရေးတော်ပုံ၊ ရာဇာမိရာဇ်အရေးတော်ပုံ၊ ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံ၊ ညောင်ရမ်းမင်း အရေးတော်ပုံ၊ အလောင်းဘုရား အရေးတော်ပုံဟူသော အရေးတော်ပုံ ငါးစောင်ကို ၁၂၈၅ ခုနှစ်တွင် သုဓမ္မဝတီ ပုံနှိပ်တိုက်က 'အရေးတော်ပုံ ငါးစောင်တွဲ'အမည်ဖြင့် ထုတ်ဝေခဲ့သည့်အတွက် ထိုအမည်တွင်ရခြင်းဖြစ်သည်။

တစ်ဖန် မြန်မာစာပါမောက္ခ ဆရာဦးမောင်မောင်ကြီးက အလောင်းမင်းတရားကြီးအရေးတော်ပုံ တစ်စောင်ရှိသေးကြောင်း ဖော်ညွှန်းကာ 'အရေးတော်ပုံခြောက်စောင်'ဟူ၍ ဆောင်းပါးရေးကာ တင်ပြဖူးသည်။

တစ်ဖန် မူလအရေးတော်ပုံ ငါးစောင်တွဲတွင် ပါဝင်သော 'ရတနာပူရအင်းဝမင်းတို့၏ အစဉ်ကို ပြပြီး၍' အစချီ အလောင်းမင်းတရားအရေးတော်ပုံနှင့် ဆရာဦးမောင်မောင်ကြီး ဖော်ညွှန်းသော 'အောင်သူတကာတို့၏ အထွတ်' အစချီ အလောင်းမင်းတရားအရေးတော်ပုံတို့ကို ဆရာဦးလှတင် (လှသမိန်)

http://www.cherrythitsar.org

တည်းဖြတ်၍ 'အလောင်းမင်းတရား အရေးတော်ပုံ နှစ်စောင်တွဲ'ဟူ၍ အမည်တပ်ပြီး ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ သမိုင်းကော်မရှင် ကျမ်းပြုအရာရှိ ဒေါက်တာ ဒေါ်ရီရီက 'အရေးတော်ပုံကျမ်းများ ပြဿနာ'ဟူသော စာတမ်းတွင် အရေးတော်ပုံကျမ်းအစစ်အမှန်မည်မျှရှိကြောင်း စိစစ်ပြခဲ့သည်။ ဒေါက်တာ ဒေါ်ရီရီက 'ဘဂျာဝါဒီ ဂုဏာကရံ'အစချီသော အလောင်းမင်းတရားကြီးအရေးတော်ပုံတစ်စောင်သီးခြား ရှိသေးကြောင်း၊ လက်ဝဲနော်ရထာရေးသည်ဟု အထောက်အထားခိုင်မာပါကြောင်း မိန့်ဆိုသည်။ ထို့ပြင် 'မဇ္ဈိမဒေသအရေးတော်ပုံ'နှင့် 'မဂဒူ အရေးတော်ပုံ'တို့လည်း ရှိသေးကြောင်း ဖော်ပြသည်။

အရေးတော်ပုံကျမ်းအချို့တွင် ကျမ်းပြုသူကို ဖော်ပြရာ၌ အဆိုအမိန့်များ ကွဲပြားနေပါသည်။ ထို့ကြောင့် မည်သူပြုစုကြောင်း အခိုင်အမာဆုံးဖြတ်ရန်အခက်အခဲရှိကြောင်းတွေ့ရပါသည်။ ဒေါက်တာ ဒေါ်ရီရီက 'အရေးတော်ပုံ' အမည်တပ်ထားသော ထိုကျမ်းများကို စိစစ်ပြီးနောက် အောက်ပါအတိုင်း ထင်မြင်ချက်ပေးထားပါသည်။

–ဓညဝတီအရေးတော်ပုံသည် ၁၁၄၉ ခု ကုန်လောက်တွင် ကဝိသာရာဘိသီရိပဝရအဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဆရာတော်ပြုစုသည့် အရေးတော်ပုံဖြစ်၍ ကျမ်းအပြည့်အစုံရှိသည်။

–ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ဗညားဒလအမတ်ကြီးရေးတန်ရာသည်။ ကျမ်းအပြည့်အစုံရှိ၍ အရေးတော်ပုံ စစ်မှန်သည်။

–'မဂဒူ အရေးတော်ပုံ'အမည်ခံကျမ်းမှာ ရာဇဓိရာဇ် အရေးတော်ပုံမှ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

–အလောင်းမင်းတရားကြီးအရေးတော်ပုံ 'ဘဂျာဝါဒီ ဂုဏာကရံ'အစချီမူကို လက်ဝဲနော်ရထာရေးသည်။ ကျမ်းကျိုးပေါက်နေသည်။ ပုံမနှိပ်ရသေး။

–'အလောင်းဘုရားအရေးတော်ပုံ'အမည်ခံ 'ရတနာပူရ အင်းဝမင်းတို့'အစချီသော စာမှာ အရေးတော်ပုံမဟုတ်။ တွင်းသင်းမင်းကြီးရေးမဟာရာဇဝင်သစ်၏ တစ်စိတ်တစ်ဒေသဖြစ်တန်ရာသည်။

–'အလောင်းမင်းတရားကြီး အရေးတော်ပုံ' 'အောင်သူတကာတို့၏ အထွတ်'ချီကို တွင်းသင်းမင်းကြီးရေးတန်ရာသည်။ ကျမ်းပြည့်စုံသည်ဟု ယူဆရသည်။

–ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံ'ကို တွင်းသင်းတိုက်ဝန် မဟာစည်သူရေးတန်ရာသည်။ ကျမ်းအပြည့်အစုံ ပုံမနှိပ်ရသေး။

–'ညောင်ရမ်းမင်းတရားကြီး အရေးတော်ပုံ'အမည်တွင်သည့် စာမှာ အရေးတော်ပုံမဟုတ်။ ဦးကုလား မဟာရာဇဝင်ကြီး တစ်စိတ်တစ်ဒေသနှင့် 'မင်းရဲဒီဗွီဇရျင်း'

http://www.cherrythitsar.org

မှ ကောက်နုတ်ချက်များ စုပေါင်းထားချက်သာ ဖြစ်သည်။
–'မဇ္ဈိမ အရေးတော်ပုံ'အမည်ရှိကျမ်းမှာ ၁၁၈၅ ခုတွင် အရာဝတီမြို့ဝန်နေမျိုးဇေယျကျော်ထင် ပြုစုသော ကျမ်းဖြစ်သည်။ အပြည့်အစုံဖြစ်၏။ ပုံမနှိပ်ရသေး။ အရေးတော်ပုံမဟုတ်။ စာတမ်းဖြစ်သည်။

ဒေါက်တာ ဒေါ်ရီရီက အသေးစိတ်စိစစ်ပြီး တစ်စောင်ချင်း ထင်မြင်ချက်ပေးကာ အရေးတော်ပုံ ကျမ်းအစစ်အမှန်မှာ ငါးစောင်သာရှိကြောင်း၊ ဓညဝတီ၊ ရာဇာဓိရာဇ်၊ ဟံသာဝတီဆင်ဖြူများရှင်နှင့် အလောင်းမင်းတရားကြီး အရေးတော်ပုံနှစ်စောင်တို့ဖြစ်ကြောင်း အဆုံးအဖြတ်ပေးထားပါသည်။

မြန်မာစာပေလေ့လာသူများ၊ မြန်မာ့သမိုင်းလေ့လာသူများအတွက် အလွန်တန်ဖိုးရှိသော ဖော်ထုတ်ချက်ဖြစ်ပါသည်။ အရေးတော်ပုံအမည်တပ်ထားသော်လည်း အမှန်တကယ် အရေးတော်ပုံမဟုတ်သော ကျမ်းများလည်း ပါဝင်နေကြောင်း ကွဲပြားစွာ သိရပါသည်။

[၆]

ပညာရှင်များက သံသယကို လက်ကိုင်ပြုကာ ခိုင်လုံသော အထောက်အထားများ ဖော်ထုတ်ခြင်းဖြင့် စာပေပြဿနာများကို ရှင်းလင်းနိုင်ခဲ့ကြောင်း၊ အထက်ပါ သာဓကများအရ ထင်ရှားလောက်ပါပြီ။

မရှင်းလင်းသေးသော စာပေပြဿနာများကိုလည်း ဤပုံဤနည်းအတိုင်း ဆက်လက်ရှင်းလင်းကြရမည်သာ။

စာပေဗျာနှင့်
အတွဲ ၂၂ အမှတ် ၅၅
ဇန်နဝါရီ ၁၉၉၅

http://www.cherrythitsar.org

ရာဇကုမာရ်နှင့် ပတ်သက်၍

စာပေသုတေသနပြုရာ၌ အချက်အလက်သစ်များကို ဖော်ထုတ်ရရှိသောအခါ ထိုအချက်အလက်သစ်များကို အကြောင်းပြု၍ အသိသစ်အမြင်သစ်များလည်း ရရှိလာမြဲဖြစ်သည်။

သို့သော် ထိုအသိသစ်အမြင်သစ်များနှင့် ကွဲပြားခြားနားသော အသိဟောင်းအမြင်ဟောင်းများသည် အများက အစဉ်အဆက်စွဲမြဲစွာ လက်ခံထားသော အသိအမြင်မျိုးဖြစ်နေလျှင်ကား ထိုအသိဟောင်း အမြင်ဟောင်းကို အလွယ်တကူ စွန့်ပယ်ပြီး အသစ်ပေါ်လာသော အသိသစ်အမြင်သစ်ကို ပြောင်းလဲလက်ခံရန် ဝန်လေးတတ်ကြသည်။ ထိုအခြေအနေမျိုးတွင် အသိသစ်အမြင်သစ်က အသိဟောင်းအမြင်ဟောင်းကို ထိုးဖောက်လွှမ်းမိုးရန် အခက်အခဲရှိတတ်သည်။ ကျွန်တော်ပါဝင်ဆွေးနွေးခဲ့ဖူးသော ပြဿနာတစ်ရပ်နှင့် စပ်လျဉ်း၍ ဤသို့ ဤနှယ်သုံးသပ်မိခြင်းဖြစ်ပါသည်။ ပြဿနာမှာ အများသိကြသော **ရာဇကုမာရ်ကျောက်စာ**မှ ရာဇကုမာရ်နှင့် ဆိုင်သော ပြဿနာဖြစ်ပါသည်။

ရာဇကုမာရ်ကျောက်စာသည် ယခုထိ သက္ကရာဇ်အခိုင်အမာနှင့် တွေ့ရသော ကျောက်စာများတွင် အစောဆုံးကျောက်စာဖြစ်သည်ဟု ပညာရှင်တို့ ဆိုကြသည်။ အကြောင်းအရာတစ်မျိုးတည်းကို ပါဠိ၊ မွန်၊ မြန်မာဟူသော ဘာသာစကားလေးမျိုးဖြင့် ရေးထိုးထားကြောင်း ရေးထိုးသည့် အကြောင်းအရာအချုပ်မှာ ပုဂံပြည့်ရှင် **ဂြိတ္တိဘုဝနာဒိတျဓမ္မရာဇ်မင်း**(ကျန်စစ်သားမင်း)မင်း၏ မိဖုရား **တြိလောကဝဋ္ဌသကာဒေဝီ**တွင် ရာဇကုမာရ်မည်သော သားတစ်ယောက်ရှိကြောင်း၊ မင်းကြီးက မိဖုရားကို ကျွန်သုံးရွာအပိုင်စားပေးခဲ့ကြောင်း၊ မိဖုရားကံကုန်သောအခါ မင်းကြီးက ထိုကျွန်သုံးရွာကို ရာဇကုမာရ်အားပေးပြန်ကြောင်း မင်းကြီးနတ်ရွာစံခါနီးတွင် ရာဇကုမာရ်သည် မင်းကြီး၏ ကျေးဇူး

http://www.cherrythitsar.org

တရားကို အောက်မေ့ဆင်ခြင်မိ၍ ရွှေဆင်းတုတစ်ဆူသွန်းလုပ်ပြီး မင်းကြီးရှေ့တော်သို့ ပင့်ဆောင်လာကြောင်း၊ ထို့နောက် မင်းကြီးအတွက် ဤရွှေဆင်းတုကို သွန်းလုပ်ခြင်းဖြစ်သည့်အကြောင်း၊ မိမိကို မင်းကြီးပေးသော ကျွန်သုံးရွာကိုလည်း ရွှေဆင်းတုအား လှူသည့်အကြောင်းတို့ကို လျှောက်ထားရာ မင်းကြီးဝမ်းမြောက်ပြီး သာဓုခေါ်၍ သံဃာတော်များ ရှေ့မှောက်တွင် ရေစက်သွန်းချကြောင်း၊ ထို့နောက် ရာဇကုမာရ်သည် ရွှေဆင်းတုကို ဌာပနာ၍ (ယခုမြင်းကပါ ဂူပြောက်ကြီးဟုခေါ်သော) ဂူဘုရားတစ်ဆူတည်ကြောင်းတို့ပင် ဖြစ်ပါသည်။

ပညာရှင်တို့က ဤကျောက်စာကို ရာဇဝင်လာဖြစ်ရပ်နှင့် ဆက်စပ်ပြောကြသည်။ အနော်ရထာမင်းလက်ထက်တွင် ကျန်စစ်သားသည် မင်းမျက်သင့်၍ တိမ်းရှောင်နေစဉ် မထီးတူမ သမ္ဘူလနှင့် သင့်မြတ်ခဲ့ပုံ၊ စောလူးမင်းနန်းတက်ချိန်၌ ပုဂံသို့ ပြန်ခဲ့ရပုံ၊ ပဋ္ဌိသန္ဓေ လွယ်ထားရသော သမ္ဘူလကို လက်စွပ်ပေး၍ သားမွေးလျှင် လိုက်လာခဲ့ရန် မှာကြားခဲ့ပုံ၊ သမ္ဘူလ သားဖွားမြင်ပုံ၊ ကျန်စစ်သား နန်းတက်ပြီး နှစ်နှစ်အကြာတွင် သမ္ဘူလသည် ခုနစ်နှစ် အရွယ်သားကို ခေါ်၍ ပုဂံသို့လိုက်လာခဲ့ပုံ၊ ကျန်စစ်သားက သမ္ဘူလကို ဦးဆောက်ပန်းဘွဲ့ပေးပြီး သိမ်းပိုက်ပုံ၊ ထိုအချိန်တွင် မြေးတော်အလောင်းစည်သူကို အိမ်ရှေ့နှင်းပြီးဖြစ်၍ သားကို ဇေယျခေတ္တရာဘွဲ့ဖြင့် ခညဝတီ တောင်စဉ်ခုနစ်ခရိုင်ကို အပိုင်စားပေးပုံဟူသော ရာဇဝင်လာဖြစ်ရပ်များနှင့် ဆက်စပ်ပြပြီး ရာဇကုမာရ်ကျောက်စာထဲမှ 'တြိလောကဝဋ္ဌံသကာဒေဝီ'သမ္ဘူလဖြစ်ကြောင်း၊ ရာဇကုမာရ်မှာ ဇေယျခေတ္တရာဖြစ်ကြောင်း ဖော်ညွှန်းပါသည်။

ဤအကြောင်းအရာများကို လေ့လာသူတို့ကလည်း ထီးနန်းရထိုက်ပါလျက် မရရှာသော ဇေယျခေတ္တရာခေါ် ရာဇကုမာရ်ကို ကရုဏာသက်ကြသည်။ ဖခင်ဖြစ်သူ ဘဝကူးခါနီးတွင် ဘဝကူးကောင်းအောင် အကောင်းဆုံးနည်းဖြင့် ကျေးဇူးဆပ်သော သားလိမ္မာအဖြစ်လည်း ချီးကျူးကြသည်။ ကျန်စစ်သားနှင့် ရာဇကုမာရ်တို့၏ ဇာတ်လမ်းသည် နှစ်သက်စွဲလမ်းဖွယ်ဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်သည်။ သို့သော် ရှေးခေတ်ပညာရှင်တို့က အဆိုပါ အကြောင်းအရာကို ထောင့်စေ့အောင် စူးစမ်းလေ့လာပြီးနောက် အားနည်းချက်များကို ဖော်ထုတ်ပြကြသည်။ သမိုင်းပညာရှင် ပါမောက္ခဒေါက်တာသန်းထွန်းက ကျန်စစ်သားမင်း၏ ထီးမွေနန်းမွေပြဿနာနှင့် ပတ်သက်၍ ရာဇဝင်လာအကြောင်းပြချက်မှာ ကျေနပ်ဖွယ် မဟုတ်ကြောင်း ကျောက်စာအကိုးအကားဖြင့် ထောက်ပြသည်။ ထီးလိုင်မင်း(ကျန်စစ်သား)သည် ၁၀၈၄ ခုတွင် ထီးနန်းသိမ်းပိုက်ခြင်းဖြစ်ရာ ထီးနန်းရပြီး နှစ်နှစ်အကြာတွင် သမ္ဘူလတို့ သားအမိပုဂံလိုက်လာသည်ဆိုသောကြောင့် လိုက်လာသည့်နှစ်မှာ ၁၀၈၆ ခုဖြစ်ရမည်။ ရာဇဝင်အရ ထို

http://www.cherrythitsar.org

အချိန်တွင် မြေးတော် အလောင်းစည်သူကို ထီးနန်းအမွေပေးပြီးဖြစ်သည်ဟု ဆိုသည်။

သို့သော် ၁၁၁၅ ခု ရေးထိုးသော ကျောက်စာ (ဓာတ်ပုံ ၁၁၃)အရ အလောင်းစည်သူ၏ မွေးသက္ကရာဇ်မှာ ၁၀၈၉ ခုဖြစ်ကြောင်းသိရသည်။ သို့ဆိုလျှင် သမ္ဘူလတို့ သားအမိပုဂံရောက်ချိန်တွင် အလောင်းစည်သူမှာ မွေးပင်မမွေးသေးကြောင်း ထင်ရှားသည်။ ထိုအထောက်အထားများအရ ကျန်စစ်သားသည် အလောင်းစည်သူကို ထီးနန်းအမွေပေးပြီးဖြစ်၍ သားတော်ကို ထီးနန်းအမွေမပေးနိုင်တော့ဘဲ ဇေယျခေတ္တရာဘွဲ့ဖြင့် တောင်စဉ်ခုနစ်ခရိုင်ပေးသည်ဟူသော ရာဇဝင်လာအဆိုနှင့် မညီညွတ်ကြောင်းတွေ့ရပါသည်။ ထိုသို့ရာဇဝင်နှင့် ကျောက်စာကွဲလွဲမှုကို ထောက်လျှင် ရာဇဝင်လာ ဇေယျခေတ္တရာနှင့် ကျောက်စာလာရာဇကုမာရ်မှာ ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည်ဟု အခိုင်အမာဆိုရန်လည်း အားနည်းချက်ရှိနေပါသည်။

အရှေ့တိုင်းပညာ ပါမောက္ခဆရာကြီး ဦးတင့်လွင်က 'ရာဇကုမာရ် ကျောက်စာနိဒါန်း'ဟူသော စာတမ်း 'ရာဇကုမာရ်သည် ဇေယျခေတ္တရာဟူသော အမည်ဖြင့် ခည်ဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို မင်းပြုရ၏ဟူသော ရာဇဝင်အဆိုကို ထောက်ခံသည့် ကျောက်စာအထောက်အထားများကို မတွေ့ရသေးပါ'ဟု မိန့်ဆိုသည်။

ထို့ပြင် ရာဇကုမာရ် ပါဠိကျောက်စာတွင် ရာဇကုမာရ်သည် အမတ်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည်ကို ရည်ညွှန်းလျက် 'အမတ်ဟူသော သက္ကတဝေါဟာရ (အမာတျ)၊ ပါဠိဝေါဟာရ(အမစ္စ)တို့သည် မှူးမတ်ဟူသော အနက်ကိုလည်းကောင်း၊ တစ်အိမ်တည်းသားဟူသော အနက်ကိုလည်းကောင်း ပြလေရာ ဤ၂၌ တစ်အိမ်တည်းသားဟူသော အနက်ကို ယူသင့်သည်ဟု ထင်ပါသည်။ သို့ဆိုလျှင် ရာဇကုမာရ်သည် တောင်စဉ်ခုနစ်ခရိုင်နှင့် ရခိုင်ကိုစား၍ အဝေး၌ နေသည်ထက် ထီးလိုင်မင်း၏ အပါးတွင် ခစားနေသည်က ပို၍ဆီလျော်ဖွယ်ရှိပါသည်'ဟု ကောက်ချက်ချထားပါသည်။

အရှေ့တိုင်းပညာဌာနမှ ဆရာကြီးဦးကျော်ရှိန်၏ 'ရာဇကုမာရ်ပြဿနာ'စာတမ်းတွင်မူ ထိုအကြောင်းကို အကျယ်တဝင့် ဆွေးနွေးထားသည်ကို တွေ့ရပါသည်။ ဆရာကြီးက (၁)ရာဇကုမာရ်သည် ဇေယျခေတ္တရာပင် ဖြစ်ပါလေသလော။ (၂)ရာဇကုမာရ်သည် ထီးလိုင်မင်း၏ သားလည်းဖြစ်ပါသလောဟူသော ပြဿနာကို ရာဇကုမာရ်ကျောက်စာဖြင့် ဆွေးနွေးခြင်းဖြစ်သည်။

ကျောက်စာအရ ရာဇကုမာရ်သည် ထီးလိုင်မင်း နတ်ရွာစံခါနီးမှစ၍ ကျောက်စာရေးထိုးပြီးချိန်ထိ ပုဂံမှာ ရှိနေသည်ဟု ဆိုနိုင်ကြောင်း၊ ကျောက်စာ

http://www.cherrythitsar.org

တွင် ဇေယျခေတ္တရာအမည်နှင့်ဆက်စပ်သော အကြောင်းအရာ အရိပ်အမြွက်မျှ မပါသည်ကို ထောက်လျှင် ရာဇကုမာရ်ဟူသော ငယ်နာမည်ကို ဇေယျခေတ္တရာ ဟူသော ဘွဲ့မည်ထက် ပိုမိုနှစ်ခြိုက်၍လော၊ သို့မဟုတ် မိမိသည် ရာဇကုမာရ် သာဖြစ်ပြီး ဇေယျခေတ္တရာမဟုတ်၍လောဟု တွေးတောဖွယ်ဖြစ်ကြောင်း သုံးသပ်ပြသည်။

ရာဇကုမာရ် ပါဠိကျောက်စာတွင် ရာဇကုမာရော နာမနာမတော (အမည်အားဖြင့် ရာဇကုမာရ်မည်သော) ဟု ရည်ညွှန်းထားပုံအရ အမည်အားဖြင့်သာ ရာဇကုမာရ်ဖြစ်ပြီး တကယ်မင်းသားမဟုတ်ဟု ယူဆနိုင်ပုံ၊ ရာဇကုမာရ်ကို အမစ္စော(အမတ်)၊ မဟာအမစ္စော(အမတ်ကြီး)ဟုအတိအလင်းဖော်ညွှန်းထားပုံအရ ရာဇကုမာရ်သည် အမတ်ဖြစ်သည်မှာ ထင်ရှားပုံ၊ အမတ်မဟုတ်ဘဲ (အမစ္စ)ဟု ရေးမည်မဟုတ်ပုံ၊ ဇေယျခေတ္တရာဆိုလျှင်လည်း တောင်စဉ်ခုနစ်ခရိုင်စားရသော မင်းငယ်(ပဒေသရာဇာ) တစ်ပါးသာဖြစ်၍ အမတ်မဟုတ်ပုံ၊ ပုဂံမှ ရာဇကုမာရ်အမတ်ကြီးသည် တောင်စဉ်ခုနစ်ခရိုင်မှ ဇေယျခေတ္တရာမဖြစ်နိုင်ပုံတို့ကို အခိုင်အလုံတင်ပြထားသည်။

ထို့ပြင် ရာဇကုမာရ်ကျောက်စာ ဘာသာလေးမျိုးစလုံးတွင် ရာဇကုမာရ်ကို မိဖုရား၏ သားဟူ၍သာ အစဉ်တစိုက်ပြထားပုံ၊ ကျောက်စာတွင် ရာဇကုမာရ်က ကျန်စစ်သားမင်းကို 'ဖခင်'ဟု ခေါ်ဝေါ်သုံးနှုန်းခြင်းမရှိဘဲ 'အရှင်သခင်'အဖြစ်သာ ခေါ်ဝေါ်သုံးနှုန်းပုံ၊ မြန်မာကျောက်စာတွင် 'မိမိကိုမွေးသော မင်းကြီး'ဟု ပြသော်လည်း ပါဠိကျောက်စာတွင်မူ 'ဓမ္မရာဇ၏ မျှားစွာသော ကျေးဇူးအပုံ'ဟုပြပုံ၊ မိမိကို မွေးမြူပြုစုခဲ့သော မင်းကြီးဖြစ်၍ မင်းကြီးဟုသာ ခေါ်ခြင်းဖြစ်ပုံတို့ကို ထောက်ပြသည်။ မိမိ၏ ဖခင်ဖြစ်လျှင် 'အဖ' 'ဖခင်'စသည်ဖြင့် သုံးနှုန်းခေါ်ဝေါ်သင့်ပါလျက် လေးဘာသာစလုံးတွင် ဖခင်အဖြစ် တစ်လုံးတစ်ပါဒမျှ မရည်ညွှန်းဘဲ အရှင်သခင်မင်းကြီးအဖြစ်သာရည်ညွှန်းခြင်း၊ မိမိကိုယ်ကိုလည်း မြန်မာကျောက်စာတွင် 'အတို့ကျွန်'ဟူ၍ ကျေးတော်မျိုး ကျွန်တော်မျိုးအဖြစ်သာ ရည်ညွှန်းခြင်းတို့မှာ ထင်ရှားသိသာသော အချက်ဖြစ်သည်။

ဆရာကြီး ဦးကျော်ရှိန်သည် ထိုအချက်များကို ဆွေးနွေးပြီးနောက် ရာဇကုမာရ်ကိုယ်တိုင် စိုက်ထူခဲ့သော ကျောက်စာပါ အချက်အလက်များကို ထောက်ထား၍ **(၁)ကျောက်စာပါ ရာဇကုမာရ်သည် ဇေယျခေတ္တရာမဟုတ် (၂)ရာဇကုမာရ်သည် 'တြိလောကဝဇ္ဇံသကာဒေဝီ'၏သား** ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းဖော်ပြထားသော်လည်း ထီးလိုင်မင်း(ကျန်စစ်သား)သည် ရာဇကုမာရ်၏ ခမည်းတော်ဖြစ်သည်ဟုလည်းကောင်း၊ ရာဇကုမာရ်သည် ထီးလိုင်မင်း

http://www.cherrythitsar.org

(ကျန်စစ်သား)၏ သားတော်ဖြစ်သည်ဟုလည်းကောင်း အတိအကျဆိုနိုင်ရန် ခိုင်လုံသော အထောက်အထားကိုမူ ကျောက်စာ၌ မတွေ့ရဟု ကောက်ချက်ချ ထားသည်ကို တွေ့ရပါသည်။

ပညာရှင်ဆရာကြီးများ၏ ဖော်ထုတ်ချက်သည် ယခင်က မဖော်ထုတ်နိုင်ဖူးသေးသော အချက်အလက်အသစ်ဖြစ်၍ အသိသစ်အမြင်သစ်ပေးပါသည်။ အထောက်အထား ခိုင်လုံစွာ ပြထားခြင်းဖြစ်သည့်အတွက် ထိုထုတ်ဖော်ချက်ကို 'မဟုတ်'ဟု ငြင်း၍ မရပါ။

ရာဇဝင်တွင် ကျန်စစ်သားမင်း၏သားဟု ဖော်ပြထားသော ဇေယျခေတ္တရာသည် ရာဇကုမာရ်မဟုတ်လျှင် ရာဇကုမာရ်သည် မည်သူနည်း။ ထီးလိုင်မင်း (ကျန်စစ်သား)နှင့် ရာဇကုမာရ်တို့ သားအဖတော်သည်ဟု တိုက်ရိုက်အတိအလင်းဖော်ပြသော အထောက်အထား ရာဇကုမာရ်ကျောက်စာမှာ မပါကြောင်းကား ထင်ရှားနေပါပြီ။ သို့ဖြစ်လျှင် ကျန်စစ်သားနှင့် ရာဇကုမာရ်တို့ သားအဖတော်သည်ဟု အစဉ်အဆက် လက်ခံခဲ့သော အချက်မှာ သံသယရှိဖွယ်ဖြစ်နေပါပြီ။ အကယ်၍ အထောက်အထားသစ်များ ထပ်မံတွေ့ရှိလာဦး မည်ဆိုလျှင် ထိုပြဿနာသည် ပို၍ ရှင်းလင်းသွားပေလိမ့်မည်။

သုတေသနပြုရာတွင် သံသယကို လက်ကိုင်ပြု၍ စူးစမ်းလေ့လာခြင်းဖြင့် အချက်အလက်သစ်များ ဖော်ထုတ်နိုင်ပုံ၊ အမှားကို မှန်အောင်ပြင်နိုင်ပုံ၊ မပြည့်စုံသော အချက်ကို ပြည့်စုံအောင် ဖြည့်စွက်နိုင်ပုံတို့ကို သာဓကဆောင်သည့်အနေဖြင့် ဆွေးနွေးပွဲတစ်ခုတွင် အဆိုပါပညာရှင်များ၏ ဖော်ထုတ်ချက်ကို ကျွန်တော်ကတစ်ဆင့် ဖောက်သည်ချပြီး ဆွေးနွေးတင်ပြခဲ့ပါသည်။ အစဉ်အဆက်အခိုင်အမာလက်ခံထားခဲ့သော 'သားအဖတော်သည်'ဟူသော အယူအဆပင်လျှင် ဖော်ပြပါ စူးစမ်းဖော်ထုတ်ချက်အရ သံသယဖြစ်ဖွယ်အခြေအနေသို့ ရောက်ရပုံကို သုတေသန စိတ်ဝင်စားသည့် လူငယ်များ ဂရုပြုမိစေရန် တင်ပြဆွေးနွေးခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော့်ဆွေးနွေးချက် (အမှန်မှာ ပညာရှင်ကြီးများ၏ တွေ့ရှိချက်ကို ကျွန်တော်ကတစ်ဆင့် ဖောက်သည်ချခြင်းသာ ဖြစ်သည်)နှင့် ပတ်သက်၍ အကျောက်အကန် ကန့်ကွက်ငြင်းပယ်မှုများကို ကြားခဲ့ရပါသည်။ အချို့က ဤဆွေးနွေးချက်ကို လက်ခံလိုက်လျှင် အစဉ်အဆက်လက်ခံလာခဲ့ကြသော ကျန်စစ်သားနှင့် ရာဇကုမာရ်တို့ အတုံ့အပြန် မေတ္တာထားကြသော သားအဖဇာတ်လမ်းကလေး ပျက်စီးသွားပြီး အဖေကို အကောင်းဆုံးကျေးဇူးဆပ်သော ရာဇကုမာရ်၏ 'သားလိမ္မာ'ဟူသော ဂုဏ်ပုဒ်ပါ ပျောက်ပျက်သွားလိမ့်မည်ဟုလည်း ဆိုကြသည်။

http://www.cherrythitsar.org

ကျွန်တော်က 'ကျန်စစ်သားနှင့် ရာဇကုမာရ်သားအဖမဟုတ်သည့်အတွက် ရာဇကုမာရ်ကျောက်စာ၏ အနှစ်သာရသည် လျော့ပါးမသွားနိုင်ကြောင်း၊ သားအရင်းက ဖခင်အရင်းကို ကျေးဇူးဆပ်ခြင်းမှာ အံ့ဩဖွယ်မဟုတ်သော်လည်း သားမဟုတ်သူက မိမိကိုဖခင်သဖွယ် ကျွေးမွေးစောင့်ရှောက်ခဲ့သော အရှင်သခင်ကို ကျေးဇူးဆပ်သည်ဆိုလျှင် ပို၍ပင် ကျေးဇူးသိရာရောက်သည့်အတွက် လေးနက်မှုရှိပါကြောင်း ပြန်လည်ဆွေးနွေးပါသည်။ သို့သော် 'သားအဖ'ဟူသော ကြည်နူးဖွယ် ဇာတ်လမ်းကလေး ပျက်ပြယ်သွားမည်ကို စိုးရိမ်ကြသူများက လက်မခံလိုကြပါ။

အချို့ကလည်း ရာဇကုမာရ်သည် 'တြိလောကဝဇ္ဇံသကာဒေဝီ'၏ သားဖြစ်ပြီး ကျန်စစ်သား၏ သားမဟုတ်ဟုဆိုလျှင် ကျန်စစ်သားသည် 'ကလေးတစ်ယောက်အမေ'ကို သိမ်းပိုက်သည့်သဘောဖြစ်နေကြောင်း၊ မင်းဇကရာဇ်တစ်ပါးက အပျိုစင်မဟုတ်သော ကလေးအမေကို သိမ်းပိုက်သည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ဆွေးနွေးသည်။

အပျိုစင်မဟုတ်သောသူများကို အမြတ်တနိုး မိဖုရားမြှောက်သည့် မင်းဇကရာဇ်များအကြောင်း မြန်မာသမိုင်းတွင် အမြောက်အမြားတွေ့ရသည်ကို ထိုပုဂ္ဂိုလ်များ မေ့လျော့နေဟန်ရှိပါသည်။

ကျန်စစ်သားမတိုင်မီ မင်းပြုသော အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းပင်လျှင် သူ့အရင်မင်းပြုသော တန်နက်မင်း၏ မိဖုရားသုံးပါးကို ဆက်၍ မိဖုရားမြှောက်ကြောင်း၊ မိဖုရားနှစ်ပါးမှာ တန်နက်မင်းနှင့်ရသော ပဋ္ဌိသန္ဓေပါလာ၍ ကျည်းစိုးနှင့် စုက္ကတေးဟူသော သားနှစ်ပါးဖွားမြင်ကြောင်း၊ နောက်မိဖုရားမှ ဖွားမြင်သော အနော်ရထာသာ ကွမ်းဆော်ကြောင်ဖြူမင်း၏ သားဖြစ်ကြောင်း၊ စုက္ကတေး မင်းဖြစ်သောအခါ အနော်ရထာ့မယ်တော်ကို မိဖုရားမြှောက်လိုသဖြင့် အနော်ရထာအား 'ညီသားနောင်မယ်' ဟုခေါ်သည်ကို အနော်ရထာအမျက်ထွက်၍ စုက္ကတေးနှင့် စီးချင်းထိုးရာ စုက္ကတေးကျဆုံးကြောင်း သာဓကအထင်အရှားရှိပါသည်။

အများသိကြသော မိဖုရားရှင်ဘို့မယ်ဆိုလျှင်လည်း 'မင်းဆက်ငါးသွယ် ရှင်ဘို့မယ် နန်းလယ်တင့်သည်သာ'ဟု ဖွဲ့ဆိုထားသည့်အတိုင်း အင်းဝမင်းခေါင်၊ ဆင်ဖြူရှင်သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညို၊ မိုးညှင်းမင်းဟူသော မင်းငါးပါးက ဆက်ကာဆက်ကာ မိဖုရားမြှောက်လာကြောင်း မြန်မာ့သမိုင်းမှာ အထင်အရှားရှိပါသည်။ အလားတူ သာဓကများစွာရှိသည်ကို ထောက်လျှင် မင်းဇကရာဇ်က ကလေးအမေကို မိဖုရားမြှောက်မည်မဟုတ်ဟူသော ဆွေးနွေးချက်မှာ သဘာဝမကျကြောင်း တွေ့နိုင်ပါသည်။

http://www.cherrythitsar.org

ပါဠိစာပေနှင့် ယှဉ်၍ ဆွေးနွေးချက်မှာ သဘာဝမကျကြောင်း တွေ့နိုင်ပါသည်။ ပါဠိစာပေ နှင့်ယှဉ်၍ ဆွေးနွေးသူများလည်းရှိပါသည်။ လူတစ်ဦးကို ရည်ညွှန်းရာ၌ မိခင်၏ အမည်ဖြင့်သာ ရည်ညွှန်းလေ့ရှိပြီး ဖခင်၏ အမည်ဖြင့်ရည်ညွှန်းလေ့မရှိကြောင်း၊ ပါဠိစာပေတွင် သာရီပုဏ္ဏားမ၏သားကို 'သာရိပုတ္တရာ'၊ မောဂ္ဂလိ ပုဏ္ဏားမ၏သားကို 'မောဂ္ဂလန်'ဟုခေါ်သည်ကို အထင်အရှားတွေ့နိုင်ကြောင်း၊ ထိုနည်းတူ ရာဇကုမာရ်ကိုလည်း ထိုအစဉ်အလာနှင့်အညီ ဘြိလောကဝင်ဋ္ဌသကာဒေဝီ၏သားဟု မိခင်အမည်ဖြင့် ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ ဖခင်အမည်ဖြင့် ရည်ညွှန်းလေ့မရှိ၍ မရည်ညွှန်းခြင်းဖြစ်ကြောင်း၊ ထိုသို့မဖော်ပြသည့်အတွက် ကျန်စစ်သား၏ သားမဟုတ်ဟု ယူဆခြင်းမှာ မသင့်ကြောင်း ထို ပုဂ္ဂိုလ်များက ဆွေးနွေးပါသည်။

'ဒီလိုဆိုရင် ပုဂံကျောက်စာတွေထဲမှာ ညောင်ရမ်းကြီးသမီးကျောက်စာတို့၊ သိဃ်သူ့သမီးကျောက်စာတို့ကို အများသိကြပါတယ်။ ရည်ညွှန်းရာမှာလည်း အလှူရှင်အမည်ကို မရည်ညွှန်းဘဲ 'ညောင်ရမ်းကြီးသမီး' 'သိဃ်သူ့သမီး'လို့သာ ရည်ညွှန်းထားပါတယ်။ ညောင်ရမ်းကြီးတို့၊ သိဃ်သူတို့ဆိုတာ အမတ်ကြီးတွေပါ။ ဒီတော့ ဖခင်နာမည်နဲ့ ရည်ညွှန်းလေ့မရှိဘူးဆိုတဲ့ ဆွေးနွေးချက်ဟာ မမှန်ဘူးဆိုတာ ဒီကျောက်စာနှစ်ချပ်နဲ့ပဲ ထင်ရှားလောက်ပါပြီ"ဟု ကျွန်တော်က ပြန်ဆွေးနွေးပါသည်။

နောက်ဆုံးတွင် ဆွေးနွေးပွဲသာ ပြီးသွားသည်။ ကျွန်တော့်မိတ်ဆွေများက ကျွန်တော်တင်ပြသော အချက်ကို လက်ခံချင်ဟန် မရှိကြပါ။ သူတို့ လက်မခံချင်သည့် အဓိကအကြောင်းမှာလည်း ရှေ့တွင်တင်ပြခဲ့သည့်အတိုင်း ကျန်စစ်သားနှင့် ရာဇကုမာရ်တို့၏ 'သားအဖ'ဇာတ်လမ်းကလေးကို စွန့်လိုက်ရမှာ နှမြောနေသောကြောင့် ဖြစ်ကြောင်း ထင်ရှားပါသည်။

သို့သော် ပညာရှင်များ ဖော်ပြခဲ့သည့်အတိုင်း ရာဇကုမာရ်ကျောက်စာတွင် ကျန်စစ်သားနှင့် ရာဇကုမာရ်တို့ သားအဖဖြစ်ကြောင်း တိုက်ရိုက်ဖော်ပြသော အထောက်အထား မတွေ့ရဟူသော အချက်ကိုကား မည်သူမျှ မငြင်းနိုင်ကြပါ။

တစ်ချိန်ချိန်တွင် ထို့ထက်ခိုင်မာသော အထောက်အထားတစ်ခုကို ဖော်ထုတ်ကောင်း ဖော်ထုတ်နိုင်ပါလိမ့်မည်။ မဖော်ထုတ်နိုင်မီ ကာလအတွင်း မှာမူ ပညာရှင်များတင်ပြထားသည့် အဆိုအမိန့်ကို လက်ခံထားရမည်သာ ဖြစ်ပါသည်။

သုတေသနပြုရာတွင် အသစ်တွေ့ရှိသော အချက်အလက်သည် ယခင်လက်ခံထားသော အချက်အလက်နှင့်ဆန့်ကျင်နေပါက ထိုအချက်အလက်

http://www.cherrythitsar.org

အဟောင်းကို စွန့်ပယ်ပစ်ရန် ခဲယဉ်းတတ်သည့် သဘာဝကို သာဓကဆောင် ခြင်းဖြစ်ပါသည်။

ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲများကို ဖယ်ရှားနိုင်လျှင် သုတေသနခရီးကို ဖြောင့် ဖြောင့်တန်းတန်းလျှောက်လှမ်းနိုင်ပါလိမ့်မည်။

ဓာတုရာနတ်
အတွဲ ၂၂၊ အမှတ် ၁၂၊
ဩဂုတ်၊ ၁၉၇၅၊

http://www.cherrythitsar.org

ကျောက်ထက်အလွှာတင်ခဲ့သော သုတရသစကားပြေအစုံ.များ

ပုဂ်သားတို့သည် ဗုဒ္ဓသာသနာကို အထူးသက်ဝင်ယုံကြည်ကြသည့် အလျောက် ကုသိုလ်ကောင်းမှု အမျိုးမျိုးပြုကြသည်။ ဘုရားတည်ကြသည်။ ကျောင်းဆောက်ကြသည်။ ကျွန်၊ လယ်စသည့် လှူဖွယ်ပစ္စည်းများ လှူကြသည်။ မိမိတို့၏ ကုသိုလ်ကောင်းမှုများ အရှည်တည်တံ့အောင် အစီအမံများ ပြုလုပ်ကြသည်။ ကျောက်ထက်တွင် အခိုင်အမာအကျွန်ရာရေးထိုး၍ မှတ်တမ်းတင်ကြသည်။ ပင်းယ၊ အင်းဝစသည့် နောက်ခေတ်များတွင်လည်း ထိုအစဉ်အလာအတိုင်း ဆက်လက်ကျင့်သုံးကြသည်။ ဤသို့ဖြင့် ရှေးခေတ်က ရေးထိုးခဲ့သော ကျောက်စာအများစုသည် အလှူမှတ်တမ်းများဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။

ထိုကုသိုလ်ရှင်တို့သည် အလှူမှတ်တမ်းတင်သည်ဆိုရာ၌ ကျွန်မည်မျှ၊ လယ်ပယ်မည်မျှ လှူသည်စသည်ဖြင့် အချက်အလက်သက်သက်ကိုမျှသာ မှတ်တမ်းတင်ခဲ့ခြင်းသာ မဟုတ်ပါ။ အလှူအကြောင်းဖော်ပြရင်း ရင်ထဲတွင် ပေါ်ပေါက်နိုးကြားနေသော စိတ်စေတနာများကိုပါ တစ်ပါတည်း ထင်ဟပ်ဖော်ပြသွားတတ်ကြပါသည်။ နှစ်သက်လိုလားသော အကြောင်းအရာများကို နှစ်သက်လိုလားစိတ်ဖြင့် ပြောပြသည်။ မနှစ်သက် မလိုလားသော အကြောင်းအရာများကို မနှစ်သက်မလိုလားစိတ်ဖြင့် ပြောပြသည်။ ထိုအခါ အလှူမှတ်တမ်းဆိုင်ရာ အမည်နာမ ကိန်းဂဏန်းအချက်အလက်များနှင့်အတူ ကုသိုလ်ရှင်တို့၏ စေတနာထင်ဟပ်ချက်ကလေးများ ပြိုးခနဲ ပြက်ခနဲပေါ်လာတတ်ပါသည်။ ထိုစာမျိုးသည် အချက်အလက်သက်သက်မှတ်တမ်းတင်သော စာမျိုးထက် ပို၍ လှနေတတ်ပါသည်။ ပို၍ ဖတ်ချင်စဖွယ် ဖြစ်နေတတ်ပါသည်။

http://www.cherrythitsar.org

ထိုစာမျိုးကို ဖတ်ရသော စာဖတ်သူတွင်လည်း နှစ်သက်သာယာသော ရသနှင့် အတူ ဝမ်းမြောက်ကြည်နူးမှုစသည့် စိတ်စေတနာများ ပေါ်ပေါက်နိုးကြားလာ ရတတ်ပါသည်။ ထိုစကားပြေမျိုးသည် အလှုမှတ်တမ်းဆိုင်ရာ အချက်အ လက်(သုတ)ကိုသာမက နှစ်သက်သာယာမှု (ရသ)ကိုပါ ပေးစွမ်းနိုင်သည့် အတွက် သုတရသစကားပြေဟု ခေါ်ရခြင်းဖြစ်ပါသည်။

ပထမဆုံးတင်ပြလိုသော သုတရသ စကားပြေအဖွဲ့မျိုးမှာ ဂုဏ်ထူး ဝိသေသများကို ဖော်ညွှန်းသည့် အဖွဲ့မျိုးဖြစ်ပါသည်။ ထိုဂုဏ်ထူးဝိသေသများ နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်အကြောင်းကို နှစ်သက်လိုလားသော စေတနာဖြင့် ဖော် ညွှန်းခြင်းဖြစ်သည့်အတွက် ထိုအဖွဲ့မျိုးသည် သုတရော ရသပါပေးနိုင်စွမ်းရှိ ပါသည်။ ဖော်ညွှန်းသူ၏ စေတနာထင်ဟပ်ပြီးနေသည့်အတွက် အချက်အ လက်သာမက နှစ်သက်သာယာမှုကိုပါ ပေးစွမ်းနိုင်ခြင်းဖြစ်ပါသည်။ အောက် ပါအဖွဲ့ကို ကြည့်ပါ။ (သာဓကများတွင် ကျောက်စာရေးထုံးများကို ယခုခေတ် ရေးထုံးသို့ ပြောင်းလဲဖော်ပြသွားပါမည်။)

သခင် ကက်သူမယားကား အမိမျိုးအဖမျိုး ၇–ဆက် ကွဲရဲ့စရာ မရှိမြတ်စွာသော အမျိုးတည်း။ သခင်ညောင်ရမ်းကြီးသမီး မိမိအသက်နှင့် တူသော မျက်စိမျက်ဆန်နှင့်တူသော မိမိချစ်စွာသောလင် အတို့သခင် ကက်သူ ပျံ့တော်မူရကား အတုမရှိသော တရားကို သိ၍ ထိတ်လန့်၍ ရတနာ ၃ ပါးကို ရည်၍ အရပ် ၃–ပါးပြုသတည်း။

ညောင်ရမ်းကြီးသမီးဆိုသူ ကုသိုလ်ရှင်၏ အလှုမှတ်တမ်းတင် ကျောက်စာဖြစ်ပါသည်။ ညောင်ရမ်းကြီးသမီးသည် ကက်သူ၏ ဇနီးဖြစ်သည်။ မိမိခင်ပွန်းပျံ့တော်မူ(ကွယ်လွန်)သောအခါ အတည်မရှိသော အနိစ္စတရားကို ဆင်ခြင်မိပြီး ထိတ်လန့်သည့်အတွက် ကုသိုလ်ကောင်းမှုပြုခြင်းဖြစ်သည်။ ကက်သူ့ဇနီးသည် အမိမျိုးအဖမျိုးခုနစ်ဆက်ကွဲရဲ့ဖွယ်မရှိသော အမျိုးမြတ်သူ ဖြစ်သည်။ သူ့ခင်ပွန်းကိုလည်း အလွန်ချစ်မြတ်နိုးသူဖြစ်သည်။ ခင်ပွန်းသည် မျက်ကွယ်ပြုသွားသောအခါ ခင်ပွန်းသည်၏ အကြောင်းကို ချစ်ခင်လေးစား စိတ်၊ နမြောလွမ်းဆွတ်စိတ်နှင့် ပြောပြသည်။ ထိုသို့သော စိတ်စေတနာ ထင် ဟပ်နေကြောင်း သူ့စာက သက်သေခံနေပါသည်။ "မိမိအသက်နှင့်တူသော၊ မျက်စိမျက်ဆန်နှင့်တူသော၊ မိမိချစ်စွာသော လင်"ဟူသော ဝိသေသအဖွဲ့က ကုသိုလ်ရှင်၏ မေတ္တာသရုပ်ကို အလေးအနက်ထင်ဟပ်ဖော်ပြလျက်ရှိသည်။ အသက်တမျှ၊ မျက်စိမျက်ဆန်တမျှ မြတ်နိုးချစ်ခင်သော ကုသိုလ်ရှင်၏ အချစ် ကြီးပုံကို လေးစားစိတ်၊ စာနာစိတ်များ စာဖတ်သူရင်ထဲတွင် နိုးကြားလာစေ နိုင်သော အဖွဲ့ပင် ဖြစ်ပါသည်။

http://www.cherrythitsar.org

နောက်ထပ် တင်ပြလိုသော အဖွဲ့မျိုးမှာ ဆုတောင်းစာ၊ ကျိန်စာအဖွဲ့မျိုးဖြစ်သည်။ ကုသိုလ်ရှင်တို့သည် မိမိတို့ ပြည့်လိုသော ဆန္ဒကို ဖော်ထုတ်၍ ဆုတောင်းလေ့ရှိသည်။ မိမိတို့ကောင်းမှုများကို ထိပါးနှောင့်ယှက်ခြင်းမပြုဝံ့အောင် ဟန့်တားသည့် အနေနှင့် ထိတ်လန့်ဖွယ် ကျိန်စာများလည်း ဆိုလေ့ရှိသည်။ ထိုဆုတောင်းကျိန်စာတို့သည် အဖြစ်အပျက်အချက်အလက်ဖော်ပြချက်များ မဟုတ်ဘဲ ကုသိုလ်ရှင်၏ စေတနာဆန္ဒ သဘောထားများကို ထင်ဟပ်ဖော်ပြနေသော စာများဖြစ်သည့်အတွက် စာဖတ်သူကို နှစ်သက်ကြည်နူးမှု၊ ထိတ်လန့်ကြောက်ရွံ့မှုတို့နှင့်ယှဉ်သော ရသများပေးစွမ်းနိုင်သည့် စကားပြေအဖွဲ့များ ဖြစ်ပါသည်။

သိဃ်သူမည်သော မင်းသားတစ်ပါး၏ သမီး၊ နရသီဟပတ္တေမင်း၏ မိဖုရားသည် ပုဂံအာမနာကျောင်းရှိ သံဃာတို့အား လယ်ဉယျာဉ်ကျွန်များ လှူဒါန်းပြီး ဤသို့ မျှဝေဆုတောင်းခဲ့ဖူးပါသည်။

"ဤငါတို့ပြုသော ကောင်းမှုအကျိုးအတို့ ခပ်သိမ်းသောကို အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီးလည်းရစေ၏။ ဤကောင်းမှုအာနုဘော်ဖြင့် ပြည်တိုင်းကား ခပ်သိမ်းသောဌာနေသော လူခပ်သိမ်းသော၏ အစီးအပွားချမ်းသာကို ရှာပေလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း။ မိဖုရားစသော မောင်းမတော် ခပ်သိမ်းလည်း ရစေ၏။ အချင်းချင်း အမျက်အဤ တစ်စေ့မရှိ၊ ချစ်သော မျက်စိဖြင့် ရှုကြရစေ၏"

မိမိ၏ ကောင်းမှုကို မိမိခင်ပွန်းဖြစ်သူ ဘုရင်မင်းမြတ်အား တလေးတစား ပထမဦးစွာ အမျှပေးဝေသည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်နိုင်ပါစေဟူ၍လည်း ဆုတောင်းသည်။ အသက်ရှည်စွာနေပြီး မိမိကောင်းမှုကို ထောက်ပင့်နိုင်ပါစေဟူ၍လည်း ဆုတောင်းသည်။ မိဖုရားမောင်းမတော်များသည်လည်း မိမိကောင်းမှုအကျိုးဖြင့် အချင်းချင်းအမျက် ဒေါသမထားဘဲ 'ချစ်သောမျက်စိ'ဖြင့် ကြည့်ကြပါစေဟူ၍လည်း မိမိဆန္ဒကို ဖော်ထုတ်ထားပါသည်။ အကျိုးတရားနှင့် ယှဉ်သော မေတ္တာသံလွှမ်းသော ကုသိုလ်ရှင်၏ စိတ်ထားကလေးစားကြည်ညိုစရာပါပေ။ စာဖတ်သူအနေနှင့် တစိမ့်စိမ့်ကြည်နူးနှစ်သက်ရသော ရသမျိုးပေါ်ပေါက်လာစေနိုင်သည့် အဖွဲ့ဖြစ်ပါသည်။

စောမင်းလတ်မည်သော ကုသိုလ်ရှင်ကမူ မိမိကုသိုလ်ကောင်းမှုများကို သူတစ်ပါး မထိပါးဝံ့အောင် ဤသို့ ကျိန်စာဆိုခဲ့ပါသည်။

"ငါ့မြေကို စားသော ယောကျ်ားလည်းကောင်း၊ မိန်းမလည်းကောင်း၊ သေခဲ့သော် အထူလည်း အရက် ၆၀-သွား၊ အလျားအနံ အရက် ၆၀-

http://www.cherrythitsar.org

သွားသော ကျောက်ဖျာကြီးတွင် ခါးရွှေ့နစ်လျက် ရေလည်းမရ၊ အစာလည်း မရ၊ လျှောင်းလံထွက်လျက် ခံစေသတည်း။"

မည်မျှကြောက်မက်ဖွယ်ကောင်းသော ကျိန်စာပါနည်း။ အလျားအနံအထု ရက်ပေါင်း ၆၀–သွားစာမျှ ကြီးမားလှသော ကျောက်ဖျာကြီးထဲတွင် ခါးအထိ နစ်မြုပ်နေပြီး လျှောင်းလံထွက်လျက် ဆင်းရဲခြင်နေရသည့်အသွင်ကို ထင်းခနဲ မြင်ယောင်လာနိုင်သည်နှင့်အမျှ ထိတ်လန့်ဖွယ်၊ ကြက်သီးမွေးညင်းထဖွယ် ရသမျိုးပေါ်ပေါက်လာနိုင်စေသည့် အဖွဲ့ဖြစ်ပါသည်။

အလှူနှင့် ဆက်နွယ်နေသော ဖြစ်ရပ်များကို မှတ်တမ်းတင်ရာ၌ စေတနာ မေတ္တာအရင်းခံသော ဖြစ်ရပ်မျိုးကို မှတ်တမ်းတင်ရသောအခါ မှတ်တမ်းတင်သူ၏ စေတနာမေတ္တာ သဘောများသည် မှတ်တမ်းတွင် ထင်ဟပ်နေလေ့ရှိပါသည်။ ယခုနောက်ဆုံးအနေနှင့် တင်ပြလိုသော အဖွဲ့မျိုးမှာ ဤသို့အဖွဲ့မျိုးဖြစ်ပါသည်။ သာဓကအဖြစ် 'ကျစွာမင်း မိထွေးတော် ကျောက်စာ'ကို ပြလိုပါသည်။ ထိုကျောက်စာတွင် ကျစွာမင်းမိထွေးတော်က မိမိနှင့်ကျစွာမင်းတို့ အတွဲ့အပြန်ထားရှိသော မေတ္တာစေတနာသဘောကို ကြည်နူးဖွယ် မှတ်တမ်းတင်ထားပါသည်။ ကျစွာမင်း၏ မယ်တော်မှာ ကျစွာမင်းငယ်စဉ်ကပင် ကံကုန်ခဲ့သည်။ ကျစွာမင်းပင် မယ်တော်ကို မသိလိုက်။ မိထွေးတော်က သား အရင်းကဲ့သို့ မွေးရ၍ ကြီးပြင်းလာရသည်။ ကျစွာမင်းကလည်း မိထွေးတော်ကို မယ်တော်အရင်းကဲ့သို့ သဘောထားသည်။ ကျစွာမင်းနန်းတက်သောအခါ မိထွေးတော်ကို အိမ်ဆောက်ပေးသည်။ လယ်များ၊ ကျွန်များလည်းပေးသည်။ မိထွေးတော်ကလည်း ထိုအိမ်ကို မိမိနေသည်ထက် သံဃာအား ကျောင်းအဖြစ်လှူဒါန်းရသည်က ပို၍မြတ်သည်ဟု ကြံစည်မိသဖြင့် ကျစွာမင်းကို လျှောက်ထားရာ ကျစွာမင်းက အသာတကြည်ခွင့်ပြုသည်။ မိထွေးတော်သည် ဂူဘုရားလည်းတည်ပြီး အိမ်ကိုလည်း ကျောင်းအဖြစ် လှူဒါန်းသည်။ ဤအကြောင်းကို ဤသို့ မှတ်တမ်းတင်ထားပါသည်။

"ကျစွာမင်း ရွှေတောင်တက်ပြီ။ ငါ့မိကိုကား ငါမသိလိုက်။ ငါ့မိထွေးမွေးရ၍ ငါကြီး၏။ ငါ့မိထွေးလျှင်လည်း ငါ့မိဟူ၍ အိမ်ပြုနေပေ၏။ အိမ်ထောင် ကျွန်လယ်လည်း ပေးတော်မူ၏။ အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်းငါစား၏။ အိမ်ငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော် မြတ်၏ဟူ၍ ငါကြံမိရကား ဂူလည်း ပြု၏။ ဂူပြီးရကား ဘုရားလောင်းကို ငါကြံ၏။ မြတ်စွာသော ငါ့သခင်အတို့ကျွန်ကို ပြုပေးသော အိမ်တည်းသာလည်း သာစွာ၏။ အတို့ကျွန်နေသောထက်ကား သံဃာနေသော် မြတ်၏ဟူ၍ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော

http://www.cherrythitsar.org

အိမ်တော်ကျွန်လယ်လည်း အတို့ကျွန်လှူ၏။ ငါကြားရကား မိထွေးတင့်အပ်နိုးသော သံဃာထားလင့်ဟု မိန့်တော်မူ၏။"

မိထွေးတော်နှင့် သားတော်တို့ အပြန်အလှန်ပြောပုံကလေးများပါ ကြားယောင်လာအောင် မှတ်တမ်းတင်ထားပုံမှာ နှစ်သက်ဖွယ်ပင်။ ကျစွာမင်း၏ ကျေးဇူးသိတတ်သော သဘောထားနှင့် မိထွေးတော်၏ ရင့်ကျက်သော ဘာသာရေးခံယူချက်တို့ကို လေးစားဖွယ်တွေ့ရသည်။ ကျစွာမင်းက "ငါ့မိကို ကား ငါမသိလိုက်။ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တည်း ငါမိ၏" ဟူ၍ မိထွေးတော်၏ ကျေးဇူးကို ထုတ်ဖော်မိန့်ကြားပုံ၊ မိထွေးတော်က သားတော်မင်းမြတ်ကို ဘုရားလောင်းဟု ရည်ညွှန်းကာ 'မြတ်စွာသော ငါ့သခင်'ဟူ၍ ခေါ်ဝေါ်လျှောက်ထားပုံ၊ 'အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏'ဟူ၍ သားတော်က ချီးမြှင့်သည်ကို ဂုဏ်ယူလက်ခံသည့် လေသံပါအောင် ပြောဆိုပုံတို့က ဤမှတ်တမ်းကို အသက်ဝင်အောင် ထောက်ကူပေးလျက်ရှိပါသည်။ ကျေးဇူးသိတတ်ခြင်းသဘော၊ စွန့်လွှတ်လှူဒါန်းခြင်းသဘောတို့ကို လေးစားကြည်ညိုဖွယ် ရသပေါ်အောင် ရေးဖွဲ့ပြထားသော စကားပြေအဖွဲ့တစ်ခုဖြစ်ပါသည်။

ဤသို့ဖြင့် ရှေးခေတ်က မြန်မာကြီးများ ကျောက်ထက်အက္ခရာတင်ခဲ့ကြသော အလှူမှတ်တမ်းများတွင် ကုသိုလ်ရှင်တို့၏ စေတနာအရင်းခံသော အတွေးအမြင်ခံစားမှုများကို ယခုတိုင် လင်းခနဲ လက်ခနဲ တွေ့နေမြင်နေရဆဲပါပေ။

ဇေယျာမိုးမွေး
အမှတ် ၂၂၇၊
မေလ၊ ၁၉၈၅၊

http://www.cherrythitsar.org

ငါးရှုငါးဆယ်

ငါးရှုငါးဆယ်သည် ဂေါတမဘုရားရှင် ဘုရားမဖြစ်မီ အတိတ်ဘဝ ဖြစ်တော်စဉ်ဇာတ်ဝတ္ထုများကို ရည်ညွှန်းခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်။ ပါဠိစာပေတွင် ထိုဖြစ်တော်စဉ်များကို ဇာတကဟု ခေါ်သည်။ ထေရဝါဒဗုဒ္ဓစာပေ ဖြစ်သော ပိဋကတ်သုံးပုံကို ဝိနယပိဋက(ဝိနည်း)၊ သုတ္တန္တပိဋက(သုတ်)၊ အဘိဓမ္မ ပိဋက(အဘိဓမ္မာ) ဟု သုံးပိုင်းပိုင်းခြားထားပြီး သုတ္တန္တပိဋကကို ဒီဃနိကာယ၊ မဇ္ဈိမနိကာယ၊ သံယုတ္တနိကာယ၊ အင်္ဂုတ္တရနိကာယ၊ ခုဒ္ဒကနိကာယဟူ၍ နိကာယ(နိကာယ်)ခေါ် အစုငါးစုထပ်မံပိုင်းခြားထားရာ ဇာတကသည် ခုဒ္ဒကနိကာယ အဝင်အပါ ကျမ်း(၁၅)ကျမ်းအနက် (၁၀)ခုမြောက် ကျမ်းဖြစ်သည်။

ဇာတကတွင် ဘုရားရှင်ဖြစ်တော်စဉ် ဇာတ်ဝတ္ထုပေါင်း (၅၄၇)ဇာတ်ပါသည်။ မှတ်သားရလွယ်အောင် (၃)ဇာတ်ဖြည့်၍ ငါးရှုငါးဆယ်ဟု အစဉ်အဆက်ခေါ်ခဲ့ကြခြင်းဖြစ်ကြောင်း အဆိုရှိသည်။ ထိုဇာတ်ဝတ္ထုများကို ပါဝင်သည့် ဂါထာအရေအတွက်အရ တစ်ဂါထာပါဝင်သော ဇာတ်များကို ဧကနိပါတ၊ နှစ်ဂါထာပါဝင်သော ဇာတ်များကို ဒုကနိပါတ၊ သုံးဂါထာပါဝင်သော ဇာတ်များကို တိကနိပါတစသည်ဖြင့် နိပါတ(နိပါတ်)ခေါ် အစုပေါင်း ၂၂ စုထပ်မံခွဲခြားထားသည်။ ထို (၅၄၇)ဇာတ်မှ နောက်ဆုံး (၁၀)ဇာတ်မှာမူ ဂါထာရေအတွက်များပြားပြီး ဇာတ်လည်းရှည်လျားသည်။ ထိုဇာတ်များကို မဟာနိပါတ(မဟာနိပါတ်)ဟု သတ်မှတ်စုစည်းထားသည်။ ဇာတ်ကြီးဆယ်ဘွဲ့ဟု ထင်ရှားသော ဇာတ်များဖြစ်သည်။ (ဇာတ်ကြီးဆယ်ဘွဲ့သည် ငါးရှုငါးဆယ်နှင့်သီးခြားမဟုတ်ဘဲ ငါးရှုငါးဆယ်ထဲတွင် အကျုံးဝင်ကြောင်း သိနိုင်သည်။)

http://www.cherrythitsar.org

ဇာတကသည် မူလက ဂါထာသက်သက်မျှသာဖြစ်ပြီး ဂါထာ ၉၀၀၀ ကျော်ပါဝင်သည်။ ဘုရားရှင်၏ ရှေ့ဖြစ်နောက်ကြောင်း ဇာတ်လမ်းများ မပါဝင်ပေ။ နောက်ပိုင်းတွင် ထိုဂါထာများကို အခြေပြု၍ သင့်လျော်သော နောက်ခံ ဇာတ်လမ်းဖွဲ့ထားသော ကျမ်းပေါ်ပေါက်လာသည်။ ထိုကျမ်းကို ဇာတကဋ္ဌကထာ(ဇာတ်တော်တို့ကို ဖွင့်ဆိုသောကျမ်း)ဟူ၍လည်းကောင်း၊ ဇာတကဋ္ဌဝဏ္ဏနာ(ဇာတ်တော်၏ အနက်အဓိပ္ပာယ်ကို ဖော်လှစ်ပြသောကျမ်း)ဟူ၍လည်းကောင်း ခေါ်သည်။ ထိုကျမ်းကို ပြုစုသူမှာ သီဟိုဠ်ကျွန်းမှ အမည်မသိ ရဟန်းတော်တစ်ပါးဖြစ်သည်ဟူ၍လည်းကောင်း၊ ရှင်မဟာဗုဒ္ဓဃောသဖြစ်သည်ဟူ၍လည်းကောင်း ပညာရှင်တို့ ဆိုကြသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ခရစ်ဝါးရာစုတွင် ထိုကျမ်းကိုပြုစုဖွယ်ရှိသည်ဟု အချို့ကဆိုကြပြီး ရှင်မဟာဗုဒ္ဓဃောသသည် ထိုကျမ်းကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုသူသာဖြစ်သည်ဟု အချို့က ဆိုကြသည်။

ဖြစ်တော်စဉ် ဝတ္ထုတစ်ပုဒ်စီတွင် ပစ္စုပ္ပန်ဝတ္ထု(ဇာတ်တော်ကို ဘုရားရှင်ဟောရခြင်းအကြောင်း)၊ အတိတ်ဝတ္ထု(ဘုရားလောင်းဘဝ အတိတ်ဖြစ်ရပ်)၊ နိဂုံး(အတိတ်ဝတ္ထုနှင့် ပစ္စုပ္ပန်ဝတ္ထု ဆက်စပ်၍ ဇာတ်ပေါင်းခြင်း)ဟူသော အပိုင်းများပါဝင်သည်။

ဇာတကဟူသော ပါဠိဝေါဟာရကို မြန်မာမှုပြုသောအခါ 'ဇာတ်'ဟူ၍ ဖြစ်လာသည်။ ဘုရားရှင်၏ ဖြစ်တော်စဉ်များကို ရည်ညွှန်းလျက် 'ငါးရှင်ငါးဆယ်ဇာတ်'၊ 'ငါးရာငါးဆယ်နိပါတ်'၊ 'ငါးရှင်ငါးဆယ်ဇာတ်နိပါတ်'၊ ငါးရှင်ငါးဆယ် ဇာတ်တော်'၊ ငါးရှင်ငါးဆယ် နိပါတ်တော်'စသည်ဖြင့် အမျိုးမျိုးရည်ညွှန်းလေ့ရှိသည်။ ငါးရှင်ငါးဆယ်ဇာတ်များနှင့် ပတ်သက်၍ ရှေးအကျဆုံး အထောက်အထားများမှာ အိန္ဒိယနိုင်ငံ ဆန်ချီ၊ ဗရဟုတ်နှင့် အမရဝတီ ဘုရားများတွင် တွေ့ရသော ပန်းတမော့ ကျောက်ဆစ်လက်ရာများဖြစ်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။ ဗရဟုတ်ဘုရားတွင် ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသော ငါးရှင်ငါးဆယ် ဇာတ်အမည်များသည် ရှေးအကျဆုံးဖြစ်၍ ၂၅၀ ဘီစီခန့်က ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း မှတ်သားရသည်။ မြန်မာနိုင်ငံတွင်မူ သထုံရှိ ပဏ္ဍိတ်မွန်ကျောက်စာတွင် ရေးထိုးထားသော ဇာတ်တော်အမည်များ၊ သထုံ ကလျာဏီသိမ်နှင့် ရွှေစာရံဘုရားအကြား သိကြားဘုရား၏ ပစ္စယာအဆင့်ရှိ ဇာတ်တော် သရုပ်ဖော်စဉ်ချပ်များနှင့် ကလျာဏီသိမ်၊ သိမ်နိမိတ် ကျောက်တိုင်များရှိ ဇာတ်တော်ကျောက်ဆစ်ရုပ်ကြွများကို အစောဆုံးအထောက်အထားများ အဖြစ်တွေ့ရကြောင်း၊ ခရစ်နှစ် ၁၁ ရာစု လက်ရာများဖြစ်ကြောင်း သိရသည်။

၁၁ ရာစုတွင် ပုဂံသို့ထေရဝါဒ ဗုဒ္ဓသာသနာရောက်ပြီးချိန်တွင်ကား ငါးရှင်ငါးဆယ်ဇာတ်နိပါတ် သရုပ်ဖော်မှုများကို ကျယ်ကျယ်ပြန့်ပြန့်တွေ့လာရသည်။ ပုဂံဘုရား အတွင်းနံရံများတွင် ဇာတ်နိပါတ် သရုပ်ဖော်ပန်းချီပုံများ

http://www.cherrythitsar.org

နှင့်အတူ ဇာတ်နိပါတ် အမည်များ၊ ပုံအညွှန်းစာများကို မင်ဖြင့်ရေးထိုးကြသည်။ အပြင်နံရံများတွင်လည်း စဉ့်ရည်သုတ်ထားသော စဉ့်ကွင်းများ၊ စဉ့်ရည်မသုတ်သော အုပ်ချုပ်များ၌ ဇာတ်နိပါတ်များကို သရုပ်ဖော်ကြသည်။ ကျောက်ဆစ်ရုပ်များလည်း ထွင်းထုကြသည်။ မြန်မာစာအရေးအသားမပေါ်ပေါက်မီကပင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ် ပုံညွှန်းစာများကို ပါဠိဘာသာ၊ မွန်ဘာသာတို့ဖြင့် ရေးသားညွှန်းဆိုနေကြပြီဖြစ်သည်။

ဇာတ်တော်ပေါင်း ၅၄၇ ဇာတ်ကို ငါးရာ့ငါးဆယ်ဟု ဖြည့်၍ ခေါ်ခြင်းဖြစ်သည်ဟု ဆိုသော်လည်း ပုဂံသီရိပစ္စယာရှိ ဖက်လိပ်ဘုရား နှစ်ဆူရှိအုပ်ချုပ်ရုပ်ကြွများတွင် ဇာတ်တော်ငါးရာ့ငါးဆယ်အပြည့်ပုံဖော်ထားကြောင်း တွေ့ရသည်။ ပကိဏ္ဏကနိပါတ်၊ ဇာတ်အမှတ်စဉ် ၄၉၆၊ ဘိက္ခာပရမ္ပရဇာတ်၏ နောက်တွင် ကပ်လျက် ၄၉၇ ဝေလာမဇာတ်၊ ၄၉၈ မဟာဂေါဝိန္ဒဇာတ်၊ ၄၉၈* သုမေဓပဏ္ဍိတဇာတ်ဟူသော ဇာတ်သုံးဇာတ်ကို ဖြည့်ထားခြင်းဖြစ်သည်။ ဖက်လိပ်ဘုရားများမှာ အနော်ရထာမင်း ပြုပြင်မွမ်းမံသည့် ဘုရားများဖြစ်သည်ဟု ယူဆရပြီး ဖက်လိပ်မှ ငါးရာ့ငါးဆယ်ရုပ်ကြွများမှာ ပုဂံတွင် အစောဆုံးတွေ့ရသော အထောက်အထားများဖြစ်ရာ ဇာတ်တော်ငါးရာ့ငါးဆယ်ရှိသည်ဟူသော အယူအဆသည် အနော်ရထာမင်း လက်ထက်တွင် လက်ခံယုံကြည်နေကြသော အယူအဆဖြစ်သည်ဟု သိရသည်။ ပုဂံခေတ်တွင် ဇာတ်တော်ငါးရာ့ငါးဆယ်ပါသောမူနှင့် ငါးရာ့လေးဆယ့်ခုနစ်ဇာတ်ပါသော မူဟူ၍ (၂)မျိုးရှိခဲ့ကြောင်း၊ အစောပိုင်းကာလတွင် ပထမမူကို လက်ခံကြကြောင်း၊ နောက်ပိုင်းတွင်မူ ဒုတိယမူကိုသာ လက်ခံကြသည့်အတွက် ပုဂံရှိရွှေဆံတော်၊ ဂူပြောက်ကြီး၊ အာနန္ဒာ၊ မင်္ဂလာစေတီစသည့် ဘုရားများတွင် (၅၄၇)ဇာတ်သာ ရေးထိုးသည်ကို တွေ့ရကြောင်း ပညာရှင်တို့ စူးစမ်းဖော်ထုတ်ပြကြသည်။

ဖြည့်စွက်သော ဇာတ်သုံးဇာတ်တွင် ဝေလာမဇာတ်မှာ အဂုံတ္တရနိကာယ်၊ ဝေလာမသုတ်လာ ဘုရားလောင်း ဝေလာမပုဏ္ဏားအကြောင်းဖြစ်သည်။ မဟာဂေါဝိန္ဒဇာတ်မှာ ဒီဃနိကာယ်၊ မဟာဂေါဝိန္ဒသုတ်လာ ဘုရားလောင်း မဟာဂေါဝိန္ဒပုဏ္ဏားအကြောင်းဖြစ်သည်။ သုမေဓပဏ္ဍိတဇာတ်မှာ ဗုဒ္ဓဝံသလာ ဘုရားလောင်း သုမေဓပုဏ္ဏားအကြောင်းဖြစ်သည်။ ဇာတကတွင်မူ ထိုဇာတ်များ မပါဝင်ကြောင်း တွေ့ရသည်။

မြန်မာစာအရေးအသားပေါ်ပေါက်ပြီးနောက် ငါးရာ့ငါးဆယ် ဇာတ်တော်များသည် မြန်မာစာပေနယ်ပယ်တွင် ကျယ်ပြန့်စွာ နေရာယူလာသည်။ စာဆိုတို့သည် ကောင်းနိုးရာရာဇာတ်တော်များကို အခြေပြု၍ ကဗျာအမျိုးမျိုး၊ စကားပြေအမျိုးမျိုးရေးဖွဲ့ကြသည့်အတွက် အင်းဝခေတ်မှစ၍ မြန်မာဇာတက

http://www.cherrythitsar.org

စာပေများ ထွန်းကားလာခဲ့သည်။ သာဓကဆောင်ရလျှင် အင်းဝခေတ်တွင် ဟတ္ထိပါလဇာတ်ကို အခြေပြု၍ ရှင်မဟာရဋ္ဌသာရရေးဖွဲ့သော စတုဓမ္မသာရကိုး ခန်းပျို့၊ ညောင်ရမ်းခေတ်တွင် ဝေဿန္တရာဇာတ်ကို အခြေပြု၍ တောင်ဘီလာ ဆရာတော် ရေးဖွဲ့သော ဝေဿန္တရာပျို့၊ ကုန်းဘောင်ခေတ်တွင် စန္ဒကိန္နရီဇာတ်ကို အခြေပြု၍ ဦးရွှေခြည်ရေးဖွဲ့သော စန္ဒကိန္နရီပျို့၊ မဟောသဓဇာတ်ကို အခြေပြု၍ ဦးကြင်ဥရေးဖွဲ့သော မဟော်ပြဇာတ်၊ နေမိဇာတ်ကို အခြေပြု၍ ကင်းဝန်မင်းကြီးရေးဖွဲ့သော နေမိရကန်၊ ကိုလိုနီခေတ်ဦးပိုင်းတွင် အောက်မြန်မာနိုင်ငံ၌ မဟာဇနကဇာတ်ကို အခြေပြု၍ ဦးခိုရေးဖွဲ့သော မဟာဇနကပြဇာတ်စသည်တို့ကို ကြည့်ရုံဖြင့် ငါးရှဉ်ငါးဆယ် ဇာတ်တော်များ ပျံ့နှံ့မှုကို သိနိုင်သည်။ သာချင်း၊ ဟောစာ၊ သျှိုးလိုက်ရတုစသည်ဖြင့် ကဗျာ အမျိုးမျိုးပေါ်ထွက်ခဲ့သည်။

စကားပြေဘက်ကဆိုလျှင် ငါးရှဉ်ငါးဆယ် ဇာတ်အဋ္ဌကထာများကို ပါဠိတစ်ချက် မြန်မာတစ်ချက် ပြန်ဆိုသော နိဿယစကားပြေများ အစဉ်အဆက်ပေါ်ပေါက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ဆရာတော်များက နိပါတ်အလိုက် တာဝန်ခွဲ၍ နိဿယ ပြန်ခဲ့ကြသည်။ စကားပြေသန့်သန့်အနေဖြင့် ဆိုလျှင် ကုန်းဘောင်ခေတ်တွင် ညောင်ကန်ဆရာတော် မြန်မာပြန်သော ငါးရှဉ်ငါးဆယ် ဇာတ်ဝတ္ထုများ ထင်ရှားသည်။ မုန်တိုင်ပင် ဆရာတော်ကလည်းငါးရှဉ်ငါးဆယ် ဇာတ်ဝတ္ထုများကို မြန်မာပြန်သည်။ ကိုလိုနီခေတ်တွင် အမျိုးသားပညာဝန်ဦးဖိုးကျားက ဇာတ်တော် ၂၄၉ ဇာတ်တွင် ငါးရှဉ်ငါးဆယ် ကောက်နုတ်ချက်များစသည်ဖြင့် ရှင်းရှင်းလွယ်လွယ် ပြန်ရေးခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ထွက်လာသော ငါးရှဉ်ငါးဆယ်ဇာတ်ဝတ္ထုများတွင် ပထမကျော်ဦးကြီးဖေ၏ ငါးရှဉ်ငါးဆယ် နိပါတ်တော်စကားပြေ၊ ဦးမြင့်ဆွေ၏ ဇာတ်တော်ငါးရှဉ်ငါးဆယ်နှင့် ငါးရှဉ်ငါးဆယ် အဘိဓာန်၊ ငါးရှဉ်ငါးဆယ် စာရင်းကျယ်၊ မာဏဝ၏ နိပါတ်တော်လာဇာတ်တော် ငါးရှဉ်ငါးဆယ်၊ မင်းသုဝဏ်၏ ငါးရှဉ်ငါးဆယ်ဇာတ်ပင်လယ် စသည်တို့ ထင်ရှားသည်။ ဦးအေးချို(မဟာဝိဇ္ဇာ)၏ ငါးရှဉ်ငါးဆယ် သိမှတ်ဖွယ်ကဲ့သို့သော သုံးသပ်သော ကျမ်းများလည်း ပေါ်ထွက်သည်။

ငါးရှဉ်ငါးဆယ်မှ မဟာနိပါတ် အပါအဝင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ကုန်းဘောင်ခေတ်တွင် ဒန့်တိုင်ဆရာတော်က နိဿယ ပြန်ခဲ့သည်။ ဦးသြဘာသက တေမိယ၊ ဇနက၊ နေမိ၊ မဟောသဓ၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာဟူသော ဇာတ်တော်ကြီး ရှစ်စောင်၊ ရှင်ပညာတိက္ခက သုဝဏ္ဏသာမ၊ ရှင်နန္ဒမေဓာက ဘူရိဒတ်ဇာတ်တော်များကို မြန်မာပြန်ခဲ့ကြသည်။ ဒဂုန်ဦး

http://www.cherrythitsar.org

ထွန်းမြင့်၊ လှသမိန်စသည့် ပုဂ္ဂိုလ်များရေးသားသော ဇာတ်တော်ကြီးဆယ်ဘွဲ့ ဝတ္ထုများလည်း ပေါ်ထွက်ခဲ့သည်။

ငါးရှုငါးဆယ်ဝတ္ထုများသည် အများစိတ်ဝင်စားသည့် ဝတ္ထုများဖြစ်သည့်အတွက် ပျို့၊ ရကန်စသည့် ကဗျာများတွင် ဆီလျော်ရာရာ ဝတ္ထုများကို ထည့်သွင်းကိုးကား ရေးဖွဲ့သကဲ့သို့ စကားပြေကျမ်းများတွင်လည်း ထည့်သွင်းကိုးကားကြသည်။ ညောင်ရမ်းခေတ်တွင် ဝရာဘိသဃ်နာထဆရာတော် ရေးသားသော မဏိကုဏ္ဍလဝတ္ထုဆိုလျှင် ငါးရှုငါးဆယ်လာ မဟာသုတသောမ ဇာတ်ကို မူတည်ပြီး ကျန်ဇာတ်တော်အားလုံးလိုလို ပါဝင်အောင် ထည့်သွင်းကိုးကားရေးဖွဲ့ထားသည့်အတွက် တစ်မူထူးခြားသည်။

ငါးရှုငါးဆယ် ဝတ္ထုများတွင် စိတ်ဝင်စားဖွယ် ဇာတ်လမ်းဇာတ်ကွက်အမျိုးမျိုး၊ စရိုက်သဘာဝကွဲပြားသော ဇာတ်ဆောင်အမျိုးမျိုးပါဝင်ပြီး မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ ဝီရိယ၊ ပညာ၊ သတ္တိ၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ ရက်ရောမှု၊ ကိုယ်ကျင့်တရားရှိမှု၊ သည်းခံမှုစသည့် ဂုဏ်ရည်အမျိုးမျိုးကို ဖော်ကျူးထားသည့်အတွက် ခေတ် အဆက်ဆက်မရိုးနိုင်ဘဲ အများနှစ်သက်စွဲမက်သော ဇာတ်ဝတ္ထုများအဖြစ် မြန်မာစာပေသမိုင်းတစ်လျှောက်တွင် တင့်တယ်စွာ ရပ်တည်လျက်ရှိသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်ပေသည်။
(စာကိုး–ဦးကျော်ငြိမ်း ပုဂံမြို့ဟောင်း မြင်းကပါ ဂူပြောက်ကြီးဘုရား။ ဦးဖေမောင်တင်–မြန်မာစာပေသမိုင်း။ ဦးမြင့်ဆွေ–ဇာတ်တော်ငါးရှုငါးဆယ်။ ဦးလေးမြင့်–ပါဠိစာပေသမိုင်း။ B.C.Law:A History of Pali Literature, G.H.Luce: Old Burma Early Pagan.)

ကလျာမရှေင်
ဇူလိုင်၊ ၂၀၀၂။

http://www.cherrythitsar.org

ဇာတ်ကြီးဆယ်ဘွဲ့

ဇာတ်ကြီးဆယ်ဘွဲ့သည် ဂေါတမဘုရားရှင်၏ အတိတ်ဘဝဖြစ်တော် စဉ် ၅၄၇ ဇာတ်(ငါးရာ့ငါးဆယ်)မှ နောက်ဆုံးဆယ်ဇာတ်ဖြစ်သည်။ ဇာတ်တော်များကို ပါဝင်သော ဂါထာအရေအတွက်အရ ဧကနိပါတ်၊ ဒုကနိပါတ်စသည်ဖြင့် နိပါတ်ခေါ် အစုများ ခွဲခြားရာ၌ နောက်ဆုံးဆယ်ဇာတ်ကို 'မဟာနိပါတ်'ဟု သတ်မှတ်စုစည်းထားသည်။ ထိုဇာတ်တော်ကြီး ဆယ်ဇာတ်သည် ကျန်ဇာတ်များထက် ရှည်လျားပြီး ဂါထာအရေအတွက်လည်း များပြားသည်။ ဇာတ်လမ်း ဇာတ်ကွက်လည်း ကျယ်ဝန်းသည်။

ပုဂံသို့ ထေရဝါဒ ဗုဒ္ဓသာသနာ ရောက်ပြီးနောက် ဇာတ်တော်များကို ပုဂံဘုရားများ၏ အတွင်းနံရံများတွင် ပန်းချီဖြင့် သရုပ်ဖော်ရာ၌လည်းကောင်း၊ အပြင်နံရံများတွင် စဉ်ရည်သုတ်သော စဉ်ကွင်းများ၊ စဉ်ရည်မသုတ်သော အုတ်ချပ်များ၌ သရုပ်ဖော်ရာ၌လည်းကောင်း၊ ဇာတ်ကြီးဆယ်ဘွဲ့ကို ကျယ်ကျယ်ပြန့်ပြန့်နေရာပေးလေ့ရှိကြသည်။ အာနန္ဒာဘုရားတွင် ဇာတ်တော်များကို စဉ်ကွင်းများဖြင့် သရုပ်ဖော်ရာ၌ ရှေ့ပိုင်း ၅၃၇ ဇာတ်ကို ဇာတ်တစ်ဇာတ်လျှင် စဉ်ကွင်းတစ်ခုစီဖြင့် သရုပ်ဖော်သော်လည်း ဇာတ်ကြီးဆယ်ဘွဲ့ဟူသော နောက်ဆုံးဇာတ် ၁၀ ဇာတ်ကိုမူ စဉ်ကွင်းပေါင်း ၃၇၅ ခုဖြင့် ကျယ်ကျယ်ပြန့်ပြန့် သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ စဉ်ကွင်းတိုင်းတွင် အညွှန်းစာများကို ရှေးမွန်ဘာသာဖြင့် ရေးထိုးထားသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့သရုပ်ဖော်ပန်းချီပုံများကို မြန်မာစာအရေးအသားဖြင့် ရေးသားညွှန်းဆိုသော ပုံအညွှန်းစာများတွင် ပုဂံလောကထိပ်ပန် ဂူဘုရားအတွင်း နံရံရှိ ပန်းချီပုံများကို ညွှန်းဆိုသော မင်စာများမှာ အထူးထင်

http://www.cherrythitsar.org

ရှားသည်။ ဂန္ဓကုဋ္ဌနံရံများတွင် ဗုဒ္ဓဝင်၊ ငါးရာ့ငါးဆယ်စသည့် ဇာတ်ကွက်များကို ပန်းချီရေးဆွဲပြီး ရှေးမွန်ဘာသာ၊ ရှေးမြန်မာဘာသာတို့ဖြင့် မင်စာများ ရေးသားညွှန်းဆိုထားရာ ဂန္ဓကုဋ္ဌီအနောက်နံရံတွင် ငါးရာ့ငါးဆယ်ဇာတ်တော်များကို ရှေးမွန်ဘာသာဖြင့်ရေးသားရာမှ မဟာသုတသောမဇာတ်ကို ရှေးမြန်မာဘာသာဖြင့် စတင်ရေးသားပြီးနောက် မဟာနိပါတ်တေမိယဇာတ်မှ ဝေဿန္တရာဇာတ်အထိ ဇာတ်တော်ကြီးဆယ်ဇာတ်ကို ပန်းချီပုံများဖြင့် သရုပ်ဖော်ပြီး ရှေးမြန်မာဘာသာစကားဖြင့် မင်စာများ ရေးသားညွှန်းဆိုထားသည်။ အခြားဂူဘုရားများတွင် လောကထိပ်ပန်ဂူဘုရားမှာလောက် ရှေးမြန်မာစာအရေးအသားကို ကြွယ်ကြွယ်ဝဝ မတွေ့ရကြောင်း၊ လောကထိပ်ပန်ဂူဘုရားတွင် ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်ကွက်များကို အသေးစိတ်သရုပ်ဖော်ပြီး ရှေးဟောင်းမြန်မာဘာသာဖြင့် ပြည့်ပြည့်စုံစုံရေးသားထားကြောင်း၊ ယင်းမင်စာများသည် မြန်မာစာပေပေါ်ထွန်းလာမှုကို သက်သေပြနေသော တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားများဖြစ်ကြောင်း၊ သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က မိန့်ဆိုထားသည်။ လောကထိပ်ပန်မင်စာကို မြန်မာစာဖြင့်ရေးသားသော အစောဆုံး ဇာတ်ကြီးဆယ်ဘွဲ့စကားပြေဟူ၍ မှတ်ယူနိုင်သည်။

မြန်မာစာဆိုတို့သည် ငါးရာ့ငါးဆယ်ဇာတ်တော်များကို စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခေတ်အဆက်ဆက်ရေးဖွဲ့ရာတွင် ဇာတ်ကြီးဆယ်ဘွဲ့ကို အထူးအလေးထား၍ ရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရသည်။ သာဓကဆောင်ရလျှင်၊ အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ကို ဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ်ဇာတ်ပေါင်း ပျို့အဖြစ်လည်းကောင်း၊ ရှင်အဂ္ဂသမာဓိသည် နေမိဇာတ်ကို နေမိမဂ္ဂဇိုဝ်းခန်းပျို့၊ နေမိင၊ရဲခန်းပျို့၊ နေမိဘုံခန်းပျို့များအဖြစ်လည်းကောင်း၊ သုဝဏ္ဏသ္ပ(သုဝဏ္ဏသာမ) ဇာတ်ကို သုဝဏ္ဏသ္ပသစ္စာခန်းပျို့၊ မြားပစ်ခန်းပျို့၊ သူဌေးခန်းပျို့များအဖြစ်လည်းကောင်း ရေးဖွဲ့ခဲ့ကြသည်။ ညောင်ရမ်းခေတ်တွင် တောင်ဖီလာဆရာတော်က ဝေဿန္တရာဇာတ်ကို ဝေဿန္တရာပျို့အဖြစ်ရေးဖွဲ့ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် တွင်းသင်းမင်းကြီးက မဟာဇနကဇာတ်ကို မဟာဇနကပျို့အဖြစ်၊ မဟော်ပြဿနာခန်းပျို့နှင့် ဥမင်ခန်းပျို့များအဖြစ်လည်းကောင်း ရေးဖွဲ့ခဲ့သည်။ ပါဠိဘာသာဖြင့် ရေးသားထားသော ဇာတ်အဋ္ဌကထာများကို ပါဠိတစ်ချက် မြန်မာတစ်ချက် နိဿယ ပြန်ဆိုမှုများလည်းရှိသည်။ ကုန်းဘောင်ခေတ်တွင် ဒန့်တိုင် ဆရာတော် ရှင်ဂုဏာလင်္ကာရ နိဿယပြန်ဆိုသော ဇာတ်ကြီးဆယ်ဘွဲ့ အဋ္ဌကထာများမှာ ထင်ရှားသည်။

ဦးကြင်ဥ၏ မဟော်ပြဇာတ်၊ ဦးပုညဏ်၏ ဝေဿန္တရာ ပြဇာတ်၊ ကိုလိုနီခေတ်ဦးပိုင်းတွင် ပေါ်ပေါက်သော ဦးခိုဏ်၏ မဟာဇနကပြဇာတ်တို့သည် ဇာတ်

http://www.cherrythitsar.org

ကြီးဆယ်ဘွဲ့ပြဇာတ်သာဓကများဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ကင်းဝန်မင်းကြီးက နေမိဇာတ်ကို နေမိရကန်အဖြစ် ရေးဖွဲ့သည်။

ဇာတ်ကြီးဆယ်ဘွဲ့ကို မြန်မာစကားပြေသက်သက်ဖြင့်လည်း ဘာသာပြန်ဆိုရေးဖွဲ့ခဲ့ရာ ကုန်းဘောင်ခေတ်တွင် မင်းဘူးဆရာတော် ဦးသြဘာသရေးဖွဲ့ခဲ့သော ဇာတ်တော်ကြီး ရှစ်စောင်သည် အထူးထင်ရှားသည်။ ဦးသြဘာသမရေးဖွဲ့ဘဲ ကြွင်းကျန်နေသော ဘူရိဒတ်ဇာတ်ကို ရှင်နန္ဒမေဓာကလည်းကောင်း၊ သုဝဏ္ဏသာမဇာတ်ကို ရှင်ပညာတိက္ခ,ကလည်းကောင်း ရေးဖွဲ့ခဲ့သည့်အတွက် မြန်မာစကားပြေဖြင့် ရေးဖွဲ့သော ဇာတ်ကြီးဆယ်ဘွဲ့ကို ပြည့်ပြည့်စုံစုံ ဖတ်ရှုလေ့လာနိုင်ပြီဖြစ်သည်။ ယခုခေတ်တွင် ခေတ်နှင့်အညီ တိုတိုရှင်းရှင်းလေ့လာနိုင်ရန် ပြုစုထားသော ဆရာလှသမိန်၏ ဇာတ်တော်ကြီးဆယ်ဘွဲ့အကျဉ်း၊ ဒဂုန်ဦးထွန်းမြင့်၏ ဇာတ်ကြီးဆယ်ဘွဲ့စသည့်စာအုပ်များလည်း ပေါ်ထွက်ပြီးဖြစ်သည်။ ထိုမျှမက လူငယ်များ စိတ်ဝင်စားဖွယ် ပြုစုထားသော ပန်းချီဆရာကြီး ဦးဘကြည်၏ ဇာတ်ကြီးဆယ်ဘွဲ့ရုပ်ပြမျိုး၊ ဇာတ်ကြီးဆယ်ဘွဲ့ကို အခြေပြု၍ ခေတ်ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့သော ချစ်ဦးညိုး၏ ဝတ္ထုများကဲ့သို့ စာပေမျိုးတို့ကိုလည်း လေ့လာနိုင်ကြပြီဖြစ်သည်။

ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများသည် ဇာတ်လမ်းဇာတ်ကွက်ကောင်းမွန်ပြီး ဇာတ်ဆောင်တို့၏ စရိုက်သဘာဝပေါ်လွင်သည့်ပြင် မှတ်သားလိုက်နာဖွယ် အသိအမြင်များ၊ သင်ခန်းစာများကို ရသနှင့်ယှဉ်၍ နှစ်သက်ဖွယ်ပေးစွမ်းနိုင်သည့်အတွက် မြန်မာတို့ ခေတ်အဆက်ဆက်လေးစား မြတ်နိုးကြရသည်။ စာဆိုတို့ကလည်း စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည့်အတွက် ဇာတ်ကြီးဆယ်ဘွဲ့စာပေများသည် မြန်မာတို့၏ ရင်ထဲ နှလုံးထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်ရောက်နေရာယူကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် တစ်သားတည်းဖြစ်သွားသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ စာပေဖြင့်သာမက တေးဂီတ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းယွန်းစသည့် အနုပညာပုံသဏ္ဌာန်အမျိုးမျိုးဖြင့် နှစ်သက်စွာ သရုပ်ဖော်ကြသည်။

ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများကို နှစ်သက်ခံစားရင်း ဘုရားအလောင်းတော်၏ ပါရမီတည်းဟူသော ဂုဏ်ရည်အမျိုးမျိုးကို အလေးအမြတ် အာရုံပြုမိကြမ်ဖြစ်သည်။ ဝီရိယအကြောင်းပြောလျှင် မဟာဇနကကို သတိရမ်ဖြစ်သည်။ ပညာကို အထူးပြုသည့်အခါ မဟောသဓနှင့် ဝိဓူရတို့ကို ဖော်ညွှန်းမိတတ်မ်ြဖြစ်သည်။ ဒါနအကြောင်းပြောလျှင် ဝေဿန္တရာကို ထိပ်ဆုံးက ထားကြရသည်။ အဓိဋ္ဌာန်ဆိုလျှင် တေမိမင်းသား၏ အဓိဋ္ဌာန်ကို ချန်ထား၍မရ။ သီလဆောက်တည်မှု၌ ဘူရိဒတ်နဂါးမင်း၏ သီလကို စံပြုရသည်။ မိဘကို လုပ်

http://www.cherrythitsar.org

ကျွေးမွေးနှင့် မေတ္တာတရားကို ဖော်ညွှန်းလိုလျှင် သုဝဏ္ဏသာမကို ဖော်ညွှန်းရသည်။ ဤသို့ဖြင့် ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများမှ ဇာတ်ဆောင်များသည် မြန်မာတို့အတွက် စံပြုဖွယ် ပုဂ္ဂိုလ်များဖြစ်လာရသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ဝေဿန္တရာ၊ သုဝဏ္ဏသာမ၊ မဟော်သဓနှင့် ဇနကဝတ္ထုများသည် လူကြီးကိုယ်အများဆုံး ဝတ္ထုများဖြစ်သည်ဟု ယူဆရသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် အရေးအဖွဲ့ကောင်းမွန်မှုတို့ကြောင့် ထို ဝတ္ထုများကို ပရိသတ်ပို၍ စိတ်ဝင်စားရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဦးသြဘာသ၏ အရေးအဖွဲ့အစွမ်းကြောင့် ဝေဿန္တရာဇာတ်ကို ဦးသြဘာသ၏ အကောင်းဆုံးလက်ရာအဖြစ် အစဉ်အဆက်သတ်မှတ်ကြသည်။ မြန်မာစကားပုံများ၊ နေ့စဉ်သုံးစကားများတွင် ဇာတ်ကြီးဆယ်ဘွဲ့လာ အကြောင်းအရာများ ပါဝင်နေခြင်းက မြန်မာနှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့၏ ရင်းနှီးကျွမ်းဝင်မှုအတိုင်း အတာကို သက်သေပြလျက်ရှိသည်။ သာဓကအားဖြင့် မဟော်သဓဇာတ်မှ မဟော်သဓနှင့် ကေဝဋ္ဋပုဏ္ဏားတို့ ပညာပြိုင်ခန်းကို အကြောင်းပြု၍ 'နဖူးက အမာရွတ်ကိုမြင်လေ မဟော်ကိုသတိရလေ'ဟူသော စကားပုံ ပေါ်ပေါက်လာရသည်။ ဘူရိဒတ်ဇာတ်မှ နေသာဒပုဏ္ဏားနှင့် အလမ္ဘာယ်တို့ အပေးအယူပြုကြပုံကို အကြောင်းပြု၍ 'ရော့ ပတ္တမြား၊ ရော့ နဂါး'ဟူသော စကားပုံပေါ်လာရသည်။ နေ့စဉ်သုံးစကားများတွင် 'ဝေဿန္တရာ'ကို 'အလှူရက်ရောသူ'ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ 'တေမိ'ကို'စကားနည်းသူ'ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ 'ဇူဇကာ'ကို 'အလွန်လောဘကြီးသူ'ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ 'မဟော်သဓ'ကို 'ပညာရှိ'ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်းတွင် တွင်ကျယ်ကျယ်တင်စားသုံးလျက်ရှိကြသည်။ "မင်းမဟော်၊ မင်းဝေသန်၊ မယ် မဒ္ဒီ'စသော အသုံးများကို ကြည့်လျှင် ဇာတ်ကြီးဆယ်ဘွဲ့လာ ဇာတ်ဆောင်များ ကို မြန်မာလူမျိုးများအဖြစ် မှတ်ယူထားကြသည်အထိ မြန်မာတို့နှင့် ရင်းနှီး ကျွမ်းဝင်ပြီးဖြစ်နေကြောင်း တွေ့နိုင်သည်။ 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ'ဟူသော အတိုကောက်အသုံးအနှုန်းကို မြန်မာတိုင်းလိုလို သိနေခြင်း ကလည်း ဇာတ်ကြီးဆယ်ဘွဲ့သည် မြန်မာတို့ အသွေးအသားထဲသို့ စိမ့်ဝင်နေပြီ ဖြစ်ကြောင်း ဖော်ပြနေသည်။

ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်အချို့တွင် အမည်ကွဲများရှိကြောင်း နိဂုံးအဖြစ် ဖော်ပြလိုပါသည်။ ပုဂံခေတ် မင်စာများတွင် အဆိုပါအမည်ကွဲများကို တွေ့နိုင်သည်။ တေမိယဇာတ်ကို မူဂပက္ခဇာတ်(မူဂ=အ,သောသူ၊ ပက္ခ=ဆွဲသောသူ)၊ သုဝဏ္ဏသာမဇာတ်ကို သာမဇာတ်(သုဝဏ္ဏလျှံဟု ခေါ်ခြင်းမှာ 'သာမ'နှင့် အဓိပ္ပာယ်တူ သက္ကတစကား 'သ္ဟာမ'မှ ဆင်းသက်၍ဖြစ်သည်)၊

http://www.cherrythitsar.org

နေမိဇာတ်ကို နိမိဇာတ်(မူရင်းပါဠိမှာ 'နိမိ'ဖြစ်သည်)၊ မဟော်သဓာဇာတ်ကို မဟာဥမဂ်ဇာတ်၊ မဟာဥမဂ္ဂဇာတ်(မဟော်သဓာတည်ဆောက်သော ဥမင်ကို အစွဲပြုသည်)၊ နာရဒဇာတ်ကို မဟာနရဒကဿပဇာတ်၊ ဝေဿန္တရာဇာတ်ကို ဝေဿန္တရဇာတ် (မူရင်းအတိုင်း)ဟူ၍ တွေ့ရသည်။ ဤသို့ဖြင့် ဇာတ်ကြီးဆယ်ဘွဲ့သည် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာခဲ့သော မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် အခိုင်အမာရပ်တည်လျက်ရှိပေသည်။

(စာကိုး။ ဦးဖေမောင်တင်–မြန်မာစာပေသမိုင်း၊ လှသမိန်–ဇာတ်တော်ကြီးဆယ်ဘွဲ့အကျဉ်း၊ မောင်သုတ–စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ Ba Shin: Lokahteikpan.)

ကလျာဝေ
အမှတ် ၂၁၂၊ ၂၀၀၂

http://www.cherrythitsar.org

ပုဝ်ခေတ်က ဇာတ်ကြီးဆယ်ဘွဲ့စကားပြေ

ဇာတ်ကြီးဆယ်ဘွဲ့ဟုဆိုလိုက်သည်နှင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော မင်းဘူးဆရာတော် ဦးသြဘာသ၏ ဇာတ်တော်ကြီး ဝတ္ထုများကို ပြေး၍ သတိရမိတတ်ကြပါသည်။ စင်စစ်အားဖြင့် ဇာတ်ကြီးဆယ်ဘွဲ့သည် ပုဂံခေတ်ကတည်းကပင် မြန်မာ့စာပေထဲတွင် စကားပြေပုံသဏ္ဌာန်ဖြင့် ပေါ်ထွန်းနေပြီဖြစ်သည်။

ပုဂံတွင် လောကထိပ်ပန်မည်သော ဂူဘုရားတစ်ဆူရှိနေသည်။ ပုဂံသားတို့သည် ထိုဘုရား၏ အတွင်းဘက်နံရံများတွင် ဇာတ်၊ နိပါတ်၊ ပန်းချီပုံများရေးဆွဲခဲ့ကြသည်။ ပန်းချီပုံများ၏ အောက်ခြေတွင် မင်ဖြင့် ပုံအညွှန်းစာများ ရေးသားခဲ့ကြသည်။ ထိုစာများကို 'လောကထိပ်ပန် မင်စာ'ဟူ၍ အများသိကြပါသည်။ ကွယ်လွန်သူသမိုင်းပညာရှင် ဗိုလ်မှူးဘရှင်၏ ကြိုးပမ်းမှုဖြင့် လောကထိပ်ပန် မင်စာစာအုပ်ကြီး တခမ်းတနား ထွက်ပေါ်ခဲ့သည့်အတွက် ထိုမင်စာများကို ပိုမို လူသိများလာရပါသည်။

လောကထိပ်ပန်မင်စာများထဲတွင် ဇာတ်ကြီးဆယ်ဘွဲ့ပန်းချီပုံအညွှန်းစာများလည်း အပါအဝင်ဖြစ်ပါသည်။ ထိုစာများကို အစီအစဉ်အတိုင်း ဆက်စပ်လိုက်သောအခါ ဇာတ်ကြီးဆယ်ဘွဲ့စကားပြေအဖြစ် ပုံပေါ်လာရပါသည်။

ဇာတ်ကြီးဆယ်ဘွဲ့သည် ခုဒ္ဒကနိကာယ်၊ ပါဠိဇာတ်လာ 'မဟာနိပါတ်'ပင်ဖြစ်သည်။ ထိုပါဠိဇာတ် ပါဠိတော်ကို အကျယ်ဖွင့်သော ပါဠိဇာတ်အဋ္ဌကထာကျမ်းများကို သီဟိုဠ်ကျွန်းမှ ရှင်ဗုဒ္ဓဃောသကလည်းကောင်း ပါဠိဇာတ်ဋီကာကျမ်းများကို သီဟိုဠ်ကျွန်းမှ ရှင်ဓမ္မပါလကလည်းကောင်း ပြုစုခဲ့ကြသည်ဟု သိရပါသည်။ ပုဂံသို့ ဗုဒ္ဓသာသနာရောက်လာသောအခါ ဗုဒ္ဓဘာသာ

http://www.cherrythitsar.org

နှင့်အတူ တစ်ပါတည်းပါလာသော ထိုဇာတ်ပါဇာတော်၊ အဌကထာ၊ ဋီကာကျမ်းတို့ကို ပုဂံသားတို့သည် ဆည်းပူး ကြပြီး မြန်မာမှုပြုကြရာမှ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေဟူ၍ ပေါ်ထွန်းလာရခြင်းဖြစ်သည်ဟု ယူဆရပါသည်။

လောကထိပ်ပန် မင်စာရေးထိုးချိန်ကာလကို အလောင်းစည်သူမင်းနန်းတက်စ၊ ခရစ်နှစ် ၁၁၁၃–ခု တစ်ဝိုက်ဟူ၍ ပညာရှင်တို့ ခန့်မှန်းကြပါသည်။ မြန်မာစာအရေးအသား ပေါ်ထွန်းစ ကာလဖြစ်ပါသည်။

ထိုမင်စာများသည် ပုံအညွှန်းစာများ ဖြစ်သည်နှင့်အညီ ပန်းချီပုံမှ အဓိပ္ပာယ်ပေါ်ရုံ၊ ပန်းချီပုံ အရွယ်နှင့်လိုက်ဖက်ရုံ၊ လိုရင်းကို ကျစ်ကျစ်လျစ်လျစ် ရေးထားသော စာများဖြစ်ကြောင်းတွေ့ရပါသည်။ ခေတ်ဦးမြန်မာစာအရေးအသားဖြစ်သည့်အလျောက် စာလုံးပေါင်းပုံ၊ စကားသုံးပုံစသည့် ဘာသာစကားဆိုင်ရာ လေ့လာဖွယ်များစွာ ရှိပါသည်။ ထိုလေ့လာဖွယ်များကို ပညာရှင်တို့ ဘာသာစကား ရှုထောင့်က လေ့လာတင်ပြခဲ့ကြဖူးပါပြီ။ ဤဆောင်းပါးတွင်မူ လောကထိပ်ပန်မင်စာကို စကားပြေရှုထောင့်က လေ့လာတင်ပြရန် ရည်ရွယ်ပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေအဖြစ်သာ ရှုမြင်တင်ပြခြင်းဖြစ်ပါသည်။

စကားပြေရှုထောင့်က ကြည့်မည်ဆိုလျှင် ထိုခေတ်ပုဂံသားတို့သည် ဇာတ်ကြီးဆယ်ဘွဲ့ကို လိုရင်းအဓိပ္ပာယ်ပေါ်အောင် စကားပြေဖြင့် လှလှပပ ဖွဲ့စည်းတင်ပြနိုင်သည့်အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ထိုစကားပြေကို လေ့လာကြည့်ရှုသောအခါ (၁) လိုရင်းရောက်အောင် အချိတ်အဆက်မိမိ တင်ပြနိုင်ခြင်း၊ (၂)ထင်ယောင် မြင်ယောင်လာအောင် သရုပ်ဖော်အကွက်ကလေးများ ထည့်သွင်းတင်ပြနိုင်ခြင်း၊ (၃)စကားအသုံးအနှုန်းထိမိတာ သွားခြင်းဟူသော ဂုဏ်သုံးရပ်ကို အထင်အရှားတွေ့ရပါသည်။

(၁)ပထမဂုဏ်မှာ ဇာတ်ကွက်ဇာတ်လမ်းကို လိုရင်းလည်း ရောက်အောင်၊ အချိတ်အဆက်လည်း မိအောင် တင်ပြနိုင်ခြင်းကို ဆိုလိုပါသည်။ သာဓကဆောင်ရလျှင် စကားမပြောသော တေမိမင်းသား စကားပြောအောင် သစ်သီး၊ ဆင်ရုပ်မြင်းရုပ်၊ ယမင်း၊ အိမ်ကို မီးရှို့ခြင်း၊ ဆင်ဝှေ့စေသကဲ့သို့ ပြုခြင်း၊ မြွေရစ်ပတ်စေခြင်းတို့ဖြင့် အလိုစမ်းပုံများကို တေမိယဇာတ်မင်စာတွင် ဤသို့ ရေးထားပါသည်။ သာဓကများတွင် ပုဂံခေတ်စာလုံးပေါင်းပုံကို ယခုခေတ်စာလုံးပေါင်းပုံသို့ ပြောင်း၍ သွားပါမည်။

ဘုရားလောင်း သစ်သီးဖြင့် စမ်း၏။ ဘုရားလောင်း ဆင်မြင်းယောင် စမ်း၏။ ဘုရားလောင်း ထမင်းစမ်း၏။ ဘုရားလောင်း အိမ်ဖုတ်သော စမ်း၏။ ဘုရားလောင်း ဆင်ဝှေ့စေသောသို့ စမ်း၏။ ဘုရားလောင်း မြွေရစ်သောဖြင့် စမ်း၏။

http://www.cherrythitsar.org

အလိုစမ်းပုံများ ရှေ့နောက်တွင် ကွင်းဆက်မိပြီး အရေးအသားလို ရင်းရောက်ပုံကို တွေ့နိုင်ပါသည်။ အလိုစမ်းခြင်းကို စမ်း၏ဟူ၍ အတိုဆုံး ဖော်ပြသည်။ ဆင်ရုပ်၊ မြင်းရုပ်ကို ဆင်မြင်းယောင်၊ အိမ်မီးရှို့ မီးဖုတ်သည်ကို 'အိမ်ဖုတ်'ဟူ၍ ကျစ်ကျစ်လျစ်လျစ် ဖော်ပြသည်။ ဆင်ဖြင့် တကယ်ဝှေ့စေခြင်း မဟုတ်ဘဲ ဝှေ့သကဲ့သို့ ဟန်ဆောင်ပြုမူစေပုံကို "ဆင်ဝှေ့စေသောသို့"ဟူ၍ တိကျစွာ ဖော်ပြသည်။ လိုရင်းရောက်သော စကားပြေအရေးအသားပင်ဖြစ်ပါ သည်။

(၂)ဒုတိယဂုဏ်မှာ ဇာတ်ကွက်တစ်လျှောက်တွင် စာဖတ်သူထင် ယောင်မြင်ယောင်ဖြစ်စေနိုင်သော အမူအရာကလေးများကို လိုအပ်သလို သရုပ် ဖော်ပြနိုင်ခြင်းကို ဆိုလိုပါသည်။ စကားလုံးအနည်းဆုံး၊ အကျစ်လျစ်ဆုံးရေး နေသည့်အထဲမှာပင် အမူအရာလုပ်ဆောင် သရုပ်ဖော်ပုံကလေးများကို အောက် ပါအတိုင်း တွေ့ရပါသည်။

–အမိအဖ မျက်စိကန်းရကား ဘုရားလောင်းကမ်းပေး၍ သခ်ိမ်း သွေးလတ်၏။

–မင်းပိဋ္ဌယက် ဘုရားလောင်းသေသော သိရကား လက်ဝါးဦးထက် ချီ၍ ယေ့ငိ၏။

(သုဝဏ္ဏသာမဇာတ်)

ဘုရားလောင်းမှောက် အမရာဒေဝီရယ်ငို၏။

(မဟောသဓဇာတ်)

မဒ္ဒီမိုးမချုပ်(ပ်) မီလာရကား သစ်ကျားခြေသို့ ခရီးပိတ်လင်၏။ မိုးချုပ်(ပ်)ရကား မယားမဒ္ဒီဘုရားလောင်း ငိုက်စိုက်နေသော လာယေ့။ မယားမဒ္ဒီသတို့သားကို ရှာသောတည်း။ မယားမဒ္ဒီလက်ဝါးချီ၍ ယေ့သေပြတ် လျှင်းအား

(ဝေဿန္တရာဇာတ်)

သုဝဏ္ဏသာမဇာတ်စာတွင် မိဘနှစ်ပါး မျက်စိကွယ်သွားသည့်အ တွက် သုဝဏ္ဏသာမက နွယ်ကြိုးကမ်းပေးပြီး ကျောင်းသခ်ိမ်းသို့ ခေါ်လာပုံ၊ မြားမှန်ပြီး မိန်းမောနေသော သုဝဏ္ဏသာမသေပြီထင်၍ ပိဋ္ဌယကွမင်းက ဦးခေါင်းထက် လက်ဝါးတင်ကာ ငိုပုံကို သရုပ်ဖော်ထားပုံမှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။ မဟောသဓဇာတ်မင်စာတွင် မဟောသဓရှေ့မှောက်၌ အမရာ ဒေဝီက ရယ်လည်းရယ် ငိုလည်းငိုပုံကို 'အမရာဒေဝီရယ်ငို'ဟု အတိုဆုံး သရုပ်ဖော်ထားလိုက်ပုံမှာလည်း ထိထိမိမိရှိလှပါသည်။ ဝေဿန္တရာဇာတ်မင် စာတွင် ဝေဿန္တရာမင်းကြီးက သားနှင့်သမီးကို လှူလိုက်ပြီးနောက် မဒ္ဒီဒေဝီ

http://www.cherrythitsar.org

ပြန်လာချိန်တွင် သားနှင့်သမီးကို သနားပြီး ဘုရားလောင်းခေါင်းငိုက်စိုက်ကျနေပုံ၊ မဒ္ဒီဒေဝီက သားနှင့်သမီးကို ရှာမတွေ့၍ ဦးခေါင်းထက် လက်တင်ကာ သေပြတ်(မိန်းမော)သွားပုံတို့ကို သရုပ်ဖော်ထားပုံမှာလည်း နှစ်သက်ဖွယ်ဖြစ်ပါသည်။

(၃)တတိယဂုဏ်မှာ စကားအသုံးအနှုန်း ထိထိမိမိရှိခြင်း၊ စကားနည်းနည်းနှင့် ခရီးရောက်တာသွားခြင်းကို ဆိုလိုပါသည်။ ပါဠိဘာသာဖြင့် ရှိသော ဇာတ်တော်များကို မြန်မာမှုပြုရာတွင် မြန်မာဆန်ဆန် ပြန်ဆိုပုံကလေးများမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ သာဓကအားဖြင့် သုဝဏ္ဏသာမကို 'ရွှေအရောင်သို့သော သား'ဟူ၍ မြန်မာမှု ပြုပုံကို ကြည့်ပါ။ ထို့ပြင် ပါဠိလို 'ဖုဿရထ'ဟု ခေါ်သော အလိုအလျောက်သွားသော ရထားကို ဦးသြဘာသက 'ဖုဿရထား'ဟုပင် သုံးပါသည်။ ယခုခေတ်တွင် ဖုတ်သွင်းရထားဟုလည်း ခေါ်ပါသေးသည်။ လောက ထိပ်ပန်မင်စာတွင်မူ 'ဖုဿရထ'ကို 'ရထားရှင်'ဟု မြန်မာမှုပြုထားပါသည်။ မည်မျှ ထိမိတာသွားပါသနည်း။ မည်မျှမြန်မာဆန်လိုက်ပါသနည်း။ အလိုအလျောက် လှုပ်ရှားသွားလာနေသည့် သဘောကို 'ရှင်'ဟူသော စကားကလေးတစ်လုံးတည်းဖြင့် ကျစ်ကျစ် လျစ်လျစ် မြန်မာမှုပြုလိုက်ခြင်းပါပေ။ ထို့အတူ ဒါနနှင့် သီလကို 'အလှူနှင့် သီတင်း'ဟူ၍ မြန်မာမှု ပြုထားပုံတို့မှာလည်း နှစ်သက်ဖွယ်ပင်ဖြစ်ပါသည်။

ထို့ပြင် 'လည်ဆွဲ'ကို 'လည်တန်ဆာ'၊ ဆံပင်ဖြူတွေ(ကြည့်)သည်ကို 'ဦးဖြူရှู'၊ လသာသည်ကို 'လပ'၊ ပြောဆို၍ တန်ဖိုးဖြတ်သည်ကို 'ဆိုဖြတ်'၊ ကြောက်၍ ထွက်ပြေးသည်ကို 'ကြောက်ပြေး'စသည်ဖြင့် လိုသော အဓိပ္ပာယ်ရအောင် ကျစ်ကျစ်လျစ်လျစ် တွဲစပ်သုံးထားပုံများမှာလည်း မှတ်သားဖွယ် ကောင်းလှပါသည်။

ယခုခေတ်တွင် လုံးတွဲသုံးသော ကြိယာများကို မင်စာတွင်တစ်လုံးချင်း ကျစ်ကျစ်လျစ်လျစ် သုံးထားပုံမှာလည်း မှတ်သားဖွယ်ပင်။ မင်းကြီးအား ပုန်အုံ(ပုန်ကန်အုံ)၊ သိကြားမင်းစကြာနှင့် ခြိမ်း၏။ (ခြိမ်းခြောက်၏)၊ မြစ်လိုက်၏(တားမြစ်လိုက်၏)စသည်တို့ ဖြစ်ပါသည်။

သူ့ခေတ်သူ့အခါအလျောက် သုံးနှုန်းထားသော စကားများကို ယခုခေတ်ပြန်ကြည့်သောအခါ ထူးခြားသက္ခဲသို့ ဖြစ်နေခြင်းမှာလည်း စိတ်ဝင်စားဖွယ်တစ်ခုပင်ဖြစ်သည်။ သာဓကအားဖြင့် မဟာဇနက ဇာတ်မင်စာမှ အောက်ပါအရေးအသားကို ကြည့်ပါ။

–သတို့သား မိန်းမ မြေပုံကလူသောနှင့် မြားသမား မြားဆင်သောနှင့် စကားဆိုပြီးရကား

http://www.cherrythitsar.org

မဟာဇနကမင်းကြီး သံဝေဂရ၍ တောထွက်လာရာတွင် မြေမှုန့်များနှင့် ကစားနေသော သတို့သမီးငယ်နှင့်တွေ့၍ စကားဆိုပုံ၊ မြားဖြောင့်နေသော မြားသမားနှင့်တွေ့၍ စကားဆိုပုံတို့ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ သတို့သမီးကို 'သတို့သားမိန်းမ'၊ မြေမှုန့်ကစားသည်ကို 'မြေပုံ ကလူ'၊ မြားဖြောင့်သည်ကို 'မြားဆင်'ဟု သုံးထားပုံများမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ရှေ့တွင် ပြခဲ့သည့် သာဓကများမှ 'လက်ဝါးဦးထက်ချီ၍ ယေ'၊ 'ငိုက်စိုက်နေသော လာယေ'စသည်ဖြင့် ယခုခေတ်'၏'ကဲ့သို့ သုံးထားသော 'ယေ'ကလေးများကလည်း စိတ်ဝင်စားဖွယ်ပင်။ ဤသို့ဖြင့် ယခုခေတ်အထိ အသုံးတွင်နေသေးသော စကားများကိုလည်းကောင်း၊ ယခုခေတ်အထိ အသုံးမတွင်တော့သော စကားများကိုလည်းကောင်း ထိထိမိမိတွဲစပ်ထားကြောင်း တွေ့နိုင်ပါသည်။

မြန်မာစကားပြေခရီး၏ အဦးအစပိုင်းမှာပင် လူသားတို့သည် ဗုဒ္ဓစာပေလာ ဇာတ်နိပါတ်များကို မြန်မာစကားပြေဖြင့် ပြန်လည်ရေးသားတင်ပြနိုင်စွမ်းရှိနေပြီဖြစ်ကြောင်း လောကထိပ်ပန်မင်စာလာ ဇာတ်ကြီးဆယ်ဘွဲ့စကားပြေများက သက်သေခံလျက်ရှိနေပါတော့သည်။

ဇေယျာရုံဇေယ်

http://www.cherrythitsar.org

ဓာတ်ကြီးဆယ်ဘွဲ့ရှာပုံတော်

ဆွေကလျာ ပွေတာ ကပ်သော်ကြောင့်
သေလာတွင် ရွှေစာနှင့် မှတ်ကြတော့
မြေချာရပ် ညာကုံးနယ်
အမယ်လေး ခြေရာထပ်အောင်ပ ရှာဦးမယ်။

ပျောက်ဆုံးနေသော ကြင်ဖက်သက်လျာအား နေရာအနှံ့ခြေရာချင်းထပ်အောင် လိုက်ရှာမည်ဟူ၍ ကလျာမယ်ကလေးတစ်ဦးက မြည်တမ်းလိုက်ခြင်းဖြစ်သည်။ ဤမြည်တမ်းသံကို ပုံဖော်လိုက်သူကား တစ်ချိန်က ကဗျာဆရာ၊ ပြဇာတ်ဆရာအဖြစ် ထင်ရှားကျော်ကြားခဲ့သော 'ဆတိုင်မွတ်ဦးကူး'ဆိုသည့် စာဆိုကြီးဖြစ်ပါသည်။

ဤသို့ မင်းသား မင်းသမီး ကြင်ရာပျောက်၍ ငိုယိုမြည်တမ်းကာ တောအနှံ့ တောင်အနှံ့လိုက်လံရှာဖွေဟန်ရေးဖွဲ့သော 'ရှာပုံတော်'များသည် ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်တို့ကို ခေတ်စားခဲ့သော ကလျာအဖွဲ့များဖြစ်ပါသည်။ ထိုရှာပုံတော်ကြီးများတွင် ငိုချင်းရှည်များဟုလည်း ခေါ်ပါသည်။ ငိုယိုပူဆွေးတမ်းတသံပေါ်အောင် ဖွဲ့ထားသော ကဗျာများဖြစ်ပါသည်။

ရှာပုံတော်ဟု ဆိုလိုက်သည်နှင့် ကုန်းဘောင်ခေတ်စာဆို ဦးကြော့၏ 'စုံနှံ့သာမြိုင်'ရှာပုံတော်ကြီးကို သတိရကြလိမ့်မည် ထင်ပါသည်။

'စုံနှံ့သာမြိုင်၊ ရဂုံတွင်းမှာလေ၊ ထုံသင်းငယ်ကြိုင်၊
ဂနိုင်ဟေမ၊ နွေအစ၊ ရွှေများကလျာ၊ ဟိုခင်ကို လျှောက်ပါလို့၊
လင်ပျောက်ကို ရှာခဲ့. . .'

စသည်ဖြင့် သနားဖွယ် မြည်တမ်းဟန် ရေးဖွဲ့ခဲ့ပုံများကို အများသိကြ

http://www.cherrythitsar.org

ပါသည်။ ထို့အတူ စလင်း ဦးမြတ်သာထွန်း၊ မုံရွာမြို့ ညောင်ခြောက်ဆရာအုံ၊ ဆတိုင်မွတ်ဦးကူးစသည်ဖြင့် ရှာပုံတော် ရေးဖွဲ့သော စာဆိုများပေါ်ပေါက်ခဲ့ပါသည်။

ဆတိုင်မွတ်ဦးကူးသည် ဦးပုညတို့ အချုပ်တန်းဆရာဖေတို့နှင့် ခေတ်ပြိုင် အောက်မြန်မာနိုင်ငံတွင် ထင်ရှားသော စာဆိုကြီးဖြစ်သည်။ မင်းတုန်းမင်းလက်ထက် အင်္ဂလိပ်လက်အောက်သို့ ရောက်နေပြီဖြစ်သော အောက်မြန်မာနိုင်ငံတွင် ပြဇာတ်စာအုပ်များထွန်းကားခဲ့ရာ ဆတိုင်မွတ်ဦးကူးမှာ ထင်ရှားသော ပြဇာတ်ဆရာကြီးတစ်ဦးဖြစ်ပါသည်။ မိမိနေထိုင်ကြီးပြင်းရာဖြစ်သော ကွမ်းခြံကုန်းမြို့နယ် ဆတိုင်မွတ်ရွာကို အစွဲပြု၍ ဆတိုင်မွတ်ဦးကူးဟု အမည်တွင်ကြောင်း သိရပါသည်။

ဦးကူးသည် 'လူဝံမောင်နှမပြဇာတ်'စသည့် ပြဇာတ်များအပြင် အခြားစာပေများလည်း ပြုစုခဲ့ရာ ရှာပုံတော်စသည့် ကဗျာများလည်း အပါအဝင်ဖြစ်သည်။

ရှာပုံတော်များတွင် မင်းသမီးမင်းသားတို့က လင်ပျောက် မယားပျောက်ရှာရာ၌ ထင်ရှားသော သမိုင်းဝင်မှတ်တမ်းတင်နေရာများသို့ ရောက်ရှိဟန် ရေးဖွဲ့လေ့ရှိကြသည်။ ဦးကြော့၏ စုံနံ့သာမြိုင် ရှာပုံတော်ကြီးကို ကြည့်လျှင် မယ်နှမကလေးသည် ပျောက်သွားသော ကြင်ရာကို လိုက်ရှာရင်း ဘုရားလောင်းငုံးမင်းဘဝက သစ္စာပြု၍ မီးကွင်းသည့်နေရာသို့လည်း ရောက်ခဲ့ပုံ၊ စန္ဒကိန္နရီဇာတ်တွင် ကိန္နရီ ကိန္နရာတို့ ပျော်ရွှင်နေခိုက် ဗာရာဏသီမင်းကမြားနှင့်ပစ်သည့်အတွက် ကိန္နရာမြားမှန်ပြီး မိန်းမောနေစဉ် ကိန္နရီမယ်ကလေးပြုစုပေးရသည့် နေရာသို့လည်း ရောက်ခဲ့ပုံစသည်ဖြင့် စိတ်ကူးဉာဏ်ကွန့်မြူးကာ ရေးဖွဲ့ပုံကို တွေ့ပါလိမ့်မည်။

ဤဆောင်းပါးအစတွင် နိဒါန်းချီထားသည့် ရှာပုံတော်၌မူ ဆတိုင်မွတ်ဦးကူးသည် ကလျာမယ်ကလေး ကြင်ရာပျောက်ရှာရင်း ရောက်ခဲ့သည့်နေရာများအဖြစ် ဇာတ်ကြီးဆယ်ဘွဲ့မှ အမှတ်ထင်ထင်နေရာများကို ရွေးချယ်ရေးဖွဲ့ထားပါသည်။

ထို့ကြောင့် ဤရှာပုံတော်ကို 'ဇာတ်ကြီးဆယ်ဘွဲ့ရှာပုံတော်'ဟု ခေါ်နိုင်မည်ထင်ပါသည်။ ကောဇာသက္ကရာဇ် ၁၂၈၉ ခုနှစ်က ရိုက်နှိပ်သော 'ကဝိရတနာကျမ်း'ခေါ် ကဗျာပေါင်းချုပ်တွင်မူ ဤရှာပုံတော်ကို 'ဇာတ်ဆယ်ဘွဲ့ရှာခန်း'ဟူ၍ ခေါင်းစဉ်တပ်ထားပါသည်။

ဇာတ်ကြီးဆယ်ဘွဲ့လာနေရာများကို ရွေးချယ်ရာ၌ ပထမဆုံး တေမိယဇာတ်တော်မှ အမှတ်ထင်ထင်နေရာအဖြစ် သုနန္ဒာ ရထားထိန်းက တေမိ

http://www.cherrythitsar.org

မင်းသားကို မြေမှုပ်သတ်ရန် ခေါ်သွားသည့်နေရာကို ရွေးချယ်သည်။ ငရဲဘေးကို ထိတ်လန့်၍ စကားမပြောဘဲနေသည့် တေမိမင်းသားကို ခမည်းတော်က မင်္ဂလာမရှိသော အဆွဲအအအဖြစ်မှတ်ယူပြီး မြေမှုပ်သတ်ရန် အမိန့်ပေးသည့်အတွက် ရထားထိန်းက မင်းသားကို အမင်္ဂလာအနောက် တံခါးမှ ထုတ်၍ မြို့အနောက်သုသာန်တွင် မြှုပ်ရန်ပြုသော်လည်း ဘုရားလောင်း၏ ပါရမီကြောင့် နတ်တို့လှည့်ပတ်သည့်အတွက် မင်္ဂလာအရှေ့တံခါးမှ ထွက်လာမိပြီး မြို့အရှေ့ဘက်တောအုပ်တွင် မင်းသားကို မြှုပ်ရန် ပြင်ဆင်ကြောင်း ဖော်ပြသည်။

ဆတိုင်မွတ်ဦးကူးသည် ထိုနေရာကလေးကို ကြေကွဲဖွယ်နေရာကလေးအဖြစ် အမှတ်ထင်ထင် ဖြစ်ပုံရသည်။ ထို့ကြောင့် ထိုနေရာကလေးကို 'ပဇင်တောင်'ဟူ၍ ဖန်တီးလိုက်သည်။ အီနောင်နန်းတွင်း ဇာတ်တော်လာ တောင်အမည်မျိုးဖြစ်သည်။ ထို့နောက် ကြင်ရာပျောက် ရှာပုံတော် ဖွင့်သော မယ်ကလေးကို ထိုနေရာသို့ ပို့လိုက်သည်။

နိယတ၊ အစဉယ် ခံယူလင့်စဉ်က၊ ကရုဏာ ရွှေဥာဏ်ဖွင့်ပါလို့၊ ငုံရင့်မာ ဆယ်စောင်လင်းပြန်တော့၊ အလောင်းတော် တေမိမင်းကိုလှ၊ သုနန္ဒာ ယူဆောင်ကျင်းတဲ့ပြင်၊ တွင်းမြှုပ်ကာ ခန္ဓာနံ့မဲ့၊ ပဇင်တောင်ညိုမောက်မှာ ဖြင့်၊ ကုန်းထက်အောက်နယ်ကို နော်တော်၊ ဘုန်းတက်လျှောက်လယ်။

ဇနက ဇာတ်တော်တွင်လည်း မိထိလာပြည်၌ အရိုင်ဇနကမင်းနှင့် ပေါလဇနကမင်းတို့ ညီနောင်နှစ်ပါးစစ်ထိုးရာ အရိုင်ဇနကမင်း ကျဆုံးသွားသည့်အတွက် မိဖုရားကြီး ကိုယ်ဝန်အရင့်အမာနှင့် ထွက်ပြေးရသည့်အခန်းသည် ကရုဏာသက်ဖွယ်အခန်းတစ်ခန်းဖြစ်ပါသည်။ စာဆိုဦးကူးသည် ထိုအခန်းကို နောက်ခံပြုလျှက်–

စိတ်မတည် မိတ္ထီသို့ လှည့်ပြန်တော့၊ ကွင်းပြင်တွင် မြင်းဆင်ပြည့်အောင်ပ၊ ညီနောင်မှာ ပြည်ထောင်သို့ သိတာမို့၊ မာန်ရှိလို့ လုံ့ဋ္ဌိဖွယ်၊ ခန္ဓာ ကွယ်ရှာတော့ မျက်နှာမှေး၊ ကြံ့ကာရွယ်ပါပေါ့ သက်သာရေး၊ အမယ်မင်း စန္ဒာမယ်မှာတော့ ထွက်ကာပြေး

ဟူ၍ ကရုဏာသံကလေး နှောကာ ရေးဖွဲ့ထားပါသည်။

'စန္ဒာမယ်'ဆိုသည်ကား စာဆိုက ပေးလိုက်သော မိဖုရားကြီး၏ အမည်ဖြစ်သည်။ မိဖုရားကြီးက အသက်ဘေးကြောင့် ပြေးရသလို ကြင်ရာပျောက်ရှာနေသော မယ်ကလေးမှာလည်း မောင်တော်ကို တွေ့လိုဇောဖြင့် ပြေးလွှားနေရဆဲပင်ဖြစ်ပါသည်။

သုဝဏ္ဏသာမဇာတ်တော်လာ စိတ်ဝင်စားဖွယ်နေရာတစ်ခုမှာ အ

http://www.cherrythitsar.org

လောင်းတော် သုဝဏ္ဏသာမသမင်များ ခြံရံလျက် မိဂသမ္မတာမြစ်သို့ ရေဆင်းခပ်သည့် နေရာပင်ဖြစ်သည်။ စာဆိုသည် မယ်ကလေးကို ထိုနေရာသို့လည်း စေလွှတ်ပြန်သည်။

နေရှိန်လေလေ့ နေရှိန်ရှိန်၊ အလွမ်းတွေ ချီကာလိမ်လို့၊ တစ်ကုံးစိန်သည်နယ်က ကွင်းခဲ့တော့၊ လောင်းသုဝဏ် ရေခပ်ဆင်းပါတဲ့၊ ဇလပ်မြိုင်နတ်အိုင်မင်းပေထင့်၊ သန့်ရှင်းပုံ အလွန်ထူးပါဘိဟူ၍ ပုံဖော်ထားပါသည်။ ထိုနေရာကလေးကို ဇလပ်မြိုင်နတ်အိုင်အဖြစ် ဖန်တီးလိုက်ခြင်းကား စာဆို၏ ဉာဏ်ကွန့်မြူးချက်တစ်ခုပင်။ ထိုမှတစ်ဖန် **ရည်ရွယ်ကာ သည်နယ်က ကူးသောအခါ၊ ညွှန့်ဖူးလိမ်လွန်ပြန့်ပြောပါတဲ့၊ မင်းဥယျာဉ်သရက်တောပါကလ၊ စောနေမိ အဖော်ခွာလို့၊ ဖော်ညာကို မျှော်ကာမှန်းပါတဲ့၊ မြည်ဂျွင် ရိပ်ခင်တန်းရယ်က၊ မတ်မဟော်ဇာတ်တော်သို့ မှန်းလိုက်တော့၊ နုံး မမြင် အုံးမှင်(ဥမင်)ခန်းတွေနှင့်၊ အမယ်လေး လွမ်းတလို့ငေး၊ လူကဝိမှတ်စရာ ဖော်ကာဆောင်လို့ နွမ်းလျလို့ ဆွေး၊ မူရှိဇာတ်လာလျော်ရာနောင်မချို့ လွမ်းတလို့ငေး၊ ကျမ်းပြလို့ရေး၊ နွမ်းလျလို့ ဆွေးတဲ့မှ မအေးနိုင်ဖွယ်. . .**

ဟူ၍ ဖွဲ့ထားသည့်အတိုင်း နေမိဇာတ်တော်မှ နေမိမင်းကြီး နတ်ပြည်တက်ရာနေရာကို မင်းဥယျာဉ် သရက်တော၊ မြည်ဂျွင် ရိပ်ခင်တန်းအဖြစ် ဖန်တီးလိုက်ပြန်သည်။ ထိုမှတစ်ဖန် မဟောသဓာဇာတ်တော်မှ ဥမင်ခန်းများသို့လည်းကောင်း၊ ဘူရိဒတ်ဇာတ်တော်မှ ဘူရိဒတ် နဂါးမင်း ဥပုသ်ဆောက်တည်ရာတောင်ပို့သို့လည်းကောင်း မယ်ကလေး ရောက်ခဲ့ဟန် ဆက်လက်ရေးဖွဲ့ထားပုံမှာလည်း ကန့်ကလျှန့် နှစ်သက်ဖွယ်ဖြစ်ပါသည်။

မယ်ကလေး၏ ကြင်ရာပျောက်ရှာရသော ခရီးစဉ်ကား မပြီးဆုံးသေးပါ။

'သွယ်သွယ်မုံ့ရွဲ့ အဆွေးလှိုင်ကြွယ်၊ တလည်လည်အုံ့ဖွဲ့သလေးခိုင်နွယ်၊ နယ်ပယ်စုံခဲ့၊ မုံ့လဲ့မှာ အုံ့ဖွဲ့လို့ စုံခဲ့တဲ့ နယ်ပယ်တွေ ဟူသည့် အတိုင်း နယ်စုံပယ်စုံ ခြေရာဆန့်ခဲ့ပြီးပါပြီ။

ကာသိကာ မိတ္ထိလရယ်နှင့်၊ စမ္ပာနာဂရတိုင်းဝိဒေ၊ လောင်းနာရဒ ဇာတကေ၊ စန္ဒကုမ္ဘတိုင်းဌာနေ၊ မတ်ဝိရူရဖြစ်အခြေ၊ လှစ်ဖွေ ဖြစ်ထွေ ချစ်ဆွေ ကုန်စင်မှတ်ခဲ့ပေါ့

ဟု ဆိုရအောင်ပင် ကာသိကရာဇ်တိုင်း၊ မိတ္ထိလာပြည်၊ စမ္ပာနာဂရတိုင်း၊ ဝိဒေဟရာဇ်တိုင်းတို့ကို ရောက်ခဲ့ရသည်။

အလောင်းတော် စန္ဒကုမာရ၊ နာရဒ၊ ဝိရူရတို့၏ တိုင်းပြည်များတွင် မှတ်သားစရာ အဖြစ်သနစ်များကို အကုန်အစင်မှတ်ခဲ့ပြီး ဖြစ်သည်ဟူ၍ ထို

http://www.cherrythitsar.org

ဇာတ်တော်သုံးပုဒ်နှင့် ပတ်သက်သည့် နေရာများကို အကျယ်မချဲ့တော့ဘဲ ခပ်သွက်သွက်ဖွဲ့ပြသည်။

နောက်ဆုံးရောက်ခဲ့သည့်နေရာကား ဝေဿန္တရာ ဇာတ်တော်မှ ဝေဿန္တရာမင်းကြီး ပစ္စယဆင်ဖြူတော်လှူသည့်နေရာပင်ဖြစ်သည်။ မယ်ကလေးသည် ဝေဘူလ၊ ဝေဘာလတောင်များနှင့်တကွ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး ဝေဿန္တရာမင်းကြီး စိုးစံရာ စေတုတ္တရာ ပြည်သို့ ရောက်ရသည်။

ဝေဘူဝေဘာ၊ သေလာဂီရိန်၊ ရီမှိန်ဝေမှောင်၊ တောတောင်ထွေထွေ ထပ်သော်လည်း၊ စေတုတ္တရာ မဟာနဂိုရ်ပြည်ညီချမ်းမလှပ်ပါဘု၊ အလောင်းဝေသန်၊ တစ်သောင်းခြွေရုံ၊ ဆင်ပျံလှူတဲ့ ရပ်ကိုဖြင့်၊ နှုံ့စပ်အောင် ယဉ်ပင်နဲ့ရယ်က၊ ဇာတ်ကြီးဆယ်စောင်၊ ပြည်ထောင်နယ်ပယ်ဖွဲ့ပါလို့၊ အမယ်မင်းသဲ့သဲ့ယဲ့ယဲ့ လှည့်လှည့်ပတ်ပတ်၊ မလပ်မလစ်ရှာခဲ့တဲ့ မောင်မောင်ဘုရား ကတိုးပုံကလေး. . .ဟူသည့်အတိုင်း ဇာတ်ကြီးဆယ်ဘွဲ့မှတ်တမ်းဝင်နေရာများကို လှည့်လည်ကာ၊ ပင်ပန်းနွမ်းလျပြီး သဲ့သဲ့ယဲ့ယဲ့ကလေးဖြစ်သည်အထိ မောင်တော်ကို မလစ်မလပ်အနှုံ့အစပ် ရှာဖွေရသော ဘုရားနှမ'ကတိုးပုံကလေးပါ' . . .ဟူ၍ သနားစဖွယ် မြည်တမ်းသံကို ကြားယောင်လာစေနိုင်ပါသည်။

ဤသို့ဖြင့် စာဆိုတော်ကြီး ဆတိုင်မွတ်ဦးကူးသည် ဇာတ်ကြီးဆယ်ဘွဲ့မှတ်တမ်းဝင်နေရာများကို ဖန်တီးကာ ဤရှာပုံတော်ကို ဉာဏ်ကွန့်မြူးရေးဖွဲ့ခဲ့သည်ဟု ဆိုနိုင်ပါသည်။

စုံနှုံ့သာမြိုင် ရှာပုံတော်အချက်သို့ ရှေ့ကာရန်ကို နောက်ကာရန်ဖြင့် ပြန်ပြန်ဟပ်သည့် 'ပြန်ကဟပ်'ပုံစံဖြင့် ဖွဲ့ခြင်းမဟုတ်ဘဲ လေးချိုးပုံစံဖြင့် ဖွဲ့ထားခြင်းသည်လည်း မှတ်သားဖွယ် ဖြစ်ပါသည်။ မြန်မာပရိသတ်ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ဇာတ်ကြီးဆယ်ဘွဲ့ကို နောက်ခံပြုကာ ရေးဖွဲ့ထားသော ဤရှာပုံတော်သည် ဖတ်ရနားထောင်ရသူအဖို့ စိတ်ဝင်စားဖွယ်ဖြစ်သည်နှင့်အမျှ ရေးဖွဲ့သော စာဆိုဏ၏ စိတ်ကူးဉာဏ်ကိုလည်း ထင်ဟပ်ပြနေမည်သာ ဖြစ်ပါတော့သည်။

ကလျာမရွှေခင်း
၁၉၈၉

ဗုဒ္ဓဝင်နိဒါန်း

'ဗုဒ္ဓဝင်'ဆိုသော စကားကို မြန်မာတိုင်း ရင်းနှီးကျွမ်းဝင်ကြပါသည်။ ဗုဒ္ဓဝင်ဟုဆိုလိုက်သည်နှင့် ဂေါတမမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်ကို ဆိုလိုသည်ဟူ၍ အများနားလည်နေကြပါသည်။ စင်စစ်ဗုဒ္ဓဝင်၏ အဓိပ္ပာယ်သည် ထို့ထက်မက များစွာ ကျယ်ဝန်းပါသည်။ ဂေါတမဘုရားလောင်းသည် သုမေဓာဘဝတွင် ဒီပင်္ကရာဘုရားရှင်ထံမှောက်၌ နိယတဗျာဒိတ်ခံယူရသည်ကစ၍ ဘုရားဖြစ်သည့်ဘဝတိုင် အစဉ်အဆက်တွေ့ဆုံခဲ့ရသော ဘုရားရှင်တို့၏ အကြောင်းကို ဗုဒ္ဓဝင်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဗုဒ္ဓဝင်သည် 'ဗုဒ္ဓဝံသ'ဟူသော ပါဠိစကားကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ 'ဗုဒ္ဓ=ဘုရား၊ ဝံသ=အမျိုးအနွယ်'ဟု အဓိပ္ပာယ်ရသည်။ ထိုဗုဒ္ဓဝံသသည် ခုဒ္ဒက နိကာယ်၊ သုတ္တန္တပိဋကတ် အဝင်အပါဖြစ်သော ကျမ်းတစ်ကျမ်းဖြစ်သည်။ သုတ္တန္တပိဋကခေါ် ဘုရားဟော သုတ္တန် ဒေသနာတော်များကို ပမာဏတူရာတူရာစု၍၊ နိကာယ်ခေါ် အစုပေါင်းငါးစု စုစည်းထားရာ၊ ခုဒ္ဒက နိကာယ်မှာ အတိုင်းအရှည် ပမာဏသေးငယ်သော သုတ်များကို စုစည်းထားသော အစုဖြစ်သည်။ ထိုခုဒ္ဒက နိကာယ်အဝင်အပါ ကျမ်းများတွင် ဗုဒ္ဓဝင်နည်းတူ၊ မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ဓမ္မပဒ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု ဇာတကဝတ္ထုစသည်တို့ ပါဝင်ပါသည်။

ဗုဒ္ဓဝင်တွင် အရင်းခံကျဆုံးမှာ ဘုရားရှင် ဟောကြားတော်မူသော ဗုဒ္ဓဝံသ ပါဠိတော် (ဗုဒ္ဓဝင် ပါဠိတော်) ဖြစ်သည်။ ရှင်သာရိပုတ္တရာ လျှောက်ထားတောင်းပန်သည့်အတွက် ဘုရားရှင်က ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။ ဘုရားရှင်သည် ၁၀၄ ခု၊ ကဆုန်လတွင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ စံနေတော်မူစဉ်၊ ဆွေတော်မျိုးတော်တို့၏ မာန်ကို

http://www.cherrythitsar.org

ကျစိမ့်သောဌာ စတုတ္ထ ဈာန်ဝင်စားပြီး ကောင်းကင်ပြင်၌ ယမိုက်ပြာဋ္ဌိဟာ ပြတော်မူပြီးနောက် ရတနာစကြီ့ဖန်ဆင်းကာ၊ နတ်ဗြဟ္မာတို့၏ ပူဇော်ခံ၍ စကြီ့ ကြွတော်မူသည်။ ထိုစဉ် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေသော ရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဗုဒ္ဓဝင်ဒေသနာဟောကြားရန် တောင်းပန်မည်ဟု အကြံ့ဖြစ်ပြီး၊ ရဟန္တာ ငါးရာနှင့် ကောင်းကင်ခရီးမှ ကြွလာ၍ ဘုရားရှင်အား ဖူးမြော်သည်။ ဘုရားရှင်သည် ရတနာစကြီ့၌ တရားဟော်တော်မူစဉ် ရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ရှေးဘုရားရှင်တို့ထံ နိယတ ဗျာဒိတ်ခံခဲ့ပုံနှင့် ပါရမီဖြည့်ကျင့်ခဲ့ပုံတို့ကို အကျယ်ဟောကြားရန် လျှောက်ထားတောင်းပန်သည်။ ဘုရားရှင်ကလည်း ရတနာစကြီ့၌ သီတင်းသုံးနေစဉ်မှာပင် "ဗုဒ္ဓဝင်ဒေသနာကို ကြားနာကြကုန်၊ ကြားနာပြီး ဗုဒ္ဓဝင်ဒေသနာလာ ငါဘုရား၏ ကျင့်စဉ်လမ်းကို ကျင့်ကြံ့ကြကုန်"ဟု လူနတ်ဗြဟ္မာတို့အား တိုက်တွန်းတော်မူ၍၊ နိဒါန်းနှင့်တကွ ဂါထာပေါင်း ၁၀၇၀ ရှိသော ဗုဒ္ဓဝင် ဒေသနာတော်ကို ဟောကြားတော်မူသည်။ ဤဂါထာတို့တွင် ဗုဒ္ဓဝင်တရားသား သက်သက်မှာ ၉၅၁ ဂါထာရှိကြောင်း၊ နိဒါနကထာမှာ ၈၀–ဂါထာနှင့် နောက်ပိုင်းအခန်းများမှ ၃၈–ဂါထာပေါင်း၍ ၁၀၇၀ ဟု ဆိုခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။

ဗုဒ္ဓဝင်ပါဠိတော်တွင် ဗုဒ္ဓဝင်ကို ဘုရားရှင်အဘယ်ကြောင့် ဟောတော်မူရကြောင်း၊ 'ရတနစက်မကဏ္ဍ'ဖြင့် နိဒါန်းချီထားသည်။ ထို့နောက် သုမေဓပုဏ္ဏား ဘဝတွင် ဒီပင်္ကရာ ဘုရားရှင်ထံ၌ ဗျာဒိတ်ခံပုံကို 'သုမေဓာ ပတ္တနာကထာ'ဖြင့်ပြသည်။ ထို့နောက် ဗျာဒိတ်ခံသည့် ဒီပင်္ကရာဘုရားရှင်မှ ကဿပဘုရားရှင်အထိ ဘုရားရှင် ၂၄–ဆူတို့၏ ဗုဒ္ဓဝင်ကို ပြသည်။ တစ်ဆူစီကို ပြရာတွင် (က)ဘုရားဘွဲ့တော်၊ (ခ) နေပြည်တော်အမည်၊ (ဂ)ခမည်းတော်၊ မယ်တော်၊ မိဖုရား၊ သားတော်အမည်၊ (ဃ)တောထွက်တော်မူပုံ၊ (င)ဒုက္ကရစရိယကျင့်သည့်ကာလ၊ (စ) ဗောဓိပင်အမည်၊ (ဆ) လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝကကြီးများ၏အမည်၊ (ဇ) လက်ယာရံ၊ လက်ဝဲရံ သာဝကကြီးများ၏အမည်၊ (ဈ)အလုပ်အကျွေးရဟန်းအမည်၊ (ည)ဥဏ္ဏာတော်၊ (ဋ)သက်တမ်းဟူသော အဓိကအချက်များကို မှတည်၍ အကျဉ်းအားဖြင့် ပြခြင်းဖြစ်သည်။ ဤသို့ ၂၄ ဆူသော ဘုရားရှင်တို့ထံ၌ ဗျာဒိတ်ခံပြီးနောက် ဂေါတမဘုရားရှင်အဖြစ်သို့ ရောက်တော်မူပုံ (ဂေါတမဗုဒ္ဓဝင်)ကိုပြသည်။ သုမေဓာ ဗျာဒိတ်ခံသော ဒီပင်္ကရာဘုရားရှင်မှ ဂေါတမဘုရားရှင်အထိ ဘုရားရှင် ၂၅ ဆူ၏ ဗုဒ္ဓဝင် ဖြစ်သည်။ ထို့နောက် 'ဗုဒ္ဓပကိဏ္ဏကကထာ'တွင် ဒီပင်္ကရာမတိုင်မီ ပွင့်တော်မူသော တဏှင်္ကရာ၊ မေဓ ကရာ၊ သရဏင်္ကရာဟူသော ဘုရားရှင် ၃–ဆူကိုပါထည့်သွင်းကာ၊ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့တွင် မည်သည့်ဘုရားရှင်

http://www.cherrythitsar.org

သည် မည်သည့်ကမ္ဘာ၌ ပွင့်တော်မူကြောင်းပြသည်။ နောက်ဆုံး ကဏ္ဍဖြစ်သော 'ဓာတုဘာ ဇနိယ ကထာ'တွင် ဂေါတမဘုရားရှင်၏ ဓာတ်တော်များကို အတိုင်းတိုင်း အပြည်ပြည်က ခွဲဝေပူဇော်ကြပုံကို ပြသည်။

သို့ဖြင့် ဗုဒ္ဓဝင်ဆိုရာ၌ ဂေါတမဘုရားရှင်၏ ဖြစ်တော်စဉ် တစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ကြောင်း၊ ဒီပင်္ကရာဘုရားမှ ဂေါတမဘုရားရှင် အထိ ၂၅–ဆူသော ဘုရားရှင်တို့၏ ဖြစ်တော်စဉ်ကို အဓိကဆိုလိုခြင်းဖြစ်ကြောင်းသိနိုင်ပါသည်။

ဗုဒ္ဓဝင် ပါဠိတော်ကို အကျယ်ဖွင့်ဆိုသည့် ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဗုဒ္ဓဝင်ဋီကာတို့လည်း ပေါ်ထွန်းခဲ့ပါသည်။ ဗုဒ္ဓဝင် အဋ္ဌကထာကို သီရိလင်္ကာကျွန်း အနုရာဓမြို့အရှေ့၊ စောဠတိုင်း ကာဝီရပဋ္ဋန သဘော်ဆိပ် ကျောင်းတိုက်၌ သီတင်းသုံးသည့် အရှင် ဗုဒ္ဓဒတ္တပြုစုကြောင်း၊ 'မဓုရတ္ထ ဝိလာသိနီ အဋ္ဌကထာ' ဟုအမည်မှည့်ကြောင်း မှတ်သားရပါသည်။

ဗုဒ္ဓဝင်အဋ္ဌကထာ၏ ခဲရာခဲဆစ်တို့ကို ရှင်သောဘိတက ဗုဒ္ဓဝင်ဋီကာအမည်ဖြင့် ပါဠိဘာသာနှင့်ပင် ပြုစုကြောင်း အမှတ်အသားရှိပါသည်။ 'ဗုဒ္ဓဝင်ဋီကာမှာ သီရိလင်္ကာကျွန်း အနုရာဓမြို့က မြန်မာတိုင်းနိုင်ငံသို့ မရောက်'ဟူ၍လည်း ပိဋကတ်တော်အုပ် ဦးယံ၏ 'ပိဋကတ်တော်သမိုင်း'တွင် တွေ့ရပါသည်။ ထိုဗုဒ္ဓဝင်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ပါဠိတစ်ချက်၊ မြန်မာတစ်ချက် နိဿယပြန်ဆိုခဲ့သည့် ကျမ်းများလည်းရှိပါသည်။ ဗုဒ္ဓဝင်ပါဠိတော် နိဿယဟောင်းကို ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်းလက်ထက် ၁၁၂၂ ခုတွင်၊ စစ်ကိုင်းမြို့ တောရနေ ရှင်သဒ္ဓမ္မဇောတ ပြုစုသည်။ ဗုဒ္ဓဝင်ပါဠိတော် နိဿယသစ်ကို ဘိုးတော်ဘုရားလက်ထက် ၁၁၄၄ ခုတွင် အမရပူရမြို့ မြောက် မဟာမုနိရုပ်ရှင်တော် အရှေ့ပြဿဒ်ကျောင်း၌ သီတင်းသုံးသော ရှင်သာရဒသီပြုစုသည်။ ထို့ပြင် သီပေါမင်းလက်ထက်တွင် ရှင်ကဝိဓဇက ဗုဒ္ဓဝင်ပါဠိတော် နိဿယကို ပြုစုကြောင်း၊ မင်းဆရာတော်ကလေး ဦးလွမ်းပြေ၊ မော်ဘီရှင်ဥတ္တရာဇီဝ၊ မန္တလေး မိုးထိတိုက် ရှင်ဇာဂရတို့ ပြုစုသော ဗုဒ္ဓဝင်ပါဠိတော် နိဿယများလည်း ရှိကြောင်း မှတ်သားရသည်။

ဗုဒ္ဓဝင် အဋ္ဌကထာနိဿယကို ဘကြီးတော်လက်ထက် အမရပူရမြို့၊ တောင်သမန်တောရ၌ သီတင်းသုံးသော ငါးခုန်ဆရာတော် ရှင်အာဒိစ္စဝံသပြုစုသည်။ ဗုဒ္ဓဝင်ဋီကာမှာမူ နိဿယမရှိကြောင်း ပိဋကတ်တော်သမိုင်းက ဆိုပါသည်။

ဤကား မြန်မာတို့ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ဗုဒ္ဓဝင်၏ အရင်းအမြစ်ကို ခြေရာခံကြည့်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓဝင်သည် ပုဂံခေတ်ကစ၍ မျက်

http://www.cherrythitsar.org

မှောက်ခေတ်အထိ၊ မြန်မာစာပေထဲသို့ အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်ပြီး မြန်မာ့အသွေးအသားထဲသို့ စိမ့်ဝင်ကာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အသားကျနေပြီဖြစ်ကြောင်း အများအသိပင်ဖြစ်ပါသည်။ စာပေအဖြစ်နှင့်သာမက ပန်းချီ၊ ပန်းပုစသည့် 'ပန်း' အနုပညာများအဖြစ်၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ထဲတွင် ထည်ထည်ဝါဝါနေရာယူလျက်ရှိသည်ကိုလည်း အများအသိပင်ဖြစ်ပါသည်။ ဤသို့ ဗုဒ္ဓဘာသာအမွေအနှစ်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြတ်နိုးလေးစားတန်ဖိုးထားရသော ဗုဒ္ဓဝင်၏ အခန်းကဏ္ဍကို မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လေ့လာကြည့်မည်ဆိုပါက စိတ်ဝင်စားဖွယ်များစွာ တွေ့ရမည်ဖြစ်ပါသည်။

ခြေတပ်ရဲဗုဒ္ဓဓမ္မစာပေ

ပုဝ်ခေတ်က ဗုဒ္ဓဝင်

ဗုဒ္ဓဝင်ဟုဆိုလိုက်သည်နှင့် မြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိကို ဆိုလိုခြင်းဖြစ်ကြောင်း မြန်မာတို့ နားလည်ကြပါသည်။ မှန်ပါသည်။ ဗုဒ္ဓဝင်သည် ဗုဒ္ဓသာသနာ ထွန်းကားသော မြန်မာနိုင်ငံ မြန်မာလူမျိုးတို့နှင့် ရှေးအစဉ်အဆက်ကတည်းက ရင်းနှီးကျွမ်းဝင်ပြီးသော စာမျိုးဖြစ်ပါသည်။ မြန်မာစာပေသမိုင်းတစ်လျှောက် လေ့လာကြည့်လျှင် အင်းဝခေတ်က ပေါ်ထွန်းခဲ့သော ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့၊ ရှင်တေဇောသာရ၏ ပြာဋ္ဌိဟာခန်းပျို့စသည်တို့သည် ဗုဒ္ဓဝင်ကဗျာများဖြစ်ပါသည်။ ကုန်းဘောင်ခေတ်က ပေါ်ထွန်းသော ဒီပဲယင်းဆရာတော်၏ မာလာလင်္ကာရ ဝတ္ထု၊ ပထမငါးခုန်ဆရာတော်၏ ဗုဒ္ဓဝင်ဝတ္ထု၊ ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီ စသည်တို့သည် ဗုဒ္ဓဝင်စကားပြေများဖြစ်ပါသည်။ ယခုခေတ်အထိ ခြေရာခံကြည့်လျှင် ရှင်ဝိစိတ္တာသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကြီးအထိ ဗုဒ္ဓဝင်စာပေများ၏ သမိုင်းစဉ်ကို အထင်အရှားတွေ့ရပါလိမ့်မည်။

ထိုစာပေများကဲ့သို့ အကျယ်တဝင့်မဟုတ်စေကာမူ တိုတိုကျဉ်းကျဉ်းလိုရင်းရေးထားသော ဗုဒ္ဓဝင်စာပေမျိုးသည် ပုဂံခေတ်ကတည်းက ပေါ်ထွန်းနေပြီဖြစ်ပါသည်။ ပုဂံဝိနည်းဓိရ်ဘုရားအတွင်း နံရံရှိမင်စာများတွင် အထင်အရှားတွေ့နိုင်ပါသည်။

ပုဂံသားတို့သည် ဗုဒ္ဓစာပေ၊ ဇာတ်နိပါတ်များကို မိမိကောင်းမှု ဖြစ်သော ဂူဘုရားများ၏ နံရံများတွင် ပန်းချီပုံများဖြင့် အဆန်းတကြယ် ရေးဆွဲသရုပ်ဖော်ကြပြီး ပုံအညွှန်းစာများအဖြစ် မင်ဖြင့် စာတန်းများရေးထိုးအက္ခရာတင်ကြခြင်းဖြင့် မင်စာများပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ ပုဂံဝိနည်းဓိရ်ဘုရားမင်စာမှာ ထိုသို့သော မင်စာမျိုးဖြစ်ပါသည်။ ရေးထိုးသည့် အကြောင်း

http://www.cherrythitsar.org

အရာများတွင် ဝိမာနဝတ္ထု၊ နှစ်ကျိပ်ရှစ်ဆူအကြောင်းစသည်တို့အပြင် ဗုဒ္ဓဝင်လည်း အပါအဝင်ဖြစ်ပါသည်။

ထိုမင်စာများ၏ ဂုဏ်တစ်ခုကား တိုတိုရှင်းရှင်းလိုရင်း ရောက်အောင်ရေးသားထားခြင်းပင်ဖြစ်ပါသည်။ ဗုဒ္ဓဝင်မင်စာအရေးအသားကို အကဲခတ်နိုင်ရန် ဤဆောင်းပါးတွင် သာဓကအချို့ ထုတ်နုတ်တင်ပြပါမည်။ (ပုဂံခေတ်စာလုံးပေါင်းကို ယခုခေတ်စာလုံးပေါင်းနှင့် ဖလှယ်၍ ပြသွားပါမည်)

ဆိုပါစို့၊ ဘုရားလောင်း ပဋ္ဌိသန္ဓေယူခါနီးတွင် မယ်တော်မာယာအိပ်မက်မက်ရာ၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်က မယ်တော်မာယာကို အိပ်ရာနှင့်တကွ ထမ်း၍ အနဝတတ်အိုင်၌ ရေချိုးစေပြီး ရွှေဗိမာန်၌ အိပ်စေသည်တွင် ဆင်ဖြူတစ်စီးသည် မယ်တော်၏ လက်ယာနံပါးကို ဖွင့်၍ ဝင်သည်ဟု အိပ်မက်မက်ကြောင်း ဗုဒ္ဓဝင်ကျမ်းစာများတွင် အကျယ်တွေ့နိုင်ပါသည်။ ဤဗုဒ္ဓဝင်မင်စာတွင်မူ

"ဘုရားသခင် မိဖွားကို နတ်တို့ထမ်းသော မက်၏။
ဘုရားမိဖွား အနဝတတ်အိုင်၌ ရေချိုးမက်၏။
ဘုရားမိဖွား နံစောင်း ဆင်ဖြူဝှေ့မက်၏"

ဟူ၍ ရိုးရိုးစင်းစင်းရေးထားပါသည်။ မယ်တော်ကို မိဖွားဟု သုံးပုံမှာ မှတ်သားဖွယ်ဖြစ်ပါသည်။

ဘုရားလောင်း တောထွက်ခန်းရေးပုံကိုလည်း ကြည့်ပါဦး။ "ဘုရားလောင်းမြင်းစီး၍ တောထွက်၏။ ဘုရားလောင်းတောထွက်သော မြင်းငို၏"ဟု တွေ့ရပါသည်။ ကဏ္ဍကမြင်း၏ ခံစားချက်ကို ရိုးရိုးကလေး ဖော်ပြထားခြင်းပါပေ။

ဘုရားလောင်းသည် သုဇာတာ၏ နို့ဆွမ်းကို ဘုဉ်းပေးပြီး နေရဟ္ဒရာမြစ်၌ ရေခွက်မျှောလိုက်ရာတွင် ကာလနဂါးမင်း အိပ်နေရာသို့ ရွှေခွက်ရောက်သွားပုံကို ဖော်ပြရာ၌

"သုဇာတာ နွားနို့ထမင်းရွက်လျက်လာ၏။ ဘုရားလောင်းကို သုဇာတာနွားနို့ထမင်းလှူ၏။ ဘုရားလောင်း နွားနို့ထမင်းစား၏။ နေရဟ္ဒရာမြစ်၌ ထမင်းလှူ၏။ ဘုရားလောင်းနွားနို့ထမင်းစား၏။ နေရဟ္ဒရာမြစ် ၌ ရွှေခွက်ပစ်၏။ ကာလမည်သော နဂါးမင်းအိပ်ရာ ရွှေခွက်ကျ၏"

ဟု အစဉ်အတိုင်း ရေးပြသွားပုံကို တွေ့နိုင်ပါသည်။

ဘုရားဖြစ်ပြီးနောက် ခုနစ်ရက်စီ ခုနစ်နေရာ (သတ္တသတ္တာဟ)စံရာ၌ မုစလိန္ဒာနဂါးမင်း၏ အခွေတွင်း၌ စံပုံကို 'မုစလိန်နဂါး အကွေးတွင် ခုနစ်

http://www.cherrythitsar.org

ရက်နေ၏'ဟူ၍လည်းကောင်း၊ အဇပါလအရပ်၌ သဟမ္ပတိ ဗြဟ္မာမင်းက တရားဟောရန် တောင်းပန်ပုံကို 'အဇပါလ၌ သဟမ္ပတိဗြဟ္မာတရားတောင်း၏' ဟူ၍လည်းကောင်း၊ ပဉ္စဝဂ္ဂီတို့က ဘုရားအား လုပ်ကျွေးပြုစုပုံကို 'ပဉ္စဝဂ္ဂီရဟန်းငါးယောက် ဘုရားအား ကျွေး၏'ဟူ၍လည်းကောင်း၊ ဝေသာလီပြည်၌ မိထွေးတော် ဂေါတမီ ရဟန်းပြုပုံကို 'ဝေသာလီ၌ ဘုရားမိထွေးရဟန်းမူ၏'ဟူ၍ လည်းကောင်း လိုရင်းရောက်အောင် ရေးထားသည်ကို တွေ့ရပါသည်။

ရာဇဂြိုဟ်ပြည် သူဌေးတစ်ဦးက ရဟန္တာဆိုသူများကို ဟုတ်မဟုတ် စမ်းသပ်လိုသဖြင့် အတောင်ခြောက်ဆယ်အမြင့်၌ စန္ဒကူးသပိတ်ကို ချိတ်ဆွဲထားပြီး ရဟန္တာမှန်လျှင် ပျံတက်၌ သပိတ်ကို ယူပါဟု ကြေငြာထားသည်ကို တက္ကတွန်းဆရာကြီးများက ကောင်းကင်ပျံမည့်ဟန် လက်မြှောက်ခြေမြှောက်ပြု၍ လှည့်စားပုံ၊ ရှင်ပိန္ဒောလဘာရဒ္ဒာဇထေရ်က ကျောက်ဖျာကို ခြေမနှင့်ညှပ်ပြီး ကောင်းကင်ပျံတက်ကာ တန်ခိုးပြရာ၌ ကျောက်ဖျာကျမည်စိုး၍ လူအများ ထိတ်လန့်ကြပုံတို့ကို ဖော်ပြရာ၌ 'တက္ကတွန်းတို့ သပိတ်ယူအံ့ဟု ပျံယောင်မူ၏။ သခင်ပိန္ဒောလဘာရဒ္ဒာဇ သပိတ်ခံ၏။ သူတို့ကျောက်ဖျာကျအံ့ဟု ကြောက်၏'ဟူ၍ ဇာတ်လမ်းကို ခြုံမိအောင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ကောင်းကင်ပျံတက်မည့်ဟန်ဆောင်နေပုံကို 'ပျံယောင်မူ၏'ဟု ကျစ်ကျစ်လျစ်လျစ်သုံးထားပုံမှာ နှစ်သက်ဖွယ်ပင်။

ဘုရားဖြစ်ပြီး ခမည်းတော်သုद्धोဒနမင်းကြီးထံ ကြွရောက်ပြီး သက္ကသာကီဝင် ဆွေတော်မျိုးတော်တို့၏ မာန်ကို ချိုးနှိမ်ရန် ယမက ပြာဋိဟာပြသသည့်အကြောင်းကို "အဖေအား ဖူးအံ့သောငှာ ရဟန္တာရံလျက် လာ၏။ ဘုရားသခင် သက္ကဝင်တို့ကို ပြာဋိဟာမူပေ၏"ဟူ၍ ရိုးရိုးရှင်းရှင်းရေးထားပါသည်။

မြတ်စွာဘုရားရှင်၏ သာဝကကြီးတစ်ပါးဖြစ်သော ရှင်မဟာကဿပ ရဟန်းပြုပြီးနောက် ဘုရားရှင်နှင့်အတူ ကြွစဉ် ရှင်မဟာကဿပက မိမိ၏ အသပြာတစ်ထောင်တန် ဒုကူဋ်သင်္ကန်းကို ဘုရားရှင်အား လှူရာဘုရားရှင်ကလည်း ပုံသကူ ကောက်ထားသော ဒုကူဋ်သင်္ကန်းကို ရှင်မဟာကဿပအား စွန့်ခြင်းဖြင့် သင်္ကန်းချင်းလဲလှယ်ကြသည့်အကြောင်းကို ဗုဒ္ဓဝင်ကျမ်းများတွင် အကျယ်တွေ့ရပါသည်။ ထိုအကြောင်းကို ဤမင်စာတွင် ဖော်ပြရာ၌ 'ဘုရားသခင်နှင့် ကဿပတို့ ဒုကူဋ်ဖကြ၏'ဟု ရေးထားပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ 'ဖ'ဟူသည် လဲလှယ်သည်ဟု အဓိပ္ပာယ်ရသော စကားဖြစ်ပါသည်။ 'ငွေတစ်ဆယ်တန်တစ်ချပ် သွားဖလိုက်ပါ'ဟူသော အသုံးမျိုး ထားဝယ်ဘက် မြိတ်ဘက်တွင် သုံးကြောင်းမှတ်သားရဖူးပါသည်။ များသောအားဖြင့် 'ဖ'နှင့်

http://www.cherrythitsar.org

'လှယ်'ကိုတက္ကဲကာ 'ဖလှယ်'ဟု သုံးလေ့ရှိသော်လည်း 'ဖ'တစ်လုံးတည်း သုံးသည့် အလေ့မှာ အတော်ပင် တိမ်ကောနေပါပြီ။ ပုဂံခေတ်ကမူ 'လဲလှယ်'သည့် အဓိပ္ပာယ်ရအောင် 'ဖ'ဟုလည်း တစ်လုံးတည်း သုံးကြောင်း ထိုဝါကျကလေးက စိတ်ဝင်စားဖွယ် ဖော်ပြနေပါသည်။

"ဘုရားလွန်ပြီး သခင်တို့ ဓမ္မသင်္ဂါယနာမှ၏"ဟူ၍ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး သံဃာတို့က ပထမသင်္ဂါယနာတင်ကြောင်း ဖော်ပြကာ ဗုဒ္ဓဝင်ကို အဆုံးသတ်ထားပါသည်။

ဤသို့ဖြင့် ပုဂံသားတို့သည် ဗုဒ္ဓဝင်ကို ဘုရားနံရံတွင် မင်ဖြင့် အက္ခရာတင်ကြရာ၌ အဆင်တန်ဆာ အဖွဲ့အန္တဲမပါဘဲ အရိုးခံ မြန်မာစကားဖြင့် လိုရင်းရောက်အောင် ကျစ်ကျစ်လျစ်လျစ် ရေးသားကြပုံကို ဝိနည်းဓိုရ်ဘုရား မင်စာများက သက်သေခံလျက်ရှိပါသည်။

ဘဒေတျိဿား
ဒီဇင်ဘာ ၊ ၁၉၉၂။

ဇင်းမယ်ပဏ္ဍာသ

မြန်မာစာပေတွင် ငါးရှင်ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့တို့ကဲ့သို့ပင် ထင်ရှားသော ဇာတ်ဝတ္ထုစာစုတစ်စုကား 'ဇင်းမယ်ပဏ္ဍာသ'ခေါ် ဇင်းမယ်မြို့ထွက် ဇာတ်ဝတ္ထုငါးဆယ်ဖြစ်သည်။ ပဏ္ဍာသဟူသော ပါဠိစကားမှာ ငါးဆယ်ဟု အဓိပ္ပာယ်ရသည်။

ဤကျမ်းကို မူလ ပဏ္ဍာသ၊ မဇ္ဈိမပဏ္ဍာသစသော သင်္ဂီယနာတင် ကျမ်းနှင့် ကွဲပြားစေရန် လောကီပဏ္ဍာသဟူ၍လည်းကောင်း၊ ယွန်းနိုင်ငံ ထွက် ကျမ်းဖြစ်သောကြောင့် ယွန်းပဏ္ဍာသဟူ၍လည်းကောင်း၊ ဇင်းမယ်မြို့ထွက် ကျမ်းဖြစ်သောကြောင့် ဇင်းမယ်ပဏ္ဍာသဟူ၍လည်းကောင်း ပညာရှင်တို့ ခေါ်ဆိုခဲ့ကြသည်။

ဇင်းမယ်ပဏ္ဍာသသည် ပုဂံခေတ်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဟု ပညာရှင်အချို့က ယူဆကြသည်။ ပုဂံအပယ်ရတနာလိုဏ်ဂူဘုရားအတွင်းနံရံမှ ပန်းချီပုံများတွင် ဇင်းမယ်ပဏ္ဍာသ၊ သုဓနုကုမာရဇာတ်မှ၊ ရသေ့တစ်ပါးကို မုဆိုးတစ်ဦးက ဒူးတုပ်ရှိခိုးနေကာ အနီးတွင် ၄က်ဆင်စီးထားသော လူတစ်ယောက်ပုံပါဝင်နေသည်ကို ထောက်၍ ယင်းသုဓနုကုမာရဇာတ်ပါရှိသော ဇင်းမယ်ပဏ္ဍာသသည် ပုဂံခေတ်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဟုယူဆခြင်းဖြစ်သည်။ သို့သော် အပယ်ရတနာလိုဏ်ဂူဘုရားမှာ ခရစ်နှစ် ၁၁ ရာစုတွင် တည်ဆောက်ပြီး ဇင်းမယ်ပဏ္ဍာသမှာ ခရစ်နှစ် ၁၅ ရာစုတွင်မှ ပေါ်ပေါက်ခြင်းဖြစ်သည့်အတွက် အပယ်ရတနာ ဘုရားတည်ချိန်က ဇင်းမယ်ပဏ္ဍာသမြန်မာနိုင်ငံသို့ရောက်နေပြီဟု မဆိုနိုင်ကြောင်း၊ ဇင်းမယ်မြို့ကိုပင် ခရစ်နှစ် ၁၂၉၀ မှ ၁၂၉၆ အတွင်းတွင်မှ တည်ဆောက်ခြင်းဖြစ်သည့်အတွက် နောက်ကျကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။

ထို့အတူ ခရစ်နှစ် ၁၂၆၅ ခုတွင် ရေးထိုးသော ကုသသမုတိကျောက်

http://www.cherrythitsar.org

စာ၌ ဇင်းမယ်ပဏ္ဏာသလာ သုမ္ဘမိတ္တဇာတ်မှ မင်းသုမ္ဘမိတ်(မင်းသုံ ဖမိုက်) ကဲ့သို့ သားမယားနှင့် ကွေကွင်းပါစေဟု ကျိန်စာရေးထိုးထားသည်ကို ထောက်၍လည်း ဇင်းမယ်ပဏ္ဏာသသည် ပုဂံခေတ်တွင် မြန်မာနိုင်ငံသို့ ရောက်နေပြီဟု ယူဆကြသည်။ သို့သော် ကုသသမုတိကျောက်စာသည် ဇင်းမယ်ပဏ္ဏာသ ထက် အနည်းဆုံးနှစ် ၂၀၀ ခန့်စောနေပြီး ထိုကျောက်စာရေးထိုးချိန်တွင် ဇင်းမယ်မြို့တည်ရန်ပင် နှစ် ၃၀ လိုသေးကြောင်း ပညာရှင်တို့ ထောက်ပြကြသည်။

ဇင်းမယ်ပဏ္ဏာသတွင်ပါဝင်သော ဖော်ပြပါ သုမ္ဘမိတ္တဇာတ်ကဲ့သို့ ဇာတ်များသည် ပုဂံခေတ်တွင် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့ဖွယ်ရှိကြောင်း၊ ပုဂံခေတ်တွင် ဇင်းမယ်သည် အနော်ရထာမင်း၏ လက်အောက်ခံဖြစ်သည့် အလျောက် ထိုဇာတ်ဝတ္ထုများ ဇင်းမယ်သို့ ရောက်ရှိသွားပြီး၊ ဇင်းမယ်ပဏ္ဏာသတွင် ယူငင်အသုံးပြုထားခြင်းဖြစ်ဖွယ်ရှိကြောင်း ယူဆကြသည်။

ဇင်းမယ်ပဏ္ဏာသတွင် ပဏာမ၊ နိဒါန်း၊ နိဂုံးတို့မပါသည့်အတွက် ကျမ်းပြုသူ၏ အမည်ကို တိတိကျကျ မသိရပေ။ ဦးယံ၏ ပိဋ္ဌကတ်တော်သမိုင်း၌ 'အယုဒ္ဓယတိုင်းကား ယိုးဒယားမြို့အဝင် ဇင်းမယ်မြို့နေ လောက ဓမ္မအရာ၌ လိမ္မာသော ရှင်သာမဏေပြုသည်'ဟူ၍သာ ဖော်ပြထားသည်ကို တွေ့ရသည်။

ဇင်းမယ်ပဏ္ဏာသမှ ဇာတ်ဝတ္ထုများသည် ရှေးဟောင်း ပါဠိစာပေ၊ သက္ကတစာပေများမှ ယူငင်စုစည်းထားခြင်းဖြစ်ကြောင်း၊ ငါးရှဉ်ငါးဆယ်နိပါတ်မှ အချို့ဇာတ်လမ်းများကို မှီငြမ်းပြုထားပြီး အချို့ဇာတ်လမ်းများတွင် ဇာတ်ဆောင်အမည်များ ပြောင်းလဲသုံးစွဲထားကြောင်း၊ သုဓနုကုမာရဇာတ်ကိုမူ သက္ကတမှ ပါဠိသို့ ပြန်ဆိုထားခြင်းဖြစ်ကြောင်း၊ ဇင်းမယ်ပဏ္ဏာသကို မြန်မာပြန်သော စာပေပညာရှင် ဦးမြင့်ဆွေက သုံးသပ်ပြထားသည်။

ဇင်းမယ်ပဏ္ဏာသသည် မြန်မာနိုင်ငံသို့ ပုဂံခေတ်၊ ၁၁ ရာစုနှင့် ၁၃ ရာစုအတွင်း ရောက်ရှိလာခြင်းမဟုတ်ဘဲ ၁၅ ရာစုနောက်ပိုင်း၊ သို့မဟုတ် ၁၆ ရာစုအဦးပိုင်းတွင် ရောက်ရှိခြင်းဖြစ်သည်ဟု အချို့ပညာရှင်များက ယူဆကြသည်။ ဇင်းမယ်ပဏ္ဏာသ ဇာတ်လမ်းများမှာ ငါးရှဉ်ငါးဆယ် ဇာတ်နိပါတ်များထက် ထူးခြားဆန်းကြယ်သည့် ဆွဲဆောင်မှုရှိသည်။ ထိုဇာတ်လမ်းများကို စာဖတ်သူများ စွဲမက်နှစ်သက်ကြသည်။

ဇင်းမယ်ပဏ္ဏာသနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးမှုများ၊ ပြဿနာများ ရှေးကပင် ရှိခဲ့သည်။ ဒုတိယ မုံရွှေးဇေတဝန်ဆရာတော်က ထိုကျမ်းသည် သင်္ဂီယနာတင် ကျမ်းမဟုတ်၊ ယွန်းတိုင်းပြည်မှ ဖြစ်သောကျမ်းဟူ၍ အစဉ်အဆက်ပြောဆိုကြသောကြောင့်လည်းကောင်း၊ သဘောယုတ္တိတန်,မတန် ချင့်ချိန်၍လည်းကောင်း၊ ပညာရှိတို့ အမြတ်တနိုးမပြုကြကြောင်း၊ အချို့ဇာတ်

http://www.cherrythitsar.org

လမ်းများကို ပျို့ကဗျာများ ရေးစပ်ကြသဖြင့် ယနေ့တိုင် ပေါ်ထင်နေပြီး အချို့က အခိုင်အခဲ့ပင် ပြောဆိုမှတ်သားနေကြောင်း မိန့်ဆိုသည်။ သင်္ဂါယနာတင် ကျမ်းမဟုတ်သော်လည်း ဘုရားကျေးဇူးတော်၊ ဂုဏ်တော်တို့ကို အရိုအသေအ လေးအမြတ်ရေးထားသည့်အတွက် အရိုအသေအလေးအမြတ် ပြုသင့်ကြောင်း လည်း မိန့်ဆိုသည်။

မင်းတုန်းမင်းလက်ထက် ပဌမသင်္ဂါယနာတင်ရာတွင် ဇင်းမယ်ပဏ္ဏာ သကို ဘုရားဟောမဟုတ်သည့်အတွက် ဆရာတော်အချို့က မီးရှို့ပစ်ရန်စီစဉ် ကြသည်။ သာသနာပိုင် ဒုတိယခေါင်းဆောင် ဆရာတော်က ဘုရားဟော ဟုတ် မဟုတ်ဟူသော အချက်ထက် ဇင်းမယ်ပဏ္ဏာသရှိခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်သွားနိုင်သလား၊ တိုးတက်လာနိုင်သလားဟူသော အချက်များဖြင့် ကြည့်ရှုဖို့လိုကြောင်း မိန့်ကြားပြီး မီးမရှို့ရန် မေတ္တာရပ်ခံခဲ့သည်။

ဒုတိယ မုံရွေးဇေတဝန်ဆရာတော်က ဇင်းမယ်ပဏ္ဏာသကို 'ဇာတ်ငါး ဆယ့်ငါး'ဟု ဖော်ညွှန်းထားသည်ကို ထောက်၍ မုံရွေးဆရာတော်တို့ ခေတ်က ဇာတ်ငါးဆယ့်ငါးဇာတ်ရှိလေမည်လားဟု တွေးဆရသည်။ အများနှစ်သက် သော ကုမ္မာဘာယဇာတ်သည် ဇင်းမယ်ပဏ္ဏာသမှလာသည်ဟု ထင်ရသော် လည်း ဇင်းမယ်ပဏ္ဏာသတွင် ထိုဇာတ်မပါသည့်အတွက် ဇာတ်ငါးဆယ်မှတစ် ပါး အခြားငါးဇာတ်ရှိနိုင်ကြောင်း၊ ထိုငါးဇာတ်တွင် ကုမ္မာဘာယဇာတ်ပါမည်ထင် ကြောင်း၊ အတပ်မဆိုနိုင်ကြောင်း ဆရာကြီး ဦးဆန်းထွန်းက မှတ်ချက်ချသည်။

အင်းဝခေတ် ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏာသျှမ်ပြားပစ်ခန်းပျို့တွင် ယင်း ကုမ္မာဘာယဇာတ်နှင့်အတူ ဇင်းမယ်ပဏ္ဏာသမှ သတ္တဝနုဇာတ်၊ သုဝနုဇာတ်တို့ ကို ထည့်သွင်း ညွှန်းဆို ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုပျို့ ရေးဖွဲ့သော ခရစ်နှစ် ၁၆ ရာစုတွင် ဇင်းမယ်ပဏ္ဏာသမြန်မာနိုင်ငံသို့ ရောက်ရှိ နေပြီဟု မှတ်ယူရသည်။

တောင်ငူခေတ်တွင် နဝဒေးကြီးသည် ဇင်းမယ်ပဏ္ဏာသမှ သုဝနုကု မာရဇာတ်ကို မနော်ဟရီပျို့အဖြစ်လည်းကောင်း၊ ညောင်ရမ်းခေတ်တွင် ဝန်ကြီး ပဒေသရာဇာသည် ယင်းဇာတ်ကိုပင် မနော်ဟရီ ပျို့သစ်နှင့် သူဇာပျို့များ အဖြစ်လည်းကောင်း၊ ကုမ္မာဘာယဇာတ်၊ သမုဒ္ဒဃောသဇာတ်တို့ကို ကုမ္မာဘာယ ပျို့၊ သမုဒ္ဒဃောသပျို့များအဖြစ်လည်းကောင်း ရေးဖွဲ့ခဲ့သည်။ ယခုတွေ့ရှိသမျှ အစောဆုံး ပြဇာတ်ဖြစ်သော ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်သည် လည်း ဇင်းမယ်ပဏ္ဏာသလာ သတ္တဝနုဇာတ်ကို ပြန်ဖွဲ့သော ပြဇာတ်ဖြစ်သည်။ ကုန်းဘောင်ခေတ်၊ တောင်ငူမြို့စား သတိုး ဓမ္မရာဇာကလည်း ဇင်းမယ်ပဏ္ဏာသ လာ သခ်ီပတ္တရာဇာဇာတ်ကို သခ်ီပတ္တပြဇာတ်အဖြစ်ရေးဖွဲ့ခဲ့သည်။ ကိုလိုနီခေတ်

http://www.cherrythitsar.org

ဦးပိုင်းတွင် ပေါ်ပေါက်သော ပြဇာတ်များတွင်လည်း ဇင်းမယ်ပဏ္ဏာသကို အခြေပြုသော ပြဇာတ်များ ပါဝင်သည်။ ကုန်းဘောင်ခေတ်တွင် ရွှေတောင်နန္ဒသူရေးဖွဲ့သော ငွေတောင်ရကန်မှာ သုခနုကုမာရဇာတ်ကို ဖွဲ့သော ရကန်ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် ဂူကြီး ဆရာတော်သည် ဇင်းမယ်ပဏ္ဏာသကို 'လောကီပဏ္ဏာသဇာတ်နိဿယ'အမည်ဖြင့် နိဿယပြန်ဆိုခဲ့သည်။ ကိုလိုနီခေတ် ၁၉၁၁ ခုနှစ်တွင် ဦးနတ်သားအမည်ခံ ဦးထွန်းဖေက 'ဇင်းမယ် ပဏ္ဏာသ စကားပြေကျမ်း'ဟူ၍ စကားပြေသက်သက်ဖြင့် ပြန်ဆိုခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် မန္တလာဦးကေလာသ၏ ဇင်းမယ်ပဏ္ဏာသနိပါတ်ဇာတ်တော်ကြီး ပထမတွဲပေါ်ထွက်ခဲ့ရာ ဇာတ်ဆယ်ဇာတ်ပါဝင်သည်။ ထိုဆရာတော်သည်ပင် သုခနုကုမာရဇာတ်ကို 'ဒွေးမယ်နော်ခေါ် သုခနုဇာတ်တော်ကြီး'အမည်ဖြင့် ပြန်ဆိုခဲ့သေးသည်။ လောကဓာတ်ဆရာကြီး ဦးမောင်မောင်ကလည်း သုခနုကုမာရဇာတ်ကို 'နန့်နောင်းခါရီ မန်းသူခနုတ်ခေါ် ဒွေးမယ်နော် သုခနုနန်းတွင်းဇာတ်တော်ကြီး ဝတ္ထု'ဟူ၍ ရေးသားခဲ့သည်။ ဆရာကြီးဦးသော်ဇင်ကလည်း ဇာတ်ငါးဆယ်လုံးကို အကျဉ်းချုပ်၍ 'ဇင်းမယ်ပြန်'အမည်ဖြင့် ပြန်ဆိုခဲ့သည်။ ၁၉ဖဝ ခုနှစ်တွင် ဦးကြီးခင်နှင့် ဦးမြင့်ဆွေတို့ မြန်မာပြန်ဆိုသော ဇင်းမယ်ပဏ္ဏာသ နိပါတ်ဝတ္ထုတော်ကြီးနှင့် ဇင်းမယ်ပဏ္ဏာသစစ်တမ်း ပထမတွဲတွင် ဇာတ် ၂၀ ပါဝင်သည်။ ၁၉စဝ ခုနှစ်တွင် ဓမ္မာစရိယ ဦးထွန်းသိန်း မြန်မာပြန်ဆိုသော ဇင်းမယ်ဝတ္ထုတော်ကြီး ပထမတွဲ၊ ဒုတိယတွဲပေါ်ထွက်လာရာ ဇာတ်ငါးဆယ်စလုံးကို ပြည့်ပြည့်စုံစုံ ပြန်ဆိုထားသည်ကို တွေ့ရသည်။

ဇင်းမယ်ပဏ္ဏာသကို အခြေပြု၍ ပျို့၊ ဝတ္ထု၊ ပြဇာတ်စသည်ဖြင့် စာပေအမျိုးမျိုးပေါ်ထွန်းခဲ့ရာ သုခနုဒွေးမယ်နော်ဇာတ်သည် လူသိအများဆုံး၊ အထင်ရှားဆုံး ဇာတ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

စာကိုးပြုရန်

ဦးကြီးခင်နှင့် ဦးမြင့်ဆွေ–ဇင်းမယ်ပဏ္ဏာသ
နိပါတ်ဝတ္ထုတော်ကြီးနှင့် ဇင်းမယ်ပဏ္ဏာသ စစ်တမ်း(ပထမတွဲ)၊
ကြီးကျော်–ငွေတောင်၊
ဆန်းထွန်း(မန်းတက္ကသိုလ်)–စာပေဘာသာ၊
ဓမ္မာစရိယ ဦးထွန်းသိန်း–ဇင်းမယ်ဝတ္ထုတော်ကြီး
(ပထမတွဲ၊ ဒုတိယတွဲ)။

ကရကျောရွှေငင်း
၂၀၀၂၊ နိုဝင်ဘာ (၂၁၃)

http://www.cherrythitsar.org

အင်းဝခေတ်စကားပြေမှတ်တိုင်နှစ်တိုင်

ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော်၊ တစ်နည်းဆိုရလျှင် အင်းဝခေတ်၏ စကားပြေမှတ်တိုင်နှစ်တိုင်။ မှန်ပါသည်။ ထိုကျမ်းနှစ်ကျမ်းသည် မြန်မာစကားပြေလမ်းကြောင်းတွင် အရေးပါသော မှတ်တိုင်များအဖြစ် ပညာရှင်အစဉ်အဆက် အလေးအမြတ် ဖော်ညွှန်းရသောကျမ်းများဖြစ်သည်။

ကဗျာလင်္ကာထွန်းကားပြီး စကားပြေအင်အားနည်းသော အင်းဝခေတ်တွင် ထိုမှတ်တိုင်ကြီးနှစ်တိုင်၏ သွင်ပြင်သည် ပို၍ပင် ထည်ထည်ဝါဝါ ရှိလှသည်။

ထိုမျှမကသေးပါ။

ထိုကျမ်းနှစ်ကျမ်းတွင်တူသော ဂုဏ်ထူးဝိသေသများလည်း ရှိပါသေးသည်။ ပါရာယနဝတ္ထုသည် ရှင်မဟာသီလဝံသ၏ လက်ရာဖြစ်သည့်နည်းတူ ရာဇဝင်ကျော်သည်လည်း ရှင်မဟာသီလဝံသ၏ လက်ရာပင်ဖြစ်သည်။ ထို့ကြောင့် ပြုစုသူ ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ခြင်းဟူသော ဂုဏ်ထူးဝိသေသရှိသည်။

တစ်ဖန် ပါရာယနဝတ္ထုသည် ယနေ့အထိ တွေ့ရသမျှတွင် အဟောင်းဆုံး မြန်မာစကားပြေဝတ္ထုဖြစ်သကဲ့သို့ ရာဇဝင်ကျော်သည်လည်း ယနေ့အထိ တွေ့ရသမျှတွင် အဟောင်းဆုံး မြန်မာရာဇဝင်ကျမ်းဖြစ်သည်။ ထို့ကြောင့် အဟောင်းဆုံးဟူသော ဂုဏ်ထူးဝိသေသချင်းလည်း တူကြသည်။

ပါရာယနဝတ္ထုသည် မြန်မာသက္ကရာဇ် ၈ဖိုး–ခု၊ ခရစ်နှစ် ၁၅၀၁ ခုတွင် ပြုစုပြီးစီးသော ဝတ္ထုဖြစ်သည်။ သံသရာတစ်ဖက်ကမ်းသို့ ရောက်ရာ ရောက်ကြောင်းခရီးဟု အဓိပ္ပာယ်ရသော ပါရာယနသုတ်ကို အခြေပြု၍ ရေးဖွဲ့သည်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော စံပြုဖွယ် ပုဂ္ဂိုလ်ရှစ်ဦးအကြောင်း ဖြစ်သည်။

---

http://www.cherrythitsar.org

ရာဇဝင်ကျော်သည် မြန်မာသက္ကရာဇ် ၈၈၂ ခု၊ ခရစ်နှစ် ၁၅၂၀တွင် ပြုစုပြီးစီးသော ကျမ်းဖြစ်သည်။ ရှင်မဟာသီလဝံသက 'မဟာသမ္မတဝံသကျမ်း' ဟုအမည်ပေးခဲ့သော်လည်း နောင်းခေတ်တွင် ရာဇဝင်ကျော်ဟု အမည်တွင်သည်။ မဟာသမ္မတမင်းကစ၍ မြန်မာမင်းဆက် အင်းဝရွှေနန်းကြော့ရှင်အထိ ပါဝင်သည်။ မဟာဝံသ၊ ဒီပဝံသပါဠိတို့ကို မြန်မာပြန်သည့်အပိုင်းကများပြီး မြန်မာမင်းဆက်ကိုမူ အကျဉ်းမျှသာ ဖော်ပြသည်။

ထိုကျမ်းနှစ်ကျမ်း၏ ဂုဏ်ကို ပညာရှင်တို့ ဖော်ထုတ်ပြခဲ့ကြဖူးပါပြီ။ ဤဆောင်းပါးတွင်မူ ထိုကျမ်းနှစ်ကျမ်းကို 'စကားပြေမှတ်တိုင်များ'အဖြစ် ရှုမြင်လျက် စကားပြေအရေးအသားကောင်းမွန်ပုံကိုသာ အားပြုတင်ပြလိုပါသည်။ ပါရာယနဝတ္ထုလာ အောက်ပါအဖွဲ့ကလေးကို ကြည့်ပါ။

ငါလည်း ငါ့သားကို ချစ်၏။ သူလည်း သူ့သားကို ချစ်၏။ သားထက်ကား ငါ့ကိုယ်ကို ငါချစ်စွာခဲ့၊ ငါ့သားနှင့် ငါ့ကိုတွင်သော် ငါ့သားကို ပေး၍ ငါ့ကို စောင့်ဘိဦး။

အာဠာဝကမင်းကြီးက အာဠာဝက ဘီလူးအား တစ်နေ့လျှင် ထမင်းအိုးတစ်အိုးနှင့် လူတစ်ယောက်ပေးမည်ဟု ကတိခံခဲ့သည့်အတိုင်း နေ့စဉ်ပေးနေရာမှာ သူ့သားကို ဘီလူးအစာအဖြစ် ပေးရမည့် အလှည့်သို့ ရောက်လာသောအခါ ပြောသည့်စကားဖြစ်သည်။ ပထမဆုံး မိဘက သားသမီးကိုချစ်ပုံချင်းတူပုံကို ဝါကျနှစ်ကြောင်းဖြင့် ယှဉ်ပြသည်။ ထို့နောက်တစ်ဆင့်တက်၍ 'ကိုယ့်ကိုယ်'နှင့် 'ကိုယ့်သား'ကို ချစ်ပုံချင်း ယှဉ်ပြပြန်သည်။ ထိုအခါ 'ကိုယ်မချိ အမိသော်လည်း သားတော်ခဲ' 'ကမ္ဘာမီးလောင်သားကောင်ချနင်း'ဟူသော 'အတ္တ'သဘောပေါ်လာသည်။ ဘီလူးထံ အသက်စွန့်ရမည့် အရေးနှင့်ကြုံလာသောအခါ သူ့သားကိုသာ အလျင်ပေးလိုက်ပြီး သူ့ကို ခဏစောင့်ပါဦးဟု ပြောလိုက်သော အာဠာဝကမင်းကြီး၏ အတ္တသဘောကို ဝါကျလေးကြောင်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် မြှင့်ပြီးပြောသွားပုံမှာ ထိထိမိမိရှိလှပါပေသည်။ ရာဇဝင်ကျော်လာ အဖွဲ့ကလေးတစ်ခုကိုလည်း ကြည့်ပါဦး။

သူရဲဟူတုံ့လျက် (၁)သူ့စစ်သည်လာ၍ ခြောင်းခြောင်းတက်သော မြှားမှန့်ကိုမြင်ကတည်း ကြောက်လန့်ထိတ်လန့်လျက် တုန်လှုပ်သောသူလည်းတစ်ယောက်၊ (၂)ထိုမျှ၌ ခံချိန်ိုင်တုံ၍ ရဲတံခွန်များကို မြင်ကာမျှလျှင် ကြောက်လန့်တုန်လှုပ်သော သူလည်းတစ်ယောက်၊ (၃)ထိုမျှနှစ်ပါးကို မြင်သောအခါ ခံချိတုံ၍ သူ့စစ်သည်တို့ ခြိမ်းမောင်းသံကိုမျှ မခံချိသော သူလည်းတစ်ယောက်၊ (၄)ထိုမျှသုံးပါးကို ခံချိန်ိုင်တုံ၍ လေးမြားဓားလှံတရှည်စူးရှတာကို မခံချိသော သူလည်း တစ်ယောက်၊ (၅)ထိုမျှလေးကြိမ်၌ မတုန်မလှုပ် ခံချိန်ိုင်တုံ၍

http://www.cherrythitsar.org

သူရဲကသာ အသက်ကို စွန့်မြဲ၊ သူရဲဟူလျက် အသက်ကို ချစ်ဖွယ်မဟု၊ အသက်ကို ချစ်သောသူလည်း သူရဲမူဖွယ်မဟုဟူ၍ ထိုသို့သော အမှုကို ဖျောက်ခွင်းနိုင်သောသူလည်း တစ်ယောက်၊ ဤငါးယောက်တို့တွင် နှောင်းတစ်ယောက်သာလျှင် သူရဲလက္ခဏာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော သူရဲကြီးမည်သတည်း။

သူရဲကောင်း၏ သဘောကို ပြရာတွင် (၁)ရန်သူစစ်ချီလာ၍ မြို့မှုန်ထသည်ကို မြင်ရုံနှင့်ကြောက်သူ၊ (၂)ရဲတံခွန်များကို မြင်ရုံနှင့်ကြောက်သူ၊ (၃)ခြိမ်းမောင်းသံကြားရုံနှင့်ကြောက်သူ၊ (၄)လက်နက်စူးရှသည်ကို မခံနိုင်ဘဲကြောက်သူ၊ (၅)ထိုအရာအားလုံးကို ခံနိုင်ရည်ရှိပြီး အသက်စွန့်ဝံ့သူဟူ၍ တစ်ဆင့်ပြီးတစ်ဆင့်မြှင့်၍ မြှင့်၍ ပြလာပြီးနောက်ဆုံး ပုဂ္ဂိုလ်မျိုးမှ သူရဲကောင်းပီသကြောင်း ပြောပြပုံမှာလည်း ထိထိမိမိရှိလှပါသည်။

စာဖတ်သူအား တစ်ဆင့်ပြီးတစ်ဆင့် ဆွဲဆောင်လာပြီးမှ အဓိကအချက်ကို စွဲသွားအောင် ပြလိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အရေးအကြီးဆုံးအချက်ကို နောက်ဆုံးကျမှ ထင်းခနဲ ပြလိုက်ခြင်းဖြင့် ပို၍ လေးနက်သွားအောင် ပြုခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

စာဖတ်သူအား တစ်ဆင့်ပြီးတစ်ဆင့် ဆွဲဆောင်လာပြီးမှ အဓိကအချက်ကို စွဲသွားအောင် ပြလိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အရေးအကြီးဆုံးအချက်ကို နောက်ဆုံးကျမှ ထင်းခနဲ ပြလိုက်ခြင်းဖြင့် ပို၍ လေးနက်သွားအောင် ပြုခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤသို့သော ဂုဏ်များနှင့် ပြည့်စုံသော စကားပြေကျမ်းနှစ်ကျမ်းတွင် စကားသုံးနှုန်းရာ၌ သူ့ခေတ်သူ့အခါ အလျောက် အသုံးတွင်သော စကားများကို သူ့ခေတ်၏ သွင်ပြင်အမူအရာအဖြစ် တစ်စေ့တစ်စောင်းတွေ့ရသည်။

–သူတို့ခူးသော ထမင်းအရသာကို **"သာလကာ"**စားရ၏။

(မပင်မပန်း လွယ်လွယ်ကူကူ စားရ၏)

–အာဌာဝက ဘီလူး **'ကျောက်ချင်း'**ထ၍

(အလျင်အမြန်ထ၍)

–**"စာတီ"**ဝယ် တံမြက်လှည်းဖူးသော သူကား

(စေတီဝယ် တံမြက်လှည်းဖူးသော သူကား)

–ရဟန်းသံဃာတို့ကို စောင့်ရှောက် **"သိမ်းပကား"**သည်လည်းတစ်ပါး(ရဟန်းသံဃာတို့ကို စောင့်ရှောက်သိမ်းပိုက်သည်လည်း တစ်ပါး)စသည်တို့ဖြစ်သည်။

'သာလကာ၊ ကျောက်ချင်း၊ စာတီ၊ သိမ်းပကား'တို့သည် ယခုခေတ်

http://www.cherrythitsar.org

တွင် အသုံးတိမ်သွားပြီဖြစ်သော ထိုခေတ်သုံး စကားများဖြစ်သည်။

ယခုခေတ်တွင် သုံးနေသေးသော်လည်း သုံးပုံချင်း ကွဲပြားနေပြီဖြစ်သော စကားများကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရပါသေးသည်။

–သီရိဝမုနလည်း ငါရဟန်းမပြုတတ်အားခဲ့၊ ငါ့**ခင်ပွန်း**လျှင် ရဟန်းပြုလေကာမူဟူ၏။

–သီတင်းသုံးချင်းတို့အား နှစ်ပါးသော **သင်ဂြိုဟ်**ခြင်းဖြင့် သင်ဂြိုဟ်တော်မူသော အရှင်သာရိပုတ္တရာ၏ ကျင့်ဝတ်အခန်းတော်ကား

ဤပုံစံနှစ်ခုတွင် 'ခင်ပွန်းကို''မိတ်ဆွေ'ဟူသော အဓိပ္ပာယ်ဖြင့် သုံးထားပါသည်။ ယခုခေတ်တွင်မူ မိတ်ဆွေဟုဆိုလိုလျှင် 'အဆွေခင်ပွန်း'ဟု တွဲသုံးမှ အဓိပ္ပာယ်ပေါ်တော့သည်။ 'ခင်ပွန်း'ဟု တစ်လုံးတည်းသုံးလျှင် 'လင်သား' ဟူသော အဓိပ္ပာယ်ကိုသာ အများနားလည်နေကြပေပြီ။ ထို့အတူ (သင်ဂြိုဟ်)ကို လည်း 'ထောက်ပံ့သည်'ဟူသော အဓိပ္ပာယ်ဖြင့် သုံးထားခြင်းဖြစ်သည်။ ယခုခေတ်တွင်မူ 'သင်ဂြိုဟ်သည်ဆိုလျှင်(နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ထောက်ပံ့သည့် သဘောဖြင့်) အလောင်းကို မီးရှို့သည်ဟု နားလည်နေကြပေပြီ။ တဖြည်းဖြည်း အသုံးခြားနားလာခြင်းပင်ဖြစ်ပါသည်။ ထို့အတူ ရာဇဝင်ကျော်မှ

–ပြည်ထဲ **စီးပွား**ရာသော အကျင့်ခုနစ်ပါးကား–

–အဟောင်းအတိုင်းကျင့်သော မင်းလက်ထက်သာလျှင် 'ပြည်ထဲ**စီးပွား**၏'ဟူသော ပုံစံများတွင် 'စီးပွား'ကို ကြိယာအဖြစ် သုံးထားကြောင်း တွေ့ရသည်။ ယခုခေတ်တွင်မူ 'စီးပွား'ဆိုလျှင် နာမ်ဟုသာ သိနေကြပေပြီ။ ခေတ်အလျှောက် အသုံးပြောင်းလာခြင်းဖြစ်ပါသည်။ ထို့ပြင် ရာဇဝင်ကျော်၌ အကြိမ်ကြိမ်တွေ့ရသော '**ဘုရားရှင်** မင်းတရားကြီး'ဟူသော အသုံးအနှုန်းကလည်း နောင်တစ်ခေတ်တွင် 'ဘုရားရှင်'မှ 'ဘုရင်'သို့ပြောင်းလဲရွှေ့လျောလာမည့် ဖြစ်စဉ်ကို အရင်းအမြစ်အဖြစ် သက်သေပြနေသကဲ့သို့ ရှိပါသည်။ စကားသုံးနှုန်းရာတွင် **လှစ်**၍ (ဖွင့်လှစ်၍)၊ **မြစ်**၏(တားမြစ်၏)၊ **သက်**၍ (ဆင်းသက်၍)၊ **ဗျစ်**၍(ဗျစ်ညှစ်၍)၊ **နာ**သော(နာခံသော)စသည်ဖြင့် ကြိယာတစ်လုံးတွင် စူးခနဲ ရှခနဲ ပြိုးပြိုးပြက်ပြက် သုံးပုံများ တွေ့ရသည့်နည်းတူ '**ကောင်းယဉ်စေ၏**(ကောင်းမွန်ယဉ်ကျေးစေ၏)၊ **အလှကျော်**၏ (အလှသတင်းကျော်ကြားဏ)၊ **အသွားပန်**၏ (သွားမည်ပန်ကြားဏ။)၊ **ကြားနှံ့လေ**၏ (အနှံ့ကြားသိလေ၏)စသည်ဖြင့် စကားလုံးနည်းနည်းနှင့် အဓိပ္ပာယ်တာသွားအောင် ကျစ်ကျစ်လျစ်လျစ်တွဲသုံးပုံများကိုလည်း နှစ်သက်ဖွယ်တွေ့ရပါသည်။ ဝါကျဖွဲ့ရာတွင် 'တောင်းပြန် **တုံ့တုံ**တောင်းလတ်တည်း'(အကြိမ်ကြိမ်တောင်းကြောင်းပြ)၊ နတ်ပြည်**သို့**ဖြစ်လေ၏(နတ်ပြည်မှာ ဖြစ်ကြောင်းပြ)၊ စသည်ဖြင့် ယခုခေတ်နှင့်

http://www.cherrythitsar.org

မတူသော ဝါကျဖွဲ့ဟန်များကို ထိုခေတ်သွင်ပြင် ဟန်ပန်အဖြစ် တွေ့ရသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ဝါကျဖွဲ့ဟန် ရှင်းလင်းပြေပြစ်ပြီး ဖတ်ချင်စဖွယ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပါရာယနဝတ္ထုလာ–

–ထိုအခါ၌ အရှင်သာရိပုတ္တရာကား တစ်နေ့တွင်သော် အသပြာငွေအတိ ဆယ်တင်းဝင်၍ ဆယ်တင်းအသုံးအစွဲထုတ်သော ပုဏ္ဏားအမျိုး၌ ဖြစ်၍ 'သရဒလုလင်'ဟုအမည်တွင်၏ အရှင်မောဂ္ဂလာန်ကား တစ်နေ့တွင်သော် အသပြာငါးတင်းဝင်၍ ငါးတင်းအသုံးအစွဲထုတ်သော အသည်သူကြွယ်မျိုး၌ဖြစ်၍ 'သီရိဝမုနသူကြွယ်'ဟု အမည်တွင်၏

ဟူသော အဖွဲ့ကိုကြည့်လျှင် ရှင်သာရိပုတ္တရာလောင်းနှင့် ရှင်မောဂ္ဂလာန်လောင်းတို့ အခြေအနေချင်းတူပုံကို ဝါကျ နှစ်ကြောင်းဖြင့် ဟန်ချက်ညီညီ ဖွဲ့ထားပုံကို နှစ်သက်ဖွယ်တွေ့နိုင်ပါသည်။ သဘောတူအကြောင်းအရာနှစ်မျိုးကို ပုံစံတူဝါကျနှစ်ကြောင်း၌ ဖွဲ့ခြင်းဖြင့် စာဖတ်သူ၏ အာရုံကို ပို၍ ဆွဲဆောင်နိုင်ပြီး ဖတ်ချင်စဖွယ် ဖြစ်ရသည်ဟု ဆိုနိုင်ပါသည်။ ထို့အတူ ရာဇဝင်ကျော်လာ

–တက္ကသိုလ်ပြည်၌ ပုဏ္ဏားအမျိုးဖြစ်သော ဇောတ္ကပုဏ္ဏားသည်ကား ဗေဒင်သုံးပုံလည်း တတ်စွာ၏ မန္တရားကျမ်း၊ ဆေးကျမ်းအစရှိသည်ကိုလည်း ဆောင်နိုင်၏။ ဥပါယ်တံမျဉ်အကြောင်းအချက်၌လည်း လိမ္မာစွာ၏။ ပဋိဘာန်ပညာလည်း ကျင့်၏။ အထူးထူးသော နီတိကျမ်းဂန်ကိုလည်း ဆောင်နိုင်၏။

စသည်ဖြင့် ဇောတ္ကပုဏ္ဏား၏ အရည်အချင်းများကို တစ်ခုပြီးတစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ဝါကျတိုကလေးများဖြင့် ပြသွားပုံမှာလည်း သွက်သွက်လက်လက်ရှိလှပါသည်။

ဤသို့ဖြင့် အင်းဝခေတ်စကားပြေမှတိုင်ကြီးနှစ်တိုင်ဖြစ်သော၊ စကားပြေအရေးအသားကောင်းမွန်လှသော ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော်တို့သည်ကား ယခုနှစ်ပေါင်းငါးရာနီးပါးရှိသည့်တိုင် မြန်မာစကားပြေလမ်းကြောင်းတွင် မယိမ်းမယိုင်ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေပါသတည်း။

ဒေါ်ဘာရီမဟာစိုး၊
အမှတ် ၃၀၊
ဇရပ်ရပါရီ၊ ၁၉၈၅၊

http://www.cherrythitsar.org

ပန်းချီကားကလေး သုံးချပ်

[၁]

ထူးခြားသည်ဟု ဆိုရမည်လား မသိပါ။

သဘောချင်းတူပြီး အဆင်အသွေး အနုအရင့်သာ ကွာခြားသော ပန်းချီကားကလေးသုံးချပ်ကို နေရာတစ်ခုတည်းတွင် လာတွေ့နေရသည်။ ထို ပန်းချီကားကလေးသုံးချပ်ကို နေရာတစ်နေရာတည်းတွင် လာတွေ့နေရသည်။ ထိုပန်းချီကားကလေးများသည် ပြိုးစရာ သနားစရာ ကြည်နူးစရာဖြစ်ရပ် ကလေးများကို နောက်ခံပြုလျက် လူ့စရိုက် လူ့သဘောကို တစ်စေ့တစ်စောင်း လှစ်ပြနေသော ပန်းချီကားကလေးများဖြစ်ပါသည်။ တွေ့ရသည့် နေရာကတော့ ကျွန်တော်အလွန်သဘောကျပြီး အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရသော 'ရာဇာ ဓိရာဇ်အရေးတော်ပုံကျမ်း'ပင်ဖြစ်ပါသည်။

[၂]

ပထမပန်းချီကားတွင် ပါဝင်သူက နှစ်ဦးသာဖြစ်သည်။ တစ်ဦးက 'ဆင်ဖြူရှင် ဗညားဦး'ဟု အများသိကြသော ဟံသာဝတီဘုရင်မင်းမြတ်။ နောက်တစ်ဦးက ဘုရင်မင်းမြတ်၏ ဆင်တော်ကို ကြီးကြပ်ကွပ်ကဲရသော 'ဆင်ကဲ'ကလေးဖြစ်သည်။ သူတို့နှစ်ဦး၏ နောက်ခံဖြစ်ရပ်ကလေးက စိတ်ဝင်စား ဖွယ်ကောင်းသည်။ တစ်ခါတွင် ဆင်ဖြူရှင်ဗညားဦးသည် ရန်သူနှင့် ရုတ်တ ရက်ကြုံသည့်အတွက် ဆင်မယဉ်သာကို စီးပြီး အမြန်ရှောင်ထွက်ရသည်။ နောက်လိုက်နောက်ပါများက ဘုရင်ကိုမိအောင် မလိုက်နိုင်။ ဆင်ကဲတစ် ယောက်သာ လိုက်၍ မီသည်။ ထိုစဉ် ဆင်မယဉ်သာသည် ရွှံ့ညွန်ထဲ ကျွံနစ် သွားတော့သည်။ ဆက်သွား၍မရတော့။ ထို့ကြောင့် ဆင်ကဲက ရှင်ဘုရင်ကို

http://www.cherrythitsar.org

ကျောပိုးပြီး ခေါ်ခဲ့ရသည်။ ဤဖြစ်ရပ်ကို ဝန်ကြီးဗညားဒလက ရာဇာဓိရာဇ်အရေးတော်ပုံတွင် ဤသို့ သရုပ်ဖော်ရေးဖွဲ့သည်။

ချောင်းငယ်တစ်ခု အကူးတွင် ဆင်မည္ဆန်ကျွံခဲ့လေသောကြောင့် ဆင်ဖြူရှင်ကို ဆင်ကဲကျောက်တွင် ကုန်းပိုးလျက် နုသနာရံတောသို့ ဝင်လာခဲ့၏။ ဆင်ဖြူရှင်လည်း ထိုတောတွင် မြင်တိုင်းသော သစ်သီး သစ်ပွင့်ကို ပဇာသစ်သီး သစ်ပွင့်တို့နည်းဟု မေး၏။ ဆင်ကဲလည်း မည်သည့်သစ်သီး မည်သည့်သစ်ပွင့်ဟု လျှောက်၏။ မေးဖန်များလတ်သော် ဆင်ကဲပင်ပန်းနွမ်းနယ်လှပေပြီ ဖြစ်သောကြောင့် အမျက်ဝင်သဖြင့် နှမလင်သည် ငါ့ကျောက်တွင် စီးလျက် မမေးရာသည်ကို မေးလေသည်။ ငါဆိုခြင်းငှာ မနိုင်ပြီ။ စီးသောဆင်မည္ဆန်တွင် ကျွံခဲ့သောကြောင့် ကျောက်ဖြင့် ပိုးလျက် ငါပြေးလေသဖြင့် ရုန်သူ့လက်မှ ထွက်လွတ်ခဲ့သည်ဟု အမျက်နှင့်ဆို၏။

အဘယ်မျှ ပြုံးစရာကောင်းသော သရုပ်ဖော်ကွက်ကလေးပါနည်း။ ဆင်ကဲက ဘုရင်ကို ကျောပိုးပြီး ရန်သူ့လက်မှ လွတ်အောင်ပြေးရသည်။ကျောပေါ်က လိုက်ရသော ဘုရင်က မပင်ပန်း။ မျက်စိလည်း အားနေသည်။ လမ်းမှာ မြင်မြင်သမျှ သစ်သီးတွေ သစ်ပွင့်တွေကို 'ဘာသီးလဲ ဘာပွင့်လဲ'ဟု သိချင်သည်။

ထို့ကြောင့် ဆင်ကဲကို မြင်မြင်သမျှ လျှောက်မေးသည်။ ပထမတော့ ဆင်ကဲက ဘာသီး ဘာပွင့်ဟူ၍ စိတ်ရှည်လက်ရှည် ဖြေသေးသည်။ နောက်ပိုင်းကျတော့ ဆင်ကဲ စိတ်မရှည်ချင်တော့။ လူတစ်ယောက်လုံး ကျောပိုးထား၍ မောရသည့်အထဲ မေးသမျှ ဖြေနေရ၍ ဒေါသထွက်သွားသည်။ ထို့ကြောင့် ဘုရင်ကို ပြန်ဆဲမိတော့သည်။ ယခုခေတ်စကားနှင့်ပြောသည်ဆိုလျှင် "နှမလင်ကြီးရေ၊ ကျောကုန်းပေါ်ကနေပြီး တွေ့ကရာ မေးမနေနဲ့။ မဖြေနိုင်တော့ဘူး။ စီးတော်ဆင် ရွှံ့ညွန်ထဲကျွံနေတာကို ကျုပ်က ခင်ဗျားကို ကုန်းပိုးပြေးလို့ ရန်သူ့လက်က လွတ်တာဗျ"ဟူသော သဘောမျိုး ဖြစ်ပါလိမ့်မည်။

နောက်လိုက် နောက်ပါများနှင့် ပြန်ဆုံမိပြီး ရန်သူ့နယ်မှ လွတ်မြောက်လာပြီးနောက် ဆင်ဖြူရှင်ဗညားဦးနှင့် နှမတော် မာယာဒေဝီတို့ ပြန်တွေ့ကြပြီး မောင်နှမနှစ်ယောက် ဖက်ငိုကြသည်။ ဗညားဦးက မှူးမတ်အမှူထမ်းများကို စည်းစိမ်မြို့ပြများ ချီးမြှင့်သည်။ အဆဲကောင်းသော ဆင်ကဲကိုမူ ဘာမျှမပေး။ တစ်ယောက်တည်း ချန်ထားသည်။ ဘာကြောင့်မချီးမြှင့်သနည်းဟု မဟာဒေဝီက မေးသောအခါ ဗညားဦးက ဤသို့ဖြေသည်။

သင့်ကျေးဇူးသည် အထူးရှိလေ၏။ သို့သော်လည်း နှမနှင့် ငါ

http://www.cherrythitsar.org

အဆမလျော်စွာဘဲကို အရှက်ကွဲအောင် ဆိုဖူးလေသည်။ သင့်အသက်ကိုမမျှော် လွတ်သည်လည်း သင့်ကျေးဇူးကို ဆပ်သည်မည်တော့သည်။

ဘုရင်ကို နှမနှင့် ကိုင်ဆဲမိသော ဆင်ကဲကို အသက်ချမ်းသာပေးခြင်းသည်ပင်လျှင် ကျေးဇူးဆပ်ခြင်းမည်ကြောင်းဗညားဦးက ပြန်ပြောခြင်းဖြစ်သည်။ ဆင်ကဲခမျာ အဆဲကောင်းမိသည့်အတွက် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရသည်။

ပင်ပန်းနေစဉ် မေးသမျှ ဖြေနေရသည့်အတွက် ရုတ်တရက်ဒေါသထွက်ပြီး ထဆဲမိသော ဆင်ကဲ၏ သဘောစရိုက်ကို စုတ်ချက်ကလေးတစ်ချက် ကောင်းနှစ်ချက်ကောင်းတို့လိုက်သလို လှစ်ခနဲ ပုံဖော်ပြသည့် ဤပန်းချီကားချပ်ကလေးကို နှစ်သက်မိပါသည်။

[၇]

ဒုတိယပန်းချီကားကတော့ အများကြားဖူးနေသည့် 'ဆင်ကဲဘိုးမယ်' ပန်းချီကားဖြစ်ပါသည်။ အင်းဝဘုရင်မင်းခေါင်နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တို့ အင်အားပြိုင်ကြစဉ် မင်းခေါင်၏ မိဖုရားဘိုးမယ်သည် တစ်ခါတွင် ဆင်ပေါ်မှ ကျကျန်ခဲ့သည်။ နောက်ကမီလာသော ဆင်ကဲက ဘိုးမယ်ကို ဆင်နှင့်တင်၍ ခေါ်သည်။ ဆင်ကဲနှင့် ဆင်ဦးစီးတို့က တစ်လမ်းလုံး စောင့်ရှောက်ပြီး မိဖုရားကို ခေါ်ခဲ့ခြင်းဖြစ်သည်။

ရှောင်းအကူးတွင် ဆက်ခက်ကြိုးပြတ်၍ ကလည်လျှင် ဆင်ကကျ၍ရှိတွင် ဆင်ကဲရောက်မလာသည်ကို မြင်၍ ကျွန်တော်မ ခေါ်ပေသည်။ ကြားလျှင် ဆင်ကဲနှင့် ဦးစီးတို့ ချဉ်းပြီးလျှင် ကုန်းလည်စီးကို သက်စေ၍ ဆင်ကတွင် တင်ခဲ့ပါသည်။ ညအိပ်သောအခါ သစ်ပင်ထက်တွင် လင့်ဖွဲ့၍ အိပ်စေသည်။ ဆင်ကဲမှကား ဆင်ဦးတွင် အိပ်သည်။ ထမင်းသုံးနပ်မစား၊ မြန်မာအရပ်သို့ ရောက်မှ စားရသည်။ မြင်းတွေလျှင်လည်း ဆင်ကဲမြင်းစီးသည်။ ရွာသို့ရောက်လျှင်လည်း အိမ်ထက်မှာ အိပ်ရပေသည်။ ဆင်ကဲနှင့် ဦးစီးမြေမှာ အိပ်ပေသည်။ ခရီးအကြာ အရက်နှစ်ဆယ်မှ သည်သို့ရောက်သည်။

နေပြည်တော်ပြန်ရောက်ပြီး မိဖုရားဘိုးမယ်က ဘုရင်မင်းခေါင်ကို လျှောက်ထားသော စကားဖြစ်သည်။ ဆင်ကဲနှင့် ဆင်ဦးစီးတို့ကလည်း ထိုအတိုင်းပင် လျှောက်သည်။ သုံးဦးစကားညီ၍ ဘုရင်မင်းခေါင် ကျေနပ်သွားသည်။ ဆင်ကဲနှင့် ဆင်ဦးစီးတို့ကို ဆုတော်များစွာပေးသည်။

http://www.cherrythitsar.org

သို့သော် ဘုရင်မင်းခေါင်စိတ်ထဲမှာ သက်ာ်မကင်းဖြစ်ပြန်သည့် အတွက်ဆင်ကဲကို ထပ်မေးပြန်သည်။ ဆင်ကဲကလည်း လမ်းမှာ မိဖုရားကို ကယ်ရတော့မည်ဟု သိသိချင်း 'ယခုနေ့ကသည် ငါသေဘေးရောက်တော့သည်၊ မင်းမှတ်ပါ'ဟု ဆင်ဦးစီးကို ပြောမိကြောင်း၊ အကြောင်းမူ မိဖုရားကို မိမိခေါ်မလာဘဲ ထားခဲ့လျှင် ရန်သူမင်းက ရသွားမည်ဖြစ်ကြောင်း၊ မင်းနှစ်ပါး အဆင်ပြေသွား၍ မိဖုရားပြန်ရောက်လာလျှင် မိမိက မိဖုရားကို မခေါ်ဘဲ ထားခဲ့ကြောင်း ဘုရင်သိသွားရာက မိမိနှင့်တကွ ဆွေမျိုးများ အသတ်ခံရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိက မိဖုရားကို ခေါ်လာသောအခါတွင် ဘုရင်က သက်ာ်မကင်းဖြစ်လျှင် မိမိတစ်ယောက်သာ သေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိသေဘေးရောက်သည်ဟု ဆင်ဦးစီးကို ပြောခဲ့ကြောင်း လျှောက်ထားသည်။ ဘုရင်မင်းခေါင် ကျေနပ်သွားပြန်ပြီး "မင်းဆိုသည့် အရေးဟုတ်လှပေ၏။ အမှုးအမတ်ပြီပေ၏"ဟုဆိုကာ လက်စွပ်ချွတ်၍ပင် ဆုပေးပြန်သေးသည်။ ထို့နောက် မည်သို့ ဖြစ်ပြန်ပါသနည်း။ ရာဇာမိရာဇ်အရေးတော်ပုံတွင် ဤသို့ တွေ့ရပါသည်။

နေ့ရက်ရှည်လတ်သော် မိဖုရားကို ချစ်မြတ်နိုးသောကြောင့် ဆင်ကဲကို မြင်တိုင်း နှလုံးမပြေ၊ တုန်တုန်ဟိုက်ဟိုက် ရှိဆောက်မူ၏။ နောက်မိဖုရားနှင့်အတူ နေတော်မူစဉ် မိဖုရားလက်ခ် ကွမ်းခွက်လက်လွတ်၍ ကျလေသည်ကို 'အိုဆင်ကဲ'ဟု လန့်မိန့်ကြားတော်မူသော် ဆင်ကဲနှင့် ချစ်ခင်ဆက်ဆံဖူးသောကြောင့်သာတည်း။ အမည်ကို ထုတ်၍ လန့်တုံ့၏ ရှင့် ဟုဆို၍ ဆင်ကဲကို သတ်လေ၏။

သနားဖွယ်၊ ကြေကွဲဖွယ် သရုပ်ဖော်ကွက်ကလေးဖြစ်ပါသည်။ ဘုရင်က သံသယဝင်နေရသည့်အထဲတွင် မိဖုရားကပါ ယောင်မိမှားသည့်အတွက် 'အို ဆင်ကဲ'ဆိုသော စကားကလေးတစ်ခွန်းကြောင့် ဆင်ကဲခမျာ ဘဝဆုံးရရှာသည်။ ဤ ဆင်ကဲ ဘိုးမယ် ပန်းချီကားချပ်ကလေးကို မြင်ယောင်မိတိုင်း သနားရ၊ ကြေကွဲရသည်နှင့်အမျှ ပန်းချီကားကလေးကို နှစ်သက်မှုလည်း ဖြစ်ရပါသည်။

[၄]

တတိယပန်းချီကားမှာ 'ဆင်လိမ္မာ'ဗကမတ်နှင့် ဆင်ဦးစီးပျံတို့ကို ပုံဖော်ထားသော ပန်းချီကားဖြစ်သည်။ ဗကမတ်သည် ရာဇမိရာဇ်တပ်မှ ဆင်လိမ္မာဖြစ်သည်။ တစ်ခါတွင် ဗကမတ်သည် ရန်သူမင်းရဲကျော်စွာတို့လက်ထဲ ကျရောက်သွားသည်။ ဗကမတ်ကို ရန်သူတို့မသုံးနိုင်အောင်၊ ဗကမတ်မလှုပ်

http://www.cherrythitsar.org

ရှားနိုင်စေရန်အတွက် ဆင်ဖိနပ်ခြေနှစ်ဖက်ကို မယ်နေ(သံချွန်)နှင့် နှက်ပြီး ဖျက်ဆီးထားရန် ရာဇာမိရာဇ်က ဗကမတ်၏ ဦးစီးငပျံကို တိတ်တဆိတ်စေလွှတ်သည်။ ငပျံက ဗကမတ်ကို ကျွေးဖို့ ကြံ့သုံးချောင်းယူသွားသည်။ ဗကမတ်နှင့် ငပျံတို့ တွေ့ဆုံခန်းကို ရာဇာမိရာဇ်အရေးတော်ပုံတွင် ဤသို့ တွေ့ရပါသည်။

ဗကမတ်ချည်သည့် တင်းကုပ်သို့ ဝင်လေသော် ဗကမတ်လေနံ့ယူ၍လိုက်သည်တွင် အထိန်းဟောင်း အနံ့ကို သိ၍ နားမခတ်ဘဲနေ၏။ ငပျံလည်း ကြံ့သုံးချောင်းကို ဗကမတ်သို့ပေး၏။ ယင်းသို့မှ ငပျံဆိုသည်။ "ယခု ငါရောက်လာသည့် အကြောင်းသည် မင်းဖိနပ်ကို မယ်ခနှက်ချေဟု ဘုရင်ရာဇာမိရာဇ်စေတော်မူ၍ ရောက်သည်။ ယခုမင့်ကို ငါမြင်လျှင် မှာတော်မူတိုင်း ငါမပြုနိုင်ပြီ။ မင်းသည် ငါနှင့်မင်းညီနှစ်ယောက် မင်းအမိတို့ကို ချစ်လျှင် နက်ဖြန်ပြန်လာလို့ထွက်၍ တိုက်မည်ပြုသောအခါ မင်းကို ကကြီးတန်ဆာတင်လျှင် အတင်မခံဘဲ တပ်တွင်းမှာ ဆင်မြင်းလူသူတို့ကို လိုက်လံဖော့ဖျက်၍ ငါတို့တပ်သို့ လာခဲ့ပါ။ မင်းလာမှ ငါတို့ အသက်ချမ်းသာမည်"ဟု ငပျံဆိုလျှင် ဗကမတ် လည်ညိတ်၏။ မျက်ရည်လည်း ယို၏။

မျက်ရည်ဝဲလောက်အောင် ကြည်နူးစရာကောင်းသော သရုပ်ဖော်ကွက်ကလေးဖြစ်ပါသည်။ ဆင်လိမ္မာနှင့် ဆင်ဦးစီးတို့၏ အတုံ့အပြန်မေတ္တာသဘောကို ဖော်ကျူးနေသော ပန်းချီကားကလေးပါပေ။ ငပျံ့က သူ့ဆင်ကို အလွန်ချစ်သည်။ ဆင်ဖိနပ်ကို မယ်ခနှက်ပြီး ဖျက်ဆီးရမည့်အလုပ်ကိုမလုပ်ရက်။ သူ့ဆင်နာမှာ စိုးသည်။ ထို့ကြောင့် ညီငယ်တစ်ယောက်ကို ပြောသလို ပြောပြီး မှာသည်။ ဗကမတ်ကလည်း လိမ္မာလှသည်။ သူ့ဦးစီးပြောသည်ကို နားလည်သည်။ ခေါင်းညိတ်ပြသည်။ မျက်ရည်လည်း ကျသည်။ ငပျံက ရာဇာမိရာဇ်၏ အလိုကို ဆန့်ကျင်ပြီး ဤသို့ပြုလုပ်ရခြင်းဖြစ်၍ အသက်ဘေးနီးလှသည်။ ရာဇာမိရာဇ်ကလည်း ဆင်ဖိနပ်ကို မဖျက်ကောင်းလားဟု စိတ်ဆိုးကာ ငပျံ၏ ပါးကို ပုတ်သည်။ "နင်သည် အမိန့်တော်အတိုင်း တည်သော် ငါသူကောင်းပြုမည်ကြံ့သည်။ နင့်ဆင်သည် နင်ဆိုတိုင်း မလာလျှင် နင့်ကို သားမယားနှင့်တကွ မီးတိုက်မည်"ဟု ကြိမ်းဝါးသည်။ သို့သော် ငပျံ့အသက်စွန့်စီမံရကျိုးနပ်ပါသည်။ ဗကမတ်သည် ငပျံ့မှာသည့်အတိုင်း မင်းရဲကျော်စွာ တပ်ထဲမှာဆင်မြင်းလူသူများကို ဖော့နင်းဖျက်ဆီးခဲ့သောကြောင့်ဖြစ်သည်။ ဤပန်းချီကားကလေးကို မြင်ယောင်မိသောအခါတွင် လူနှင့်ဆင်တို့ ညီအစ်ကိုရင်းတမျှချစ်ကြပုံ၊ အပြန်အလှန်ထောက်ထားစာနာကြပုံတို့ကိုနှစ်သက်ကြည်နူးစွာခံစားရပါသည်။

http://www.cherrythitsar.org

[၅]

ထူးခြားသည်ဟု ဆိုရမည်လား မသိပါ။

ပန်းချီကားကလေးသုံးချပ်ဟူ၍ တင်စားဖော်ပြခဲ့သော ဤအဖွဲ့ကလေးသုံးခုစလုံးသည် တိုက်တိုက်ဆိုင်ဆိုင်ဆင်နှင့် ပတ်သက်သည့် အဖွဲ့ကလေးများဖြစ်နေပါသည်။ ဆင်၊ မြင်း၊ ခြေသည်၊ ရထားဟူသော စစ်အင်္ဂါလေးပါးတွင် အရေးပါသော အင်္ဂါတစ်ပါးအဖြစ် ဆင်ကို အသုံးပြုနေသည့် ထိုခေတ်ထိုအခါတွင် ဆင်နှင့်ပတ်သက်နေသော အဖွဲ့ကလေးများကို တွေ့နေရသည်မှာ သဘာဝကျပါသည်။

ပြခဲ့သော ပန်းချီကားကလေး သုံးချပ်တွင် ပထမပန်းချီကားမှာ တစ်ချက်ကောင်း တစ်ကွက်ကောင်းတို့လိုက်သည့် ပန်းချီကားကလေးဟု ဆိုရပါလိမ့်မည်။ ဆင်ကဲ၏ အဆဲစကားလေးတစ်ခွန်းမျှ သူ့စရိုက်ကို လှစ်ခနဲ ပြသောကြောင့်ဖြစ်ပါသည်။ ဒုတိယပန်းချီကားမှာမူ ကြေကွဲဖွယ် နောက်ခံဖြစ်ရပ်ကလေးနှင့် ဆက်စပ်နေသည့်အတွက် ပို၍ စုတ်ချက်များသည်ဟု ဆိုနိုင်ကောင်းပါသည်။ ဆင်ကဲ၏ စကား၊ ဘိုးမယ်၏ စကားတို့ဖြင့် လူ့သဘော လူ့သဘာဝကို ဖော်ပြသောကြောင့်ဖြစ်ပါသည်။ တတိယပန်းချီကားမှာမူကား ဆင်နှင့်လူသားတို့၏ အတုံ့အပြန်မေတ္တာသဘောကို ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် ပုံဖော်ခြင်းဖြစ်သည့်အတွက် ပို၍ အဆင်အသွေးပေါ်ပါသည်။ သရုပ်ဖော်ချက်ကို လိုက်၍ အဆင်အသွေးအနုအရင့် ကွဲပြားသော အဖွဲ့ကောင်းကလေးများဖြစ်ပါသည်။ လူ့သဘောလူ့စရိုက်ကို ဂရုပြုပါစေသော ရသမြောက်အဖွဲ့ကောင်းကလေးများဖြစ်သည်ဟူ၍သာ ဆိုနိုင်ပါတော့သည်။

ဖုန်ခွယ်ထော်
အမှတ် ၅၅၊
နီဝင်ဘာ ၊ ၁၉၈၉၊

http://www.cherrythitsar.org

ရှေးပြာတော်စာပေသည် စကားပြေလော

[၁]

ရှေးပြာတော်စာပေသည် စကားပြေလော။

ရှေးပြာတော်စာပေများကို ဖတ်ရှုလေ့လာရသည့်အခါတိုင်းတွင် အထက်ပါမေးခွန်းသည် ကျွန်တော့်ဦးခေါင်းထဲသို့ ရောက်လာမြဲဖြစ်ပါသည်။ ဤမေးခွန်းနှင့်အတူ စိတ်ထဲမှာ ဘဝင်မကျသည့် ခံစားမှုမျိုးလည်း ပေါ်လာတတ်မြဲ ဖြစ်ပါသည်။

'ရှေးပြာတော်စာပေ'ဆိုရာ၌ ညောင်ရမ်းခေတ်တွင် ပေါ်ပေါက်သော ဝန်ကြီးပဒေသရာဇာ၏ 'မဏိကက်'ပြာတော်မှစ၍ ကုန်းဘောင်ခေတ်တွင် ဦးကြင်ဥ၊ ဦးပုညစသည့် ပြာတော်ဆရာများရေးသားခဲ့ကြသော ပြာတော်များနှင့် ထိုပြာတော်များ၏ ပုံစံကို ယူပြီးရေးသားသော ပြာတော်များကို ဆိုလိုခြင်းဖြစ်ပါသည်။

ရှေးပြာတော်များကို စကားပြေစာရင်းတွင် သွင်းလေ့ရှိကြပါသည်။ ကျောင်းများ၊ တက္ကသိုလ်များတွင် ပြာတော်သင်ကြားရာ၌ စကားပြေအဖြစ် သတ်မှတ်သင်ကြားလေ့ရှိကြပါသည်။ ပြာတော်စာပေ အရေးအဖွဲ့တွင် ကာရန်များပါနေသည့်အတွက် 'ကာရန်ဖောက်စကားပြေ'၊ 'လက်ာစပ်စကားပြေ'စသည်ဖြင့် ခေါ်လေ့ရှိကြပါသည်။

ဤသို့အားဖြင့် ရှေးပြာတော်စာပေကို စကားပြေအဖြစ် သတ်မှတ်ကြသော်လည်း ထိုသတ်မှတ်ချက်တွင် ဘဝင်မကျစရာများ တွေ့ရသည်ကား အမှန်ပင်ဖြစ်ပါသည်။

http://www.cherrythitsar.org

[၂]

ကဗျာအဖြစ် စာရင်းသွင်းကြသော 'ရကန်'နှင့် 'သာချင်း'အရေးအဖွဲ့များကို စကားပြေအဖြစ် စာရင်းသွင်းကြသော 'ပြဇာတ်'အရေးအဖွဲ့နှင့် ယှဉ်ကြည့်လျှင် ကာရန်အသွားအလာချင်း မကွာကြောင်း တွေ့နိုင်ပါသည်။ သာဓက ဆောင်ပါမည်။

– ခုကာလ လွှသမားမှ၊ လွှနားရိုက်ကို၊ ပုရပိုက်တစ်ဆူ၊ ကုံကူတစ်တံနှင့်၊ ရကန်နောက်ပေါ်၊ မနော်ကာရန်၊ လုပ်ပြန်ကာမျှ မကသေးဘူး၊ ဘယ်သူ့လုပ်စာ၊ ဘယ်မြို့ရွာက၊ ဆရာ ကိုဘယ်သူ၊ မွန်းဖြူ မွန်းနီ၊ သူစီသည့် စာကို၊ ယှဉ်လှာလျှင် ရိုင်း၊ တိုင်းလှာလျှင် ပျောက်ကရော့မည်၊ အမောက်အချိပ်၊ အနှိပ်အနယ်၊ စွယ်ရောင် ချိုဝါ။ ပါပြန်သည် အထူးထူးနှင့်။

(ရွှေတောင်နန္ဒသူ။ မွေ့နန်းရကန်)

– လျင်မြန် ထုတ်ချောက်၊ ရွှေနန်းတွင်းသို့ ချက်ချင်းရောက်က၊ သုံးယောက်လုံးမှ၊ ရှေ့ဆုံးအလျင်၊ ရောက်လေလျှင်သော်၊ ဘုရင်ရန်နင်း၊ သထုံမင်းမှ၊ ကြိုင်ရွှင်းပျံ့မွှေး၊ မင်းသုံးပါးကို ပွားမေတ္တာဝင်၊ သောကြောင့် ပင်မှ၊ ငွေလင်ပန်းနှင့်၊ ပွဲလမ်းကျင်းရ၊ ထမင်းကျွေး၏ ။

(ဦးအောင်ဖြိုး။ ကျန်စစ်သားကြုတ်ဖွင့်သာချင်း)

– ကမ္ဘာတည်ဦး၊ ပကတူးက၊ ဘီလူးထောင်တည်၊ ဒေဝကုမ္ဘန်၊ နောက်ထပ်စံသည့်၊ နိုင်ငံပြည်သည်၊ စည်ပင်ပါမှ၊ လေးမျက်နှာပတ်ခြံ၊ ကျုံးတစ်ထပ်ရံ၊ ခိုနန်းမြှောင့်အချိုး၊ သံတံတိုင်း မြို့ရိုးနှင့်၊ ဖြိုးရှိသာလျှံရော့။

(ဦးကြင်ဥ။ ဒေဝကုမ္ဘန် ပြဇာတ်)

– သမုဒ္ဒရာ၊ ကမ်းယံက လာခဲ့၊ ကန္ဓာ ကွန်းထောက်၊ မော်စွန်းကွယ်၊ ကျွန်းလယ်သို့ ရောက်ကပြီထင့်၊ နှင်းသောက်တဲ့ မြိုင်၊ ညှာသွယ် ဆင့်တန်း၊ နှာမည်ဖြင့် ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့ သိမိုင်တတ်ပြီ၊ မင့်တချို့ ငုံတချို့နှင့်၊ မှုံလို့စီ၊ ရာသီလင့်ဟန်ရှိကြတယ်။

(ဦးပုည၊ ဝိဇယပြဇာတ်)

ယခုပြခဲ့သော သာဓကများကို ယှဉ်ကြည့်ရုံနှင့်ပင် ကာရန်ယူပုံချင်း မကွာလှကြောင်း တွေ့နိုင်ပါသည်။ ကာရန်ကို အပိုဒ်မခြားဘဲ တစ်ဆက်တည်း ယူလိုက်၊ အပိုဒ်ခြားပြီး ခွာ၍ ယူလိုက်နှင့် ရေးဖွဲ့သွားပုံမှာ အတူတူပင်ဖြစ်ပါသည်။

သို့ဆိုလျှင် ရေးဖွဲ့ပုံချင်းတူပါလျက် အဘယ်ကြောင့် ရကန်နှင့် သာချင်းက ကဗျာဖြစ်ပြီး ပြဇာတ်က စကားပြေဖြစ်နေရပါသနည်း။

http://www.cherrythitsar.org

[၇]

ရှေးပြဇာတ်စာပေကို စကားပြေထဲသွင်းဖို့ ဘဝမကျဖြစ်မိသည့်အတွက် ပြဇာတ်နှင့် ပတ်သက်သည့် အဆိုအမိန့်များကို လေ့လာစူးစမ်းကြည့်မိပါသည်။

ဆရာကြီး ဦးသော်ဇင်၏ 'ပြဇာတ်ကထာ'ဟူသော စာအုပ်တွင် ဤသို့တွေ့ရပါသည်။

ကာဗျေသု နာဋ္ဌကံ ရမ္မံ

ကာဗျေသု၊ ကဗျာတို့တွင် နာဋ္ဌကံ၊ ပြဇာတ်သည်၊ ရမ္မံ၊ မွေ့လျော်ဖွယ်ကောင်း၏။

ကဗျာမှာ နားထောင်ရသော သဝနကဗျာနှင့် ကြည့်ရသော ဒိဿကဗျာဟု နှစ်မျိုးရှိ၏။ အသံကာရန်တို့ဖြင့် ဖွဲ့ဆိုရသော ဂီတကဗျာများသည် နားထောင်ရသော (၀၊) ဖတ်ရှုရသော သဝနကဗျာ မည်၏။ ကြည့်ရသောကဗျာကို ဒိဿကဗျာဟု ခေါ်၏။ ယင်းကဗျာများမှာ ပြဇာတ်တည်း။ ပြဇာတ်ကို ဒိဿကဗျာဟု ခေါ်၏။

ရှေးဟောင်း သက္ကတ ပြဇာတ်များအကြောင်းနှင့် ဆက်စပ်၍ ဆရာကြီးက ဤသို့ မိန့်ဆိုထားခြင်းဖြစ်ပါသည်။

ထို့အတူ ရှေးဟောင်း ဂရိပြဇာတ်များကစ၍ ရှိတ်စပီးယား၏ ပြဇာတ်များစသည်တို့၏ အရေးအဖွဲ့များသည်လည်း ကဗျာဘက်သို့ အားပြုလျက်ရှိကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်ကို တွေ့ရပါသည်။

မြန်မာကဗျာဖွဲ့နည်းကျမ်းတစ်ကျမ်းဖြစ်သော ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင် ကဗျာဟူသော မူလပင်မမှ လက်ံာ(၁၄)မျိုးနှင့် သီချင်း(၂၂)မျိုးဖြာထွက်လာပုံကို ပြရာ၌ သီချင်း(၂၂)မျိုးထဲတွင် 'ဇာတ်စကားစပ်ပုံ'ကို အမျိုးအစားတစ်ခုအဖြစ် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ပြဇာတ်စကားအရေးအဖွဲ့သည် ကဗျာဖြစ်ကြောင်း ဖော်ပြနေသော သာဓကတစ်ခုဖြစ်ပါသည်။ ထို့အတူ ဓမ္မာစရိယဦးထွန်းရွှေ၏ 'ကဗျာစွယ်စုံကျမ်းကြီး'တွင်လည်း ကဗျာဖွဲ့နည်း အမျိုးမျိုးပြရာ၌ 'ပြဇာတ်စကားရေးနည်း'ကို ကဗျာဖွဲ့နည်းတစ်မျိုးအဖြစ်ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤအထောက်အထားများအရ ရှေးပြဇာတ်စာပေကို ကဗျာစာရင်းထဲသွင်းရန်ရှိပါသည်။

http://www.cherrythitsar.org

[၄]

ခေတ်ပညာရှင်များ၏ အဆိုအမိန့်များကို လေ့လာကြည့်သောအခါ ဆရာကြီးဒေါက်တာလှဘေ၏ အဆိုအမိန့်တစ်ခုကို တွေ့ရပါသည်။

ဆရာကြီးသည် လန်ဒန်တက္ကသိုလ် အရှေ့ပိုင်းနှင့် အာဖရိက ပညာလေ့လာရေး သိပ္ပံကျောင်းတွင် မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်ရင်း အနောက်နိုင်ငံသားများအား မြန်မာစာသင်ကြားပို့ချပေးရသည့် အတွေ့အကြုံများကို 'မြန်မာစာပေနှင့် အနောက်နိုင်ငံ'ဟူသော ခေါင်းစဉ်ဖြင့် အသံလွှင့် ဟောပြောခဲ့ဖူးပါသည်။ မြန်မာကဗျာဆိုင်ရာ ဟောပြောချက်တစ်ခုတွင် ဆရာကြီးက

ကျွန်တော်လည်း မြန်မာကဗျာကို ၃ မျိုးခွဲလိုက်ပါတယ်။

(၁) ရွတ်ဆိုကဗျာ–ပျို့၊ မော်ကွန်း၊ ဇချင်းစတဲ့ စာမျိုး

(၂) သီဆိုကဗျာ–ရတု၊ တေးထပ်စတဲ့ စာမျိုး။

(၃) အပြောကဗျာ–နန်းတွင်းဇာတ်တော်၊ ပြဇာတ်စတဲ့ စာမျိုးတွေ ပါပဲဟူ၍ မိန့်ထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဆရာကြီး၏ (Myanmar Poetry)(၁၃၂၀–၁၉၇၁)ဟူသော သုတေသနစာတမ်းတွင်လည်း ဗြိတိသျှခေတ် မြန်မာပြဇာတ်များအကြောင်း ဖော်ပြရာ၌ The Seeds of classical poetry germinated in the form of drama in a new cultural centre, Rangoon. (ဂန္ဓဝင်ကဗျာမျိုးစေ့များသည် ယဉ်ကျေးမှု အချက်အချာ နေရာသစ်ဖြစ်သော ရန်ကုန်မြို့တွင် ပြဇာတ်အသွင်ဖြင့် အစို့အညှောက်ပေါက်ပွားလာသည်။

. . . ဟူ၍ ရေးသားထားသည်ကို တွေ့ရပါသေးသည်။ ဆရာကြီးက ပြဇာတ်စာပေကို ကဗျာစာရင်းသွင်းသည်မှာ ထင်ရှားနေပါပြီ။

[၅]

ရှေးပြဇာတ်စာပေများကို ကာရန်အချိတ်အဆက်ဖြင့် ကဗျာကဲ့သို့ ရေးဖွဲ့လေ့ရှိသော်လည်း ကာရန်မပါသော စကားပြေများလည်း ကြိုကြား ကြိုကြားပါနေတတ်သည်ကို ကြည့်ပြီး လက်ီာသွားရော စကားပြေပါရောနေသည့် အတွက် 'လက်ီာစပ်စကားပြေ၊ လက်ီာစကားပြေ နှစ်ထွေရော'ဟူ၍ သတ်မှတ်ကြောင်းလည်း အဆိုအမိန့်များ ရှိပါသည်။ ပြဇာတ်ကို ကဗျာစစ်စစ်ဟု ယူလိုကြောင်း၊ ကဗျာရော စကားပြေပါ ရောစပ်နေသည့် အရေးအဖွဲ့မျိုးအဖြစ် ယူလိုကြောင်း ထိုအဆိုအမိန့်များက ဖော်ပြနေပါသည်။

ပြဇာတ်စာပေတွင် 'ဘယ်ဇာတ်ဆောင်က ဘာလုပ်စေ'ဟူ၍ ရည်

http://www.cherrythitsar.org

ညွှန်းသော အညွှန်းစကားများ ပါမြဲဖြစ်ပါသည်။ ထိုအညွှန်းစကားများမှာ ပြဇာတ်ပြင်ပကနေ၍ ပြဇာတ်ဆရာက ညွှန်းသော စကားများသာ ဖြစ်ပါသည်။ ဇာတ်ဆောင်ပြောစကားများမှာမူ ကာရန်ဖြင့် ဖွဲ့ထားသော အရေးအဖွဲ့များဖြစ်ပါသည်။ ပြဇာတ်စာပေဖွဲ့စည်းပုံကိုကြည့်လျှင် ကဗျာသွားဖြစ်သော ဇာတ်ဆောင်ပြောစကားများကို စကားပြေဖြစ်သော အညွှန်းစကားလေးများဖြင့် ချိတ်ဆက်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။ အညွှန်းစကားများမှာ ဇာတ်ဆောင်ပြောစကားများကို ချိတ်ဆက်ပေးရသော တာဝန်ကိုသာ ယူရသည့်အတွက် ပဓာနမကျပါ။ ဇာတ်ဆောင်ပြောစကားများကသာ ပဓာနကျပါသည်။ ထို့ကြောင့် ရှေးပြဇာတ်စာပေတွင် လင်္ကာ၊ စကားပြေ နှစ်ထွေရှောသည်ဟု ဆိုလျှင်လည်း လင်္ကာက အဓိကဖြစ်၍ စကားပြေက သာမည်သာ ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ (ကာရန်ယူ၍ ဖွဲ့ထားသော လင်္ကာဟု ဆိုလိုခြင်း ဖြစ်ပါသည်) သို့ဆိုလျှင် ရှေးပြဇာတ်စာပေသည် ကဗျာတစ်ပိုဒ်နှင့် တစ်ပိုဒ် စကားပြေ(အညွှန်းစကား)ဖြင့် ချိတ်ဆက်ထားသော ကဗျာအဖွဲ့ဟု မဆိုနိုင်ပါပြီလော။

'လင်္ကာစပ်စကားပြေ'ဟူသော အသုံးအနှုန်းနှင့် ပတ်သက်၍လည်း စဉ်းစားစရာရှိပါသည်။ 'လင်္ကာစပ်စကားပြေ'ဟူသော ပုဒ်တွင် 'စကားပြေ'က ပဓာနကျပါသည်။ 'လင်္ကာစပ်'မှာ 'စကားပြေ'ကို အထူးပြုထားသော ဝိသေသနသာဖြစ်ပါသည်။ ထို့ကြောင့် 'လင်္ကာစပ်စကားပြေ'ဆိုသည်မှာ စကားပြေအမျိုးအစားတစ်ခုဟု သတ်မှတ်ခြင်းသည် စကားပြေဟု သတ်မှတ်ခြင်းနှင့်အတူတူပင်ဖြစ်ပါသည်။

သို့သော် ပြဇာတ်အရေးအဖွဲ့ကို လေ့လာကြည့်လျှင် ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း လင်္ကာ(ကဗျာသွား)က ပဓာနကျကြောင်း တွေ့နိုင်ပါသည်။ သာ ဓကအဖြစ် ဦးပုညဏ၏ ပဒုမဇာတ်မှ အောက်ပါအဖွဲ့ကို ကြည့်ပါ။

---ဟော ကွဲ့ ရေအေး၊ သန်လျက်ဦးနှင့် မောင့်ဒူးကိုဖောက်၊ သွေးရေပေါက်ကို မယ်သောက်ဖို့ ပေးပါ့၊ မောင့်သွေးတော် သီတာကို၊ ရေရိုက္ခာ ပွဲတော်လုပ်လို့၊ တစ်သုတ်ကလေးလှမ်းပါဦး။ စခန်းသာရာ ရောက်လုပါပေါ့ နန်းသူငယ်။ (ကဗျာ)

လှမ်းလာရာ နဒီမြစ်နားတွင် အပန်းဖြေ၍ နားနေစေ။

(စကားပြေ)

တစ်ပြည်က သူရိုးကို ရာဇဝတ်အလျောက် ခြေ လက် နား နှာခေါင်းကို ဖြတ်၍ ဝါးကပ်ဖောင်နှင့် မျှောလိုက်ရာ သူရိုးဆို။

(စကားပြေ)

http://www.cherrythitsar.org

သံသရာ ဝဋ်၊ ကျောက္ကင်း ညွှတ်က၊ မလွတ်သမျှ တွေ့ကြုံရ၊ ဒုက္ခပင်လယ်၊ နတ်ဆိုးဖန်တွဲ၊ ငါ့ကံနယ်၊ တယ်မိတယ်ရာ၊ သူ့ဥစ္စာကို၊ ယုတ်မာကျင့်ဆိုး၊ ပွင့်လုံးလန်အောင်၊ ကြံ့ဖန်လို့ ခိုးခဲ့တဲ့၊ မကောင်းကျိုး လေလော၊ ခြေလက်လေးချောင်း၊ နားနှာခေါင်း ထောင်းထောင်းဖြတ်လို့၊ ဝါးကပ်နှင့် မျှောလိုက်တယ်၊ ဗဒေါဗရိုက်၊ ဘယ်ဆီမှာဆိုက်မယ်သိ၊ ဒုစရိုက် သုံး၊ ငါမောင်တုံးမှာ လမ်းဆုံးကို ရှယ်၊ သေလွယ်မှ ငြိမ်းချေ တော့မနော်၊ ကယ်တော်မူကြပါ။ (ကဗျာ)

ပဒုမမင်းသားဖြစ်၍ ဆိုရန်စကား (စကားပြေ)

ရှေဖယောင်းခက်၊ သံသရာက၊ သစ္စာချက်နှင့်၊ တွဲလျက်မကွာ၊ မောင်ကြီးကုံးတဲ့၊ ဂမုန်းညှာငယ်-- (ကဗျာ)

ဇာတ်ဆောင်ပြောစကားဖြစ်သော ကဗျာသွားအဖွဲ့များကို အညွှန်းစကားများက ကြားထဲကနေပြီး ချိတ်ဆက်ပေးထားပုံကို တွေ့နိုင်ပါသည်။ 'စကားပြေ'ညွှန်းသည် ဆိုစေကာမူ 'ပဒုမ'မင်းသားမြင်၍ 'ဆိုရန်စကား'ဟူသော အရေးအသားမျိုးမှာ ဝါကျတစ်ခုပင် မပြည့်ကြောင်း၊ ပုဒ်စု တစ်ခုမျှသာ ဖြစ်ကြောင်းတွေ့ရှိနိုင်ပါသည်။

ပြဇာတ်ကို 'လက်ီစပ်စကားပြေ'ဟု ခေါ်ခြင်းမှာ စကားပြေကို ပဓာနပြုရာရောက်နေပါသည်။

ယခုပြခဲ့သော သာဓကအရ ကဗျာက ပဓာနကျကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် ပြဇာတ်စာပေကို 'စကားပြေစပ် လက်ီ'ဟုခေါ်မှသာ လက်ီ(ကဗျာ)ကို ပဓာနပြုရာရောက်ပါလိမ့်မည်။ပြဇာတ်စာပေအဖွဲ့၏ သဘာဝနှင့်လည်း ကိုက်ညီပါလိမ့်မည်။

[၆]

ရှေးပြဇာတ်စာပေကို စကားပြေစာရင်းထဲ မထည့်သင့်ပါ။ ကဗျာစာရင်းထဲသို့သာ ထည့်သင့်ပါသည်။

လက်ီစပ် စကားပြေဟု မခေါ်သင့်ပါ။ စကားပြေစပ် လက်ီဟုသာ ခေါ်သင့်ပါသည်။

ဓာတုရာနယ်
အတွဲ ၃၊ အမှတ် ၃၊
နိုဝင်ဘာ၊ ၁၉၉၅

http://www.cherrythitsar.org

စကားပြေနေရာမှန်ရောက်ရေးအတွက်

မကြာမီက ဆရာမင်းသုဝဏ်ထံ ကျွန်တော်ရောက်ခဲ့ပါသည်။ စာပေဝါသနာရှင် မိတ်ဆွေအချို့လည်း ကျွန်တော်နှင့်အတူ ပါလာပါသည်။ ကျွန်တော်တို့သည် ဆရာ့ကို ဂါရဝပြုကြရင်း စာပေရေးရာနှင့် ပတ်သက်၍ သိချင်သမျှကို မေးကြမြန်းကြသည်။ ဆရာကလည်း စိတ်ရှည်လက်ရှည် ပြန်ဖြေသည်။ မေးရင်း မြန်းရင်း ၁၉၆၁–၆၂ စာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခအဖြစ် ဆရာအမှူထမ်းစဉ်က တက္ကသိုလ်ဝင်တန်းအတွက် ဆရာပြဋ္ဌာန်းခဲ့သော စာအုပ်များအကြောင်း ရောက်သွားသည်။ အထူးသဖြင့် ယခင်က ပြဋ္ဌာန်းခဲ့ခြင်းမရှိဘဲ တိမ်မြုပ်နေသော သိပ္ပံမောင်ဝ၏ စကားပြေများကို 'သိပ္ပံမောင်ဝ၏ ဝတ္ထု၊ ဆောင်းပါးများ'အမည်ဖြင့် စာအုပ်ပြုစုပြဋ္ဌာန်းသည့် အကြောင်းကို ကျွန်တော်တို့က စူးစမ်းကြသည်။ ပြဋ္ဌာန်းသည့် ရည်ရွယ်ချက်ကို မေးမြန်းကြသည်။ ဆရာက စကားပြေအရေးကြီးပုံ ပြဋ္ဌာန်းစာများတွင် စကားပြေကောင်းများ ရွေးချယ် ပြဋ္ဌာန်းရန် လိုအပ်သည့်အတွက် သိပ္ပံမောင်ဝ၏ စကားပြေများကို ပြဋ္ဌာန်းရပုံတို့ကို ရှင်းပြသည်။

ကျောင်းများ၊ တက္ကသိုလ်များတွင် ယခင်က စကားပြေကို ကဗျာလောက် အလေးမထားကြပုံ၊ စကားပြေကို အရေးတယူသင်ကြားလေ့မရှိပုံတို့လည်း ဆက်လက်ရှင်းပြသည်။ 'စကားပြေအရေးကြီးကြောင်း ထင်ရှားစေချင်လို့ ဆရာတောင် စကားပြေ စာပေအသက်ဆိုပြီး ရေးခဲ့သေးတယ်'ဟု ဆရာက ရှေးဟောင်းနှောင်းဖြစ် မိန့်ဆိုလိုက်ပါသေးသည်။

ဆရာ့ထံမှ ပြန်လာပြီးနောက် ကျွန်တော်သည် စကားပြေကိစ္စတွင် ဆရာတို့ ကြိုးပမ်းခဲ့ကြပုံများကို လေ့လာစူးစမ်းကြည့်မိပါသည်။ ယခုဆိုလျှင် စကားပြေအရေးကြီးကြောင်း အများနားလည်လက်ခံနေကြပါပြီ။ ကျောင်းများ၊

http://www.cherrythitsar.org

တက္ကသိုလ်များတွင်လည်း စကားပြေကို လေးလေးစားစား နေရာပေးပြီး သင်ကြားနေကြပါပြီ။ သို့သော် ဤအခြေအနေသို့ နေ့ချင်းညချင်း ရောက်လာရသည်ကား မဟုတ်ပါ။ စကားပြေနေရာမှန် ရောက်ရေးအတွက် အမြော်အမြင်ကြီးသော ပညာရှင်များက ကာလအတန်ကြာအောင်ပင် ကြိုးပမ်းခဲ့ကြရပါသည်။

ယင်းသို့ ကြိုးပမ်းခဲ့ကြသူများကို စာရင်းထိုးမည်ဆိုပါလျှင် ဆရာကြီး ဦးဖေမောင်တင်ကို ထိပ်ဆုံးက ထားရလိမ့်မည်ထင်ပါသည်။ မြန်မာစာမျက်နှာငယ်နေသော ကိုလိုနီခေတ်တွင် ကျောင်းများ၊ တက္ကသိုလ်များ၌ မြန်မာစာ ထိုက်ထိုက်တန်တန် နေရာရအောင် ဆရာကြီးမည်သို့ ကြိုးပမ်းခဲ့ရသည်ကို အများသိကြပါသည်။ အကျယ်ချဲ့၍ ဖော်ပြရန် လိုမည်မထင်ပါ။ ဤနေရာတွင် အထူးပြုဖော်ပြလိုသော အချက်ကား 'စကားပြေ၏ အရေးပါမှုကို ဆရာကြီး ဦးဖေမောင်တင်က စောစောပိုင်းကာလကတည်းကပင် ဖော်ထုတ်မိန့်ကြားဖူးသည်'ဟူသော အချက်ဖြစ်ပါသည်။ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာပါမောက္ခအဖြစ် ဆောင်ရွက်စဉ် ၁၉၃၅ ခုနှစ်တွင် 'အထက်တန်းစကားပြေကောက်နုတ်ချက်များ'ဟူသော စာအုပ်တစ်အုပ် ပြုစုထုတ်ဝေခဲ့သည်။ ထိုစာအုပ်နိဒါန်းတွင် ဆရာကြီးက မြန်မာတို့၏ စကားပြေလေ့လာမှု အခြေအနေကို အားမလို အားမရ ဤသို့ ညည်းတွားခဲ့ပါသည်။

မြန်မာလူမျိုးတို့ကား ကဗျာနှင့် စကားပြေနှစ်ခုအနက် ကဗျာကို အထူးနှစ်သက်ဟန်ရှိသည်၊ အထူးလည်း လေ့လာလိုက်စားကြ၏။ စကားပြေကိုကား ဝတ္ထုအကြောင်းအရာအတွက်မှတစ်ပါး စကားသုံးနှုန်းပုံ၊ ဝါကျစီစဉ်ပုံ၊ ဝတ္ထုကြောင်း ဆင်ယင်ပုံတို့ကို လေ့လာမှတ်သားဖို့ရန် ဂရုမပြုသယောင်ရှိလေသည်။ ဤသည်ကား စာပေအတွက် ချို့ယွင်းချက်ကြီးတစ်ရာ ဖြစ်တော့၏။

ဆရာကြီးက ဤသို့ ညည်းတွားပြီးနောက် စကားပြေအရေးကြီးပုံကို ဤသို့ လမ်းညွှန်မိန့်ဆိုထားပါသည်။

စကားပြေသည် ကဗျာထက်ပင် အရေးကြီးသေးသည်ဟု မဆိုသာသော်လည်း ကဗျာနည်းတူ အရေးကြီးသည်ဟူ၍ကား ဆိုသာသည်။ စကားပြေ မထွန်းကားသော စာပေသည် အရေးကြီး အရာရောက်သော စာပေဟု မဆိုထိုက်ပေ။

ဤအဆိုအမိန့်နှင့်အညီ အရေးကြီးသော စကားပြေကောင်းများကို လေ့လာစေချင်သည့်အတွက် ဤစာအုပ်ကို ပြုစုထုတ်ဝေရခြင်းဖြစ်သည်။ ဤသို့ စကားပြေကျမ်းများမှ ကောင်းနိုးရာရာ ရွေးနုတ်ပြုစုသည့် စာအုပ်မျိုးကား

http://www.cherrythitsar.org

ယခုဆရာကြီး ပြုစုမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဆရာကြီးသည် ဓမ္မဝိ လာသဓမ္မသတ်၊ ပါရာယနဝတ္ထု၊ ရာဇဝင်ကျော်၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ မဟာပညာကျော် လျှောက်ထုံး၊ မဏိကုဏ္ဍလဝတ္ထု၊ ယသဝမုနဝတ္ထု၊ ရတနာ ကရဝတ္ထု၊ ဦးကုလားရာဇဝင်တို့မှ ကောင်းနိုးရာရာတို့ကို ရွေးချယ်ကောက်နုတ် ပြခြင်းဖြင့် စကားပြေ၏ အရေးပါမှုကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်ပါ သည်။ ဆရာကြီးရှေ့ဆောင်ခဲ့သော အစဉ်အလာအတိုင်း နောက်ပိုင်းတွင် စကား ပြေကောက်နုတ်ချက် စာအုပ်အမျိုးမျိုးပြုစုပြီး ကျောင်းများ၊ တက္ကသိုလ်များ တွင် ယနေ့တိုင် ပြဋ္ဌာန်းသင်ကြားနေကြသည်ကို ကြည့်ခြင်းဖြင့် ဆရာကြီး၏ ရှေ့ဆောင်မှုသည် မည်မျှအရေးပါကြောင်း ခန့်မှန်းနိုင်လောက်ပါသည်။

နောင်တစ်နှစ်အကြာ ၁၉၃၆ ခုနှစ်တွင် စကားပြေအရေးပါပုံကို ပညာရှင်တစ်ဦးက ဖော်ထုတ်မိန့်ဆိုပြန်ပါသည်။ ထိုပညာရှင်ကား အခြား မဟုတ်ပါ။ ထိုစဉ် ဂန္ဓလောက မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေ သော ဆရာဦးဝန်(ဆရာမင်းသုဝဏ်)ပင် ဖြစ်ပါသည်။ ၁၉၃၆ ခု၊ ဖေဖော်ဝါရီ လထုတ် ဂန္ဓလောကမဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် 'စကားပြေ'ဟူသော ခေါင်းစဉ် ဖြင့် ဆရာကဤသို့ မိန့်ဆိုထားပါသည်။

လင်္ကာနှင့် စကားပြေအနက် မြန်မာတို့သည် လင်္ကာကို ပို၍ နှစ်သက်ကြ၏။ စာရေးသူများကလည်း လင်္ကာများဖြင့် အရေးများ၏။ စာဖတ်သူတို့ကလည်း လင်္ကာများကို အဖတ်များ၏။ လင်္ကာကိုရေးရာ ဖတ်ရာတွင်လည်း ပေါ့ပေါ့ဆဆ ရေးကြသည်မဟုတ်။ ဒေါသကင်းအောင် ဝုဏ်မြောက်အောင် အထူးဂရုစိုက်ကာ စကားတစ်လုံးပြီးလျှင် တစ်လုံး၊ ပါဒတစ်ခုပြီးလျှင်တစ်ခု၊ စာတစ်ပိုဒ်ပြီးလျှင် တစ်ပိုဒ်တို့ကို စီစစ်၍ ရေး သားလေ့ရှိကြလေသည်။ ဖတ်သူတို့ကလည်း ဤနည်းပင် ဂရုတစိုက် စီစစ်ကာ ဖတ်ကြလေသည်။

သို့သော်လည်း စကားပြေကိုကား ဤသို့ ဂရုစိုက်ကြဟန်မတူ။ စာရေးသူတို့က ဂရုတစိုက်ရေးကြပါသည်ဟူ၍ပင် ဆိုဦးတော့ စာဖတ်သူ တို့ ကား ဂရုတစိုက်ဖတ်ကြဟန်မတူ။ ရှေးခေတ်ကလည်း ဖတ်ကြဟန် မတူ။ ယခုခေတ်လည်း မဖတ်ကြသေးလေ။ အရေးသင့်အခွင့်ရောက်၍ ပညာရှိစကားကို ထောက်ထားကိုးကားပြလိုလျှင် လင်္ကာကိုသာ ရွတ်ဆို ပြတတ်၏။ စကားပြေကို မထောက်ထားမကိုးကားကြ။ တစ်ခါတစ်ရံ မလွဲသာ၍ စကာပြေကို ကိုးကားရလျှင်လည်း မူရင်းအတိုင်း ပုဒ်ပါဒ် မလွဲအောင် ကိုးကားကြသည်မဟုတ်။ သဘောလောက်ကိုသာယူ၍ မိမိ တို့၏ စကားဖြင့် ပြုပြင်ကိုးကားကြလေသည်။ ဤအချက်ပေါ်ကို

http://www.cherrythitsar.org

ထောက်သဖြင့် ကျွန်ုပ်တို့ မြန်မာများသည် စကားပြေကို ဝတ္ထုကြောင်းအတွက်၊ ကျမ်းဆရာ၏ အာဘော်အတွက် သက်သက်လောက်သာ ဂရုစိုက်ကြ၍ စကားပြေကို စကားပြေအဖြစ်နှင့် မလေ့လာကြသည်ကို သိရပါသည်။

ဆရာက 'စကားပြေကို စကားပြေအဖြစ်'မလေ့လာခဲ့ကြသည့် မြန်မာတို့၏ အားနည်းချက်ကို ထောက်ပြသည်။ ထို့နောက် ကျောင်းများတွင် စကားပြေသင်ကြားသည့် အခြေအနေကိုလည်း ဤသို့ အကျိုးသင့် အကြောင်းသင့် သုံးသပ်ပြပါသည်။

ကျောင်းများတွင်လည်း စကားပြေကို ဂရုမစိုက်ကြ။ စာမေးပွဲအတွက် ပြဋ္ဌာန်းသော စာအုပ်စာရင်းကို ကြည့်လိုက်လျှင် အလွန်နည်းသော စကားပြေစာအုပ်စာရင်းကို တွေ့ရ၏။ ၎င်းစကားပြေစာအုပ်များကိုလည်း ဆရာများက ထိထိရောက်ရောက်သင်ခဲ့၏။ ဝေါဟာရ အသုံးအနှုန်းကမည်သို့၊ ဝါကျအစီအစဉ်က မည်သို့စသဖြင့် ထိထိရောက်ရောက်သင်ပြခဲ့၏။ အချို့သင်ပြချင်သော်လည်း ကျောင်းသားများက ပျင်းကြလေသည်။ စိတ်မစွဲလိုကြ။ အကျိုးကား မည်သို့နည်း။ မြန်မာကျောင်းသားတို့သည် မြန်မာစာကို မရေးတတ်ခြင်းသည် အကျိုးဖြစ်လေသည်။ မြန်မာဖြစ်ပါလျက် မြန်မာစာစီစာကုံးတစ်ခုကို စကားလှလှဝါကျ စုံစုံနှင့် ဖတ်ချင်ဖွယ်နာကျော်ဖွယ်ရှိအောင် ရေးတတ်သော ကျောင်းသားသည် အလွန်ရှားလေသည်။ ဤသို့ ဖြစ်ပါက မြန်မာပြည်သည် မည်သို့ ကြီးပွားနိုင်ပါအုံးနည်း။

ဤသို့ သုံးသပ်ပြီးနောက် ဆရာက ဆရာများ ကျောင်းသားများ စကားပြေကို အထူးလေ့လာရန် တိုက်တွန်းသည်။ အထူးဂရုစိုက်သင်ကြားပေးရန် တိုက်တွန်းသည်။ ပြဋ္ဌာန်းရာတွင် စကားပြေစာအုပ်များကို ကဗျာစာအုပ်များထက် အရေအတွက်ရော အမျိုးအစားပါ သာစေရန် တိုက်တွန်းသည်။ နိဂုံးတွင်

"ကဗျာလက်ရာသာလျှင် ကြီးပွား၍ စကားပြေနိမ့်ပါးနေမည်ဖြစ်ပါလျှင် မြန်မာပြည်သည် တစ်ဘီးလိမ့်လှည်းကဲ့သို့ ခရီးမတွင် ပင်ပန်းဆင်းရဲမည်သာတည်း"ဟူ၍ အလေးအနက် သတိပေးထားပုံမှာ မှတ်သားဖွယ်ကောင်းလှပါသည်။

ဆရာကြီးဦးဖေမောင်တင်နှင့် ဆရာမင်းသုဝဏ်တို့၏ အဆိုအမိန့်များကို ကြည့်လျှင် 'စကားပြေသည် အရေးကြီးပါလျက် ကျောင်းပြင်ပတွင်လည်းကောင်း၊ ကျောင်းတွင်းတွင်လည်းကောင်း စကားပြေကို အလေးထားသင့်

http://www.cherrythitsar.org

သလောက် မထားကြ'ဟူသော အချက်သည် အထင်းသားပေါ်လွင်နေပါသည်။ ဆရာကြီးနှစ်ဦးကား လက်မလျှော့ကြပါ။ အခွင့်အခါသင့်သည့်အခါတိုင်း စကားပြေနေရာမှန်ရောက်ရေးကို အလေးထားမိန့်ဆိုကြသည်ပင်ဖြစ်ပါသည်။

ဆရာမင်းသုဝဏ်သည် ဒုတိယကမ္ဘာစစ်ကာလတွင် စကားပြေစာပေ အသက်ဟူသော ဆောင်းပါးဖြင့် စကားပြေ၏ အရေးပါမှုကို ဖော်ထုတ်ပြန်ပါသည်။ ဆရာက

လောကတွင် လူတစ်လုံး သူတစ်လုံး လုပ်လိုသော လူမျိုး၏ စာပေတွင် စကားပြေမကြွယ်ဝသမျှ ကိစ္စမပြီးနိုင်ပါ။ သက္ကတ၊ ပါဠိ၊ တရုတ်စသော စာပေကြီးများတွင် စကားပြေဖြင့် ရေးထားသော ကျမ်းကြီးကျမ်းငယ်အသွယ်သွယ်ကို များစွာတွေ့ရသည်။ နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဗိသုကာကျမ်းစသော ပညာရှင်အသီးသီးဆိုင်ရာ ကျမ်းများကို စကားပြေနှင့်ရေးထားသည်က များပါသည်။ သာသနာတော်ဆိုင်ရာ ဝိဋကတ်များတွင်လည်း စကားပြေကသာ အဓိကမင်းမူနေသည်ကို တွေ့ရပါသည်။ ယခုအခါ ကြီးပွားနေသော လူမျိုးများ၏ စာပေကို ကြည့်ပြန်လျှင်လည်း စကားပြေက အထူးအရေးကြီးနေသည်ကို တွေ့ရပါသည်။ ဝိဇ္ဇာဆိုင်ရာ ပညာရပ်များနှင့် သိပ္ပံဆိုင်ရာ ပညာရပ်များကို စကားပြေနှင့် ရေးထားသည်မှာ စာအုပ်ပေါင်း သိန်းသန်းရှိပါသည်။ ထိုစကားပြေကျမ်းများကို အားကိုး၍ ထိုလူမျိုးတို့ ကြီးပွားထွန်းကားနေသည်မှာ အထင်အရှားဖြစ်ပါသည်

ဟူ၍ အခိုင်အမာ သက်သေထူပြီးနောက်

စကားပြေသည် လူမျိုး၏ အသက်၊ လူမျိုး၏ အားထားရာ၊ လူမျိုး၏ တန်ဆောင်ဆီမီးဖြစ်သည်ကို မပြတ်သတိရသင့်ပေသည်ဟူ၍ အလေးအနက်လမ်းညွှန်ဆွေးနွေးထားပါသည်။ သို့သော် ဤဆောင်းပါးမှာပင် 'စာသင်ကျောင်းများအတွက်လည်းကောင်း၊ တက္ကသိုလ်များအတွက်လည်းကောင်း စာအုပ်များကို ပြဋ္ဌာန်းကြည့်သောအခါ စကားပြေကို အရေးပေးသင့်သလောက် မပေးကြချေ'ဟူ၍ ဆရာမိန့်ဆိုနေရဆဲပင်ဖြစ်သည်ကို ကြည့်လျှင် ဆရာတို့ရင်ဆိုင်ရသည့် အခြေအနေကို မှန်းဆနိုင်လောက်ပါသည်။

လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း ဆရာကြီးဦးဖေမောင်တင်သည် စကားပြေအရေးပါမှုကို ဆက်လက်ဖော်ညွှန်းမိန့်ဆိုကြောင်း တွေ့ရပါသည်။ စာပေဗိမာန်ဟောပြောပွဲတစ်ခုတွင် ဆရာကြီးက

လောကမှာ တိုင်းပြည်နဲ့ လူထုကို ကြီးပွားစေချင်ရင်ဖြင့် စကားပြေကို ရေးကြဖို့ပဲ။ ဥပမာ အင်္ဂလိပ်တွေကို ကြည့်ပါ။ အင်္ဂလိပ်တွေဟာ အခု

http://www.cherrythitsar.org

ဆိုရင် သူတို့ပညာအရပ်ရပ်တွေကို စကားပြေနဲ့ ရေးထားခဲ့လို့လူတိုင်း သိနားလည်နေကြတဲ့ ကျေးဇူးကို ခံစားရတယ်ဆိုတာ ထင်ရှားပါတယ်

ဟူ၍လမ်းညွှန်ထားပါသည်။

ဆောင်းပါးအစပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ဆရာမင်းသုဝဏ်သည် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခအဖြစ် အမှုထမ်းစဉ် တက္ကသိုလ်ဝင်တန်းအတွက် 'သိပ္ပံမောင်ဝ၏ ဝတ္ထု၊ ဆောင်းပါးများ' အပါအဝင် စာအုပ်များ ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ အသံလွှင့်ဟောပြောဖူးပါသည်။

ဟောပြောချက်တွင် ဆရာက ဦးပုည၏ ဝတ္ထုလေးပုဒ်၊ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ၊ အလယ်တန်း၊ မြန်မာသဒ္ဒါနှင့် ဝဏ္ဏဗေဒနသတ်အင်းတို့ကို ပြဋ္ဌာန်းကြောင်း ဖော်ပြပြီးနောက်

မြန်မာစကားနဲ့ ရှင်းရှင်းတွေးပြီး မြန်မာစာနဲ့ ရှင်းရှင်းရေးတတ်ဖို့အတွက် လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ သဒ္ဒါလည်း တတ်ရမယ်၊ ဝါကျဖွဲ့ထုံးလည်း ကျွမ်းကျင်ရမယ်။ ပင့်ရစ်သတ်ပုံလည်း နိုင်ရမယ်။ စကားဝေါဟာရလည်း ကြွယ်ရမယ်။ ပတ်ဝန်းကျင်လောကကိုလည်း မြင်တတ်ကြားတတ်လေ့လာတတ်ရမယ်။ အဲဒီတော့မှ ရှင်းရှင်းတွေးပြီး ရှင်းရှင်းရေးနိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်

ဟူ၍ မိန့်ဆိုထားပါသည်။ ထိုအရည်အသွေးများနှင့် ပြည့်စုံစေလိုသော ရည်ရွယ်ချက်ဖြင့် ထိုစာအုပ်များကို ပြဋ္ဌာန်းရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စကားပြေလေ့လာရန်အတွက်သာမက စကားပြေကို လက်တွေ့အသုံးပြုပြီး ရှင်းရှင်းရေးတတ်ရန်အတွက်ပါ ရှေးရှုသော ပြဋ္ဌာန်းချက်များ ဖြစ်ကြောင်းတွေ့နိုင်ပါသည်။

ကျွန်တော်သည် ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာမင်းသုဝဏ်တို့က စကားပြေကိစ္စ ကြိုးပမ်းပုံများကို လေ့လာစူးစမ်းကြည့်ပြီးနောက် ဆရာကြီးနှစ်ဦး၏ စေတနာကို ကောင်းစွာ သဘောပေါက်လာသည်နှင့်အမျှ အလွန်လည်း လေးစားကြည်ညိုမိပါသည်။ အထူးသဖြင့် လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်ကစ၍ လွတ်လပ်ရေးရပြီးအထိ အခါအခွင့်သင့်တိုင်း စကားပြေ၏အရေးပါမှုကို အလေးအနက် တစ်သမတ်တည်း ဖော်ထုတ်လမ်းညွှန်ပေးခဲ့သော ဆရာကြီးနှစ်ဦး၏ ကြိုးပမ်းမှုကို မအံ့သြမလေးစားဘဲ မနေနိုင်ပါ။

ထိုကာလအတွင်း စကားပြေရေးသားနေကြသော အခြားဆရာကြီးများ အမြောက်အမြားရှိသည်မှန်ပါ၏။ သို့သော် ဤဆရာကြီးနှစ်ဦးကဲ့သို့ စကားပြေအရေးပါမှုကို ကာလတစ်လျှောက်လုံး စူးစူးစိုက်စိုက် ဖော်ထုတ်ပြမှုမျိုးကိုကား အခြားဆရာကြီးများ၏ စာများတွင် ထင်ထင်ရှားရှားမတွေ့ရပါ။

http://www.cherrythitsar.org

ထို့ကြောင့် ဆရာကြီးနှစ်ဦး၏ စေတနာနှင့် ဇွဲလုံ့လကို အံ့သြလေးစားမိခြင်းဖြစ်ပါသည်။

ယနေ့ဆိုလျှင်ကား ဆရာကြီးနှစ်ဦးမျှော်လင့်သည့်အတိုင်း စကားပြေကို ကျောင်းတွင်းကျောင်းပြင်နှစ်ဌာနစလုံးတွင် အလေးထားကြပါပြီ။ စကားပြေသည် သူရောက်သင့်သည့် နေရာမှန်သို့ ရောက်ပြီဟုဆိုနိုင်မည်ထင်ပါသည်။ ဤအခြေအနေသို့ ရောက်အောင်ပို့ပေးသည့် အကြောင်းများကို လေ့လာကြည့်မည်ဆိုပါက ဆရာကြီးနှစ်ဦး၏ ကြိုးပမ်းချက်သည် အလွန်အရေးပါသော နေရာကပါဝင်နေကြောင်း တွေ့ရမည်ဖြစ်ပါသည်။

စကြိုး

၁။ ဂန္ဓလောကမဂ္ဂင်း၊ ၁၉၂၆ မေဖော်ဝါရီ။
၂။ တိုက်စိုးနှင့် မင်းယုဝေ။ စာဆိုနှင့် သုတေသီ။
၃။ ဦးဖေမောင်တင်(ရွှေးချယ်)။ အထက်တန်းစကားပြေ ကောက်နုတ်ချက်များ၊ ပထမတွဲ။
၄။ မင်းသုဝဏ်။ 'စကားပြေစာပေအသက်'၊ နုဝရတ်ကိုးသွယ်။
၅။ မင်းသုဝဏ်။ 'တရားသိုလ်ဝင် မြန်မာစာ' မြန်မာစာ၊ မြန်မာမှု။

စာရေးရှာနယ်

http://www.cherrythitsar.org

ကုန်းဘောင်ခေတ် ဘာသာပြန်စာပေ

တိုင်းခြားစာပေများကို မြန်မာဘာသာပြန်ဆိုသည့် ဘာသာပြန်သမိုင်းစဉ်ကို လေ့လာကြည့်သောအခါ ကုန်းဘောင်ခေတ်တွင် ထူးခြားချက်တစ်ရပ်ကို တွေ့ရသည်။ ယင်းကား အခြားမဟုတ်။ မြန်မာဘာသာ ပြန်ဆိုသည့် တိုင်းခြား စာပေနယ်နိမိတ် ကျယ်ဝန်းလာခြင်းပင် ဖြစ်သည်။

ကုန်းဘောင်ခေတ် မတိုင်မီကမူ ဘာသာပြန်စာပေဟုဆိုလျှင် ပါဠိ၊ သက္ကတ(အထူးသဖြင့် ပါဠိ)မှ မြန်မာပြန်သော စာပေမျိုးသာ အများအပြား ပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ်တွင်မူကား ပါဠိသက္ကတ စာပေများကိုသာ မက အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ တရုတ်၊ ထိုင်းစသည့် စာပေများကိုပါ မြန်မာပြန်ခြင်းဖြင့် ဘာသာပြန်လုပ်ငန်း၏ နယ်နိမိတ်သည် ကျယ်ဝန်းလာခဲ့ရသည်။

ပါဠိသက္ကတမှ မြန်မာဘာသာ ပြန်ဆိုမှုနှင့် ပတ်သက်၍ဆိုရလျှင် ကုန်းဘောင်ခေတ်တွင်လည်း ရှေးကကဲ့သို့ပင် ဇာတ်နိပါတ် ပါဠိတော်များ၊ အဋ္ဌကထာများ၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာစသည့် ကျမ်းများကို နိဿယပြန်ဆိုခြင်း၊ ပါဠိလျှောက်ပြန်ဆိုခြင်းတို့ တွင်ကျယ်ခဲ့သည်ပင် ဖြစ်ပါသည်။ ပုံစံအနည်းငယ် ထုတ်ပြရလျှင် ကြံခင်းဆရာတော်၏ ဇာတ်ပါဠိတော် နိဿယများ၊ ဒါန့်တိုင်ဆရာတော်၏ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ အဋ္ဌကထာ နိဿယများ၊ မောင်းထောင်ဆရာတော်၏ သက္ကတကျမ်း နိဿယများ၊ ဒုတိယ ကျော်အောင်စံထားဆရာတော်၏ အဘိဓာနပ္ပဒီပိကာဋီကာ နိဿယ၊ ယောမင်းကြီး ဦးဖိုးလှိုင်၏ အလင်္ကာနိဿယ စသည်တို့သည် ထင်ရှားသော နိဿယ ဘာသာပြန်ကျမ်းများဖြစ်ပါသည်။ ထို့အတူ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်နိပါတ်တော်စကားပြေ၊ ဒါန့်တိုင်ဆရာတော်၏ မိလိန္ဒပဉှာဝတ္ထု၊ ဦးသြဘာသ

http://www.cherrythitsar.org

၏ ဇာတ်တော်ကြီး ဝတ္ထုများ၊ ကျီးသဲလေးထပ် ဆရာတော်၏ ဒိနတ္ထပကာသနီ စသည်တို့သည် ထင်ရှားသော ပါဠိလျှောက် ဘာသာပြန်များ ဖြစ်ပါသည်။

ဤနေရာတွင် တင်ပြလိုသော အချက်ကား ကုန်းဘောင်ခေတ်တွင် နိုင်ငံခြားသားများနှင့် ထိတွေ့ဆက်ဆံမှုပိုမိုများလာရာမှ ယင်းတို့၏ စာပေများကိုပါ လေ့လာမိပြီး ဘာသာပြန်စက်ဝန်းကို ချဲ့ထွင်လာသော အချက်ပင် ဖြစ်သည်။ ဤသို့ဖြင့် အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ တရုတ်၊ ထိုင်းစသည့် ဘာသာတို့မှ မြန်မာဘာသာပြန်သော ကျမ်းများပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

အင်္ဂလိပ် မြန်မာ ဘာသာပြန်စာပေ အကြောင်းပြောသည့်အခါ မက္ခရာမင်းသားနှင့် မစ္စတာလိန်းတို့ ပြုစုသော **အင်္ဂလိပ်–မြန်မာ အဘိဓာန်**အကြောင်းကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ ဘိုးတော်ဘုရား၏ သားတော်တစ်ပါးဖြစ်သော မက္ခရာ မင်းသားကြီးသည် ဘာသာပြန်လုပ်ငန်းကို စိတ်ဝင်စားသော ပညာရှင်တစ်ဦးဖြစ်သည်။ သူသည် အင်းဝမြို့ရှိ အင်္ဂလိပ်ကုန်သည်ကြီးမစ္စတာလိန်းမှတစ်ဆင့် ကာလကတ္တားမှ 'ရီးစ်ပညာစွယ်စုံကျမ်း'ကို မှာယူလေ့လာသည်။ မိုးသီးကျခြင်း၊ မိုးသီးဖြစ်ပေါ်ခြင်း၊ နေ–လကြတ်ခြင်းအကြောင်းများကို မြန်မာဘာသာပြန်၍ မစ္စတာလိန်းထံ ပေးပို့သည်။ မစ္စတာလိန်းနှင့်တွဲဖက်၍ အင်္ဂလိပ်–မြန်မာ အဘိဓာန်ကြီးကို ၁၁၉၅–ခုတွင် စတင်ပြုစုရာ ၁၁၉၇–ခုတွင် ပြီးစီးသည်။ ထိုအဘိဓာန်ကား ကုန်းဘောင်ခေတ်တွင်သာမက နှောင်းခေတ် ဘာသာပြန်လုပ်ငန်းများတွင် များစွာ အထောက်အပံ့ပေးသည်ဟု ဆိုနိုင်ပါသည်။

'အင်္ဂလိပ် မြင်းကြန် မြန်မာပြန်ချက်'သည်လည်း စိတ်ဝင်စားဖွယ် ကျမ်းတစ်စောင်ဖြစ်သည်။ ကျမ်းအစပိုင်းတွင် 'တိရစ္ဆာန်မျိုးတို့ အကြောင်းအရာကို ပြသပြောဆိုသော အင်္ဂလိပ်ဘာသာရေးစာအုပ်၌ ပါသော မြင်းအကြောင်းအစုစုကို မြန်မာဘာသာ ပြောဆိုရေးသားစေ၊ ဘုရားအမိန့်တော်ကို ဦးထိပ်ရွက်ရသည့်အတိုင်း သက္ကရာဇ် ၁၂၂၂–ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့၊ ကျွန်တော်မျိုး ငရွှေပင် မြန်မာဘာသာ ပြန်ဆိုချက် ဘုရား'ဟု ဖော်ပြထားသည်ကို ထောက်၍ မင်းတုန်းမင်းတရား အမိန့်တော်နှင့် ဦးရွှေပင်ဆိုသူက ဘာသာပြန်သောကျမ်းဖြစ်ကြောင်း သိရသည်။ ထိုကျမ်းတွင် 'အင်္ဂလိပ်ဘုရားစာအုပ် ရှေးကျမ်းဟောင်း (ဓမ္မဟောင်းကျမ်း)လာ မြင်းအကြောင်းများ၊ ခရစ်မပေါ်မီ နှစ် ၁၆၅၀–ကစပြီး မြင်းကို ဝန်တင်ခိုင်းစေပုံ၊ တောမြင်းနှင့် မြို့မြင်းခြားနားပုံစသည်တို့ကို စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။ တိုင်းခြား ဗဟုသုတကိုလိုလားသော မင်းတုန်းမင်း၏ သဘောထားကိုလည်း တစ်စေ့တစ်စောင်း သိခွင့်ရသည်။

http://www.cherrythitsar.org

ထင်ရှားသော ဘာသာပြန်ကျမ်းတစ်ကျမ်းကား ၁၂၃၀–ပြည့်နှစ်တွင် ယောမင်းကြီး ဦးဖိုးလှိုင်နှင့် ဖန်ချက်ဝန် မင်းထင်ပညာသိဒ္ဓိကျော်ခေါင်တို့ မြန်မာပြန်သော 'လောကဓာတ်ဆေးကျမ်းကြီး'ဖြစ်သည်။ လောကဓာတ်ဆေးကျမ်းကြီးဟု အမည်တပ်ထားသော်လည်း ဓာတုဗေဒကျမ်းဖြစ်သည်။ ပြင်သစ်အခေါ် ရှမီး၊ အင်္ဂလိပ်အခေါ် ကင်မစ်စရီမည်သော ထိုကျမ်းကို ထိုပုဂ္ဂိုလ်နှစ်ဦးတွဲဖက်ပြန်ဆိုခြင်းဖြစ်ကြောင်း ကျမ်းနိဂုံးအရ သိရသည်။ ပညာဗဟုသုတလိုလားသော ယောမင်းကြီးနှင့် ပြင်သစ်နိုင်ငံတွင် ပညာသင်ကြားခဲ့ပြီး ပြင်သစ်စာပေတတ်ကျွမ်းသော ဖန်ချက်ဝန်တို့ ပူးပေါင်းကြိုးပမ်းမှု၏ အသီးအပွင့်ဖြစ်သည်။ သိပ္ပံဝေါဟာရများကို ပါဠိအမည်များပေး၍ ပြန်ဆိုထားသည်။ ပုံစံအားဖြင့် အောက်ဆီဂျင်ကို ရီတိဇ(သံချေးအစရှိသော ချေးဖြစ်ကြောင်းဓာတ်)ဟု ပြန်ထားသည်။ သာမိုမီတာကိုမူ 'အပူတိုင်း ပြဒါးတိုင်'ဟု မြန်မာဆန်ဆန်ပြန်ဆိုသည်။ စင်တီဂရိတ်နှင့် ဖာရင်ဟိုက်သာမိုမီတာများ ပြုလုပ်ပုံကို ယခုခေတ် ဓာတုဗေဒစာအုပ်များတွင် ဖတ်ရသကဲ့သို့ ရှင်းရှင်းလင်းလင်းပြန်ဆိုထားသည်ကို တွေ့ရသည်။

ကင်းဝန်မင်းကြီးနှင့် ယောမင်းကြီးတို့၏ကျမ်းများတွင်လည်း ဘာသာပြန်ဝေါဟာရများကို တွေ့နိုင်ပါသည်။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွား၊ ပြင်သစ်သွားမှတ်တမ်းများတွင် ဘာသာပြန်ဝေါဟာရ၊ အသံလှယ်ဝေါဟာရများစွာ ပါဝင်သည်။ ယောမင်းကြီး၏ ကျမ်းများတွင်လည်း ဘာသာပြန်ဝေါဟာရများ သာမက ဘာသာပြန်ကိုးကားချက်များလည်း ပါဝင်ကြောင်းသိရသည်။ ပုံစံပြရလျှင် ယောမင်းကြီး၏ ကာယနုပဿနာကျမ်းသည် အီတလီဘာသာဖြင့် ပြုစုထားသော အနာတမီကျမ်းကို မှီငြမ်းပြုထားသော ကျမ်းဖြစ်သည်။ အဘိဓမ္မာ ပါဠိတော်များကို သက္ကတဆေးကျမ်း၊ အနာတမီကျမ်းတို့နှင့် ညှိနှိုင်းပြုစုထားခြင်းဖြစ်သည်။ ထို့အတူ ဝိမုတ္တိရသကျမ်းတွင် သိုးဆောင်းတို့၏ 'ဆိုး'(Soul)ဝါဒ၊ ဂေါ့(God)ဝါဒ၊ ဟိန္ဒူတို့၏ ဗြာဟ္မဏဝါဒ၊ ပသီတို့၏ 'ခိုဒါ'ခေါ် ဖန်ဆင်းသူဝါဒတို့ကို မြန်မာကျမ်းဂန်များနှင့် နှိုင်းယှဉ်ထားကြောင်းသိရသည်။ ထို့အတူ ရာဇဓမ္မသင်္ဂဟကျမ်းတွင် အနောက်တိုင်းနိုင်ငံရေးအတွေးအခေါ်များကိုလည်းကောင်း၊ ဥတုဘောဇနသင်္ဂဟကျမ်းတွင် အနောက်တိုင်း ဓာတုဗေဒနှင့် ဆေးသိပ္ပံကိုလည်းကောင်း ကိုးကားထားပါသည်။

'ပေါ်တူဂီ ရာဇဝင်'သည်လည်း ထင်ရှားသော ဘာသာပြန်ကျမ်းတစ်စောင်ဖြစ်သည်။ ဗရင်ဂျီဘုန်းတော်ကြီး 'ဒေါင်ဘီနာရှု'နှင့် အခွန်ဝန် 'သီရိဇေတရတ်ကျော်'တို့နှစ်ဦး ကြည့်ရှုတိုက်ဆိုင်ပြီး မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ အင်းဝမင်းခေါင်ကြီးနှင့် နန်းပြိုင် ပေါ်တူဂီဘုရင် ပဋ္ဌမ 'ဇွင်'လက်ထက်သက္ကရာဇ်

http://www.cherrythitsar.org

၇၇၂–ခုတွင် အာရှ အာဖရိကနိုင်ငံများသို့ ပေါ်တူဂီများရောက်လာပြီး လက်နက်နိုင်ငံ ပြုပုံအကြောင်းများမှ စတင်ရေးသားထားသည်။ 'ဗိုလ်မှူးမင်း ဒီဘရီတူ'(ဒီဘရစ်တို)အကြောင်း၊ အနောက်ဘက်လွန်မင်း လက်ထက်တွင် ဒီဘရစ်တိုနှင့် တောင်ဂူမင်းနတ်သျှင်နောင်ပေါင်းကာ အမှားပြုမိသဖြင့် ကွပ်မျက်ခံရပုံအကြောင်း စသည့် မြန်မာရာဇဝင်လာဖြစ်ရပ်များကိုလည်း တွေ့ရသည်။

ဤသို့ အနောက်နိုင်ငံများမှ စာပေများကို မြန်မာပြန်သည့် နည်းတူ အရှေ့နိုင်ငံများမှ စာပေများကိုလည်း မြန်မာပြန်ကြပါသေးသည်။ ဘိုးတော်ဘုရားလက်ထက် ၁၀၅၁ ခုတွင် အိမ်ရှေ့မင်းအမိန့်တော်နှင့် အယုဒ္ဓတိုင်းရှမ်းပြည်၊ ဟရိဘုဥာတိုင်း ယွန်းပြည်လာ ဒဏ္ဍာရီများကို ရှမ်းသံခံ၊ ယွန်းသံခံတို့နှင့် ညှိနှိုင်းမြန်မာပြန်ခဲ့သည်။ မြဝတီမင်းကြီး ဦးစနှင့် ပြင်စည်မင်းသားကြီးတို့၏ ဘာသာပြန်များကား ထင်ရှားပြီးဖြစ်သည်။ အီနောင်၊ ရာမဇာတ်တော်များ၊ 'ယိုးဒယားသီချင်း'ဟုထင်ရှားသည့် သီချင်းများကို ထိုပညာရှင်များ၏ ဘာသာပြန်လုပ်ငန်းအသီးအပွင့်များအဖြစ် အသုံးပြုလာကြသည်မှာ ကြာပါပြီ။

တရုတ်စာပေမှ ဘာသာပြန်မှုမျိုးလည်း ရှိပါသေးသည်။ မင်းတုန်းမင်းလက်ထက်တွင် လွှတ်တော်စာရေးကြီး ဦးနွဲ့မြန်မာပြန်သော **'ဂန္ဓာလရာဇ်ဆေးကျမ်း'**သည် သာဓကတစ်ခုဖြစ်ပါသည်။ မင်းတုန်းမင်းထံ ခစားလာသော ဂန္ဓာလရာဇ် ဥဒည်နိုင်ငံပြည်ကြီးသား ဆေးအတတ်နားလည်တတ်ကျွမ်းသူ တရုတ်သမားတော် 'ငလောစိ၊ လောစံချိမ့်၊ ယင်းချောက်'တို့ ဆက်သသော တရုတ်ဘာသာရေး ဆေးကျမ်းများကို မြန်မာဘာသာပြန်ဆိုရေးသားဆက်သွင်းစေဟု ၁၂၃၁ ခုတွင် အမိန့်ချသည့် အတွက် ဆေးဆရာကြီးတို့၏ ဆေးကျမ်းထွက် အဓိပ္ပာယ် စကားလုံးရပ်များကို တရုတ်တာရဲကြီး၊ ငစက်ကန်၊ ငကောတုံတို့က တရုတ်ဆေးဆရာကြီးများအား မေးမြန်းပေးရပြီး မေးမြန်းသိရှိချက်များကို ဦးနွဲ့ကတစ်ဆင့် ဘာသာပြန်ဆိုရေးသားခြင်းဖြစ်သည်။

ဤကား ကုန်းဘောင်ခေတ်တွင် ဘာသာပြန် စက်ဝန်းချဲ့ထွင်ရာ၌ ပေါ်ထွန်းလာသော ဘာသာပြန်စာပေများကို တစ်စေ့တစ်စောင်းလေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုစာပေများထဲတွင် (ထိုအချိန်က အင်္ဂလိပ်လက်အောက် ရောက်နေပြီးဖြစ်သော) အောက်မြန်မာနိုင်ငံတွင် ပေါ်ထွန်းသည့် ဘာသာပြန်စာပေများ မပါသေးပါ။ မည်သို့ပင်ဖြစ်စေ၊ ယခုတင်ပြခဲ့သော ကျမ်းများက ဗဟုသုတလိုလားသော မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်ကို တစ်နည်းတစ်လမ်း ဖွင့်လှစ်ပြနေသည်ပင် ဖြစ်ပါတော့သည်။

ရေဘောမုံရွှေထီး
အမှတ် ၂၇၊ ရန်ကုန်မြို့ ဘဏ္ဍာ။

တရုတ်ပြန် မြန်မာပြန်ဆေးကျမ်း

မင်းတုန်းမင်းတရားကြီး၏ ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် နိုင်ငံတော် ခေတ်မီတိုးတက်ရေးအတွက် စက်ရုံများတည်ထောင်ခဲ့ကြောင်း အများသိကြပါသည်။ ကနောင်မင်းသားကြီး၏ စက်ရုံနှင့် နီးနွယ်နေသော မှတ်သားချက်တစ်ရပ်ကို အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် တွေ့ရပါသည်။

ကန့်တစ်မတ်၊ ပရုတ်တစ်မတ်၊ ဖုံးမသိန်တစ်ကျပ်၊ ထင်းရှူးဆီတစ်ကျပ်၊ နှမ်းဆီတစ်ဆယ်ကျပ်၊ ၎င်းတို့ကို ပုလင်းတွင်ထည့်၍ အခိုးမထွက်စေရ။ နေပူတွင် နေလှန်း၊ သမအောင် ပုလင်းကို လှုပ်၍ ပေးပြီးလျှင် ဓားလုံးထိခိုက်မိသည်မှစ၍ ရုတ်တရက် ထိခိုက်မိသော အနာမှန်သမျှကို သုတ်လိမ်းပြီးလျှင် အဝတ်နှင့် စည်း၍ ထားသော်အမြန်ပျောက်ကင်းပါသည်။

မှတ်ချက်။ ။၎င်းဆေးကို မင်းတရားကြီး၏ညီတော်အိမ်ရှေ့မင်းသည် စက်ရုံတော်တွင် အမြဲဖော်စပ်၍ ထားရသည်။ ယခုလွှစက်ရှင်စသော စက်ပိုင်ရှင်များလည်း အခန့်သင့်ရနိုင်ရန် ဖော်စပ်၍ ထားသင့်သည်။

စက်ရုံတော်တွင် ထိခိုက်ရှနာမှုများ ဖြစ်လာပါက အဆင်သင့်အသုံးပြုနိုင်ရန် ဖော်စပ်ထားသော အနာကျက်ဆေးနည်းပင် ဖြစ်ပါသည်။ ဤဆေးနည်းအပါအဝင် ဆေးနည်းပေါင်းများစွာကို ဘာသာပြန် ဆေးကျမ်းတစ်ကျမ်းတွင် အထင်အရှားတွေ့နိုင်ပါသည်။ ထိုဆေးကျမ်းကား မင်းတုန်းမင်းတရားကြီးလက်ထက်တွင် တရုတ်ဘာသာ၊ မြန်မာဘာသာသို့ ပြန်ဆိုသော ဂန္ဓာလရာဇ်ဆေးကျမ်းပါတည်း။

---

http://www.cherrythitsar.org

ဂန္ဓာလရာဇ်ဆေးကျမ်းကို မြန်မာဘာသာပြန်ဆိုရသည့်အကြောင်း နှင့်စပ်လျဉ်း၍ ကျမ်းအဖွင့်တွင် ဤသို့ဖော်ပြထားပါသည်။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရတနာပုံမြို့တည် နန်းတည်ပဋ္ဌမသင်္ဂါယနာတင် အရှင်ဘဝရှင်မင်းတရားကြီး ဘုရား၏ ရွှေစက်တော်အောက်သို့ ခစားရောက်လာသော ဂန္ဓာလရာဇ်ဥဒည်နိုင်ငံ ပြည်ကြီးသား ဆေးအတတ်နားလည်တတ်ကျွမ်းသူ တရုတ်သမားတော် ငလောစီ၊ လောဆံချိမ့်၊ ယင်းချောက်တို့ဆက်သသော တရုတ်ဘာသာ ရေးဆေးကျမ်းများကို မြန်မာဘာသာပြန်ဆိုရေးသားဆက်သွင်းစေ။ သက္ကရာဇ် ၁၂၃၀–ခု သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင်ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း မြောက်ဥယျာဉ် တော်အတွင်း ခပ်ချိုဖောင်တော် စံနန်းတော်သို့ နေ့စဉ် ထွက်စံတော်မူ ရာ အပါးတော်တွင် တရုတ်ဆေးဆရာကြီးတို့၏ ဆေးကျမ်းအတွက် အဓိပ္ပာယ်စကားရပ်များကို ကျွန်တော်မျိုး တရုတ်တာရဲကြီး ငစက်ကန့်၊ ငလောတုံတို့က မေးမြန်း၍ ပြန်ဆိုပြောကြားရာ လွတ်တော်စာရေးကြီး ဦးနွဲ့က စီကုံးရေးသားသော မြန်မာဘာသာပြန်ဆိုချက် ဘုရား။

တရုတ်သမားတော်ကြီး သုံးဦးဆက်သသည့် ဆေးကျမ်းမှ စကား အဓိပ္ပာယ်များကို တရုတ်တာရဲကြီး ငစက်ကန့်နှင့် ငလောတုံတို့အား မေးမြန်း သဖြင့် ၎င်းတို့က မြန်မာဘာသာပြန်ဆိုပြောကြားသည်။ ထိုပြန်ဆိုချက်ကို စာရေးကြီး ဦးနွဲ့က စီကုံးရေးသား မှတ်တမ်းတင်ရသည်။

ဤသို့ဖြင့် မြန်မာ စာပေနယ်ထဲတွင် 'ဂန္ဓာလရာဇ်ဆေးကျမ်း'ခေါ် တရုတ်မြန်မာဘာသာပြန်ဆေး ကျမ်းတစ်စောင် ထူးထူးခြားခြား ပေါ်ပေါက် လာရခြင်းဖြစ်သည်။

မြန်မာစာပေထဲတွင် သက္ကတပါဠိတို့မှ မြန်မာပြန်သော ဆေးကျမ်း များ၊ တိုင်းရင်းဖြစ်ဆေးကျမ်းများ အများအပြားပေါ်ထွန်းခဲ့သည်။ ကုန်းဘောင် ခေတ်တွင်မူ မြန်မာဘာသာပြန်ဆိုသည့် လုပ်ငန်းသည် ရှေးကထက်ပိုမို နယ် ပယ်ကျယ်ပြန့်လာသည့်အလျောက် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ် နိုင်ငံမှ ဆေးကျမ်းကို မြန်မာဘာသာပြန်ဆိုနိုင်သည့် အခြေအနေသို့ ရောက်ရှိ ရခြင်းဖြစ်သည်။ ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဘာသာ ပြန်စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အရေးပါသော ထောက်ကူ ချက်တစ်ရပ်ဟု ဆိုနိုင်ပါသည်။

ဂန္ဓာလရာဇ်ဆေးကျမ်းကို 'အဘိဓမ္မာ တောင်သာ ဋီကာ'နှင့်တွဲ၍ မန္တလေးမြို့ကဝိမိတ်ဆွေ ပုံနှိပ်တိုက်က ရိုက်နှိပ်ဖူးပါသည်။ ဆောင်းပါးအစ

http://www.cherrythitsar.org

တွင် ဖော်ပြသော ကနောင်မင်းသားကြီးနှင့် ပတ်သက်သည့် မှတ်ချက်ကို ထို စာအုပ်တွင် တွေ့ရခြင်းဖြစ်သည်။

ဂန္ဓာလရာဇ်ဆေးကျမ်းတွင် ကျား၊ ဆင်၊ ကြွ်၊ တောဝက်၊ စာကလေး၊ လင်းနို့၊ ကျီး၊ ဒေါင်း၊ ဆိတ်၊ ကျွဲ၊ မြင်း၊ ကုလားအုပ်၊ လိပ်၊ ဝမ်းဘဲစသည့် တိရစ္ဆာန်များ၏ အင်္ဂါအစိတ်အပိုင်းများမည်သို့ မည်ပုံဆေးဖက်ဝင်ကြောင်းများ နှင့်တကွ ဆေးပင်ဝါးပင်များ၊ ဆေးဖက်ဝင်ပစ္စည်းများနှင့် ဆေးဖော်ပုံ ဖော်နည်းအမျိုးမျိုးကို မှတ်သားဖွယ် ဖော်ပြသေးပါသည်။

အောက်ပါသာဓက အနည်းငယ်ကို ကြည့်ရုံနှင့် သိနိုင်ပါသည်။

တရုတ်ခေါ် ဟူးဗျိုး၊ မြန်မာခေါ် ကျား၏ နှာခေါင်းရိုး၊ ၎င်းအရိုးကို အရက်ကောင်းလူး၍ မီးမှာ မွှေအောင် ကင်ပြီးလျှင် အမှုန့်ပြု၊ ၎င်းအမှုန့် တစ်မူးသားခန့်ကို ရေနွေးနှင့်သောက်သော် သွေးသန့်ရှင်း၍ စိတ်ကြည်လင်၏။ မိန်းမများ သုံးဆောင်သော် ကျန်းမာသန်စွမ်းသော သားကောင်းသားမြတ်တို့ကို ရစေတတ်၏။

တရုတ်ခေါ် ကျီတန်၊ မြန်မာခေါ် ကြက်၏ သည်းခြေ၊ ၎င်းကို အခြောက်လှန်းပြီးလျှင် ကြက်ဖြူ၏ ကျင်ကြီး ၅ ၅ကူး(ငါးကျပ် ငါးမူး)ကို မီးတွင် ခြောက်အောင်လှော်၊ ၎င်း ၂ ပါးကို ညက်စွာကြိတ် အမှုန့်ပြု၊ ၎င်းအမှုန်ချိန် ငါးမူးသားခန့်ကို အရက်ကောင်းတစ်ကျပ်သားနှင့် ဖျော်၍မီးတွင် နွေး၍ သောက်သော် ဆီးအောင့် ကျောက်တည်သော ရောဂါပျောက်၏။

တရုတ်ခေါ်စွေညီ၊ မြန်မာခေါ်ကျင်ယယ်စွန့်သော နေရာကမြေ၊ ၎င်းရွှံ့မြေကို သန္ဓေကိုယ်ဝန်ရှိသော မိန်းမများတွင် သန္ဓေပျက်လောက်အောင် တစ်စုံတစ်ရာ ထိခိုက်၍ နာကျင်ခြင်းဖြစ်ခဲ့လျှင် ထိုမိန်းမ၏ တစ်ကိုယ်လုံးကို ၎င်းရွှံ့မြေနှင့်လူးသော် အနာအကျင်ပျောက်ကင်း၍ ဖြောင့်မှန်ခြင်းဖြစ်စေပါသည်။ အမိဝမ်းတွင်းဌ် ကလေးသေ၍နေသော် ဓဝက်သာတစ်မူးကို ရေအေးနှင့် ဖျော်၍ တိုက်ပြီးလျှင် ဓဝက်သာတစ်မူး ယမ်းစိမ်းတစ်မူးကို စပ်၍ ရေအေးနှင့်ဖျော်ကာ ဝမ်းကိုလိမ်းသော် သားသေလွယ်ကူစွာ မွေးဖွားပါသည်။

ဤဂန္ဓာလရာဇ်ဆေးကျမ်းကို မင်းတုန်းမင်းတရားလက်ထက်တွင် နန်းတွင်းသူနန်းတွင်းသားများ စိတ်ဝင်တစားလေ့လာခဲ့ကြပုံ ရပါသည်။ ထို့ကြောင့်လည်း အိမ်ရှေ့စံကနောင်မင်းသားကြီး၏ စက်ရုံတော်တွင် ထိခိုက်ရှနာသူများ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ဤကျမ်းလာဆေးနည်းအတိုင်း ဖော်စပ်ထားခြင်း ဖြစ်ပါလိမ့်မည်။

http://www.cherrythitsar.org

ဤသို့ ဆေးဖော်စပ်သည့် ပုဂ္ဂိုလ်များတွင် မင်းတုန်းမင်းတရားကြီး သူကောင်းပြုတော်မူသော မှန်နန်းအပျိုတော်ကြီးတစ်ဦးလည်း ပါဝင်ပါသည်။ သံပုရာသီးအလုံးငါးဆယ်ကို အရည်ညှစ်ယူပြီး သိန္ဓာ ၁၀ ကျပ်၊ ဆား ၂၀ ကျပ်၊ ကျောက်ချဉ် ၂၀ ကျပ်၊ ဆားပုပ် ၁၀ ကျပ်တို့ကို ညက်အောင်ပြု၍ သံပုရာရည်နှင့်သမအောင်မွှေပြီး နေလှန်းကာ ဖန်ဘူး၊ ဖန်ခွက်တွင်ထည့်၍ သုံးဆောင်ပါက လေရောဂါအမျိုးမျိုး၊ ချဲသလိပ်နှင့် စပ်သော ရောဂါအမျိုးမျိုးတို့ ပျောက်ကင်းစေသည်။ ရသာကြောများကို ရှင်လန်းစေသဖြင့် စားသောက်၍ ကောင်းခြင်း၊ အခြားရောဂါများ မကပ်ရောက်နိုင်ခြင်း စသော အကျိုးများနှင့်လည်း ပြည့်စုံစေသည်ဟူ၍ ဤဆေးကျမ်းတွင် ရည်ညွှန်းထားသည့်အတိုင်း

'ဘုန်းတော်ကြီး ဘုရားလက်ထက်တော်က အထွက်အဝင်များတွင် ဝင်းကိုယ်ရံနှင့်တကွ သူကောင်းပြုတော်မူသော မှန်နန်းအပျိုတော်ကြီး ပြင်စည်မြို့စား အနွယ်အားဖြင့် စစ်တောင်း မြို့စား ဝန်ကြီး၏မြေး ဤဆေးကိုဖော်စပ်၍ စာသင်ပျိုပုဂ္ဂိုလ်ထိုထိုရဟန်းတော် အရှင်မြတ်များကို မပြတ်လှူဒါန်းခြင်းဖြင့် ကျန်းမာချမ်းသာတော်မူကြ၍ ရဟန်းတရားကို ကြိုးစားအားထုတ်တော်မူနိုင်ကြောင်းကောင်းစွာသိရှိရပါသည်'

ဟူ၍ မှတ်ချက်ပြုထားပါသည်။

ဂန္ဓာလရာဇ်ဆေးကျမ်းတွင် ပြထားသော ဆေးနည်းများသည် လက်တွေ့ပျောက်ကင်းချမ်းသာသည်။ ဆေးစွမ်းကောင်းများဖြစ်သည့်အတွက် ဆုတောင်းလာဘ်တောင်များ သနားတောင်မြတ်ခံရကြောင်း သိရပါသည်။

ကုန်းဘောင်ခေတ်တွင် ရှေးရှေးအစဉ်အဆက်ကတည်းက လေ့လာဆည်းပူးခဲ့ကြသော သက္ကတပါဠိအခြေခံသည့် ဆေးကျမ်းများ၊ မြန်မာ့တိုင်းရင်းဖြစ် ဆေးကျမ်းများအပြင် အနောက်တိုင်းဖြစ် သိုးဆောင်းဆေးကျမ်းများကိုပါ မြန်မာတို့ ထိတွေ့လေ့လာခွင့်ရနေပြီဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ဒေါက်တာမေဆင်ပြုစုသော 'ဆေးနှင့်အနာကုအကြောင်းစာ'သည် ထင်ရှားသော သာဓကဖြစ်ပါသည်။ ထို့ပြင် သီပေါမင်းလက်ထက် ယောမင်းကြီးဦးဖိုးလှိုင်ပြုစုသော ဆေးနှင့်ကျန်းမာရေးလမ်းညွှန်ကျမ်းဟု ခေါ်ရမည့် 'ဥတုဘောဇနသင်္ဂဟကျမ်း'တွင် ကျမ်းပြုသူသည် မြန်မာ့ရိုးရာ ဆေးကျမ်းများကိုသာမက အနောက်နိုင်ငံဖြစ် သိုးဆောင်းဆေးကျမ်းများကိုပါ မှီငြမ်းပြုစုခွင့်ရခဲ့သည်။ သို့သော် 'ဤဂန္ဓာလရာဇ်ဆေးကျမ်း'ကဲ့သို့ တရုတ်ဘာသာမှ ရယူသည့် အစဉ်အလာမျိုး ရှေးက မရှိခဲ့ကြောင်း ပညာရှင်တို့ မိန့်ဆိုကြပါသည်။

http://www.cherrythitsar.org

ဤဂန္ဓာလရာဇ်ဆေးကျမ်းသည် မြန်မာ့ဆေးပညာကို အားဖြည့်ပေးသော ကျမ်းတစ်ကျမ်းဖြစ်သည်သာမက တရုတ်နှင့်မြန်မာတို့ ယဉ်ကျေးမှုချင်းဆက်နွယ်ခဲ့ဖူးသည့်အကြောင်းကို သာဓကတစ်ခုအဖြစ် အထင်အရှားဖော်ညွှန်းလျက်ရှိပါသည်။

မြင့်ထိန်ဝေ
ဗေဒေါ်ဝါရီ၊ ဘဏ္ဍာရေး

http://www.cherrythitsar.org

ပသီပုံပြင် အရေးအသား

ပသီပုံပြင်

'ပသီပုံပြင်'ဟူသော ဝေါဟာရသည် မြန်မာစာပေပရိသတ်နှင့်ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ တစ်ထောင့်နှင့် တစ်ညပြောရသည်ကို အကြောင်းပြု၍ 'တစ်ထောင့်တစ်ညပုံပြင်'ဟုလည်း လူသိများသည်။ အင်္ဂလိပ်ဘာသာဖြင့် Arabian Nights. A Thousand and one nights ဟု ခေါ်သည်။

ပသီပုံပြင်များသည် မူလက အာရေဗျကျွန်းဆွယ်ရှိ ပါရှန်လူမျိုးတို့၏ နှုတ်ပြောပုံပြင်များဖြစ်ကြောင်း၊ နောက်ပိုင်းတွင် အိန္ဒိယပုံပြင်များနှင့် ဆက်နွယ်ကာ အခန်းဆက်ပြောရသော ကမ္ဘာကျော်ပုံပြင်ရှည်ကြီးဖြစ်လာကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။ ထိုပသီပုံပြင်များသည် အင်္ဂလိပ်ဘာသာပြန်မူများမှတစ်ဆင့် မြန်မာစာပေထဲသို့ ကိုလိုနီခေတ်ဦးပိုင်းကပင် ရောက်ရှိလာခဲ့သည်။

ထိုပုံပြင်များကို ရှိတ်အပ္ပဒူရာမန်က 'တစ်ထောင့်တစ်ည ပြောရသော ပသီပုံပြင်ဝတ္ထုကြီး'အမည်ဖြင့် မြန်မာဘာသာပြန်၍ ၁၉၀၆ ခုနှစ်တွင် စတင်ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း၊ တစ်ဖန်ဆရာကြီး သခင်ဘသောင်းက 'တစ်ထောင့်တစ်ည'အမည်ဖြင့် မြန်မာဘာသာပြန်ကာ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အတွင်း သုံးတွဲခွဲ၍ ထုတ်ဝေခဲ့ကြောင်း၊ စီးပွားရေး မြင့်ဦးကလည်း 'တစ်ထောင့်တစ်ညခေါ် ပသီပုံပြင်များ' အမည်ဖြင့် မြန်မာဘာသာပြန်၍ ၁၉၅၆–၁၉၅၇ ခုနှစ်အတွင်း လေးတွဲခွဲကာ ထုတ်ဝေခဲ့ကြောင်း၊ ကျော်လှိုင်ဦးကလည်း ၁၉၈၀–၁၉၈၂ ခုနှစ်အတွင်း ပထမညမှ ၁၄၆–ညအထိ ပုံပြင်များကို ဘာသာပြန်၍ တစ်ထောင့်တစ်ညပုံပြင်များ သုံးတွဲ ထုတ်ဝေခဲ့ကြောင်း ဆရာမလိခ၏ မြန်မာစာပေအဘိဓာန်တွင် ဖော်ပြထားပါသည်။

---

http://www.cherrythitsar.org

၁၉၅၀–ပြည့်နှစ်ကျော်ပိုင်းတွင် ရှုမဝမဂ္ဂဇင်းမှာ လစဉ်ပါသော သခင်ဘသောင်း၏ 'တစ်ထောင့်တစ်ည'ကို ကျွန်တော်တို့ စွဲမက်ခဲ့ရပါသည်။ အထူးသဖြင့် အေးအေးဆေးဆေးပုံပြောနေသည့် လေသံဖြင့် ရေးထားသော ဆရာကြီး၏ ရေးဟန်ကြောင့် ပို၍ စိတ်ဝင်စားရခြင်းဖြစ်ပါသည်။ 'အဲသဟာနှင့်'ဟူသော ပြောပုံမျိုး၊ 'ဒွန္ဒယာကြီးမှာ'၊ 'အလာဟု အရှင်'စသော တစ်မျိုးဆန်းသည့် အသုံးအနှုန်းမျိုးတို့ကြောင့် နှစ်သက်စွဲလမ်းရခြင်း ဖြစ်ပါသည်။ ဆရာကျော်လှိုင်ဦး၏ 'တစ်ထောင့် တစ်ည'ပုံပြင်တွေ ထွက်လာတော့ ဟန်ကတစ်မျိုး ဖြစ်သည်။ ဆရာကြီး သခင်ဘသောင်း၏ ပုံပြင်များထဲမှာ မပါသေးသော ပုံပြင်အသစ်များကို ဖတ်ရသည့်အတွက် တစ်မျိုး စိတ်ဝင်စားရပါသည်။

ယခုဖော်ပြခဲ့သော ဆရာများကဲ့သို့ ပသီပုံပြင်များကို တစ်စုတစ်စည်းတည်း မြန်မာပြန်ခြင်းမျိုး မဟုတ်သော်လည်း ကောင်းနိုးရာရာ မြန်မာမှုပြုပြီး မြန်မာစာပေထဲသို့ သွတ်သွင်းကြသည့် လက်ရာများလည်း အတန်အသင့်ရှိကြောင်း သတိပြုမိပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ကျောင်းမှာ သင်ရသော ဆရာကြီး ဦးဖေမောင်တင် ပြုစုသည့် 'ခြေသေ့တံဆိပ်'မြန်မာဖတ်စာများတွင် 'မောင်လှဒင်'၊'ခိုးသားလေးဆယ်'စသည့် ပုံပြင်များကို ဖတ်ခဲ့ရပါသည်။ ထိုပုံပြင်များသည် ပသီပုံပြင်ထဲက 'အာလာဒင်'နှင့် 'အလီဘာဘာ'တို့ကို မြန်မာမှုပြုထားခြင်း ဖြစ်ကြောင်းကို ကြီးလာမှ သိရပါသည်။

ပသီပုံပြင်၏ နိဒါန်းဖြစ်သော ဖောက်ပြန်သော မိန်းမတို့နှင့်တွေ့ရသော မင်းသားညီနောင် အကြောင်းကိုလည်း မစ္စတာမောင်မှိုင်း၏ မှာတော်ပုံဝတ္ထုတွင် ဗားကရာလူထွက် ဆရာကြီး ဦးကျော်ဌေးကို မောင်ဘုန်းခင်ဆိုသော သူငယ်ကလေးက မိန်းမများ ဖောက်ပြန်တတ်ပုံကို သာဓကဆောင်သည့်အနေနှင့် ပြောပြဟန် ထည့်သွင်းရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ရှိတ်အပ္ပဒူရာမန် မြန်မာပြန်သော ပသီပုံပြင် ဝတ္ထုကြီးကို ၁၉၀၆ ခုနှစ်တွင် စတင်ပုံနှိပ်ထုတ်ဝေသည်ဟု ဆရာမလိခက ဆိုသော်လည်း ကျွန်တော်ဖတ်ရှုလေ့လာရသောမှုမှာ ထို့ထက်စောနေသည်ကိုတွေ့ရပါသည်။ စာအုပ်မျက်နှာဖုံးတွင် The Arabian Nights Reader ဟု စာအုပ်အမည်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး S.A.Rahman ဟု ဘာသာပြန်သူအမည်ကိုပါ ဖော်ပြထားပါသည်။ 'ပသီပုံပြင်ဝတ္ထုကြီး'ဟုလည်း မြန်မာဘာသာဖြင့် ဖော်ပြပါသည်။ အတွင်းမျက်နှာဖုံးတွင်မူ 'ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမနှင့်နဝမတန်းများတွင် ဖတ်ရန် ကျောင်းသုံးစာအုပ် ကော်မတီတို့ ပြဋ္ဌာန်းထားသည့် ပသီပုံပြင်ဝတ္ထုကြီး'ဟု တွေ့ရပါသည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း ဖော်ပြပါသည်။ ရန်

http://www.cherrythitsar.org

ကုန်မြို့ ဗြိတိသျှဘားမား ပုံနှိပ်တိုက်က ရိုက်နှိပ်ပြီး ပုံနှိပ်သည့် ခုနှစ်မှာ ၁၈၉၉ ခုနှစ်ဖြစ်ကြောင်း တွေ့ရပါသည်။

ဆရာကြီး ရာမန်၏ ပသီပုံပြင်ဝတ္ထုကြီးကို ၁၉၀၆ ခုနှစ်မှ ၁၉၀၉ ခုနှစ်အတွင်း လေးတွဲခွဲ၍ ထုတ်ဝေခဲ့ပြီး ပုံပြင် ၃၈ ပုဒ်ပါကြောင်း၊ ၁၉၇၇ ခုနှစ်တွင် စုစည်းပုံနှိပ်ထုတ်ဝေကြောင်း ဆရာမလိခ၏ မြန်မာစာပေအဘိဓာန်အရ သိရပါသည်။ ကျွန်တော်တွေ့ရသော ပသီပုံပြင်ဝတ္ထုကြီးမှာ ပုံပြင်(၈)ပုဒ် သာပါပါသည်။ ထိုကြောင့် ၁၈၉၉–ခုနှစ်တွင် ကျောင်းသုံးစာအုပ်အဖြစ် တစ်စိတ်တစ်ပိုင်းစတင်ထုတ်ဝေပြီး ဆရာမလိခဖော်ပြသကဲ့သို့ ၁၉၀၆ ခုနှစ်ကျမှ အပြည့်အစုံထုတ်ဝေခြင်းဖြစ်မည်ဟု ယူဆရပါသည်။

ကျောင်းသုံး ပြဋ္ဌာန်းသော ပသီပုံပြင်ဝတ္ထုကြီးတွင် အလီဘာဘာနှင့် ဓားပြကြီးလေးကျိပ်တို့အကြောင်း၊ ကမာရက်ဇမန်မင်းသားနှင့် ပဒေါင်းရာမင်းသမီး၏ အကြောင်း၊ ဆင်းတဘက်နှင့် သူဆင်းရဲကူလီ၏ အကြောင်း၊ အာလာဒင်နှင့် ဣန္ဒာသယမှန်အိမ်အကြောင်း၊ ကြေးဝါမြို့ကြီး၏အကြောင်း၊ ညီမငယ်အား မနာလိုဝန်တိုခြင်း ဖြစ်ကြသော ညီအစ်မတို့၏ အကြောင်း၊ မဟာမက်မင်းသားနှင့် ဘရီတနောင်နတ်သမီး၏ အကြောင်းဟူသော ပုံပြင် ၈–ပုဒ်တွေ့ရပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ပသီပုံပြင်အရေးအသားပင်ဖြစ်သည်။ ပါဠိစာပေကို မြန်မာဘာသာပြန်ဆိုသည့် ရေးဟန်မျိုးဖြင့် ခံ့ခံ့ညားညား ရေးသားထားသည့်အပြင် ဆီလျော်ရာရာ မြန်မာမှုများ ထည့်သွင်းထားသည်ကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရပါသည်။ 'အလီဘာဘာနှင့် ဓားပြကြီးလေးကျိပ်တို့အကြောင်း'တွင်

ရှေးလွန်လေပြီးသောအခါ ပြအိုး၊ တန်ဆောင်း၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ တံခါး၊ တုရိုဏ်စသော မြို့၏ ကျက်သရေလှုနေလှုထိုင်ဈေးဆိုင်ကနား လမ်းမများတို့ဖြင့် တင့်တယ်လျှောက်ပတ်သော ဝိရ်သျှပြည်ကြီးတွင် အစ်ကိုကာဆင်၊ ညီအာလီဘာဘာဟူသော အမျိုးသားနှစ်ယောက်တို့သည် အမိအဖမရှိသည့်နောက် ကျန်အမွေရပ် ဥစ္စာပစ္စည်းများကို အညီအမျှတစ်ယောက်ထက်တစ်ယောက် မပိုသာစေဘဲ သင့်တင့်စွာ ခွဲခြမ်းဝေဖန်ပြီးလျှင် ခံယူသုံးဆောင်ကြလေ၏။

ဟူ၍ ရေးထားပုံကို ကြည့်လျှင် ရှေးခေတ်ဇာတ်တော်ကြီးများ ရေးဖွဲ့သည့် ဟန်မျိုးဖြစ်ကြောင်း တွေ့နိုင်ပါသည်။ မြန်မာမင်းများလက်ထက် မြို့ပြ၊ ကျုံး၊ မြောင်း စသော မြို့အင်္ဂါရပ်များကိုပါ ထည့်သွင်းရေးဖွဲ့ထားပုံကိုလည်း တွေ့နိုင်ပါသည်။

http://www.cherrythitsar.org

'အာလာဒင်နှင့် ဣစ္ဆာသယမှန်အိမ်အကြောင်း'တွင် အာလာဒင်၏ ဖခင်က အာလာဒင်အား ဆုံးမပုံကို ဤသို့ရေးဖွဲ့ထားပါသည်။

ချစ်သား၊ ဖခင်ပြောမည် နားထောင်လော့။ အကြင်သူတို့သည် အတတ်အလိမ္မာ ဉာဏ်မရှိချေက သူများ၏ လှေလှော်ဝန်ထမ်း အခိုင်း အစေကိုသာ ခံယူလေသည်။ မိဘ၌ ကြွယ်ဝချမ်းသာ၍ ရွှေအိမ်ဘုံမြင့် ခုနစ်ဆင့်၌ ထားပြားသော်လည်း ပြာသာဒ်ဖျားဌ၌ နားသော ကျီးကဲ့သို့ ထိုထိုပစ္စည်းဥစ္စာတို့ကို ဆောင်ရွက်သုံးစားခြင်း မပြုနိုင်ချေ။ အဆင်း သဏ္ဌာန်၏ လှပတင့်တယ် ရှုချင်ဖွယ် ကောင်းပြားသော်လည်း ပညာ တည်းဟူသော အနှစ်သာရမရှိက ပေါက်ပွင့်ပေါက်ပန်းကဲ့သို့ ဖြစ်လတ္တံ့။ အကြင်ပေါက်ပွင့် ပေါက်ပန်းသည် အဆင်းသဏ္ဌာန်သာရှိ၍ အနံ့အရသာ မရှိပါက မွေးကြိုင် ထုံသင်းခြင်းငှာ မစွမ်းနိုင်ချေ။ ထို့အတူ အကြင် အဆင်း သဏ္ဌာန်ရှုပကာယ၌ ရှုချင်ဖွယ်ရှိသော်လည်း ပညာတည်းဟူ သော အနှစ်သာရမရှိက ထိုပေါက်ပန်းကဲ့သို့ ဖြစ်လိမ့်မည်။

ဤဆုံးမစကားကိုကြည့်လျှင် အင်းဝခေတ်စာဆိုရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် ဟတ္ထိပါလပုဏ္ဏားက ဟတ္ထိပါလသတို့သားအား ပညာသင် ရန် တိုက်တွန်းသည့် စကားများမှ "ဘိုးဘွားမိဘ၊ သူကြီးမ၍၊ မလျှမည်ကြီး၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့် ကျီးမျှ၊ ပမာကျလိမ့်၊ အင်ကိပစ္စင်၊ သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ လူ့ပေါက် ပန်းဟု၊ သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့လေအုံ့"ဟူသော အဖွဲ့ကို စကားပြေဖြင့် ပြန် လည်ရှင်းလင်းထားခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။ မြန်မာစာပေနှံ့စပ် ကျွမ်းကျင်သော ပုဂ္ဂိုလ်၏လက်ရာဖြစ်ကြောင်းသိသာပါသည်။

ပသီပုံပြင်ဝတ္ထုကြီးကို ၁၈၉၉ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ရာ ယခုဆိုလျှင် နှစ် ၁၀၀ ပြည့်ခါနီးပါပြီ။ လွန်ခဲ့သော နှစ် ၁၀၀ ခန့်က မြန်မာ စကားပြေအရေးအသားအဖြစ် တန်ဖိုးရှိလှသည့်အပြင် မြန်မာမှုများ ထင်ဟပ် နေသော စာပေလက်ရာအဖြစ်လည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ဇေယာမိုးမွန်ခင်

http://www.cherrythitsar.org

ဝတ္ထု ကဗျာနှင့် နိဗ္ဗာန်လောကအရှေ့

၁၉၀၄ ခုနှစ်တွင် မြန်မာဝတ္ထုလမ်းကြောင်း၌ အလှည့်အပြောင်းတစ်ခုပေါ်ပေါက်သည်။ ယခင်ကရှိနှင့်ပြီးသော ဝတ္ထုများနှင့်မတူသည့် ဝတ္ထုတစ်ပုဒ် ထူးထူးခြားခြား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုဝတ္ထုမှာ အများသိကြသော ဂျိမ်းလှကျော်၏ 'မောင်ရင်မောင် မမယ်မဝတ္ထု'ဖြစ်သည်။ ပညာရှင်တို့က ထိုဝတ္ထုကို ပထမဆုံးပေါ်ပေါက်သော မြန်မာကာလပေါ်ဝတ္ထုဟူ၍ သတ်မှတ်ကြသည်။

ထိုဝတ္ထုသည် ယခင်ပေါ်ပေါက်ပြီးသော ဝတ္ထုများနှင့်မတူသည်ကား အမှန်ပင်ဖြစ်သည်။ ပေါ်ပေါက်ပြီးသော ဝတ္ထုအများစုသည် ဗုဒ္ဓစာပေ ဝတ္ထုများဖြစ်သည်။ ဂေါတမဘုရားရှင် မပွင့်မီနှင့် ဘုရားရှင်လက်ထက်က အကြောင်းများကို အခြေခံကာ ရေးဖွဲ့သော ဝတ္ထုများဖြစ်သည်။ မြန်မာ့ဘာဝပတ်ဝန်းကျင်ဟု ဆိုအပ်သော ဒိဋ္ဌမမွှလောကကို အခြေခံ၍ ရေးဖွဲ့သော ဝတ္ထုများမဟုတ်။ ထိုဝတ္ထုများကို မြန်မာစာရေးဆရာတို့က ပါဠိမှ မြန်မာပြန်ကြခြင်းဖြစ်သည်။ မြန်မာမှုပြုကြခြင်းဖြစ်သည်။ မိမိတို့ ပင်ကိုယ်ဉာဏ်ဖြင့် ရေးဖွဲ့ခြင်းမဟုတ်။ ပင်ကိုဉာဏ်ဖြင့်ရေးဖွဲ့သော ဝတ္ထုမျိုးကား အနည်းအကျဉ်းပေါ်ပေါက်ခဲ့ပါ၏။ သို့သော်လည်း နတ်သိကြားစသည့် တန်ခိုးရှင်များ ထည့်သွင်းကာ ယုံတမ်းဆန်ဆန်ရေးဖွဲ့ထားသည်။

မောင်ရင်မောင် မမယ်မ ဝတ္ထုကား ထိုဝတ္ထုတို့နှင့်မတူဘဲ မြန်မာ့ပတ်ဝန်းကျင်ဟု ဆိုအပ်သော ဒိဋ္ဌမမွှလောကကို အပြည့်အဝထင်ဟပ်သည့် ဝတ္ထုဖြစ်သည်။ 'မွန်တီခရစ္စတိုနယ်စားကြီး'ခေါ် ပြင်သစ်ဝတ္ထုကို တစ်စိတ်တစ်ပိုင်းမှီငြမ်းပြုသော်လည်း မြန်မာဆန်ဆန် ဒိဋ္ဌမမွှလောကကို ထင်ဟပ်ပြထားသည်။

http://www.cherrythitsar.org

ထို့ကြောင့် ထိုဝတ္ထုကို ရှေးက ပေါ်ခဲ့သည့် ဝတ္ထုများနှင့် ကွဲပြားအောင် 'ကာလပေါ်ဝတ္ထု'ဟုခေါ်ကြသည်။

ထိုဝတ္ထု၏ ဂုဏ်ကို ဖော်ထုတ်ချီးကျူးကြရာတွင် 'ယုံတမ်းလောကထဲ၌ မွေ့လျော်နေကြသော ပရိသတ်ကို လှုပ်နှိုးလိုက်၍ ဒိဋ္ဌဓမ္မလူ့လောကကို မြင်တတ်လာအောင် ပြုလုပ်ပေးလိုက်မိသကဲ့သို့ရှိကြောင်း၊ ဒိဋ္ဌဓမ္မလူ့လောကသရုပ်ဖော်သဘောသည် ယုံတမ်းလောကကို တိုက်ခိုက်လိုက်ပြီဖြစ်ကြောင်း၊ လူ့လောကထဲ၌ မြင်နေကြားနေကျ လူ့အမှုအရာကို ရသမြောက်အောင် ဖွဲ့နိုင်ကြပြီဖြစ်ကြောင်း'စသည်ဖြင့် လေးစားလောက်သော ပညာရှင်တို့က အားပါးတရ ချီးကျူးကြိုဆိုခဲ့ကြသည်။

မြန်မာဝတ္ထုလောကအတွက် ထိုအလှည့်အပြောင်းကို ကြိုဆိုအပ်သည် မှန်ပါ၏။ ချီးကျူးအပ်သည် မှန်ပါ၏။

ထိုအလှည့်အပြောင်းကို အကြောင်းပြု၍ မြန်မာတို့သည် ဒိဋ္ဌဓမ္မလူ့လောကကို သရုပ်ဖော်သည့် အဖွဲ့မျိုး ယခင်က မရေးဖွဲ့တတ်ကြသယောင်၊ မြန်မာစာပေတွင် ဒိဋ္ဌဓမ္မလူ့လောကအဖွဲ့မျိုး ယခင်က မပေါ်ပေါက်ခဲ့ဖူးသယောင် တစ်ဖက်စောင်းနင်းပြောဆိုရေးသားမှုများ ရှိလာသည်။ ကာလပေါ်ဝတ္ထု၏ ဒိဋ္ဌဓမ္မလူ့လောက ထင်ဟပ်သရုပ်ဖော်မှုကို ချီးကျူးရင်းက မြန်မာစာပေတွင် ထိုအရေးအဖွဲ့မျိုး ယခင်က မရှိရကောင်းလားဟု ကဲ့ရဲ့ပြစ်တင်မိလျက်သားဖြစ်သွားသည့် ပြောဆိုရေးသားမှုများပင် ဖြစ်သည်။

ဝတ္ထုနယ်ပယ်တစ်ခုတည်း ကွက်ကွက်ကလေး ကြည့်လျှင်တော့ ဟုတ်ပါလိမ့်မည်။ သို့သော် မြန်မာစာပေလမ်းကြောင်းတွင် အင်နှင့်အားနှင့် ထုနှင့် ထည်နှင့် ထွန်းကားခဲ့သော ကဗျာနယ်ပယ်ဘက်သို့ ငဲ့စောင်းကြည့်လျှင်ကား ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ရေးဖွဲ့သရုပ်ဖော်မှုသည် မြန်မာကဗျာလမ်းကြောင်းတွင် ပုဂံခေတ်ကတည်းက အခိုင်အမာရှိခဲ့ပြီး ခေတ်အဆက်ဆက်စည်ပင်ဖွံ့ဖြိုးလာကြောင်း တွေ့ရပါလိမ့်မည်။

ပုဂံခေတ်ပေါ် မြကန်ဘွဲ့ကဗျာတွင် ခိုင်မာသော ကန်ပေါင်ရိုးနှင့် အေးမြကြည်လင်သော ရေတို့ဖြင့် ပြည့်နေသော မြကန်ကို သရုပ်ဖော်ရာ၌ 'ကြာပေါင်းထုံထုံ ငှက်မျိုးစုံ'နေပုံ၊ 'ဝတိန်သာက နန္ဒာလော'ဟု ဆိုရလောက်အောင် တင့်တယ်ပုံတို့ကို ဖွဲ့ထားသည်မှာ ဒိဋ္ဌဓမ္မလောက သြကာသ ဝန်းကျင်အဖွဲ့များ၏ အဦးအစဟု ဆိုနိုင်လောက်သည်။ နောက်ပိုင်းတွင် ပေါ်ပေါက်လာသည့် ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားမှစ၍ ရတု၊ အဲချင်း၊ လူးတား၊ လေးချိုးကြီး စသည်တို့မှ ရာသီဘွဲ့များကို ကြည့်လျှင် စာဆို၏ ကိုယ်တွေ့ဖြစ်သော ဒိဋ္ဌဓမ္မ သြကာသလောကကို ထင်ဟပ်ရေးဖွဲ့ထားသည်ကို

http://www.cherrythitsar.org

တွေ့ရသည်။ မြန်မာ့ရေမြေ ပတ်ဝန်းကျင်၏ အလှကို နှစ်သက်မြတ်နိုးဖွယ် ရေးဖွဲ့ထားသော အဖွဲ့များဖြစ်သည်။

တစ်ဖန် ရတု၊ ဧချင်း၊ မော်ကွန်းတို့တွင် ထီးနန်းဝန်းကျင်မှ မင်းနှင့် တကွ မင်းညီမင်းသား၊ မင်းသမီးများ၊ မှူးမတ်၊ အမှုထမ်းများ၏ ချစ်ရေးလွမ်း ရေးကိစ္စများကအစ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ လက်ရုံးရည် ပြတိုက်ပွဲများစသည်တို့ကို ကိုယ်တွေ့မျက်မြင်ထင်ဟပ် သရုပ်ဖော်သည့် ဒိဋ္ဌ ဓမ္မလောကအဖွဲ့များကို အင်နှင့်အားနှင့် တွေ့ရမြဲဖြစ်သည်။ ထီးနန်းဝန်းကျင်ကို နောက်ခံပြုလျက် လူပ်ရှားကြသော လူ့အမှုအရာအမျိုးမျိုးကို ထိုအဖွဲ့များတွင် အထင်အရှားတွေ့နိုင်သည်။

ပဒေသရာဇာ၏ တျာချင်းများတွင် လူ့အမှုအရာအဖွဲ့များသည် ထီး နန်းဝန်းကျင်မှ ပြည်သူလူထုဝန်းကျင်သို့ ကူးပြောင်းလာသည်ကို အများအသိ ပင်ဖြစ်သည်။ သာမန်ဆင်းရဲသားများ ပြည်သူများဖြစ်သော ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား၊ ကုန်တင်လှေကြီးသမား၊ အောက်မား ဆင် ဖမ်းသမား၊ တောင်ပိုင်တက်သမားတို့၏ အမှုအရာအသီးသီးကို စာနာစိတ် ဖြင့် ဖွဲ့ပြသော ဒိဋ္ဌဓမ္မအဖွဲ့များဖြစ်သည်။ တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်း များတွင်မူ ကျေးလက်လုံမပျိုတို့၏ ချစ်ရေးလွမ်းရေးကို အခြေခံသည့် ဒိဋ္ဌဓမ္မ အဖွဲ့များကို ကျေးလက် ပတ်ဝန်းကျင် နောက်ခံဖြင့် နှစ်သက်ဖွယ်တွေ့နိုင်သည်။ နောက်ပိုင်းတွင် ပေါ်ပေါက်သော လွမ်းချင်း၊ ဗုံကြီးသံ၊ ကောက်စိုက်သီချင်း၊ မောင်းထောင်းသီချင်း စသည်တို့တွင်ကား အထူးဆိုဖွယ်မရှိပြီ။ ကျေးလက်ဝန်း ကျင်နောက်ခံပြုထားသော ဒိဋ္ဌဓမ္မအဖွဲ့များကို အင်နှင့်အားနှင့်တွေ့ရမည်ဖြစ် သည်။

ကဗျာဖြင့်လည်းကောင်း၊ စကားပြေတွင် ကာရန်ကလေးများဖြင့် သော်လည်းကောင်း၊ ဝေဝေဆာဆာ ဖွဲ့တတ်သည့် 'မေတ္တာစာ'အဖွဲ့မျိုးကို ကြည့်ပါဦး။ အင်းဝခေတ်ရဟန်းတော်များက မင်းထံတင်သွင်းသည့် မေတ္တာစာများက စ၍ ကုန်းဘောင်ခေတ်တွင် အများအားဖြင့် သာမန်ပြည်သူတို့ ကိုယ်စား ရေးဖွဲ့ ပေးလေ့ရှိသော ကျည်းကန်ရှင်ကြီး၊ ဦးပုည၊ ကျီးသဲဆရာတော်စသည့် စာဆိုတို့ ၏ မေတ္တာစာများတွင် လူ့အမှုအရာ အမျိုးမျိုးကို စိတ်ဝင်စားဖွယ် တွေ့နိုင်သည် ပင်။ တို့ရုံထိရုံပြခဲ့သော ဤသာဓကများကို ကြည့်လျှင်ပင် မြန်မာ့ကဗျာလမ်း ကြောင်း၌ ဒိဋ္ဌဓမ္မ လူ့လောကကို ထင်ဟပ်ရေးဖွဲ့သည့် အလေ့အလာမျိုး အခိုင် အမာရှိပြီးဖြစ်ကြောင်း ထင်ရှားလောက်ပါပြီ။ သို့ဆိုလျှင် ဝတ္ထုလမ်းကြောင်း၌ ဗုဒ္ဓစာပေဝတ္ထုများ၏ စည်ပင်ကြွယ်ဝမှုကြောင့် မြန်မာ့စာဆိုတို့သည် ထို ဝတ္ထုများကို အမြတ်တနိုးမြန်မာမှုပြုရန် စိတ်အားထက်သန်နေကြသည့်အတွက်

http://www.cherrythitsar.org

ကဗျာလမ်းကြောင်းမှာကဲ့သို့ ကိုယ်တွေ့ဒိဋ္ဌဓမ္မလောကဝန်းကျင်ကို ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ရန် အာရုံမရောက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုနိုင်ကောင်းပါသည်။

၁၉၀၄ ခုနှစ်၌ 'မောင်ရင်မောင် မမယ်မ'ဆိုသော ကာလပေါ်ဝတ္ထုပေါ်ပေါက်ချိန်၌ လူ့လောကထဲ၌ မြင်နေကျ ကြားနေကျ လူ့အမူအရာကို ရသမြောက်အောင် ရေးဖွဲ့သည့် အလေ့အလာမျိုးသည် မြန်မာ့ကဗျာလမ်းကြောင်းတွင် စည်ပင်ဖွံ့ဖြိုးသည့် အခြေအနေသို့ ရောက်နေပါပြီ။

လျော့လျော့ပေါ့ပေါ့ဆိုရလျှင် ဝတ္ထုနှင့် ပတ်သက်၍ ပုဂ္ဂိုလ်အချို့ကဲ့ရဲ့ပြစ်တင်သကဲ့သို့ မြန်မာစာပေတွင် ဒိဋ္ဌဓမ္မလူ့လောကကို သရုပ်ဖော်သည့် အဖွဲ့မျိုး ယခင်က မရေးဖွဲ့တတ်ကြဟု ဆိုသည်မှာ လုံးဝမမှန်ကန်ကြောင်း သိသာထင်ရှားလောက်ပါပြီ။

ဝတ္ထုနယ်ပယ်တစ်ခုတည်းကိုသာ ကွက်မကြည့်ဘဲ မြန်မာစာပေနယ်ပယ်တစ်ခုလုံး ဖြန့်ကြက်ကြည့်လျှင်ကား ဒိဋ္ဌဓမ္မလောကအဖွဲ့များ၏ အနေအထားကို မှန်မှန်ကန်ကန်မြင်နိုင်ဖွယ်ရှိသည်ဟု သဘောရပါသည်။

စံပယ်ပြူ

အမှတ် ၇၀၊ နိုဝင်ဘာ ၊ ၁၉၉၁၊

http://www.cherrythitsar.org

လွတ်လပ်ရေးအတွက် ဘာသာပြန်လက်နက်

မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲအမျိုးမျိုးဝင်ခဲ့ရသည်။ တိုက်ပွဲအမျိုးမျိုးတွင် လက်နက်အမျိုးမျိုးသုံးခဲ့ရသည်။ မြင်သာထင်သာသော လက်နက်မျိုးလည်းပါ၏။ မမြင်သာ မထင်သာသော လက်နက်မျိုးလည်းပါ၏။

ထိုမမြင်သာ မထင်သာသော လက်နက်မျိုးများထဲမှ သိမ်မွေ့လေးနက်လှသော လက်နက်တစ်မျိုးကို လွတ်လပ်ရေးမရမီ အနှစ်နှစ်ဆယ်ခန့်ကပင် မြန်မာတို့၏ ရင်ထဲနှလုံးထဲ၌ အမြော်အမြင်ကြီးသူများက 'တပ်ဆင်'ပေးခဲ့ဖူးပါသည်။

ပို၍ တိတိကျကျဆိုရလျှင် လွတ်လပ်ရေးမရမီ ဆယ့်ကိုးနှစ်တိတိ ဖြစ်သော ၁၉၂၉ ခု ဧန်နဝါရီလက ဖြစ်ပါသည်။ တပ်ဆင်ပေးရာ နေရာကား ဂန္ဓလောက 'မဂ္ဂဇင်း'ဟု တွင်လာမည့် မဂ္ဂဇင်းဖြစ်၍ တပ်ဆင်ပေးသည့် လက်နက်ကား 'ဘာသာပြန်'လက်နက်ဖြစ်ပါသတည်း။

စေတီပုထိုးပေါများရာ ငါတို့မြန်မာပြည်သည် မည်သည့်အခါ လုံးဝ လွတ်လပ်ခွင့်ရမည်နည်း။ အဖြေမှာ လွယ်၏။ နေစွမ်းသော အခါတွင် ရမည်။ အဘယ်အခါ နေစွမ်းနိုင်ပါမည်နည်း။ ပညာမျက်စိရှိသောအခါ နေစွမ်းနိုင်ဖွယ်ရှိ၏။ အဘယ်အခါ ပညာမျက်စိရှိမည်နည်း။ ပညာမျက်စိကို ပေးတတ်သော အရေးကြီးသည့် နိုင်ငံခြားစာပေတို့ကို အမြောက်အမြားဘာသာပြန်၍ မြန်မာတို့အား ဖတ်ရှုလေ့ကျက်စေသောအခါ ပညာ မျက်စိ ရှိလိမ့်မည်။

၁၉၃၀ ပြည့်နှစ်တွင် 'ဂန္ဓလောကမဂ္ဂဇင်း'ဟု တွင်လာမည့် The World of Books မဂ္ဂဇင်းအတွဲ ၈ အမှတ် ၄၈ (၁၉၂၉ ဧန်နဝါရီ)၏ 'ခေါင်းကြီးပိုင်း'မှ ဖြစ်ပါသည်။ လက်ရာရှင်ကား 'တို့ဗမာအစည်းအရုံး'တည်ထောင်

http://www.cherrythitsar.org

ရာတွင် အရေးပါသော ခေါင်းဆောင်တစ်ဦးဖြစ်လာမည့် သခင်ဘသောင်းပင် ဖြစ်ပါသည်။ သခင်ဘသောင်းသည် 'ဘာသာပြန်'ဆိုသော ခေါင်းစဉ်ဖြင့် အဆိုပါ ခေါင်းကြီးပိုင်းကို ရေးကာ မြန်မာတို့၏ ရင်ထဲနှလုံးထဲတွင် ဘာသာပြန်လက်နက်ကို တပ်ဆင်ပေးလိုက်ခြင်းဖြစ်သည်။

၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာသောအခါ အဆိုပါ ခေါင်းကြီးပိုင်းသည် နိုင်ငံပြု စာစဉ်အမှတ် ၂ ဖြစ်သော နိုးကြားရေးစာတမ်း(၈)စောင်အနက် ပထမစာတမ်းအဖြစ် ပို၍ ကျယ်ကျယ်ပြန့်ပြန့်နေရာယူလာပါသည်။ ပို၍လည်း လူသိများလာပါသည်။ မြူးကြွသွက်လက်ပြီး အ သက်ဝင်လှသည့် ရေးဟန်ကြောင့်လည်း ပို၍ လူသိများရခြင်းဖြစ်သည်ဟု ဆိုရပါမည်။ ရေးပုံထင်ရှားအောင် သာဓကဆောင်ပါရစေ။

အချင်းတို့၊ အမျိုးသားတို့၊ အိုမြန်မာတို့၊ ငါတို့သည် ဤလောကစစ်ပွဲကြီးကို အဘယ်သို့ တိုက်ကြပါမည်နည်း။ ငါတို့သည် ငါတို့နိုင်ငံကို လုံးဝလွတ်လပ်ခွင့်နှင့် နေစွမ်းအောင် ဆောင်ရွက်ကြကုန်အုံ့၊ ပညာမျက်စိရှာကြကုန်အုံ့၊ တာဝန်ကိုယ်စီထမ်းကြလော့။ ဥစ္စာရင်လို ဥစ္စာရင်ခဲကြရမည်။ မိမိတို့ ကိုးကွယ်ရာသည် မိမိတို့ ကိုယ်သာလျှင်တည်း။ မိမိတို့ မှတစ်ပါး အဘယ်မည်သောသူကို ကိုးကွယ်ရာမည်နိုင်အုံ့နည်း။ ကိုယ့်ကိုယ်သာ အားကိုးကြလော့။ ပညာမျက်စိကိုပေးမည့် ဘာသာပြန်ကို ကောင်းစွာ လုပ်ဆောင်ကြလော့။

ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကို ဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းတည်း။ ဘာသာပြန်ရေးသည် မိုးပေါ်က ကြယ်မို့ ခက်ရမည်လော။ မိုးပေါ်က ကြယ်ပင်ဖြစ်လင့်ကစား ငါတို့ ဆွတ်ကြကုန်အုံ့။

ယခုပင် ချက်ချင်းထပြီး ဘာသာပြန်ချင်စိတ်ပေါ်လာအောင် လှုံ့ဆော်နိုင်သည့် အရေးအသားမျိုးဖြစ်ကြောင်း အကဲခတ်နိုင်လောက်ပါသည်။ မြန်မာ့လွတ်လပ်ရေးသည် မြန်မာတိုင်း အသိအမြင်ကျယ်ပြန့်မှုပေါ်တွင် များစွာတည်နေသည့်အလျောက် ခေတ်မီအသိအမြင် ဗဟုသုတများကို မြန်မာပရိသတ်ထံ မြန်မာစာဖြင့် ပို့ပေးနိုင်ရေးအတွက် ဘာသာပြန်သည့် လုပ်ငန်းကို အလေးအနက်လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ခြင်းဖြစ်ပါသည်။

မကြာမီမှာပင် မြန်မာတစ်မျိုးသားလုံး အသိအမြင် ကျယ်ပြန့်လာရေးကို ရှေးရှု၍ ခေတ်မီတိုးတက်သော အမြင်ရှိသည့် လူငယ်များ၏ ကြိုးပမ်းပြုစုမှုဖြင့် ဘာသာပြန်စာအုပ်များ အင်နှင့်အားနှင့် ပေါ်ထွက်လာသည်မှာ အဆိုပါ တိုက်တွန်းချက်၏ အကျိုးဆက်ဟုပင် ဆိုရပါလိမ့်မည်။

http://www.cherrythitsar.org

ငါတို့သည် မြန်မာတို့အား မြန်မာစာဖြင့် ယခုခေတ် အတတ်ပညာ ရပ်များကို ဖတ်ရှုနိုင်ကြဖို့ အလုပ်မှာ ငါတို့ မြန်မာတိုင်း မြန်မာတိုင်း၏ ပြုအပ်သော မဟာဝတ္တရားကြီးဖြစ်သည်ဟု နှလုံးပိုက်လျက် ဝစီကံဘဝ မှ ကာယကံမှုဘဝသို့ ရောက်အောင် ဆောင်ရွက်ကြမည်။

သခင်ဘသောင်းက ဤသို့ နှိုးဆော်ခဲ့သည့်အတိုင်း ခေတ်မီတိုးတက်သော ပုဂ္ဂိုလ်များက ဘာသာပြန်လက်နက်ကို ထိထိရောက်ရောက် ထက်ထက်မြက်မြက် အသုံးပြုခဲ့ကြပါသည်။ မည်သို့ မည်ပုံထိရောက်ကြောင်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက အထင်အရှားသက်သေပြနေပါသည်။ ထိုဘာသာပြန်လက်နက်သည် စိတ်ပိုင်းဆိုင်ရာ လက်နက်ဖြစ်နေသည့်အတွက် ထင်သာမြင်သာ မဖြစ်သည်မှန်ပါ၏။ သိမ်မွေ့သည်မှန်ပါ၏။ သို့သော် ထိုလက်နက်၏ အာနိသင်ကား မသေးပါ။ လွတ်လပ်ရေးကြိုးပမ်းရာတွင် အသုံးပြုခဲ့သည့် အခြားအခြားသော လက်နက်များနည်းတူ အရေးပါသော၊ ထက်မြက်သော လက်နက်တစ်ခုအဖြစ် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစင်မြင့်တွင် ထည်ထည်ဝါဝါ ရပ်တည်နေမည်သာ ဖြစ်ပါသည်။

ဝေါ်ပြုန်ဝေ(ခ)
အမှတ် ၈၈၊ ဝန်ရုံလမ်း၊ ၁၃ရပ်။

http://www.cherrythitsar.org

အလင်္ကာပြင်ကွင်း

မြန်မာစာပေသမိုင်းဝင် ကျမ်းအမျိုးမျိုးတွင် အလင်္ကာကျမ်းများလည်း အပါအဝင်ဖြစ်သည်။ မြန်မာတို့သည် စာပေဝေဖန်အကဲဖြတ်ရာတွင် အလင်္ကာကျမ်းလာနည်းနာများကို လမ်းညွှန်အဖြစ် အသုံးပြု၍ ရေးဖွဲ့လေ့ရှိကြသည်။ သို့ဖြင့် အလင်္ကာကျမ်းများသည် မြန်မာစာပေနယ်ပယ်ထဲတွင် အရေးပါသော လေးစားထိုက်သော နေရာကို ရယူလျက်ရှိသည်။

စိတ်ဝင်စားဖွယ်ကောင်းသော အချက်ကား နေရာတစ်ခုတည်းမှ လှိုင်းဂယက်များ ဖြာထွက်သွားသကဲ့သို့ မြန်မာအလင်္ကာကျမ်းအများစုသည် အလင်္ကာကျမ်းတစ်ကျမ်းတည်းမှ ဖြာထွက်သွားခြင်းဖြစ်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ ထိုကျမ်းသည် အခြားမဟုတ်ပါ။ ပါဠိဘာသာဖြင့် ပြုစုထားသော 'သုဗောဓာလင်္ကာရ'ကျမ်းပင် ဖြစ်ပါသည်။

သုဗောဓာလင်္ကာရသည် မြန်မာနိုင်ငံဖြစ် ကျမ်းမဟုတ်။ သီရိလင်္ကာကျွန်းဖြစ်ကျမ်းဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်ကား သီရိလင်္ကာကျွန်း အနုရာဓပြည်၏တောင် မဟာဝိဟာရကျောင်းတိုက်နေ အရှင် သံဃရက္ခိတ မဟာသာမိဖြစ်သည်။ ထိုအရှင်သည် သာသနာသက္ကရာဇ် ၁၆၉၆ ခုတွင် သီရိလင်္ကာကျွန်း၌ မင်းပြုသော ပရက္ကမဗာဟုမင်း၏ဆရာ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သည်ဟု ဆိုပါသည်။

သုဗောဓာလင်္ကာရကျမ်း မပေါ်ပေါက်မီက ရှိနေသော အလင်္ကာကျမ်းများမှာ အိန္ဒိယနိုင်ငံဖြစ် သက္ကတအလင်္ကာကျမ်းများဖြစ်သည်၊ အိန္ဒိယနိုင်ငံတွင် အလင်္ကာပညာကို ခရစ်မပေါ်မီ နှစ်ပေါင်းများစွာကပင် လေ့လာခဲ့ကြကြောင်း၊ ဆရာ**ဘာရတ**၏ **နာဋ္ဌယသျှတ္တရ** ကျမ်းသည် ပြဇာတ်နှင့်အလင်္ကာအကြောင်း

http://www.cherrythitsar.org

ကို ရေးသားထားသော ရှေးအကျဆုံးကျမ်းတစ်စောင်ဖြစ်ကြောင်း၊ ထိုကျမ်းတွင် ပြဇာတ်အကပညာကို ဦးစားပေး၍ ရေးထားသော်လည်း အလင်္ကာအကြောင်း ဂီတအကြောင်းများလည်း ပါဝင်ကြောင်း၊ ထို့နောက်တွင် ပညာရှင်အစဉ်အဆက် အလင်္ကာကျမ်းအမျိုးမျိုး ပြုစုခဲ့ကြကြောင်း သိရပါသည်။ ထိုအလင်္ကာကျမ်းများသည် သက္ကတဘာသာဖြင့် ပြုစုထားသော ကျမ်းများဖြစ်သည့်အတွက် ပါဠိဘာသာသက်သက်တတ်သူများ လေ့လာရန်မလွယ်ကူပါ။ ထို့ကြောင့် **အရှင်သံဃရက္ခိတမဟာသာမိ** က ပါဠိဘာသာသက်သက်တတ်သူများအတွက် ရည်ရွယ်ပြီး **သုဗောဓာလင်္ကာရကျမ်း** ကိုပြုစုကြောင်း သိရပါသည်။ **သုဗောဓာလင်္ကာရ**ကား သိလွယ်နားလည်လွယ်သော အလင်္ကာကျမ်းဟူ၍ အဓိပ္ပာယ်ရပါသည်။

သုဗောဓာလင်္ကာရ ကို ပြုစုရာတွင် ရှေးဟောင်းသက္ကတ အလင်္ကာကျမ်းများကို အမှီပြု၍ ပြုစုထားခြင်းဖြစ်သည်။ အထူးသဖြင့် **'ကာဗျဒဿကျမ်း'** ကို မူတည်၍ အခြားအလင်္ကာကျမ်းတို့မှလည်း ကောင်းနိုးရာရာ ထုတ်နုတ်ပြုစုထားခြင်းဖြစ်ကြောင်း သိရပါသည်။ **သုဗောဓာလင်္ကာရ** တွင် ၃ဖြာ ဂါထာပါဝင်ပြီး အပိုင်း ငါးပိုင်းခွဲထားသည်။ စာရေးရာတွင် သင့်တတ်သော အပြစ်ဒေါသပိုင်း၊ ဒေါသအဖြေပိုင်း၊ ဂုဏ် ခေါ် စကားတန်ဆာပိုင်း၊ အလင်္ကာခေါ် အနက်တန်ဆာပိုင်း၊ ရသပိုင်းဟူ၍ အလွယ်မှတ်ယူနိုင်ပါသည်။

အရှင် သံဃရက္ခိတမဟာသာမိသည် သုဗောဓာလင်္ကာရကျမ်း၏ အဖွင့်ဖြစ်သော 'မဟာသာမိဋီကာ'(ပေါရာဏဋီကာ၊ ဋီကာဟောင်းဟုလည်း ခေါ်သည်)နှင့် သုဗောဓာလင်္ကာရ၏ လေးနက်ခက်ခဲသော အဓိပ္ပာယ်တို့ကို ဖွင့်ပြသော **အတ္ထဗျာရာ**ခေါ် သီရိလင်္ကာနိဿယ တစ်စောင်ကိုလည်း ပြုစုခဲ့သည်။ သုဗောဓာလင်္ကာရဋီကာဟောင်းကို အရှင်သံဃရက္ခိတမဟာသာမိပြုစုသည်ဟူ၍ လည်းကောင်း၊ အရှင် **ဝါစိဿရ** ပြုစုသည်ဟူ၍လည်းကောင်း၊ အရှင်သံဃရက္ခိတမဟာသာမိကိုပင် အရှင်ဝါစိဿရဟုလည်း ခေါ်သည်ဟူ၍ လည်းကောင်း အဆိုအမိန့်များ တွေ့ရပါသေးသည်။ ထို့ပြင် အနုရာဓမြို့နေ အမည်မသိ မထေရ်တစ်ပါး ပြုစုသော သုဗောဓာလင်္ကာရ ဋီကာသစ်နှင့် အလင်္ကာအဖွင့်သံဝဏ္ဏနာ ကျမ်းတစ်စောင်လည်း ရှိသေးကြောင်း သိရသည်။ ထိုကျမ်းများသည် မြန်မာနိုင်ငံသို့ ရောက်လာပြီးနောက် မြန်မာပညာရှင်တို့က သုဗောဓာလင်္ကာရကို နိဿယပြန်ခြင်း၊ ရှင်းလင်းဖွင့်ဆိုခြင်းများ ပြုလုပ်ကြရာမှ မြန်မာအလင်္ကာကျမ်းများပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဤတွင် မြန်မာနိုင်ငံသို့ သုဗောဓာလင်္ကာရကျမ်း ရောက်လာချိန်နှင့် ပတ်သက်၍ စူးစမ်းကြည့်ရန် လိုအပ်သည်။ ပုဂံပျက်ပြီးနောက် သက္ကရာဇ်

http://www.cherrythitsar.org

၈၁၄ ခု (ခရစ်နှစ် ၁၄၄၂ခု)တွင် ပုဂံမြို့ဟောင်း၌ တောင်တွင်း မင်းဇေယျသူရ မောင်နံက ကျောင်းဆောက်လျှုဒါန်းပြီး ကျောက်စာရေးထိုးခဲ့ရာ ပုဂံဝက်ကြီး အင်း တက်နွဲကျောင်းကျောက်စာဟု ထင်ရှားပါသည်။ အလှုရှင်တို့သည် ကျမ်း ပေါင်းလေးရာကျော်ကို ပေထက်တင်လှူပြီး ထိုကျမ်းအမည်များကို ကျောက်စာ တွင် မှတ်တမ်းတင်ထားရာ ထိုကျမ်းစာရင်းတွင် အလင်္ကာကျမ်းလည်း ပါဝင် သည်ကို တွေ့ရပါသည်။ ပုဂံခေတ်နောက်ပိုင်းတွင် နှစ်ပေါင်းအတော်ကြာမျှ အိန္ဒိယနှင့် အဆက်အသွယ်ပြတ်ခဲ့ဖူးသည်ကို ထောက်၍ ထိုကျမ်းများသည် အိန္ဒိယနှင့် အဆက်မသွယ်မပြတ်မီ ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ဖြစ်လိမ့်မည်ဟူသော အယူအဆလည်း ရှိပါသည်။ ထိုအယူအဆ အရ သုဗောဓလင်္ကာရသည် ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိ နေပြီဟု ဆိုနိုင်ပါသည်။

အရှင်သံဃရက္ခိတမဟာသာမိပင် ပြုစုသော **ပုဗ္ဗောဒယဆန်းကျမ်း** သည် ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ထိုပုဂ္ဂိုလ် ပင်ပြုစုသော သုဗောဓလင်္ကာရသည်လည်း ပုဂံခေတ်ကတည်းကပင် မြန်မာ နိုင်ငံသို့ ရောက်ရှိပြီး ဖြစ်မည်ဟူ၍လည်း မှန်းဆနိုင်ပါသည်။ ထို့ပြင် ပင်းယ ခေတ်တွင် **သမန္တဂုဏာသာဂရထေရ်** ပြုစုသော **မူလသိက္ခာဋီကာဟောင်း** ၌ သုဗောဓလင်္ကာရစာကိုယ်နှင့် ဋီကာဟောင်းလာ စကားများပါဝင်နေသည်ကို ထောက်၍ ပင်းယခေတ်မပေါ်မီ ပုဂံခေတ်ကတည်းကပင် သုဗောဓလင်္ကာရ မြန်မာနိုင်ငံသို့ရောက်နေပြီဟူသော အယူအဆလည်းရှိပါသည်။

အချို့ကမူ သုဗောဓလင်္ကာရသည် အင်းဝခေတ်ထူပါရုံဒါယကာ နရပတိလက်ထက်ကျမှ မြန်မာနိုင်ငံသို့ ရောက်လာသည်ဟု ယူဆကြသည်။ ထိုမင်းလက်ထက်တွင် သီရိလင်္ကာရောက် ဆရာတော်ဟူ၍ နောင်အခါထင်ရှား လာသော **သီရိသဒ္ဓမ္မကိတ္တိ ပဇ္ဇောတမထေရ်**သည် သီရိလင်္ကာကျွန်းသို့ ကြွ ရောက်ပညာသင်ပြီး သုဗောဓလင်္ကာရ၌ အတ္ထဗျာချာ (သီရိလင်္ကာနိသယ) တို့ကို သီရိလင်္ကာအက္ခရာမှ မြန်မာအက္ခရာတို့ ပြန်ဆိုရေးသား၍ မြန်မာနိုင်ငံ သို့ ယူဆောင်လာပြီး အတ္ထဗျာချာတွင် မိမိအယူအဆများ ဖြည့်စွက်ကာ အလင်္ကာဋီကာသစ်ကို ပြုစုသည်ဟု သိရပါသည်။ ထိုအဆိုအရ သုဗောဓ လင်္ကာရသည် အင်းဝခေတ်တွင် မြန်မာစာပေနယ်ပယ်ထဲသို့ အထင်အရှား ရောက်နေပြီဟူ၍ ဆိုရပါလိမ့်မည်။ ထို့နောက်တွင်ကား သုဗောဓလင်္ကာရ ကို အခြေပြုသော မြန်မာနိုင်ငံဖြစ် အလင်္ကာကျမ်းများ ပေါ်ထွက်လာပါတော့ သည်။ အင်းဝ နရပတိမင်းလက်ထက်တွင် တောင်ငူရောက် **ပရက္ကမဆရာတော်** က သုဗောဓလင်္ကာရကို နိသယပြန်သည်။ ညောင်ရမ်းခေတ် ပြည်မင်းလက်

http://www.cherrythitsar.org

ထက် ၁၀၃၂ ခုတွင် **အောင်တပ်ကျောင်း** ဆရာတော်က **အလင်္ကာရ ဝိဘာဝနာ** ကျမ်းကို ပြုစုသည်။ ထိုဆရာတော်ပင် ပြုစုသော **အလင်္ကာဒေါသ အဓိပ္ပာယ် ကျမ်း** ဟူ၍လည်းရှိသေးသည်။ ထိုဆရာတော်သည်ပင် စနေမင်းလက်ထက်တွင် **သုဗောဓာလင်္ကာရရာသီစု**ကို ပြုစုသည်ဟုလည်း အမှတ်အသားရှိပါသည်။

ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက်တွင် သင္ကတအလင်္ကာကျမ်းများ မြန်မာနိုင်ငံသို့ ရောက်လာခြင်းသည်လည်း အလင်္ကာလေ့လာမှုအတွက် အားဖြည့်ချက်ကြီးတစ်ရပ်ပင်ဖြစ်သည်။ ၁၁၄၈ ခုတွင် ဗာရာဏသီကျေး၊ နဝဒီပမြို့မှ သင္ကတအလင်္ကာကျမ်းများကို ဘိုးတော်ဘုရားအမိန့်အရ ယူဆောင်စေရာ ထိုကျမ်းများတွင် သင္ကတအလင်္ကာကျမ်းများလည်း ပါဝင်သည်။ ထိုကျမ်းများကို **ပထမမောင်းထောင်ဆရာတော်**က ဗာရာဏသီဘင်္ဂလီနာဂရီ အရေးအသားမှ မြန်မာသင်္ကရိုက် အရေးအသားဖြင့် နိဂုံးအသီးသီးနှင့် ပြန်ဆိုသည်။ ဗာရာဏသီ ဘင်္ဂလားမှ ယူလာသော သင္ကတကျမ်းများတွင် ပါဝင်သည့် အလင်္ကာကျမ်းများကိုလည်း မောင်းထောင်ဆရာတော်ပင် တစ်ချပ်တစ်ကြောင်းမျှ မကျန် မြန်မာအက္ခရာနှင့် ပြန်ကြောင်းသိရသည်။ သုဗောဓာလင်္ကာရမြစ်ဖျားခံရာဖြစ်သော သင္ကတအလင်္ကာကျမ်းများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခွင့်ရသည့်အတွက်များစွာ အကျိုးရှိပါသည်။

ဘိုးတော်ဘုရားလက်ထက်တွင် **ပထမရွှေတောင်ဆရာတော်**နှင့် **ပထမဗားကရာဆရာတော်**တို့သည်လည်းကောင်း၊ ဘကြီးတော်ဘုရားလက်ထက်တွင် **အုတ်ကျောင်းဆရာတော် ဦးပိုး**သည်လည်းကောင်း သုဗောဓာလင်္ကာရကို နိသယအသီးသီးပြန်ဆိုကြပါသေးသည်။

သီပေါမင်းလက်ထက် ၁၂၄၂ ခုတွင် မြန်မာစာပေသမိုင်း၌ ထင်ရှားသော အလင်္ကာကျမ်းတစ်စောင် ပေါ်ထွက်လာပါသည်။ **ယောအတွင်းဝန်ဦးဘိုးလှိုင်၏** ဖြစ်သည်။ ရှေးနိသယဟောင်းတို့သည် စာသင်သားတို့အတွက် မလွယ်ကူသဖြင့် နိသယအသစ်ပြုစုရခြင်းဖြစ်ကြောင်း မိန့်ဆိုထားသည်။ မြန်မာပျို့ကဗျာများကို သာဓကဆောင်ကာ အကျယ်တဝင့်ဖွင့်ဆိုထားသော ကျမ်းဖြစ်သည့်ပြင် ရေးသားပုံ ရှင်းလင်းပြတ်သားသဖြင့် ပညာရှင် အစဉ်အဆက် လေးစားရသော ကျမ်းတစ်စောင် ဖြစ်ပါသည်။

ဤတွင် ယောအတွင်းဝန် ရည်ညွှန်းသော စာသင်သားဆိုသည်မှာ အလင်္ကာကျမ်းကို ပါဠိစာပေ သင်ရိုးတစ်ခုအဖြစ် လေ့လာသင်ယူရသော စာသင်သားများကို ဆိုလိုခြင်းဖြစ်ပါသည်။ ပိဋကတ်စာပေကို အလင်္ကာနည်းနာများဖြင့် ချိန်ထိုးလေ့လာနိုင်ရန်အတွက် အလင်္ကာကျမ်းကို ပါဠိစာပေသင်ရိုးတစ်ခုအဖြစ် ပို့ချလေ့ရှိပါသည်။ ပို့ချသည့် ဆရာတော်များ လူပုဂ္ဂိုလ်များ

http://www.cherrythitsar.org

ကိုယ်တိုင်စာသင်သား သံဃာတို့အတွက် ရည်ရွယ်ပြီး အလင်္ကာကျမ်းများပြုစု သည်လည်း ရှိပါသည်။ ပညာရပ်ဆိုင်ရာကျမ်းအဖြစ် ပြုစုသည်လည်း ရှိပါ သည်။

ဆက်လက်ပေါ်ထွက်လာသည့် အလင်္ကာကျမ်းများကို စာရင်းထိုး ကြည့်မည်ဆိုလျှင် မန္တလေးမြို့အနောက်ပြင် **ချမ်းသာကြီးတိုက်ဆရာတော်** ပြု စုသော **အလင်္ကာရတ္တဒီပနီကျမ်း**(၁၂၇၄)၊ **လယ်တီပဏ္ဍိတ ဦးမောင်ကြီး**၏ **အလင်္ကာနိသယချနက်**(၁၂၈၅)၊ စစ်ကိုင်းတောင်ရိုးရွှေဟသ်ာတိုက်သစ်ဆရာ တော် **အရှင်ပဏ္ဍိတ**၏ **မြန်မာအလင်္ကာကျမ်း**(၁၂၉၀၊ ၁၃၁၇ တွင် ဖြည့်စွက် ရေး) ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက်၊ အဂ္ဂမဟာ ပဏ္ဍိတစံကျောင်း ဆရာတော်၏ **အလင်္ကာနိသယသစ်**(၁၂၉၄)၊ **လယ်တီ ဦးကောဝိဒ**(ပုပ္ပား ဦးကျော်ရင်)၏ **အလင်္ကာသည်းခြေခေါ် ကာဗျာဘာရတီ**(၁၃၀၁၊ ဒေါသပိုင်း ဂါထာ ၂၀ ထိသာပြီးသည်)။ **ဦးစံထား**၏ **မြန်မာအလင်္ကာကျမ်း**(၁၃၀၂)၊ ညောင်လေးပင်တောရဆရာတော် **ဦးအရိယ**၏ **အလင်္ကာအရသာ**(၁၃၀၃)၊ မန္တလေးမြို့ ဘုရားကြီးတိုက်စာချဆရာတော် **အရှင်နာရဒ**၏ **အလင်္ကာအရ ကောက်** (ဒုတိယကမ္ဘာစစ်အတွင်း ပြုစုသည်၊ ရသပိုင်းကို ရှင်းလင်းဖွင့်ဆို သည်)။ မြောင်းမြ ပဇ္ဇောတာရုံ **အရှင်ကုမာရ**၏ **အလင်္ကာပန်းကုံး**(၁၃၁၆)၊ မန္တလေးချမ်းသာကြီးတိုက် ဆရာတော် **အရှင် နန္ဒမဏ္ဍ**၏ **အလင်္ကာရတ္တ မေဒနီ (၁၃၁၉)၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဓနကာဘိဝံသ**၏ **အလင်္ကာဘာသာ ဋီကာ (၁၃၂၁)**၊ မန္တလေးမြို့ ဆူးခါးတိုက် **အရှင်ဝိသုဒ္ဓမဟာထေရ်၏ မောဠိနိသယ** (၁၃၂၂) စသည်ဖြင့် ဝေဝေဆာဆာတွေ့နိုင်ပါသည်။ ထို အလင်္ကာကျမ်းများသည် မြန်မာစာပေသမိုင်းဝင်ဖြစ်သော်လည်း ပါဠိစာပေ စာသင်သားများ (အထူးသဖြင့် စာသင်သား သံဃာများအတွက် အဓိကရည် ရွယ်သော ကျမ်းများဖြစ်ပါသည်)။

၁၉ဖဖ ခုတွင် ဆရာကြီး **ဦးသော်ဇင်** ပြုစုသော **စာပေရေးရာအလင်္ကာ** ထွက်လာပါသည်။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်၊ နယဒဿနိ ဂုံးလာ အလင်္ကာဆိုင်ရာ အရေးအဖွဲ့များကို ရှင်းလင်းဖွင့်ဆိုထားခြင်းဖြစ်သည်။ ဆရာကြီးက "မြန်မာစာပေသည် မြန်မာဆန်းအလင်္ကာတို့ကို စတင်တောင်းဆို စ ပြုနေပေပြီ"ဟု မိန့်ဆိုကာ မြန်မာအလင်္ကာကျမ်းစင်စစ်ပေါ်ထွန်းလာရေး အတွက် သတိပေးထားသည်ကို မှတ်သားဖွယ်တွေ့ရပါသည်။

သုဗောဓာလင်္ကာရကိုပင် အခြေပြုသော်လည်း မြန်မာဆန်အောင် အားထုတ်ပြုစုထားသော ကျမ်းအချို့ကို ဤနေရာတွင် ဖော်ညွှန်းလိုပါသည်။ **မာန်အောင်ပိယ**၏ **စာပေပညာ(၁၉ဖ၅)၊ ရန်ကုန်ဘဆွေ**၏ **သီကုံးပန်းသွင်ရေး**

http://www.cherrythitsar.org

ဖွဲ့ချင်သော်(၁၉၆၆)၊ ပန်းသွင်သီကုံးရေးနည်းထုံးကား(၁၉၆၆)နှင့် **စာရေးခြင်း အတတ်(၁၉၆၈)**တို့ဖြစ်ပါသည်။ အထူးသဖြင့် သာဓကဆောင်ရာတွင် ရှေးမြန်မာစာပေများမှာသာမကဘဲ မျက်မှောက်ခေတ်ဝတ္ထုပြဇာတ်စသည့် စာပေများမှ ကောင်းနိုးရာရာ ထုတ်နုတ်သာဓကဆောင်ထားသော ရန်ကုန်ဘဆွေ၏ကျမ်းများမှာ ထူးခြားသည်ဟု ဆိုနိုင်ပါသည်။ မြန်မာအလင်္ကာကျမ်းစစ်စစ်ပေါ်ထွန်းရေးအတွက် ရှေးရှုချက်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

အလင်္ကာကျမ်း၏ ကဏ္ဍတစ်ရပ်ဖြစ်သော ရသသဘောကို သက္ကတအလင်္ကာကျမ်းများနှင့် ညှိနှိုင်းဖွင့်ဆိုသော ဆရာဦးရွှေအောင်၏ **ရသစာပေ၏ ရသ**(၁၉၈၀)သည်လည်း လေးစားအပ်သော ကျမ်းတစ်စောင်ဖြစ်ပါသည်။ မြန်မာတို့နှင့် မရင်းနှီးသော သက္ကတအလင်္ကာကျမ်းများကို အခြေပြု၍ ရသစာပေ၏ ရသကိုဖွင့်ဆိုထားခြင်းဖြစ်သည့်အတွက် ထူးခြားပါသည်။

သုဗောဓာလင်္ကာရကို ဗဟိုပြုကာ အရောင်အသွေးအမျိုးမျိုးဖြင့် ဖြာထွက်လာသော 'အလင်္ကာမြင်ကွင်း'ကို ဖြန့်ကြက်ကြည့်ခြင်း ဖြစ်ပါသည်။ အနီးကပ်မီးမောင်းထိုးကြည့်သင့်သည်တို့ကိုလည်း ဆက်လက်၍ ကြည့်ရပါလိမ့်ဦးမည်။

ရောဇမ်းရွှေမင်း
အမှတ် ၁၊ ၁၉၇၉၊

http://www.cherrythitsar.org

ဗုဒ္ဓားတောင်သည် ရွှေတောင်တည်လေ

မြန်မာတို့သည် ပုဗ္ဗားတောင်၏ အလှကို ပုဂံခေတ်ကတည်းက အ မှတ်ထင်ထင် ရှုမြင်ခဲ့ကြသည်။ စကားဝါပန်းတို့ဖြင့် ဝင်းဝါနေသော ပုဗ္ဗားတောင်ကို ရွှေတောင်ကြီးအဖြစ် အလေးအမြတ်တင်စားခဲ့ကြသည်။ ပုဂံခေတ် စာဆိုတစ်ဦးက 'တောင်ပုဗ္ဗားခြင်း'ဟု ခေါ်သော ကဗျာတွင်

ပုဗ္ဗားတောင်သည်၊ ရွှေတောင်တည်လေ၊
ရွှေတောင်ပတ်လုံး၊ စကားပင်နှင့်ဖုံး
တောင်လုံးရနံ့ ကြိုင်လေစွ ဟူ၍ ပုဗ္ဗားတောင်၏ အလှကို သရုပ်ဖော် ခဲ့ဖူးသည်။

'ပုဗ္ဗား'ဟူသော အမည်ကပင်လျှင် ပန်းအမျိုးမျိုးဖြင့် ဝေဆာတင့်တယ်နေသော တောင်တော်ပုဗ္ဗား၏ အသွင်ကို ဖော်ညွှန်းနေသည်။ ပန်းကို ပါဠိဘာသာဖြင့် 'ပုပ္ဖ'ဟုခေါ်သည်။ ပန်းအမျိုးမျိုးဖြင့် ပြည့်စုံသည့်အတွက် ပုပ္ဖတောင်ဟု ခေါ်ရာမှ ပုဗ္ဗားတောင်ဟု ဖြစ်လာသည်ဟူ၍ အဆိုရှိသည်။ အထူးသဖြင့် ပုဗ္ဗားတောင်နှင့် စကားပန်းကလည်း ဆက်စပ်မှုရှိနေသည်။ ပုဂံအနော်ရထာမင်းလက်ထက်တွင် သူရဲကောင်း ဗျတ္တသည် ဘုရင်မင်းမြတ်အား ဆက်သရန်အတွက် ပုဗ္ဗားတောင်မှ စကားပန်းများကို တစ်နေ့လျှင် ဆယ်ခေါက်ကျ သွားရောက်ခူးဆွတ်နိုင်စွမ်းရှိသည်ဟုဆိုသည်။ ပုဂံနှင့် ပုဗ္ဗားကို အခေါက်ခေါက် ကူးသန်းရသော ပန်းတော်ဆက် မောင်ဗျတ္တနှင့် ပုဗ္ဗားသူမယ်ဝဏ္ဏတို့ ဖူးစာဆုံမိကြပြီး ရွှေဖျဉ်းညီနောင်ကို ဖွားမြင်သည့် ဇာတ်လမ်းကလည်း ပုဗ္ဗားတောင်ကို ပိုရ၍ စိတ်ဝင်စားဖွယ် ကောင်းအောင် ဖန်တီးနေသကဲ့သို့ရှိသည်။

http://www.cherrythitsar.org

ရှေးက ပုပ္ပားတောင်ကို နတ်တောင်ဟု ခေါ်ကြသည်။ မဟာဂီရိနတ်မောင်နှမအစရှိသော နတ်တို့စံပျော်ရာဖြစ်၍ နတ်ကွန်းများ အထင်အရှားရှိသည်။ မဟာဂီရိနတ်မောင်နှမတို့ စံပျော်ရာ ပုပ္ပားတောင်တော်သာတွင် ရွှေရောင်ဝင်းနေသော စကားပန်းများ မွှေးပျံ့ကြိုင်လှိုင်နေပုံ၊ မပန်နိုင်လောက်အောင် ပေါများနေပုံတို့ကို 'တောင်ပုပ္ပားခြင်း'ကဗျာ၌

ပုပ္ပားတောင်တွင်၊ နတ်ရှင်နှစ်ပါး၊ ရှင်စံစားသည်။
ဘုံခြားဗိမာန် မြိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွလေ။
လှိုင်စွစကား၊ တောင်ပုပ္ပားမှာ၊
စကားပျံ့ကြိုင် မပန်နိုင်၊ လှိုင်စွလေ

ဟူ၍ ရေးဖွဲ့ထားသည်။

မဟာဂီရိနတ်မင်းကို တိုင်တည်လျှောက်ထားဟန် ရေးဖွဲ့သော ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာတွင်လည်း

ပုပ္ပားနတ်တောင်၊ အခေါင်မြင့်မား
စုံတောပြားဌ၊ နံ့ရှားကြိုင်လွင့်
ခါတန်ပွင့်သည်၊ ရွှေနှင့် ယိုးမှား
ပန်းစကား. . .

ဟူ၍ ရွှေရောင်စကားပန်းများ ထိန်ထိန်ဝင်းနေသော ပုပ္ပားနတ်တောင်၏ အသွင်ကိုပင် သရုပ်ဖော်ထားသည်။

မြင်းခြံခရိုင်ရှိ ပုပ္ပားတောင်သည် ပုဂံမြို့၏ အရှေ့တောင်ဘက်ယွန်းယွန်း ၂၅ မိုင်၊ မိုင် ၃၀ ခန့်အကွာတွင် မားမားမတ်မတ်တည်ရှိနေသည်။ ရှေးနှစ်ပေါင်းများစွာက မီးတောင်ဖြစ်ခဲ့ဖူးသည့်အတွက် တောင်ထိပ်ပိုင်းတွင် ချိုင့်ခွက်လျက်ရှိရာ ထိုအသွင်ကပင်လျှင် ပုပ္ပားတောင်ကို တစ်မျိုးတစ်ဖုံထူးခြားစေသည်။ ပုပ္ပားတောင်ကို အရပ်လေးမျက်နှာမှ ကြည့်လျှင် ပုံသဏ္ဌာန်လေးမျိုးမြင်ရကြောင်း အဆိုရှိသည်။

ပုပ္ပားတောင်နှင့်ယှဉ်တွဲ၍ အများသိကြသော တောင်မှာ တောင်ကလပ်ဖြစ်သည်။ တောင်မကြီး အနောက်တောင်စွယ်တွင် ကျောက်ကလပ်ကြီးသဖွယ် တည်ရှိနေသော တောင်တစ်တောင်ဖြစ်သည်။ ပုပ္ပားတောင်ကလပ်ဟု ခေါ်ကြသည်။

မိဖုရားအား ဆက်သရန် ပန်းခူးရာတောင်ဖြစ်၍ ပန်းပေးတောင်ဟူ၍လည်းကောင်း၊ မယ်ဝဏ္ဏနေထိုင်ရာဖြစ်၍ ဝဏ္ဏယက္ခတောင်ဟူ၍လည်းကောင်း၊ နဂါးရစ်နေသကဲ့သို့ရှိသဖြင့် နဂါးရစ်တောင်ဟူ၍လည်းကောင်း အမည်အမျိုးမျိုးတွင်သည်။ တောင်ထိပ်တွင် ကြည်ညိုဖွယ် စေတီပုထိုးများဖြင့်

http://www.cherrythitsar.org

တင့်တယ်လျက်ရှိသော တောင်ကလပ်သည် ပုပ္ပားတောင်မကြီး၏ အလှကို အားဖြည့်ပေးနေသကဲ့သို့ ရှိသည်။

တောင်တော်ပုပ္ပား၏ ထင်ရှားသော လက္ခဏာတစ်ရပ်မှာ ရေထွက်စမ်းပေါင်း ၂၀၀ နီးပါးရှိနေခြင်းပင်ဖြစ်သည်။ ရေအမြဲစီးကျယိုထွက်နေသော ထာဝရစမ်း၊ မိုးရွာသောအခါ စီးကျသော ဇရီမစမ်း၊ ကျောက်ပြားကျောက်ချပ်တို့ ကာရံထားသော အလယ်တွင် တောင်ထိပ်မှ စီးကျပြီး ရေတင်နေသော ရေတင်စမ်း၊ ရေအမြဲပြည့်နေသော ပန်းပွေ့စမ်းဟူ၍ ရေထွက်စမ်းအမျိုးမျိုးရှိကြောင်း သိရသည်။ မိုးနည်းဒေသတွင် တည်ရှိသော်လည်း မြင့်မားသည့်အတွက် မိုးရေပိုမိုရရှိသည့်အပြင် ရေထွက်စမ်းများ ပေါများသောကြောင့် သစ်ပင်ပန်းပင်ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ ရာသီဥတုအေးမြသည်။

တစ်ချိန်ကမူ ပုပ္ပားတောင်ပေါ်ရှိ သစ်ပင်များကို အလွန်အမင်း ခုတ်လှဲကြသည့်အတွက် ပုပ္ပားတောင်သည် တောင်ကတုံးနီးပါး ဖြစ်ခဲ့ရဖူးသည်။ သို့သော် သက်ဆိုင်ရာတို့က သစ်ပင်ပန်းမန်များ ပြန်လည်စိုက်ပျိုးကာ ပုပ္ပားတောင်တောင်ကတုံးကို သျှောင်ထုံးရန် ကြိုးပမ်းခဲ့ကြသောကြောင့် ပြန်လည်စိမ်းလန်း စိုပြည်လာရသည်။ ယခုလည်း သက်ဆိုင်ရာက ပုပ္ပားတောင်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးလျက်ရှိကြသည်။

မင်းမဟာဂီရိနတ်မောင်နှမ၏ နတ်ကွန်းများအနီးတွင် 'မောင်တော်ရေထွက်' 'နှမတော်ရေထွက်'ဟူသော ရေထွက်စမ်းများရှိသည်။ 'တောင်ပုပ္ပားခြင်း'ကို ရေးဖွဲ့သော ကဗျာစာဆိုသည် ပုဂံခေတ်ဆီကပင် မောင်တော်ရေထွက်ထက် နှမတော်ရေထွက်က ဆယ့်လေးဆယ်ဆသာကြောင်း ဂရုပြုမိသည်။ ထီးစကြာဖြန့်မိုးထားသော နတ်နန်း၏ တင့်တယ်မှုကိုလည်း ဂရုပြုမိသည်။

ထို့ကြောင့်

မောင်တော်ရေထွက်၊ မယ်သုတ်ရေ၊ ဆယ်လေးသာစွလေ။
ဗီမာန်နန်းမှာ ထီးစကြာကို၊ ဖြန့်ကာ အုပ်မိုးသာစွလေ

ဟူ၍ ဖော်ကျူးထားသည်ကို တွေ့ရသည်။

စာဆိုတို့သည် တောင်တော်ပုပ္ပား၏ ဂုဏ်၊ တောင်တော်ပုပ္ပား၏ အလှကို ခေတ်အဆက်ဆက် ဖော်ကျူးခဲ့ကြသည်။ ကိုလိုနီခေတ်က ပေါ်ထွက်သော 'တောင်တော်ရွှေပုပ္ပား'သီချင်းတွင် 'ပုပ္ပားတောင်မြတ် တောင်ကလပ်ဝယ်၊ ဝိဇ္ဇာတပသီ၊ ဇော်ဂျီတွေ ဆေးကြိတ်ပါတယ်၊ စိမ့်စမ်းရေတံခွန်တွေ ကိုးဆယ်ကိုးနဲ့ ကျောက်နွားသိုးကိုးကောင် ရှိပါတယ်'ဟူ၍ သရုပ်ဖော်ပြီး 'ပုပ္ပားရယ်သာ လာချင်ပါရဲ့လေး'ဟူ၍ သာယာပုံကို ဖော်ကျူးခဲ့သည်။ ထို့အတူ လွတ်လပ်ရေးရပြီးခေတ်တွင် ပေါ်ထွက်သော တောင်တော်ပုပ္ပားသီချင်း၌ ပုပ္ပား၏

http://www.cherrythitsar.org

အလှကို 'ဘယ်သူပြိုင် လို့ လှပါတော့နိုင်'ဟူ၍ ဖော်ကျူးခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

ခေတ်အဆက်ဆက် စာဆိုတို့ စာဖွဲ့ခဲ့ရသော တောင်တော်ရွှေပုဗွားသည်ကား မြန်မာ့ဂုဏ်ဆောင်အလှတစ်ပါးပင် ဖြစ်ပါသည်။

စကြီး ။ ။
၁။ ဦးကုလား မဟာရာဇဝင်ကြီး၊ ပထမဒုတိယ။
၂။ ပုဂံဝန်ထောက် ဦးတင်၊ ကမ္ဘာမနှုတ်သာရကျမ်း။
၃။ မင်းသုဝဏ်၊ မြန်မာစာ မြန်မာမှု။
၄။ ဦးမောင်မောင်တင်၊ လက်ရွေးစင်နှင့် ကမ္ဘာသဘော။
၅။ မြန်မာ့ရွယ်ခုံကျမ်း အတွဲ(၇)
၆။ ဗုံရွေးမဟာဂီတ။

ဆောင်ခင် ဆေးရုံမင်း
၁၉၉၇၊ အောက်တိုဘာ ၊

http://www.cherrythitsar.org

ခံစားမှုနှင့်ယှဉ်၍

ဝေဿန္တရာ ဇာတ်တော်ကြီးတွင် ဝေဿန္တရာမင်းကြီးက သားနှင့်သမီးကို ဇူဇကာပုဏ္ဏားအား လှူလိုက်ပြီးနောက် မဒ္ဒီဒေဝီသစ်သီးရှာရာမှ ပြန်ရောက်လာသောအခါ သားနှင့်သမီးကို မမြင်ရသည့်အတွက် ပူပန်သောကရောက်ပြီး ဤသို့ မြည်တမ်းရှာသည်။

'နေ့တိုင်းမှာမူ သူတစ်ပါးမရှိသော်လည်း သားသမီးနှင့် နေရခြင်းကြောင့် ဤကျောင်းသစ်မ်းသည် ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ယခုသားသမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်းသစ်မ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ်ဖြစ်ခဲ့၏ တကား'

စင်စစ် မဒ္ဒီ၏ ပတ်ဝန်းကျင်သည် အပြောင်းအလဲမရှိပါ။ သားနှင့်သမီး ရှိစဉ်ကလည်း ဤပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။ ယခုသားနှင့်သမီး မရှိတော့လည်း ဤပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။ သို့သော် မဒ္ဒီဒေဝီ၏ စိတ်ကမူပြောင်းလဲသွားပြီဖြစ်သည်။ သားသမီးနှင့်နေရစဉ်က ပျော်ရွှင်ချမ်းမြေ့သည်။

ထို့ကြောင့် သူ့ပတ်ဝန်းကျင်ကို ပျော်ရွှင်ချမ်းမြေ့သည့် စိတ်ဖြင့် ရှုမြင်သောအခါ ပွဲသဘင်ကဲ့သို့ ထင်မိသည်။ ယခုသားနှင့်သမီးမရှိတော့သောအခါ သူ့စိတ်သည် မချမ်းမြေ့တော့။ သောကဖိစီးနေပြီဖြစ်သည်။ ထို့ကြောင့် ဤပတ်ဝန်းကျင်ကိုပင် သောကစိတ်ဖြင့် ရှုမြင်သောအခါ သုသာန်တစပြင်ကဲ့သို့ ထင်မိတော့သည်။ စိတ်ခံစားမှုပြောင်းလဲသွားသည့်အတွက် ပတ်ဝန်းကျင်ကို အမြင်ပြောင်းသွားပုံဖြစ်ပါသည်။

မြန်မာစာဆိုများ သဘာဝဝန်းကျင်ကို ရှုမြင်ရေးဖွဲ့ပုံနှင့် စပ်လျဉ်း၍ ဤသာဓကကလေးကို သတိရမိခြင်းဖြစ်ပါသည်။

အိမ်မက်ဦးစာပေ

http://www.cherrythitsar.org

ဒဿနပညာရှင်များက 'အနောက်တိုင်း တွေးခေါ်ရှင်များသည် သဘာဝလောကကို ဗဟိုပြု၍ စဉ်းစားတွေးခေါ်တတ်ကြပြီး အရှေ့တိုင်းတွေးခေါ်ရှင်များမှာမူ လူကို ဗဟိုပြု၍ စဉ်းစားတွေးခေါ်တတ်ကြသည်'ဟု နှိုင်းယှဉ်ဖော်ပြကြပါသည်။ အနောက်တိုင်း အတွေးအခေါ်များကို လေ့လာကြည့်လျှင် သက်မဲ့ သဘာဝလောကကို သဘောဝလောက သက်သက်အဖြစ် ရှုမြင်စူးစမ်းကြကြောင်း တွေ့နိုင်ပါသည်။ သဘာဝလောကကြီး၏ မူလအခြေခံသည် မည်သည့် အရာဖြစ်သနည်း။ သဘောဝလောကကြီးကို မည်ကဲ့သို့ ဖွဲ့စည်းထားသနည်းစသည်ဖြင့် သိလိုမှုကို အခြေခံ၍ စဉ်းစားတွေးခေါ်ကြပါသည်။ အရှေ့တိုင်းအတွေးအခေါ်တွင်မူ သဘာဝလောကကို သဘောဝလောကသက်သက်အဖြစ်မစဉ်းစားဘဲ လူနှင့်ဆက်စပ်၍ စဉ်းစားတတ်ကြသည်။ ခံစားလိုမှုကို အခြေခံ၍ လူ၏ခံစားမှုကို ဖြစ်ပေါ်စေသော၊ ခံစားမှုဖြင့် ရှုမြင်သော လောကကြီးအဖြစ် ပုံဖော်တတ်ကြပါသည်။ အရှေ့တိုင်းသားများဖြစ်သော မြန်မာစာဆိုတို့၏ သဘာဝပတ်ဝန်းကျင် အဖွဲ့များကို လေ့လာကြည့်လျှင်လည်း ဤသဘောကို အထင်အရှားတွေ့ရပါလိမ့်မည်။ ဒဿနပညာရှင်များကလည်း မြန် မာစာပေတွင် လူ့ခံစားမှုမပါသော သဘာဝအဖွဲ့အနွဲ့ချည်း သက်သက်ကို တွေ့ရမြင်ရခဲသည်ဟု မိန့်ဆိုကြပါသည်။ မဒ္ဒီဒေဝီက ကျောင်းသခင်မ်းကို ရှုမြင်ပုံမျိုးကဲ့သို့ ခံစားမှုနှင့်ယှဉ်၍ ရှုမြင်ရေးဖွဲ့ကြသည်က များပါသည်။

ဤနေရာတွင် မြန်မာစာပေမှ 'တပေါင်းလ သဘာဝပတ်ဝန်းကျင်ဘွဲ့' အချို့ကို ကောက်ကာ ငင်ကာ သာဓက ဆောင်ပါရစေ။ မြန်မာစာဆိုတို့သည် နွေဦးဆန်းစ တပေါင်းလ၏ သရုပ်ကို စာဖွဲ့ရန် အလွန်မျက်စိကျတတ်ကြသည်ဟု ဆိုရမည်လား မသိပါ။ မြန်မာစာပေထဲတွင် တပေါင်းလဘွဲ့အမျိုးမျိုးကို ကဗျာပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဝေဝေဆာဆာတွေ့နိုင်ပါသည်။

အင်းဝခေတ်စာဆိုရှင်အုန်းညိုး၏ 'ဂါထာခြောက်ဆယ်ပျို့'ဆိုပါစို့။ ကာဠဒါယီထေရ်က ဂါထာခြောက်ဆယ်ဖြင့် ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ဘုရားရှင်ကြွချီရာတွင် လမ်းခရီး၌ တွေ့ရသည့် တပေါင်းလ သဘာဝပတ်ဝန်းကျင်တစ်ကွက်ကို စာဆိုက ဤသို့ရေးဖွဲ့ပြထားပါသည်။

'ပရမေဘုန်းဝန့်၊ ရွှေစက်ဆန့်မှ၊ အခန့်သင့်လှ၊ မင်းလမ်းမတွင်၊ အေးမြပျုံ့ပျုံ့၊ ပန်းအနုံ့တီ၊ အလွှဲမခန်း၊ တောထက်ဝန်းထုံ၊ ငုံသွန်းရွှေသား၊ စကားထင်းရူး၊ ဆိပ်ဖလူးနှင့်၊ ကွမ်းဖူးကဲ့ကော်၊ စွယ်တော်ပရဝါ။ ရင်းမာဖက်ဆွတ်၊ ရင်ခတ်သရဖီ၊ ကတ္တာရိမြစ်ကိုင်း၊ ရွှေနှိုင်းဝိတောက်၊လဲနှင့်ပေါက်လည်း၊ တောက်သည့် မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌၊ အုံ့ဖွယ်သရဲ၊ မဖြစ်မြဲတည့်'

http://www.cherrythitsar.org

စာဆိုသည် ဘုရားရှင် ကြွချီရာလမ်းမတွင် ပန်းတောင်ကြီးပေါက် သက့ဲသို့ ပန်းမျိုးစုံ ဝေဝေဆာဆာပွင့်နေကြပုံကို ခန့်ခန့်ညားညားဖွဲ့ထားခြင်း ဖြစ်ပါသည်။

ထိုအဖွဲ့၏ နောက်ကွယ်တွင် စာဆို၏ သဒ္ဓါကြည်ညိုစိတ်သည် ပေါ်ပေါ်လွင်လွင် ထင်ဟပ်လျက်ရှိပါသည်။ စာဆိုက သဒ္ဓါကြည်ညိုစိတ်ဖြင့် ပုံဖော်လိုက်သည့်အတွက် သဘာဝပတ်ဝန်းကျင်အဖွဲ့သည် အံ့သြဖွယ် ကြည်နူးဖွယ်ပုံ ပေါ်လာသည်ကို တွေ့နိုင်ပါသည်။

ညောင်ရမ်းခေတ်စာဆို ဆီသည်ရွာစား ဦးအောင်ကြီးကမူ ဆယ်နှစ်ရာသီဘွဲ့ လူးတားတွင် တပေါင်းလကို ဤသို့ သရုပ်ဖော်ထားပါသည်။

'သရဖီပိတောက်၊ ခိုင်မြောက် ညွှန့်ညောင်း၊ ဝတ်မှုံလောင်းသည်၊ တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာ ဖက်ရှောင်၊ လမျှားနောင်ကား၊ တောင်လည်း သာမော၊ တောလည်း သာထွေ၊ ရေလည်း သာလှ၊ ဖြူဆွ သောင်ပြင်၊ ၄က်ပေါင်းရွှင်၍'

ဦးအောင်ကြီး၏ တပေါင်းလမြင်ကွင်းသည် ဗျော်ရွှင်ကြည်နူးဖွယ် မြင်ကွင်းဖြစ်သည်။ စာဆိုက သဘာဝပတ်ဝန်းကျင်ကို ဗျော်ရွှင်ကြည်နူးစိတ်ဖြင့် ရှုမြင်ရေးဖွဲ့ကြောင်း ထင်ရှားပါသည်။ သရဖီပိတောက်တို့ ပွင့်ဖူးကာ တောတောင်ရေမြေ သာယာလှပပြီး သဲသောင်ဖွေးဖွေးတွင် ၄က်အပေါင်း ဗျော်ရွှင်နေပုံတို့ကား အမှန်ပင် ဗျော်ရွှင်စရာဖြစ်ပါသည်။

ကုန်းဘောင်ခေတ် စာဆိုမယ်ခွေကမူ ဆယ့်နှစ်ရာသီဘွဲ့အဲချင်းတွင် တပေါင်းလကို ဤသို့ ရှုမြင်ရေးဖွဲ့ထားပါသည်။

'ကြက်ဆောင်းအလှန်း၊ ဆီးဖျန်းဖျန်းနှင့်၊ မိုးပန်းဆွတ်ခြွေ၊ မှိုင်းမှိုင်းဝေလို့၊ နေမတည်သည်၊ မျက်ရည်ကို ရွှေတဘက်နှင့်၊ သုတ်ရက်ပြီဘူး။ နွေဦးမှတိမ်ခ၊ တောတောင်တလီ၊ မည်သလိနှင့် ကတ္တီပါပေါင်း၊ရွက်သစ်ကယ်လောင်း၊ ရွက်ဟောင်းပျံလို့၊ ခက်ရံမျှဝေဝေ၊ အင်ကြင်းသရဖီ၊ ပန်းစုံစီနှင့် သီဂီရောင်သွေး၊ ကြိုင်ကြိုင် ငယ်မွေးလို့ ၄က်ကျေးငယ်ခြွေသည်၊ တောင်လေပြည် မုန်တိုင်းနှင့်၊ ရေလှိုင်းသံတိုး'

မယ်ခွေဖွဲ့သော တပေါင်းလမြင်ကွင်းမှာ လွမ်းဆွတ်ဖွယ်မြင်ကွင်းဖြစ်သည်။ 'မျက်ရည်ကို ရွှေတဘက်နှင့် သုတ်ရက်ပြီဘူး'ဟု လွမ်းသံနှောရလောက်အောင် အလွမ်းခံစားမှုဖြင့် ရှုမြင်ရေးဖွဲ့သည်။ ဆီးနှင်းအကြွင်းအကျန် ကလေးများ မှိုင်းမှိုင်းဝေဝေနှင့်ရှိနေသော 'ရာသီကြက်ဆောင်း လတပေါင်း'၏ မြင်ကွင်းသည် မယ်ခွေအဖို့ လွမ်းစရာ ဖြစ်နေပါလိမ့်မည်။ တောထဲတောင်ထဲတွင် ရွက်သစ်ပြောင်းပြီး ရွက်ဟောင်းများ လွင့်ပျံနေပုံ၊ ပန်းမျိုးစုံပွင့်နေပုံ၊

http://www.cherrythitsar.org

ငှက်များ ဝတ်ရည်သုံးနေပုံ၊ တောင်လေပြည်ခပ်ပြင်းပြင်းတိုက်ခတ်ပြီး မြစ်ထဲတွင် ရေလှိုင်းသံများ ကြားနေရပုံတို့ကို လွမ်းလွမ်းဆွေးဆွေး သရုပ်ဖော်ထားကြောင်း တွေ့နိုင်ပါသည်။

ထို့အတူ ကုန်းဘောင်ခေတ် စာဆိုဦးယာကလည်း တပေါင်းလဘွဲ့အဲချင်းတစ်ပုဒ်တွင်

'နွေဦးငယ်မှရာသီ၊ သရဖီအင်ကြင်း၊ ပိတောက်ကယ်သင်းလို့၊ လေပြင်းငယ်သုန်သုန်နှင့်၊ မြူမှုန်ဆိုင်းလှသည်၊ မှိုင်းရိရိငယ်နှင့်လေး' ဟူ၍ ပတ်ဝန်းကျင်မြင်ကွင်းကို သရုပ်ဖော်လိုက်ပြီး မြစ်ထဲတွင် လှိုင်းဖွေးဖွေး၌ ငါးများပျော်မြူးကြပုံ၊ သဲသောင်သာယာပုံ၊ ရေထဲမှာ ပန်းကလေးများ မျောနေပုံ၊ တောတောင်တစ်ခွင် စိမ်းမြနေပုံ၊ မိုးသားဆင်နေပုံ၊ ကျေးငှက်များ ပျော်ရွှင်မြူးထူးနေပုံတို့ကို ဖွဲ့ပြီးနောက်

'သို့သည် ကောစာ၊ သည်အခါကို သမာပတ်ဝင်၊ မြတ်ချစ်ရှင်များမှာ ပျော်ရွှင်ပျံ့ပျူးလို့၊ ကြည်နူးတော်မူရသည်၊ တိမ်ဖြူကို လေနှူးတဲ့၊ နွေဦးပွဲလေ'

ဟူ၍ စျာန်သမာပတ်ရထားသော ထေရ်ရဟန်းများသော်မှ ပျော်ရွှင်ကြည်နူးရသည့် လရာသီအဖြစ် အလေးအမြတ် ဂုဏ်တင်ရေးဖွဲ့ထားပါသည်။ သာယာမှုကို မွေ့မွေ့လျော်လျော် ကြည်ကြည်နူးနူးခံစားရှုမြင်ပြီး ရေးဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။

ဤမျှဆိုလျှင် မြန်မာစာဆိုများက သဘာဝပတ်ဝန်းကျင်ကို မည်သို့ မည်ပုံ ရှုမြင်ခံစားကာ ရေးဖွဲ့တတ်ကြကြောင်း အရိပ်အမြွက်ထင်ရှားလောက်ပါပြီ။

ရှေ့တွင် တင်ပြခဲ့သည့်အတိုင်းစာဆိုတို့သည်တပေါင်းလ၏ သဘာဝပတ်ဝန်းကျင်ကို သဘာဝပတ်ဝန်းကျင်သက်သက်အဖြစ် မရှုမြင်ကြပါ။ မိမိတို့၏ ခံစားမှုများနှင့် ယှဉ်၍ ရှုမြင်ကြပါသည်။ ထိုအခါ သဒ္ဓါကြည်ညိုဖွယ်ရာအဖြစ် မြင်သူက မြင်သည်။ ပျော်ရွှင်ကြည်နူးစရာအဖြစ် မြင်သူက မြင်သည်။ လွမ်းစရာအဖြစ် မြင်သူက မြင်သည်။ သာယာမွေ့ပျော်စရာအဖြစ် မြင်သူက မြင်သည်။ စာဆိုအသီးသီး ရှုမြင်သည့်အတိုင်း တပေါင်းလ မြင်ကွင်းသည် ပုံပေါ်လာရပါသည်။

ယခု မဖော်ပြရသေးသည့် အမြင်တစ်ခုဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုပါသည်။ အခြားမဟုတ်ပါ။ အိုင်ချင်းစာဆိုတစ်ဦး၏ အမြင်ဖြစ်ပါသည်။

http://www.cherrythitsar.org

ရှေ့တွင် ဖော်ပြခဲ့သော အရေးအဖွဲ့များတွင် တပေါင်းလဋ္ဌ သရဖီပန်း ကလေးများ ပွင့်နေပုံ၊ မွေးပျံ့ပုံတို့ကို စာဆိုအသီးသီး ဖွဲ့ထားသည်ကို တွေ့နိုင်ပါသည်။ ထိုစာဆိုတို့သည် သရဖီပန်းကို သရဖီပန်းအဖြစ်သာ ရှုမြင်ရေးဖွဲ့ကြပါသည်။ ညောင်ရမ်းခေတ်စာဆိုတောင်တွင်း ရှင်ငြိမ်းမယ်ကမူ အိုင်ချင်းတစ်ပုဒ်တွင် မိန်းမပျိုကလေးက မိမိချစ်သူအား မိမိကို တောင်းရမ်းယူလှည့်ပါဟု ပရိယာယ်ဖြင့် မှာဟန်ဖွဲ့ရာတွင်

'နှမထွေး မယ့်ကိုလိုလျှင်
တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို
ခူးလှည့်ပါရှင်'ဟု ဖွဲ့ထားပါသည်။ ဤအဖွဲ့တွင် စာဆိုသည် တပေါင်းလ သဘာဝပတ်ဝန်းကျင်တွင် တွေ့ရသော သရဖီပန်းကို သရဖီပန်းအဖြစ် မရှုမြင်ဘဲ မိမိနှင့်တစ်သားတည်း တစ်ထပ်တည်း ရှုမြင်ထားကြောင်း တွေ့နိုင်ပါသည်။ မိမိကိုယ်ကိုပင် သရဖီပန်းဦးကလေးအဖြစ် ရှုမြင်ပြီး လာခူးလှည့်ပါဟု သိမ်သိမ်မွေ့မွေ့ ဖိတ်ခေါ်မှာကြားထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို သီးခြားခံစားစရာအဖြစ် မရှုမြင်ဘဲ မိမိကိုယ်တိုင်အဖြစ် ရင်းရင်းနှီးနှီးတစ်သားတည်း ခံစားရှုမြင်သည့် သဘောပင်ဖြစ်ပါသည်။

မြန်မာစာဆိုတို့၏ သဘာဝပတ်ဝန်းကျင်အဖွဲ့များတွင် စာဆိုတို့၏ ခံစားမှုများက အသွင်အမျိုးမျိုးဖြင့် ထင်ဟပ်နေသည်သာ ဖြစ်ပါသည်။

စာကိုး

၁။ ဒေါ်ခင်ဆက်ရီနှင့် ဒေါ်ခင်ရန်း။ မြန်မာ့ရိုးရာဘတွေးဘခေါ်။
ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်။ ၁၉၆၈၊ ၁။
၂။ ဦးချစ်မြ(တည်းပြတ်)။ ဦးယာဆိုဘဲချင်းများ။
၃။ လှဘမိန်(တည်းပြတ်)။ ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်။
၄။ ဦးဇမောင်(တည်းပြတ်)။ ဘဒုစာပေ ကောက်နုတ်ချက်။
၅။ ရှင်ဘုန်းညိုဂါထာခြောက်ဆယ်ပို့။

စာပေရာနယ်

http://www.cherrythitsar.org

ချစ်ခ်ိန်အလှကို ဖော်ကျူးခြင်း

[၁]

ချစ်သည်။

ရွာကိုချစ်သည်။ မြို့ကိုချစ်သည်၊ နိုင်ငံကို ချစ်သည်။

ကိုယ့်ရွာ ကိုယ့်မြို့ ကိုယ့်နိုင်ငံကို ချစ်သော စိတ်သည် သူသူငါငါ၏ ရင်ထဲနှလုံးထဲတွင် ကိန်းအောင်းနေတတ်သော ဗီဇစိတ်ဖြစ်သည်။

ချစ်လျှင်လှသည်။ ချစ်စိတ်ဖြင့် ကြည့်လျှင်အလှကို မြင်စမ်ဖြစ်သည်။ ကိုယ့်ရွာကိုယ့်မြို့ ကိုယ့်နိုင်ငံကို ချစ်စိတ်ဖြင့်ကြည့်သောအခါ ရွာအလှ၊ မြို့အလှ၊ နိုင်ငံအလှကို မြင်ရသည်။

ချစ်စိတ်ဖြင့် ကြည့်၍မြင်လာသော အလှကို စာနှင့်ပေနှင့် ရေးဖွဲ့လေသောအခါ. . .

[၂]

ပုဂံခေတ်ကဖြစ်သည်။

'နှလုံးမွေ့လျော်ဖွယ်ရှိသော အရိမဒ္ဒနပူရ်မည်သော ပြည်ဌ်ကား အကြင်မင်းကား မြတ်စွာသော တရားမင်းတည်း။ ထိုမင်း၏ အမတျာ ကား အသဝတ်မည်၏တည်း'။

အသဝတ်အမည်ရှိသော အမတ်ကြီး ကွယ်လွန်သောအခါ အမတ်ကြီး၏ ဇနီးသည် ခင်ပွန်း၏ သချိုင်းဂူဝယ် ကောင်းမှုပြုပြီး ကျောက်စာရေးထိုးသည်။

http://www.cherrythitsar.org

ထိုကျောက်စာတွင် မိမိ၏ မြို့ကို 'နှလုံးမွေ့လျော်ဖွယ်ရှိသော အရိမဒ္ဒနပူရ'ဟုချစ်သော စိတ်ဖြင့် မှတ်တမ်းတင်ခဲ့သည်။ အမတ်ကြီး၏ ဇနီးပုဂံမြို့သူသည် အရိမဒ္ဒနပူရ်မည်သော ပုဂံမြို့ကို ချစ်သည်။ ချစ်သည့်အတွက် ပုဂံ၏ အလှကို မြင်သည်။ မြင်သည့်အတွက် 'နှလုံးမွေ့လျော်ဖွယ်ရှိသော'ဟု နှစ်နှစ်သက်သက်မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

'နှလုံးမွေ့လျော်ဖွယ်ရှိသော'ဟူသည့် ကျောက်ထက် အကွာရာများသည်ကား အမတ်ကြီးဇနီး၏ ချစ်မေတ္တာရောင်ဖြင့် ယခုတိုင် ဝင်းပြောင်ရွှန်းလက်နေပေတော့သည်။

[၃]

ပင်းယခေတ်ဆီကို ရှုပါဦး။

တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလော။
ဟုတ်တည်း ရှင်ချင်း ရှင်ချင်း
ဟုတ်တည်း ဆွေရင်း ဆွေရင်း
ဟုတ်တည်း သည်ရင်း သည်ရင်း
မြင်စိုင်းဟူသည် ရွှေပြည် ရွှေပြည်
မြင်စိုင်း ရွှေမြေ ပန်းသင်းခွေ
ပင်ခြေချုံထက်နွယ် ချုံထက်နွယ်။

ပင်းယမင်း ငါးစီးရှင်ကျော်စွာ၏ 'ကာချင်း'တွင် မြင်စိုင်းရွှေမြေ၏ အလှကို နှစ်သက်စဖွယ် ဖွဲ့ထားသည်။ စစ်သည်တို့၏ ရဲစိတ်ရဲမာန်တက်ကြွစွာ 'ကာက'ကြရာတွင် ဤကာချင်းကို ဆိုကြသည်ဟု မှတ်သားရသည်။ ကာချင်းတွင် တာဝတိံသာ နတ်ပြည်ကဲ့သို့ သာယာသော မြင်စိုင်း၏ အလှကို ဖွဲ့သည်။ 'ရွှေပြည်'ဟူ၍ တမြတ်တနိုး တင်စားသည်။ သင်းခွေပန်းများ နွယ်တက်နေသော မြင်စိုင်း၏ အလှ။ ကိုယ့်မြို့ ကိုယ့်နိုင်ငံဖြစ်သော မြင်စိုင်းရွှေမြေကို ချစ်သော ငါးစီးရှင်ကျော်စွာသည် မြင်စိုင်း၏ အလှကို မြင်သည်၊ မြင်သည့် အလှကို ကာချင်းဖြင့် ပုံဖော်ပြသည်။ ဤမြင်စိုင်းမြို့ဘွဲ့ကာချင်းတွင် ငါးစီးရှင်၏ နိုင်ငံချစ်စိတ်သည် တစ်သားတည်း ကိန်းဝပ်လျက် ရှိနေပေသည်။

[၄]

အင်းဝခေတ်။

နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆင်းရည် ပတ်ချုပ်။ မှိုင်းအုပ်ဗျုဗျု၊ ပုညတောင်ဆီ၊ ရီလျက် မလင်း၊ မဝင်းအုပ်မှိုင်း၊ စစ်ကိုင်းတစ်ဖက်၊

http://www.cherrythitsar.org

သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ဖြည်းလှည့် လိမ့်တကား။

စာဆိုရှင်ထွေးနာသိန်၏ အင်းဝမြို့ဘွဲ့ရတုဖြစ်သည်။ ရှင်ထွေးနာသိန်သည် ရွှေနန်းကြော့ရှင် လက်ထက်တွင် ရာဇဝတ်ဘေးကြောင့် အင်းဝမှ တောင်ငူသို့ ထွက်ပြေးတိမ်းရှောင်ရသည်။ တောင်ငူတွင် ခိုလှုံနေသော်လည်း ရှင်ထွေးနာသိန်ခမျာ အင်းဝကို မမေ့နိုင်ရှာ။ ရော်ရမ်းလွမ်းဆွတ်နေမိရှာသည်။ နေဝင်ကာနီး ဆည်းဆာရောင် ရီတမှောင်တွင် မြင်ရမည့် မှုန်ပျပျ အင်းဝမြင်ကွင်းကို ရော်ရမ်းကြည့်မိရှာသည်။ မှိုင်းရီနေသော ပုညတောင်၊ စစ်ကိုင်းတစ်ဖက် သန်လျက်ခုံပေါ်တွင် တည်ထားသော အင်းဝရွှေပြည်၊ လေသွန်ပြတင်းမှ လေတည့်ငင်းညင်း ဆော်မွှေနေမည့် ရွှေနန်းတော်တို့ကို မြင်ယောင်လာသည်၊ လွမ်းဆွတ်လာသည်။ ကိုယ့်ရပ်ကိုယ့်မြေအင်းဝပြည်ကို ချစ်သောစိတ်ဖြင့် မြင်ယောင်လွမ်းဆွတ်ကာ အင်းဝ၏ အလှကို စာဖွဲ့ခြင်းဖြစ်သည်။ ဤသို့ ကြိတ်မှိတ် လွမ်းဆွတ်ရင်းနှင့်ပင် ရှင်ထွေးနာသိန်ခမျာ တောင်ငူတွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ပြီးမှ သူ့ခေါင်းအုံးအောက်တွင် ဤရတုကို တွေ့ရတော့သည်။ ကြေကွဲဖွယ်ပင်။ အင်းဝရွှေပြည်ကို ချစ်သော လွမ်းသောရှင်ထွေးနာသိန်၏ စိတ်အစဉ်ကား သူ့ရတုထဲတွင် စွဲထင်လျက်ရှိနေပေတော့သည်။

[၅]

တောင်ငူခေတ်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် မင်းရာဇာကြီး မင်းပြုလျက်ရှိသည်။ ဟံသာဝတီမင်း ငါးဆူဒါယကာနှင့် တစ်ခေတ်တည်းလည်း ဖြစ်သည်။ မင်းရာဇာကြီး၏ သားတော် အိမ်ရှေ့ဥပရာဇာမင်းခမောင်း၏ အကြီးတော်ကားစာဆို 'ဥက္ကာပျံ'ပင်တည်း။ ဥက္ကာပျံသည် အိမ်ရှေ့ဥပရာဇာနှင့်အတူ ဟံသာဝတီသို့ စစ်ချီရသည်။ ဟံသာဝတီတွင် လေးနှစ်မျှကြာသောအခါ ဥက္ကာပျံသည် ဇာတိဌာနေ 'မြောက်ဦး'မြေကို လွမ်းဆွတ်သတိရလာသည်။ ပြန်ချင်လာသည်။ သို့သော် သူ့သခင် အိမ်ရှေ့ဥပရာဇာ ပြန်ပါမှ သူလည်း ပြန်ရတော့မည်။

ဥက္ကာပျံကား ပရိယာယ် သုံးတော့သည်။ အိမ်ရှေ့မင်း၏ ချစ်သူမင်းသမီးက အိမ်ရှေ့မင်းအား မြောက်ဦးမြို့တော်၏ အလှကို ဖွဲ့နွဲ့လျှောက်ထားဟန် ရတုများ ဖွဲ့လေတော့သည်။ ဥက္ကာပျံ၏ ရတုများတွင် မြောက်ဦးရွှေမြို့တော်၏ အလှသည် ပေါ်လွင်နေသကဲ့သို့ ဥက္ကာပျံ၏ ကိုယ့်မြို့ကိုယ့်ပြည်ကို ချစ်သော စိတ်ဓာတ်သည်လည်း ထင်ရှားလျက်ရှိသည်။

http://www.cherrythitsar.org

ယက္ခမှန်ဖူး မြောက်ဦးရွှေပြည်သာ၌
များစွာသည် ရွှေလှေပေါင်း
သိဃ်နဒီ နန်းတောင်ဆီဝယ်
ရွှေလှေ မင်းဆိပ်ရောင်း၌
တထောင်းထောင်း ပျော်စည်တွင်
တူစုံ ရှုကြည့်ချင်သည်။
သကြိန်အခါတည့်လေ။

မြောက်ဦးနေပြည်တော် သိဃ်နဒီချောင်း၌ လှေများနှင့် သကြိန်ပွဲ နွဲချင်သည့် ဆန္ဒကို ဖွဲ့နွဲ့လိုက်ခြင်းဖြစ်သည်။ ဆယ့်နှစ်ရာသီလုံးတွင် မြင်နိုင်တွေ့နိုင်သော မြောက်ဦး၏ အလှကွက်အမျိုးမျိုးကိုရေးဖွဲ့ကာ အလွမ်းဖြေရှာခြင်းဖြစ်သည်။ ဥက္ကာပျံကား မြောက်ဦး၏ အလှကို လက်ရာမြောက်စွာ ပုံဖော်ရေးဖွဲ့နိုင်သူပေတည်း။

[၆]

ရတနာပူရ၊ ရွှေအင်းဝဟု၊ ပေါက်ပြဖြန့်ကျော်၊ ရွှေပြည်တော်ကား၊
ရေသော်ကျယ်မျှ၊ ဆယ့်နှစ်လ၌၊ ဆုံးစမမြင်၊ သဘင်နှင့်သာ၊
ဆက်ကာကာတည်၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေ။

ဆယ့်နှစ်ရာသီစလုံး ပွဲတော်များဖြင့် စည်ကားနေသော အင်းဝနေပြည်တော်၏ အလှကို ညောင်ရမ်းခေတ် (ဒုတိယ အင်းဝခေတ်) စာဆိုဦးအောင်ကြီးက လူးတားဖြင့် ပုံဖော်လိုက်ခြင်းဖြစ်သည်။ လစဉ်ရာသီပွဲများ ဆင်နွဲကြပုံကို မြင်ယောင်လာအောင် တစ်ရာသီလျှင် လူးတားတစ်ပုဒ်စီဖြင့် အလှခြယ်ပြထားသည်မှာလည်း နှစ်သက်ဖွယ် ကောင်းလှသည်။ ကိုယ့်မြို့ကိုယ့်ပြည်၏ အလှကို မြင်လည်းမြင်၍ ပြလည်းပြတတ်သူဖြစ်သည်။ အရင်းအမြစ်ကား ကိုယ့်မြို့ကိုယ့်ပြည်ကိုချစ်သော စိတ်ပင်ဖြစ်ပါလိမ့်မည်။

[၇]

ကုန်းဘောင်ခေတ်သို့ရောက်ပါပြီ။

နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊
ကျောင်းအရာမ်ခင်း၊ စေတီတွင်းဝယ်
သီတင်းအလှ၊ ရွှေပြည်သူတို့
ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်

http://www.cherrythitsar.org

စက်မှေးရိုက်တွင်၊ အိပ်မက်မြင်သို့
မရှင်ရှုတ၊ လွမ်းလိုက်လှရှင့်။

နာမည်ကျော် လက်ဝဲသုန္ဒရ အမတ်ကြီး၏ လွမ်းသံဖြစ်သည်။ မင်းမျက်သင့်၍ မဇာသို့ အပို့ခံရသော အမတ်ကြီးသည် မဇာကနေ၍ ကုန်းဘောင်နေပြည်တော်ကို ရော်ရမ်းလွမ်းဆွတ်နေမိရှာသည်။ ဘုရားသွားကျောင်းတက်ပြုနေကြမည့် ပြည်သူတို့၏ အသွင်ကို မြင်ယောင်ကြည့်မိရင်း လွမ်းဆွေးနေမိရှာခြင်းဖြစ်သည်။ ချစ်၍ လွမ်းရသော အလွမ်း၊ လွမ်းစိတ်နှင့် သရုပ်ဖော်နေသော နေပြည်တော် အလှဖွဲ့ပါတည်း။

[၈]

ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျော့လုံ့လ
သူကစ၍၊ ငါက အားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့
ဤမြေ ဤရွာ၊ ဘယ်သူ့ရွာလဲ
ဤယာ စပါး၊ ဘယ်သူ့စပါးလဲ

ကိုလိုနီခေတ်က တပ်လှန့်သံဖြစ်သည်။ ဆရာဇော်ဂျီသည် သူ့ကျွန်ဘဝရောက်နေသည့် မြန်မာပြည်အား ကိုယ့်ရွာကိုယ့်ပြည်အတွက် ဆောင်ရွက်ကြရန် တပ်လှန့်နှိုးဆော်လိုက်ခြင်းပင်ဖြစ်သည်။ ကိုယ့်မြို့ကိုယ့်ပြည်ကို ချစ်တတ်၊ မြတ်နိုးတတ်လာအောင် အကျိုးဆောင်တတ်လာအောင် အားသစ်လောင်းပေးလိုက်သော ကဗျာပင်တည်း။ တက်ကြွထက်သန်သော တိုင်းချစ်ပြည်ချစ်စိတ်မှ ပေါက်ပွားလာသော ကဗျာပင်တည်း။

[၉]

သူ့ရွာ သူ့ပြည်က မည်မျှလှသည်ဆိုစေ၊ မည်မျှသာယာသည်ဆိုစေ အားမကျဘဲ ကိုယ့်ရွာကိုယ့်ပြည်၏ အလှကို ရှာရင်း ကိုယ့်ရွာ ကိုယ့်ပြည်ကိုသာ ချစ်နေလိုသော ငွေတာရီက 'အလှရှိရာ' ကဗျာတွင် ဤသို့ ကျူးရင့်ထားပါသည်။

မြေပင်ကျယ်ဝင်း၊ လယ်ယာခင်းခ္ဍ
အင်းအိုင်မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်းတောင်ထိပ်၊ စေတီရိပ်ဝယ်

http://www.cherrythitsar.org

ဆွေမိတ်တူစုံ၊ ဖူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမ၊ သာလေစွဟု. . .

ငွေတာရီ၏ 'မိခင်မြေ သာလေစွ'ဟူသော ကျူးရင့်သံသည် မိခင်မြေကို ချစ်ခင်တွယ်တာသော စိတ်ကိုလည်းကောင်း၊ မိခင်မြေ၏ အလှကို လည်းကောင်း ဖော်ညွှန်းလျက် ရှိပါပေသည်။

[၁၀]

မင်းတို့ မမ့ေအပ်သည့် အရပ်သုံးပါးရှိသည်ဟု ကျမ်းဂန်က ပြသည်။ ဖွားရာဇာတိအရပ်၊ ဘိသိက်ခံရာအရပ်၊ ရန်အောင်ရာအရပ်တို့တည်း။

ဇာတိမြစ်ရေ၊ ရန်အောင်မြေနှင့်
သွန်းရေခံရာ၊ ခန်းဝါထင်ရှား
ရပ်သုံးပါးကို လူများသနင်း
မင်းတို့ တံထွာ၊ မမ့ေရာလျက်. . .

တွင်းသင်းမင်းကြီးကလည်း ဘလ္လာတိယပျို့တွင် ထိုအရပ်သုံးပါးကို ဤသို့ ရေးဖွဲ့ထားသည်။ ထိုအရပ်သုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော 'ဇာတိမြေ'အကြောင်းကို ဤနေရာတွင် အထူးပြုလိုပါသည်။ ဇာတိမြေကို မင်းမှ သာမဟုတ်၊ လူသားမှန်သမျှ မမ့ေအပ်၊ မမ့ေစကောင်း။

ချစ်သူကို မ့ေရိုးထုံးစံမရှိ၊ ချစ်သူကို မမ့ေနိုင်ကြ။

ချစ်သူနှင့် အတူနေရစဉ် ချစ်သော စိတ်ဖြင့် ချစ်သူ၏ အလှကို ဖော်ကျူးတတ်ကြစမြဲ။ ချစ်သူနှင့်ဝေးလျှင်လည်း လွမ်းသောစိတ်ဖြင့် တမ်းတ တတ်ကြစမြဲ။

ဇာတိမြေကို ချစ်ရသည်။

ဇာတိမြေသည်လည်း ချစ်သူပင်တည်း။ ထို့ကြောင့်

ဇာတိမြေကို မမ့ေနိုင်ကြ။ ဇာတိမြေတွင် နေရစဉ် ချစ်သော စိတ်ဖြင့် ဇာတိမြေ၏ အလှကို ဖော်ကျူးတတ်ကြစမြဲ။ ဇာတိမြေနှင့်ဝေးလျှင်လည်း လွမ်းသော စိတ်ဖြင့်တမ်းတတတ်ကြစမြဲ။

ထိုသဘောကို စာပေသမိုင်းအစဉ်က သက်သေပြခဲ့ပြီးပေပြီ။

ဇာတိရပ်ရွာကို ချစ်၍ ရွာ၏ အလှကို ဖော်ကျူးသည်။ ဇာတိမြို့ကို ချစ်၍ မြို့၏အလှကို ဖော်ကျူးသည်။ ဇာတိနိုင်ငံကို ချစ်၍ နိုင်ငံ၏ အလှကို ဖော်ကျူးသည်။

http://www.cherrythitsar.org

–ဤအလေ့ကား အစဉ်အလာကြီးမားခဲ့သော အလေ့
–ဤအလေ့ကား နိုင်ငံသားတိုင်း အလေးအမြတ်ပြုအပ်သော အလေ့
–ဤအလေ့ကား နိုင်ငံချစ်စိတ် ခိုင်မာ စွဲမြဲလာအောင် ပြုပေးသော အလေ့ ဟုဆိုရမည်သာ။

ရေသဲမြို့ဟောင်း၊ ၁၃၈၅။

http://www.cherrythitsar.org

အဲချင်းခြေရာ
ကြိုးခြေရာ

[၁]

"တောင်ပုပ္ပားနှင့် စကားပွင့်အဲချင်း၊ အချင်းငယ်လည်း ခေါ်သော ရှေးပုဂံရေးကို ပြဆိုချက်"ဟု ခေါင်းတပ်လျက်

"ပုပ္ပားတောင်သည်၊ ရှေတောင်တည့်လေ
ရှေတောင်ပတ်ကုံး၊ စကားပင်နှင့် ပန်းပင်ဖုံး
တောင်လုံး ရုန့်ကြိုင်စွလေ"အစချီသော အဲချင်း(အချင်းငယ်)ကို ကဗျာဗန္ဓသာရကျမ်းတွင် ပြထားသည်။ ထိုအထောက်အထားအရ 'အဲချင်း'ဟူသော ကဗျာမျိုးသည် ပုဂံခေတ်တွင် စတင်ပေါ်ပေါက်နေပြီဟု ယူဆနိုင်သည်။

[၂]

"ရှင်မဟာရဋ္ဌသာရ၊ အသက် (၁၀)နှစ်အရွယ်က ဖြုတ်ချည်းဆို၊ မိကျောင်း၊ ချည်ချောင်း၊ စောင်း၊ အောင်း၊ တီးလုံးစည်းချက်ကိုက် အဲရိုး၊ အချင်းနှင့် အချင်းငယ် လည်း ခေါ်ဆိုသည်ကို ပြဆိုချက်"

ဟု ခေါင်းတပ်လျက်. . .

"အိုဘွဲ့ဘယ်၊ အိုဘွဲ့ သမီးတော်၊ ထင်ပေါ် ဘုန်းပျံ့သင်း။
"အိုဘွဲ့ဘယ်၊ အိုဘွဲ့ သမီးတော်၊ နတ်သော်ပုံမယွင်း။
"အိုဘွဲ့ဘယ်၊ အိုဘွဲ့ သမီးတော်၊ စနှော် လနယ်ဝင်း

ဟူသော အဲရိုး(အချင်း၊ အချင်းငယ်)(ဒုတိယမင်းခေါင်၏ သမီးတော်သုံးပါးကို ဖွဲ့သောအဲ)ကိုလည်း ကဗျာဗန္ဓသာရကျမ်းတွင် ဖော်ပြထားသည်။

http://www.cherrythitsar.org

ထိုအထောက်အထားအရ ထိုကဗျာမျိုးသည် အင်းဝခေတ်တွင်လည်း ဆက်လက် ထွန်းကားလျက်ရှိကြောင်း တွေ့ရလေသည်။

[၃]

'အဲ'ဟူသော အသုံးအနှုန်းကို အင်းဝခေတ်၊ တောင်ငူခေတ်စာပေများ၌ တွင်တွင်ကျယ်ကျယ် တွေ့ရသည်။ ထိုခေတ်တို့တွင် အဲများတွင်ကျယ် ခေတ်စားနေကြောင်း အောက်ပါသာဓကများအရသိနိုင်သည်။

–ဆုံ့အဲမနိုင်၊ အဆိုင်ဆိုင်လျှင်၊ အဲတိုင်အံ့ခဲ၊ အဲထောက်သံ့နှင့်၊ ခုန်ပျံ့တန်းတက်။ (သံဝရပျို့၊ ၁၆၈)

–သာကွင်းကိုင်လျက်၊ ထောက်မြှောင်အဲအန်၊ သံမှန်မဆိတ်။ (ဘုံခန်းပျို့၊ ၄၅)

–မင်းနွေအခါ နေ့လည်ပြကြီးထက်နေစဉ် ဝါးဖောင်ခပေါင်းတွင် မျောလတ်တည်း။ ဖောင်သမားတို့ အဲထူးသည်ကို ကြား၍ ဟယ်လုလင်တို့၊ သင်တို့ ဓားကို ယူချေဟူ၍ ယူစေလေ၏။

(တောင်ငူရာဇဝင်၊ မင်းငယ်ကျော်ထင်အကြောင်း)

–တံပိုးခရာ၊ ကျာကျာကျူးဇ၊ သံလေးခုံမင်း၊ အဲလင်ကွင်းနှင့်။

–(မင်းရဲကျော်စွာစုန်ဇချင်း၊ ၄၅)

–မွေတော်ပေါင်းကို၊ ပျံ့လှောင်း ကြိုင်ရှင်း၊ အဲသီချင်းနှင့်။

(ဓေယျရန္တမိတ်၊ ခုနစ်ခွေလျှင်ချီရတု)

ဤသာဓကများအရ အင်းဝခေတ်၊ တောင်ငူခေတ်တို့တွင် အဲများတွင်ကျယ်ခေတ်စားနေကြောင်း ထင်ရှားသည်။ 'အဲသီချင်း၊ အဲအန်၊ အဲတိုင်၊ အခြ်ိ၊ အဲထောက်၊ အဲထူး'ဟူသော အသုံးများက အထင်အရှားသက်သေပြနေသည်။

[၄]

သို့သော်

အင်းဝခေတ်၊ တောင်ငူခေတ်တို့တွင် 'အဲ'နှင့်ပတ်သက်သော အသုံးအနှုန်းများ ထိုမျှ တွင်ကျယ်နေပါလျက် ရှေ့တွင်ပြခဲ့သော ရှင်မဟာရဋ္ဌသာရ၏ အဲရိုး(၃)ပိုဒ်မှလွဲ၍ ထိုခေတ်(၂)ခေတ်စလုံးတွင် အခြား အဲချင်းတစ်ပုဒ်တစ်လေမျှ မတွေ့ရပါ။ အဘယ်ကြောင့်ပါနည်း။

ထိုခေတ်တို့တွင် ပျို့၊ မော်ကွန်း၊ ဇချင်း၊ ရတုစသည့် အခြားကဗျာအမျိုးအစားများ အထင်အရှားရှိသကဲ့သို့ အဲချင်းဆိုသော ကဗျာမျိုးသည်လည်း

http://www.cherrythitsar.org

အထင်အရှားရှိရမည်သာ။ ပြခဲ့သော အထောက်အထားများအရ ပွဲလမ်းသဘင်များတွင် ရေပန်းစားသော ကဗျာမျိုးဖြစ်သည့် 'အဲချင်း'သည် စာကိုယ်များ ရှာမတွေ့ရလောက်အောင် ပျောက်ကွယ်မနေတန်ပါ။

သို့ဖြစ်ပါလျက် ထိုခေတ်များမှ အဲချင်းများကို အဘယ့်ကြောင့် ယခုမတွေ့ရပါသနည်း။

[၅]

ညောင်ရမ်းခေတ်တွင်ကား အဲချင်းများကို အထင်အရှားတွေ့ရသည်။ ဝန်ကြီးပဒေသရာဇာ၏ မင်းသံ၊ မိဖုရားသံ အဲများ၊ လပအဲများ၊ နတ်သံအဲများ စသည်တို့ကို တွေ့ရသည်။ ဆီသည်ရွာစားဦးအောင်ကြီးဟု လူသိများသော မောင်ရည်၏ အဲများလည်း ရှိသည်။ ကုန်းဘောင်ခေတ်တွင်လည်း 'အဲမောင်ယာ'ဟု ထင်ရှားသော ဦးယာ၊ မောင်ထွား၊ မယ်ခွေတို့၏ အဲချင်းများကို အထင်အရှားတွေ့ရသည်။

ညောင်ရမ်းခေတ်မတိုင်မီက အဲချင်းများမှာ အစပျောက်နေသကဲ့သို့ ရှိသည်။ စာပေကွင်းဆက်ပြတ်နေသကဲ့သို့ ရှိသည်။

[၆]

တစ်နေ့တွင် ထိုကွင်းဆက်ကို ဆက်စပ်ပေးသည့် အဆိုအမိန့်တစ်ခုကို လေ့လာခွင့်ကြုံရပါသည်။ အခြားမဟုတ်ပါ။ ဆရာဦးမြင့်ကြည် (ယခုမြန်မာစာအဖွဲ့ဝင်)၏ 'မြန်မာ့တေးဂီတအနုစာပေသမိုင်း'ကို လေ့လာခွင့် ကြုံရပြီး ဆရာ့အဆိုအမိန့်ကို မှတ်သားရခြင်းဖြစ်ပါသည်။

ဆရာသည် ထိုကျမ်းကို ၁၉၆၀ ပြည့်နှစ်တွင် ပြုစုပြီး မဟာဝိဇ္ဇာဘွဲ့အတွက် ရန်ကုန်တက္ကသိုလ်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုကျမ်းကို လေ့လာလိုက်ရသောအခါ အဲချင်းနှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်နေသော အချက်များ ရှင်းလင်းသွားပါသည်။ ကွင်းဆက်ပြတ်သကဲ့သို့ ဖြစ်နေသော အင်းဝခေတ်၊ တောင်ငူခေတ် အဲချင်းများ ကွင်းဆက်သည် ထင်ရှားလာရပါသည်။

ဆရာက 'ကြိုးသီချင်း' အကြောင်းကို ရှင်းလင်းဖွဲ့ဆိုရာတွင် 'ကြိုး'များကို မူလက 'အချင်းရိုး၊ အဲချင်း'ဟု ခေါ်ကြကြောင်း၊ တောင်ပုပ္ပားစကားပွင့်အဲချင်းသည် ကြိုးအမျိုးအစားဝင်သော ကြိုးသီချင်းရှေ့ပြေးဖြစ်ကြောင်း ရှင်းပြပြီး၊ ရှေးဦးပေါ်ပေါက်လာသော ကြိုးသီချင်းများသည် တောင်ပုပ္ပားစကားပွင့်အဲချင်း ဖွဲ့နည်းအတိုင်း ဖြစ်ကြောင်း သာဓကဆောင်ပြထားပါသည်။

တောင်ပုပ္ပားစကားပွင့်အဲချင်းမှ **"ပုပ္ပားတောင်သည် ရွှေတောင်တည့်**

http://www.cherrythitsar.org

လေ”အစချီအဖွဲ့နှင့် **‘ခြသေ့မင်း ရွှေဝူဝင်(ကြိုး)’**မှ **“ဟောဝန္တာသာလှလေ၊ ဟောဝန္တာသာလှလေ၊ ဟောဝန္တာငယ်မှာ ငါသာကျော်ဟိုး၊ သိမ်းအုပ်စိုးလေ သိမ်းအုပ်စိုး၊ ရန်မျိုး မပြလှာဝ့ံလေ**”ဟူသော အဖွဲ့၊ **‘ငါးကြင်း ရေဆန်(ကြိုး)’**မှ **“ရေသီတာသာလှလေ၊ ရေသီတာသာလှလေ၊ ရေသီတာငယ်မှာ ကြေညာဆန်သွား၊ ငါးကြင်း ငါးကြင်းသား၊ ဗျော်ပါးငယ်နေရာ ငတုံးတာ၊ တံငါမုဆိုး၊ ငွေသဲပြင်ငယ်မှာ တိတ်တိတ်ကယ်စိုးလို့လေ**”စသော အဖွဲ့တို့ ဖွဲ့ပုံဖွဲ့နည်းတူပုံကို ယှဉ်ပြထားပါသည်။

ဤကြိုးများပေါ်ပေါက်ပြီးနောက် နောက်ပိုင်းကြိုးများ အချုပ်စံပြောင်းလာကြကြောင်း၊ **‘ငါးသံလည်ကြိုး’**တွင် **‘နီးပင်သာနီးလို့ မောင်မင်းကြိုက်တော်မူလေတည့်မှ မောင်မင်းကြိုက်တော်မူ’**ဟူ၍ ‘လေတည့်မှ’နှစ်ကျော့ပြန်ချသော အချုပ်စံမျိုးဖြစ်လာကြောင်း၊ နောက်ပိုင်းကြိုးများကိုလည်း ထိုချနည်းအတိုင်းချကြောင်း ရှင်းပြထားပါသည်။

အင်းဝခေတ်၊ တောင်ငူခေတ်တို့တွင် ‘အဲ’အသုံးတွင်ကျယ်ပုံနှင့် ပတ်သက်သည့် အဆိုအမိန့်ကိုလည်း တွေ့ရပါသည်။ စကားပွင့်အဲချင်းကို ထောက်၍ ကြိုးသီချင်းသည် ပုဂံခေတ်လောက်ကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ အင်းဝခေတ်တွင် ကြိုးသီချင်းများ ကြီးပွားလာကြောင်း၊ အင်းဝခေတ်တစ်ခေတ်လုံး ‘ကြိုး’ဟု မခေါ်ဘဲ ‘သီချင်း၊ အချင်း၊ အဲချင်း၊ အဲအန်’ဟူ၍သာ တွေ့ရကြောင်း မိန့်ဆိုထားခြင်း ဖြစ်သည်။ ထိုအဆိုအမိန့်အရ အင်းဝခေတ်စာပေများတွင် တွေ့ရသော ‘အဲ’များမှာ ကြိုးသီချင်း သီဆိုတီးမှုတ်မှုကို ရည်ညွှန်းသော စကားများဖြစ်ကြောင်း ကွဲပြားသွားရပါသည်။

‘ကြိုး’ဟူသော အသုံးကိုမူ ကုန်းဘောင်ခေတ်ကာလကျမှ ထင်ထင်ရှားရှားတွေ့ရကြောင်း ထိုကျမ်းတွင် မိန့်ဆိုထားပါသည်။ ‘တေးတျာကြိုးဘွဲ့၊ ဖွဲ့နွဲ့သီကုံး’ဟူသော ငွေတောင်ရကန်အဖွဲ့အရ သိရကြောင်းလည်း သာဓကဆောင်ထားပါသည်။ ရှေးက ကြိုးသီချင်းများကို စောင်း၊ မိကျောင်း၊ အောင်းစသည့် ကြိုးတပ်တူရိယာများဖြင့် တီးမှုတ်ကြသည်။ တောင်ငူ၊ ညောင်ရမ်းခေတ်တို့တွင် ပတ်ဆိုင်းများ ခေတ်စားလာ၍ ပတ်သီချင်းများ ပေါ်လာသည်။ (ပဒေသရာဇ်၏ အဲချင်းများကဲ့သို့) အဲချင်းဟူသော ကဗျာတစ်မျိုးလည်း ပေါ်လာသည်။ သို့ဖြစ်၍ ရှေးက ကြိုးသီချင်းများကို အဲချင်းနှင့် မရောထွေးအောင် ပတ်သီချင်းနှင့်လည်း ကွဲပြားအောင် အမည်မှည့်ရာ၌ ကြိုးတူရိယာကို အသားပေး၍ တီးရသော သီချင်းဖြစ်သောကြောင့်လည်းကောင်း၊ မြန်မာမူရင်းတူရိယာဖြစ်သော စောင်းကိုသင်လျှင် စောင်းကြိုး၏ သဘာဝကို ထိုသီချင်းများဖြင့် စတင်လေ့လာရသောကြောင့်လည်းကောင်း ကြိုးသီချင်းဟူသော အမည်သည်

http://www.cherrythitsar.org

ပေါ်ပေါက်လာရကြောင်း ထိုကျမ်းတွင် ခြေခြေမြစ်မြစ်သုံးသပ်မိန့်ဆိုထားပါသည်။

[၅]

ကုန်းဘောင်ခေတ်တွင် မုံရွေးဇေတဝန်ဆရာတော် စုဆောင်းပြုစုသော ဟာသဇဝနိကဥဏှမဠုရီကျမ်း(မုံရွေးမဟာဂီတကျမ်း)၌ သီချင်းပေါင်း(၃၀၀)ကျော်ကို စုဆောင်းဖော်ပြထားရာ 'အခြင်း'အမည်ခံသီချင်း အမြောက်အမြား ပါဝင်ပါသည်။

"ရွှေပလွင်အောက်၊ ရွှေပလွင်တက်၊ ရွှေပလွင်သက်၊ ဗောဓိရွက်သံ၊ ငပြေတက်သက်၊ ၄ုက်ကြီးစာခွံ"စသည်ဖြင့် စိတ်ဝင်စားဖွယ် အမည်အမျိုးမျိုးတွေ့ရပါသည်။ ပုစဉ်းတောင်သံကြိုးဟု ခေါ်သော 'တံတျာ တေရှင်'ကိုလည်း ပုစဉ်းတောင်သံခြင်းဟူသော အမည်ဖြင့်တွေ့ရပါသည်။

"ရှေးဟောင်း စာပေသုတေသီတစ်ဦး"၏ 'စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ'စာအုပ်တွင်လည်း ရှေးက အဲချင်းဟူသည် ကြိုးပင်ဖြစ်ကြောင်း ဆိုထားပါသည်။ ဝန်ကြီးပဒေသရာဇာ၏ အဲချင်းကြိုးများ ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ **"စီတြဂီဝါရိမင်း အဲချင်းကြိုး၊ ဂဠုန်မင်းတောင်သံ အဲချင်းကြိုး၊ ခါမင်း အဲချင်းကြိုး၊ ငုံမင်း၊ အဲချင်းကြိုး"**ဟူသော အမည်များကိုလည်း တွေ့ရပါသည်။

ပုဂံခေတ်မှ တောင်ငူခေတ်အထိ ပေါ်ပေါက်ခဲ့သော 'အဲ၊ အဲရိုး၊ အဲချင်း၊ အချင်းငယ်၊ အချင်း' ဟူ၍ အမည်အမျိုးမျိုးခေါ်သည့် တေးကဗျာများသည် ကြိုးသီချင်းများပင်ဖြစ်ကြောင်း ထင်ရှားသိသာပါပြီ။ ညောင်ရမ်းခေတ်တွင် စတင်ပေါ်ပေါက်သော ပဒေသရာဇာ၏ အဲချင်းများကစ၍ ကုန်းဘောင်ခေတ်အထိ ပေါ်ထွန်းသော အဲချင်းများသည် အင်းဝခေတ်၊ တောင်ငူခေတ်တို့မှ အဲချင်းများနှင့်မတူကြောင်း၊ အင်းဝ၊ တောင်ငူခေတ်တို့တွင် တွေ့ရသော 'အဲ'ဟူသည့် အသုံးအနှုန်းမှာ ကြိုးသီချင်းများကို ဆိုလိုခြင်းဖြစ်ကြောင်းလည်း ထင်ရှားသိသာပါပြီ။

[၈]

သို့ဆိုလျှင်. . .

အင်းဝ၊ တောင်ငူခေတ်တို့တွင် 'အဲ'များရှိပါသည်။ ပျောက်ကွယ်သွားခြင်းမဟုတ်ပါ။ ညောင်ရမ်းခေတ်ပေါ် အဲချင်းများနှင့် ဖွဲ့ပုံချင်းမတူသည့်အတွက် အင်းဝ၊ တောင်ငူခေတ် အဲများကို မမြင်သာဘဲ ပျောက်ကွယ်နေသကဲ့သို့

http://www.cherrythitsar.org

ထင်ရခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် 'ကြိုး'ဟု အမည်သစ်တွင်သွားသည့် အတွက် အဲကို အဲမှန်းမသိဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

သုတေသီတို့၏ စူးစမ်းထုတ်ဖော်ချက်ကြောင့် စာပေပြဿနာတစ်ရပ်ရှင်းလင်းသွားသည် သာဓကတစ်ခုဖြစ်ပါသည်။

ရှုခင်ရှေ့ရေး
အမှတ် ၄၃၊ ၁၉၇၈၊

http://www.cherrythitsar.org

လပအဲ

[၁]

'လပအဲ. . .'

အမည်က ဆန်းသလိုရှိသည်။

လပအဲသည် အဲချင်းကဗျာတစ်မျိုးဖြစ်သည်။ လရောင်ထွန်းပသော အချိန်တွင်ဆိုရသော အဲချင်းဖြစ်၍ 'လပအဲ'ဟု အမည်တွင်သည်။

အဲချင်းသည် အများစုဝေးရပ်တန့်ပြီးဆိုရသော ကဗျာမျိုးဖြစ်သည်။ 'အဲ'ဟူသော စကားသည်ပင် စုဝေးခြင်း၊ ရပ်တန့်ခြင်း၊ အဓိပ္ပာယ်ဆောင်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။

များသောအားဖြင့် အမျိုးသမီးများ တစ်နေရာတွင် စုဝေးရပ်တန့်ပြီး အဲချင်းဆိုကြသည့် အလေ့ရှိကြောင်း သိရပါသည်။ မူလက အများစုဝေးပြီး ဆိုသော ကဗျာဖြစ်သော်လည်း တစ်ဦးတစ်ယောက်တည်းလည်း ဆိုနိုင်သည်ပင် ဖြစ်ပါသည်။

မြန်မာစာပေသမိုင်းတွင် ထင်ရှားသော အဲချင်းစာဆိုများရှိပါသည်။ ဝန်ကြီးပဒေသရာဇာ၊ ဦးယာ၊ မယ်ခွေစသည်တို့ ဖြစ်ပါသည်။ ဤဆောင်းပါးတွင် တင်ပြမည့် လပအဲကို ရေးဖွဲ့သော စာဆိုကား ဝန်ကြီးပဒေသရာဇာပင် ဖြစ်ပါသည်။

[၂]

ဝန်ကြီးပဒေသရာဇာဟု ဆိုလိုက်သည်နှင့် ညောင်ရမ်းခေတ်က ပေါ်ထွန်းသော စာဆိုတော်ကြီးဖြစ်ကြောင်း အများသိကြပါသည်။ သူဇာပျို့စသည့် ပျို့များ၊ မဏိကက်ပြဇာတ်၊ ဆင်းရဲသားပြည်သူလူထုဘဝကို သရုပ်ဖော်သော

http://www.cherrythitsar.org

တျာချင်းများ။ ကြိုးသီချင်းများ စသည်ဖြင့် တျာလက်ာပြဇာတ်စာပေများ ရေးဖွဲ့ခဲ့သူ ဖြစ်ကြောင်းလည်း အများသိကြပါသည်။ ပဒေသရာဇာ၏ လက်ရာများ ထဲတွင် သုံးဆယ့်ခုနစ်မင်း နတ်သံအဲများ၊ လပအဲများ အပါအဝင် အဲချင်းကဗျာ များကိုလည်း တွေ့နိုင်ပါသည်။

[၃]

သူဇာပျို့ကဲ့သို့ စာနုစာယဉ်များကို ပြောင်မြောက်စွာ ရေးဖွဲ့နိုင်သော ဝန်ကြီးပဒေသရာဇာသည် ဤ'လပအဲ'ကိုလည်း နုနုယဉ်ယဉ်ရေးဖွဲ့ထားပါ သည်။ ချစ်ခင်မြတ်နိုးရပါသော မောင်တော်ကြွမလာသည့်အတွက် မျှော်ရင်း လွမ်းနေရသော နှမတော် မိမိကလေး၏ ခံစားမှုကို လွမ်းသံဆွေးသံကလေး နှောကာ သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။

'ထိပ်ချာပွင့်ရန်၊ ဘုန်းပျံ့ရွန်းညွှန့်လူ၊ ဘယ်သူမမျှ၊ ထိပ်တင်လှ သည်၊ ကြွတော်မူမည်၊ လာတော်မူခါ၊ နီးပါသည့်အကြောင်း၊ ရှေ့ရည်ထင့် ထင့်၊ မျှော်ကာလင့်၍၊ အသင့်ကြိုစည်နေပါသည်ကို၊ မုန်းရည်ရှိလှ၊ အာကာကလည်း၊ တောင်ကမည်း မိုက်ပြန်ခဲ့ပြီ၊ ချုန်းလို့ အုန်းလို့သာ'

အထွတ်အထိပ်သို့ ရောက်တော့မည့် ဘုန်းတန်ခိုးအညွှန့်တလူလူနှင့် မောင်တော်ကို မယ်နှမကလေးက ဘယ်သူနှင့်မှမတူသူအဖြစ် အထင်ကြီးသည်။ ထို့ကြောင့်လည်း 'ဘယ်သူမမျှ ထိပ်တင်လှ'ဟု အမွှန်းတင်သည်။ မောင်တော် ကြွလာချိန်နီးပြီဖြစ်သည့်အတွက် မယ်နှမကလေးမှာ ရှေ့ဆီသို့သာ တထင့် ထင့် မျှော်နေမိသည်။ ထိုစဉ်ခဏမှာပင် မိမိကို တမင်များ မုန်းနေသလားမသိ၊ ထက်ကောင်းကင်တောင်ဆီတစ်ခွင်က မိုးသားတိမ်လိပ်များ မည်းမှောင်၍ လာ ပါချေပြီ။ တချုန်းချုန်း၊ တအုန်းအုန်းနှင့် မိုးသံလေသံများကိုလည်း ကြားနေ ရပါချေပြီ။ မောင်တော်မလာဖြစ်အောင် ဖျက်လိုဖျက်ဆီးလုပ်သော မိုးပါတ ကား။

မယ်နှမကလေးကြည့်နေစဉ်မှာပင် ချုန်းသံအုန်းသံများပေးကာ ပတ် ဝန်းကျင်တစ်ခုလုံး မည်းမှောင်အုံ့မှိုင်းလာချေပြီ။ ထို့ကြောင့်လည်း မယ်ကလေး ခမျာမှာ

"မယ့်ဆီမနှေး၊ ထိပ်တင်လှငယ်၊ ကြွမည်ဝေးခဲ့၊ မှတ်တွေးကြိမ်၊ အယူရှိ၍၊ မချိဆာပူ၊ မယ့်သည်းအူမှာ၊ ပုံယူနှိုင်းဆွယ်၊ တံခွန်ရွက်ကို၊ လေခတ်ကဲ့နယ်၊ မတယ်ရပ်မိ၊ လှပ်လှပ်ကယ်ရှိ၊ ညှိုးရိမျက်နှာပိန်ရေး တယ်၊ စိုးနှောင်မိုးကြောင့်လေ. . ."

ဟူ၍ လွမ်းသံနှောမိရှာသည်။ မောင်တော်ကြွရန်အရေးကား ဝေး

http://www.cherrythitsar.org

လေပြီဟူသော အတွေးဖြင့် မယ်ကလေးခမျာ တံခွန်ကို လေခတ်သက့ဲသို့ ဖျတ်ဖျတ်လူးအောင် ခံစားနေရရှာသည်။ မတည်နိုင်မရပ်နိုင်ဘဲ လှပ်လှပ်ကလေးသာ ကျန်တော့လောက်အောင် ညှိုးနွမ်းပိန်ချုံးသွားရှာသည်။ ထို့ကြောင့်လည်း 'စိုးနှောင်မိုးကြောင့်လေ'ဟူ၍ မိုးကို အပြစ်တင်မိရှာသည်။

မိုးကား မှိုင်းညို့ဆိုင်းရုံသာမက ခဏချင်းမှာပင် ချမ်းစိမ့်အေးသွားအောင် ရွာသွန်းချတော့သည်။ သုတ်ဖြူးတိုက်ခတ်နေသော တောင်လေလည်း စဲသွားလေပြီ။ "ထိပ်ဗွေစိုးရာ၊ မယ့်ထိပ်ချာလည်း၊ ကြွလှာပြီပဲ၊ ရှောင်ဖင့်နွဲ့လို့၊ သန်လွဲလောက်ပင်၊ မြင့်ကြာတင်၊ နေခဲ့သွေခဲ့လေ"ဟုသာ ညည်းညူရှာတော့သည်။

မယ်နှမကလေးမှာ 'မောင်တော်ကြွမလာဘဲ နေရက်လေခြင်း'ဟူသော အတွေးဖြင့် ဝမ်းနည်းမိရှာသည်။

သည့်နှယ်သောခါ၊ သည်းချာကျွန်း၊ နောက်ကျလှလို့၊ လောကတန်ဆောင်၊ အခေါင်ထားမယ်၊ မှတ်ရွယ်သည့်ရှင်။ မယ့်ထိပ်တင်လည်း၊ သို့စင်ဖင့်နွဲ့၊ လာပဲခပ်သွေ၊ နေရက်လေတယ်"

ဟူ၍ ဝမ်းပန်းတနည်း ပြောမိရှာသည့်အပြင်. . .

"မှိုင်းဝေဘယ်ညာ၊ ဆင်တဲ့ရွာဝယ်၊ အာကာပိတ်ဆို့၊ မှိုင်းမှိုင်းညို့သည်၊ သည်မိုးကြောင့်သာ ဖြစ်တော့တယ်၊ ရိုင်းတယ်စိုင်းတယ် မိုး..."

ဟူ၍ မိုးကို အပြစ်တင်မိသည်။

မောင်တော်ကြွမလာနိုင်သည်မှာ သည်မိုးကြောင့်သာ ဖြစ်တော့သည်။ ရိုင်းစိုင်းလှသော မိုးပါတကားဟု ရန်တွေ့နေသယောင်ပင်။

မယ်ကလေးသည် စိတ်ကို ဖြေသိမ့်ကာ မောင်တော့်ဆီသို့ အာရုံရောက်သွားမိပြန်သည်။ မိမိ၏ဦးထိပ်ထက်မှာ အမြတ်တနိုးထားရပါသော မောင်တော်၊ ဝေဆာလန်းဆန်းနေသော နတ်ပန်းခိုင်ကဲ့သို့၊ အမြဲပင် ညှိုးမနွမ်းကြည်ရွှင်လန်းနေသော မောင်တော်၊ ထိုသို့သော မောင်တော်ကား သာမည မဟုတ်။ တစ်နေ့တွင် ဤဇမ္ဗူဒီပါကျွန်းတစ်ကျွန်းကို သိမ်းချုပ်စိုးပိုင်မည့် သူပါတကားဟူသော အတွေးဖြင့် . . .

ထိပ်ပေါ်ထားရာ၊ မယ့်ထိပ်ချာမှာ၊ မာလာနတ်ပန်း၊ ပွင့်ခိုင်လန်းသို့၊ ညှိုးမြန်းမဲ့ရှင်၊ နေ့တိုင်းဆင်သည်၊ ဥကင်ဗွေချာ၊ သောင်းဒီပါကို၊ ချုပ်ကာ ပိုင်စိုး၊ မိုးမည်ဇကန်၊ မှန်လှသည်ရှင့်. . .

ဟူ၍ မျှော်လင့်သံအပြည့်ဝဖြင့် ဖွင့်ဟမိပြန်သည်။

မိုးကိုလည်း အပြစ်မတင်လိုတော့ပါ။ မယ့်သခင် မောင်တော်ဘုရားကြွရောက်လာပြီး မောင်တော်၏ ရွှေစက်တော်နှစ်စုံကို မယ်နှမကလေး၏ ဦး

http://www.cherrythitsar.org

ထိပ်မှာထားကာ ရိုသေမြတ်နိုးစွာ နေခွင့်ရသောအခါကျမှသာ ရွှမ်းရွှမ်းစိုအောင် အားပါးတရ ရွာလိုက်ပါလေတော့ဟူ၍ မိုးအား တောင်းပန်ဟန်ဖြင့်. . .

မယ့်ဖခင်သည်၊ သာရှင်ဝမ်းသာ၊ ကြွရောက်လှာလို့၊ စကြာရွှေစက်၊ စုံနှစ်ဖက်ကို၊ နှစ်သက်ပျော်ပါး၊ မယ့်ထိပ်ဗျားမှာ ထားလို့ရိုသေ၊ နေသောခါမှ၊ အာကာတိမ်ပြင်၊ ကောင်းကင်အလုံး၊ လွှမ်းဖုံးမည်းမိုက်၊ ကျူးရိုက်ဆင့်ကာ၊ ရွာပါဘိလား၊ ရွှမ်းစွတ်စို၊ ငြိမ်းတယ် ချမ်းတယ်မိုး. . .

[၄]

ဤ'လပအဲ'ကလေးသည် နန်းတွင်းသူ မယ်ကလေး၏ နှလုံးသားကို ဖွင့်ပြနေသကဲ့သို့ ဖြစ်ပါသည်။ မယ်ကလေး၏ ကန္တဲကလျ လွမ်းသံကလေးကို လည်း လှစ်ပြနေသကဲ့သို့ ရှိပါသည်။ သူချစ်ရမြတ်နိုးရသော မောင်တော်ကို 'ထိပ်ချာပွင့်ရန်'၊ 'ထိပ်တင်လှ'၊ 'မယ့်ထိပ်ချာ'၊ 'မယ့်ထိပ်တင်'၊ 'မယ့်သခင်'ဟူ၍ စကားအလှယ်လှယ်ဖြင့် အမြတ်တနိုးရည်ညွှန်းခြင်းကလည်း မောင်တော် အပေါ်ထားရှိသော မယ်ကလေး၏ မေတ္တာအတိုင်းအဆကို ဖော်ပြနေသကဲ့သို့ ရှိပါသည်။

မိမိနှင့် မောင်တော်ကြားတွင် အဟန့်အတားပြုသည့် မိုးကို 'စိုးနှောင်မိုးကြောင့်လေ'ဟု အပြစ်တင်လိုက်ပုံ၊ 'ရိုင်းတယ် စိုင်းတယ် မိုး'ဟု ဒေါသသံကလေးဖြင့် အပြစ်တင်လိုက်ပုံ၊ ပြီးမှ စိတ်ကိုလျှော့ပြီး 'ငြိမ်းတယ် ချမ်းတယ် မိုး'ဟု လေပြည်ထိုးလိုက်ပုံတို့ကလည်း မယ်ကလေး၏ ခံစားမှုအတင်းအလျှော့ကို ဖော်ပြနေသကဲ့သို့ ရှိပါသည်။

မယ်ကလေးက မိုးကြောင့် စိုးနှောင်ခဲ့ရသော မိမိတို့၏ ဖြစ်ရပ်ကို လရောင်ထွန်းပသည့် ညတစ်ညတွင် လွမ်းသံနှောကာ ရင်ဖွင့်လိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ရိုးရိုးနှင့် လှလှကလေး ရေးဖွဲ့ထားသော ဝန်ကြီးပဒေသရာဇာ၏ လပအဲကလေးကား နှစ်သက်မြတ်နိုးဖွယ် ကဗျာတစ်ပုဒ်အဖြစ် ရပ်တည်လျက် ရှိနေမည်သာ။

ကဗျာဗဒေါ်၊
အမှတ် ၅၁၊
မေ၊ ၁၉၈၉၊

ဘလ္လာတီယပျို့အမှတ်အမ

ပြာညက်ညိုစင်၊ ဆွေမမြင့်၍၊ နွဲ့ပင်ခေါက်ချိုး၊ မရှင်နိုးသည်၊ လွမ်းမျိုးတစ်ထောင် ပြည့်ခဲ့ပြီ။

ချစ်မြတ်နိုးရပါသော 'ပြာညက်ညိုစင်'ကိန္နရီမယ်ကလေးနှင့် တစ်ညတာဝေးရသည့်အတွက် ယိမ်းနွဲ့ခွေပျောင်းကာ မရှင်နိုင် မလန်းနိုင်ဘဲ လွမ်းမျိုးတစ်ထောင် ပြည့်အောင် လွမ်းနေရပါပြီဟူ၍ ကိန္နရာဖိုကလေးက ဤသို့ ဤနှယ်ဖွဲ့ဖွဲ့နွဲ့နွဲ့မြည်တမ်းနေရှာသည်။

ကိန္နရာဖို၏ ကြေကွဲဖွယ် မြည်တမ်းသံကို အသက်သွင်းသရုပ်ဖော်သည့် စာကား နာမည်ကျော် 'ဘလ္လာတီယပျို့'၊ အသက်သွင်းသရုပ်ဖော်သည့် စာဆိုကား ကုန်းဘောင်ခေတ်ထိပ်တန်းစာဆိုတော်ကြီးတစ်ဦးဖြစ်သူ 'တွင်းသင်းမင်းကြီး မဟာစည်သူ'ပင်ဖြစ်ပါသည်။

တွင်းသင်းမင်းကြီးသည် ငါးရှဉ်ငါးဆယ် ဝီသတိနိပါတ် ဘလ္လာတီယဇာတ်ကို ပျိုပြန်ဖွဲ့ထားခြင်းဖြစ်သည်။ ဘလ္လာတီယဇာတ်သည် 'တစ်ညဝေးရုံနှင့် နှစ်ပေါင်းခုနစ်ရာဆွေးရသော'ကိန္နရာ ကိန္နရီမောင်နှံ၏ အလွမ်းကို ဖွဲ့ထားသော ဇာတ်ဖြစ်သည်။ ထိုအလွမ်းဇာတ်ကို တွင်းသင်းမင်းကြီးက ဘလ္လာတီယပျို့အဖြစ် ပုံဖော်လိုက်သောအခါတွင်ကား ပိုရ၍ အသက်ဝင်လာပြီး မြူးမြူးကြွကြွသွက်သွက်လက်လက်ဖြစ်လာရပါသည်။

ပျို့စာဆိုတို့သည် ဇာတ်ဝတ္ထုတစ်ခုကို ပျိုပြန်ဖွဲ့ရာတွင် ဇာတ်လမ်းကို မူလဝတ္ထုမှာထက် ပိုမိုထင်ရှားလာအောင် မွမ်းမံဖွဲ့ဆိုတတ်ကြသည်။ ဇာတ်ဆောင်များကိုလည်း မူလဝတ္ထုမှာထက် ပိုမိုအသက်ဝင် လှုပ်ရှားလာအောင် ဖွဲ့ဆိုတတ်ကြသည်။ ကာလဒေသနောက်ခံကိုလည်း မူလဝတ္ထုမှာထက် ပို၍ သရုပ်ပေါ်လာအောင် ဖွဲ့ဆိုတတ်ကြသည်။ ဘလ္လာတီယပျို့တွင်လည်း ထို

http://www.cherrythitsar.org

သဘောကို တွေ့ရသည်ပင် ဖြစ်ပါသည်။

ဘလ္လာတိယဇာတ်၏ ဇာတ်လမ်းအချုပ်မှာ ဤသို့ဖြစ်သည်။ ဗာရာဏသီပြည့်ရှင် ဘလ္လာတိယမင်းသည် သမင်သားကို စုံမက်သဖြင့် တိုင်းပြည်ကို မှူးမတ်တို့အား အပ်ထားခဲ့ပြီး ဟိမဝန္တာတောတွင် သမင်များကို ပစ်ခတ်စားသောက်ကာ ပျော်မွေ့နေသည်။ တစ်နေ့တွင် မြစ်ကမ်းတစ်ခုခ္ခ ပွေ့ဖက်ငိုကြွေးနေကြသော ကိန္နရာကိန္နရီမောင်နှံကိုတွေ့၍ ဘလ္လာတိယမင်းက မေးမြန်းရာ ၎င်းတို့က မိမိတို့သည် တောင်ကျချောင်းရေခြားပြီး တစ်ညတာမျှ ကွေကွင်းခဲ့ရဖူးသည်ကို ဆွေးမပြေနိုင်ဘဲ ငိုနေကြခြင်းဖြစ်ကြောင်း၊ ငိုနေသည်မှာ အနှစ်ခုနစ်ရာပင် ပြည့်တော့မည်ဖြစ်ကြောင်းပြောသည်။ မင်းကြီးကိုလည်း လူ့သက်တမ်းတိုတောင်းပါလျက် အဘယ်ကြောင့်မိဖုရားနှင့် ကွေကွင်းနေရသနည်းဟု သတိပေးသည်။ ထိုအခါကျမှ မင်းကြီးသတိတရားရပြီး နေပြည်တော်သို့ ပြန်သော ဇာတ်လမ်းဖြစ်သည်။

ထိုဇာတ်လမ်းသည် ဘလ္လာတိယပျို့ထဲသို့ ရောက်လာသောအခါတွင်းသင်းမင်းကြီး၏ အမွမ်းအမံကြောင့် ပို၍ ပေါ်ပေါ်လွင်လွင် ဖြစ်လာရပါသည်။ ကုန်းဘောင်ခေတ်တွင် ညောင်ကန်ဆရာတော်မြန်မာပြန်ဆိုသောဘလ္လာတိယဇာတ်နှင့် ယှဉ်ကြည့်လျှင် ပျို့တွင်မည်သို့ ပေါ်လွင်လာကြောင်းတွေ့ရပါလိမ့်မည်။

ဘလ္လာတိယမင်း သမင်ပစ်ရန် တောဝင်ပုံကို ညောင်ကန်ဆရာတော်၏ ဘလ္လာတိယဇာတ်တွင်. . .

ကောင်းစွာ ဖွဲ့အပ်သော လက်နက်ငါးပါးကို ကိုင်စွဲလျက် ကောင်းစွာသင်အပ်ပြီးသော မင်းအိမ်ခ္ခ ကြီးသော ခွေးအပေါင်းခြံရံလျက် မြို့နန်းမှ ထွက်ခဲ့ပြီးလျှင် ဟူ၍ သာမန်မျှသာ ဆိုထားသည်။ ဘလ္လာတိယပျို့တွင်မူ မင်းကြီးတောဝင်ခါနီး မင်းဝတ်တန်ဆာများ ချွတ်ထားခဲ့ပြီး သင်တိုင်းနီကိုဝတ်ပုံ၊ လေးမြားသန်လျက်စသည့် လက်နက်ငါးပါးကို ကိုင်စွဲပြီး သောက်ရေထည့်သော ဘူးသီးခြောက်(အိတ်ဘူး)နှင့် ဘယားခေါ် အိတ်ကြီးကိုပါ လွယ်ထားပုံ၊ "အိမ်တွင်မွေးစား၊ ခွေးနီပါးနှင့်၊ ခွေးကျား ခွေးဖြူ၊ မွေးထူမွေးသက်၊ ခွေးပျက်ခွေးကြောင်"တို့ ခြံရံကာ နံနက်ဝေလီဝေလင်းတွင် မည်သူမျှ မသိစေဘဲ မုဆိုးသဏ္ဌာန်ဖြင့် တောသို့ဝင်ပုံတို့ကို အသေးစိတ်ခြယ်မှုန်းဖွဲ့ဆိုထားပါသည်။

ပျို့စာဆို အမွမ်းအမံကောင်းပုံကြောင့် မင်းကြီး တောဝင်ပုံဖြစ်ရပ်သည် ပိုမိုပေါ်လွင်သည့် ဇာတ်ကွက်တစ်ကွက်ဖြစ်လာရပါသည်။

ဘလ္လာတိယဇာတ်တွင် အဓိကဇာတ်ဆောင်သုံးဦးပါဝင်သည်။ဘလ္လာတိယမင်းကြီးနှင့် ကိန္နရာ ကိန္နရီမောင်နှံတို့ဖြစ်သည်။ ထိုဇာတ်ဆောင်တို့သည်

http://www.cherrythitsar.org

လည်း တွင်းသင်းမင်းကြီး၏ အမွမ်းအမံကြောင့် ပျို့ထဲတွင် ပို၍ အသက်ဝင်လာရသည်။ ပို၍ သရုပ်ပေါ်လာရသည်။

ဘလွှာတီယမင်းကြီးဆိုလျှင် သမင်သားကို အလွန်စုံမက်သူဖြစ်သည်။ ဘလွှာတီယဇာတ်တွင် **"မီးကျီးဖြင့်ကင်သော သမင်သားကို စားအုံ့ဟုကြံ၍"**ဟုလည်းကောင်း၊ **"သမင်အပေါင်း၊ ဝက်အပေါင်းအစရှိသည်တို့ကို သတ်၍ မီးကျီးဖြင့်ကျက်သော အစာကို စားလျက်"**ဟုလည်းကောင်း သိသာရုံမျှ ဖွဲ့ထားသော်လည်း ဘလွှာတီယပျို့တွင်မူ မင်းကြီးသမင်သားစုံမက်ပုံကို ပို၍ သရုပ်ပေါ်အောင် ဖွဲ့ထားသည်။ **"သွေးရည်စက်စက်၊ မီးကျက်ရဲရဲ၊ ရည်ရွဲရွဲသား၊ စားပွဲအိန့်ထွား၊ သမင်သားကို"**စားတော်ကဲက ကောင်းမွန်စွာ ချက်ပြုတ်ပြီး ပွဲတော်ဆက်သောအခါ လျှာရည်တောက်တော်ယိုလောက်အောင် အာသာငမ်းငမ်းတပ်မက်ပုံ၊ ထို့ကြောင့် တောသို့ဝင်ပြီး **"စိုင်ဆတ် သမင်၊ ပြင်ကမလွတ်၊ လေးကြီးလွတ်၍၊ လတ်လတ်လောလော၊ ပြုတ်ဖျောဟင်းချို၊ ကျိုကာနွေးအက်၊ ချက်ကာစားလျှင်"**ဆိုသည့်အတိုင်း လောလောလတ်လတ် ပစ်ခတ်၍ ရသော သမင်သားကို ရေနွေးဖျောပြီး ပူပူနွေးနွေး ဟင်းချက်စားပုံတို့ကို ဖွဲ့ထားပုံမှာ ပို၍ သရုပ်ပေါ်ပါသည်။ ဘလွှာတီယမင်းကြီး၏ ပုံပန်းသွင်ပြင်ကို ဘလွှာတီယဇာတ်တွင် အထင်အရှားမဖော်ပြသော်လည်း ပျို့ထဲတွင်မူ မြင်သာအောင် ပုံဖော်ပြထားသည်။ ဘလွှာတီယမင်းကြီးသည် အနားပတ်ချုပ်သီထားသော သင်တိုင်းအင်္ကျီအနီကို ဝတ်ဆင်ထားသည်။ ထိုသင်တိုင်းသည် ဦးခေါင်းက စွပ်ချရသော သင်တိုင်းမျိုးဖြစ်သည်။ ဖန်ရည်ဆိုးထားသော ချည်ကြမ်းကိုယ်ကျပ်အင်္ကျီဖြစ်သည်။ တောခလေ့ တောစရိုက်အတိုင်း ခါးတောင်းကျိုက်ထားသည်။ ဖိနပ်လည်း စီးမထား။ သစ်ပင်ချုံနွယ်များကြားက သားကောင်များကို ချောင်းမြောင်းပြီး မလွတ်တမ်း လေးနှင့်ပစ်တတ်သည်။

တစ်ဖန် ဘလွှာတီယမင်းသည် တိုင်းပြည်အကျိုးကို လိုလားသော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ကြောင်း ပျို့ထဲတွင် ပုံဖော်ထားပုံမှာလည်း နှစ်သက်ဖွယ်ပင်။ ဇာတ်တော်ထဲက မင်းကြီးသည် တောဝင်ခါနီးတွင် တိုင်းပြည်ကို မှူးမတ်များအား အပ်နှင်းရုံမျှအပ်နှင်းသည်။ ဘာမှ အထွေအထူးမမိန့်ကြား။ ပျို့ထဲက မင်းကြီးမှာမူ ထို့ထက်ပို၍ အသက်ဝင်သည်။ တောဝင်ခါနီးတိုင်းပြည်အကျိုးအတွက် အစစ ဂရုတစိုက်မှာကြားသည်။ ငါ့ကိုချစ်လျှင် ကောက်ကောက်ကျစ်ကျစ် ဖောက်လွဲဖောက်ပြန် မပြုကြပါနှင့်၊ ရန်ငြိုးမထားကြပါနှင့်၊ အတွင်းလူ အပြင်လူ မခွဲခြားပါနှင့်၊ ပြည်ထောင်ချင်း ချစ်ချစ်ခင်ခင်ဆက်ဆံပါစသည်ဖြင့် တဖွဖွမှာကြားပုံ၊ တိုင်းတစ်ပါးက အန္တရာယ်ပြုလာလျှင် 'ကိုယ်ထူကိုယ်ထ ညီညွတ်ကြလော့'ဟု သတိပေးပုံတို့မှာ မှတ်သားဖွယ်ကောင်း

http://www.cherrythitsar.org

လှပါသည်။ မင်းကောင်းမင်းမြတ်၏ သရုပ်သကန် ထင်ရှားပေါ်လွင်နေပါသည်။

ကိန္နရာ ကိန္နရီ မောင်နှံနှင့် ပတ်သက်၍ **"နှစ်ခုသော ကိန္နရာဖိုမတို့သည် အချင်းချင်းလည်ဖက်နမ်းရှုပ်၍ အထူးထူးသော အခြင်းအရာတို့ဖြင့် မြည်တမ်းကုန်လျက် ငိုကြွေးကြကုန်၏"**ဟု ဘလ္လာတိယဇာတ်တွင် တွေ့ရသည်။ ပျို့ထဲက ကိန္နရာဖိုမမှာမူ ထို့ထက်ပို၍ အသက်ဝင်သည်။ ချောင်းခြား၍ တစ်ညတာကွေကွင်းရသောအခါ ငိုချင်းများဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ငိုကြွေးကြသည်။ ကိန္နရီမကလေးက သူ့မောင်တော်ကို **"သက်ချင်းဝေ့ ချစ်မဝ"**ဟူ၍ တယုတယ ခေါ်ရှာသည်။ မောင်တော်နှင့် ကွေကွင်းရသည့် အတွက် **'မယ့်ရွှေရင်မှာ၊ ပူပင်လှ၏။ မီးမရှည့်ဘူး'**ဟူ၍ မချိတင်ကဲ ညည်းရှာသည်။ **"သက်ပန်မြဝါ၊ ကြွတည့်လှာ၍၊ သန္ဓာတမ္ပ၊ ရွှေလက်လှနှင့်၊ ယုယဖျော်ဖြည့်၊ စမ်းပါလှည့်လော့"**ဟူ၍လည်း မောင်တော်ကို တမ်းတရှာသည်။

ထို့အတူ ကိန္နရာဖိုကလည်း နှမတော်နှင့် ကွေကွင်းရသည့်အတွက် 'လွမ်းရေးခင်း'နေရရှာသည်။ **'မိုးပြင်းကစွေ၊ လေချိုက ဆမ်း၊ ဆွတ်ကာရွှမ်းသော်၊ နောင်ဝမ်းပူဆွေး၊ ကြိုးနှယ်ထွေးခဲ့'**ဟု ရင်ဖွင့်ရှာသည်။ ကိန္နရီမကလေးနှင့် **'နေလည်း မခြား၊ သွားလည်း ထက်ကြပ်၊ ရပ်လည်း စုံပေါင်း၊ လျောင်းလည်းတူသာ'**ဆိုသည့်အတိုင်း တတွဲတွဲနေခဲ့ပါလျက် ယခုမူ နှမလေးနှင့် ကွေကွင်းနေရပါပြီ။ ထို့ကြောင့် **'ငယ်ကျွမ်းညက်ခြေ၊ သက်ဝေညံ့နူး၊ နွဲ့ခေါင်ကျူးနှင့်၊ မဖူးရပါ၊ သည်တစ်ခါသည်၊ နောင်သာ ကိုယ်လုံးချည့်ခဲ့ပြီ'** ဟူ၍ မချိတရိခံစားနေရပုံကို ကြေကြေကွဲကွဲ ဖော်ထုတ်ပြရှာသည်။

မင်းကြီးနှင့်တွေ့ရသောအခါ ကိန္နရာဖိုက စကားတစ်ခွန်းမှ မဆိုသော်လည်း ကိန္နရီမကလေးက ချက်ချက်ချာချာ စကားဆိုသည်။ ချောင်းခြားသည့်အဖြစ်ကို ပြောပြရာတွင် **'ချစ်စကြိုးသွယ်၊ ရစ်ပတ်နွယ်၍၊ ဆူလှယ်နမ်းကာ၊ ဖက်ရမ်းကာနှင့်၊ ရှိုက်ကာ ငါတို့ငိုကြ၏' 'သံခြေမပြင်း၊ သံချိုညင်းနှင့်၊ လွမ်းတင်းဖွေရှာ၊ ထွေတလာဖြင့်၊ လှိုက်ကာ ငါတို့ဆိုကြ၏'**ဟူ၍ တဖွဲ့တနွဲ့ပြောပြသည်။ **'ရတနာပြိုးပြောင်၊ ရွှေနန်းဆောင်ထက်၊ တောင်မိဖုရား၊ သက်မပြားကို၊ ပစ်ထားဘယ့်ကြောင့် ခွာသနည်း'**ဟု မင်းကြီးကို သိမ်မွေ့စွာ အပြစ်တင်ပြီး နေပြည်တော်ပြန်ရန် တိုက်တွန်းသည်။ တွင်းသင်းမင်းကြီး၏ အမွမ်းအမံကြောင့် ကိန္နရီမကလေးသည် ချက်ချက်ချာချာရှိလှသော စကားတတ်မကလေးအဖြစ် အသက်ဝင်လာရပါသည်။

ဇာတ်လမ်းဇာတ်ဆောင်တို့ ဖြစ်ပျက်လှုပ်ရှားရာ ကာလဒေသနောက်ခံနှင့် ပတ်သက်၍ ဘလ္လာတိယဇာတ်တွင် **'ဗာရာဏသီပြည်'**ဟု သာမန်မျှသာ

http://www.cherrythitsar.org

ဆိုသော်လည်း ပျို့တွင်မူ **'ဗာရာဏသီ၊ ခေါ်ညီမည်သာ၊ ပြည်ကြီးစွာကား'**ဟု အစချီပြီး ဧရပ်ဂူကျောင်း တန်ဆောင်းဖွေးဖွေးတို့ဖြင့် တင့်တယ်ပုံ၊ စည်ကားပုံ၊ အေးချမ်းပုံတို့ကို တခမ်းတနား ဖွဲ့ပြသည်။ ထို့အတူ ကိန္နရာမောင်နှံ ပျော်မြူးသော တောတောင်ကို ဇာတ်တော်မှာထက် ပျို့ထဲမှာ ပိုရ၍ ဝေဝေဆာဆာတွေ့ရသည်။ 'သာနိုးကုံ့ကော်၊ စွယ်တော် စမ္မီ၊ သရဖီ'စသော ပန်းမျိုးစုံပွင့်နေကြပုံ၊ ပျားပိတုံးတို့ ဝတ်ရည်ဝတ်ရက်များ သောက်သုံးနေကြပုံ၊ သစ်သီးမျိုးစုံသီးနေကြပုံ၊ 'မဲအိုး ငှက်တော် စင်ရော်ပဲထွေး'တို့ ချစ်သံပေးနေကြပုံ၊ 'မြစ်တွေးသောင်တင်း ရွှေပိန်ညင်း'တို့ ဖော်ချင်း နှောကာ တသောသောပျော်မြူးနေကြပုံတို့ကို စာပန်းချီခြယ်ထားသည်မှာ ပေါ်ပေါ်လွင်လွင်ရှိလှပါသည်။

ဤသို့ဖြင့် ဘလ္လာတီယဇာတ်၏ ဇာတ်လမ်းသည်လည်းကောင်း၊ ဇာတ်ဆောင်သည်လည်းကောင်း၊ ကာလဒေသနောက်ခံသည်လည်းကောင်း၊ ပျို့စာဆိုတွင်းသင်းမင်းကြီး၏ အမွမ်းအမံကြောင့် ပျို့ထဲတွင် ပိုရ၍ အသက်ဝင်လာပြီး မြူးမြူးကြွကြွ သွက်သွက်လက်လက် ဖြစ်လာရပါသည်။

တစ်ဖန် မူလ ဘလ္လာတီယဇာတ်၏ အာဘော်သည် မေတ္တာတရားပွားများရေးပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ ကောသလမင်းကြီးနှင့် မလ္လိကာ မိဖုရားကြီးတို့ အငြင်းအခုန်ဖြစ်ရာမှ ကောသလမင်းကြီး အမျက်ထွက်ပြီး မလ္လိကာကို မကြည့်မရှုနေသည်ကို အကြောင်းပြု၍ ဘုရားရှင်က ဤဇာတ်ကို ဟောရခြင်းဖြစ်သည်။ ကောသလမင်းကြီးနှင့် မလ္လိကာတို့သည် ရှေးယခင်ဘဝက တစ်ညဝေးရုံနှင့်နှစ်ပေါင်းခုနစ်ရာဆွေးရအောင် ချစ်ခဲ့ရသော ကိန္နရာဖိုမတို့ ဖြစ်ခဲ့ကြောင်း ဟောပြောခြင်းဖြင့် မင်းမိဖုရားတို့ကို ပြန်လည် သင့်မြတ်စေခဲ့သည်။

ဘိုးတော်ဘုရား၏ အိမ်ရှေ့မိဖုရားသည် ဤဇာတ်ကို အလွန်နှစ်သက်သည့်အတွက် ပျို့ဖွဲ့ရန် တွင်းသင်းမင်းကြီးကို တောင်းပန်သည်။ ထို့ကြောင့် တွင်းသင်းမင်းကြီးက ဘလ္လာတီယပျို့ကို ဖွဲ့ရာ၌ ဇာတ်၏ အာဘော်ဖြစ်သော မေတ္တာတရားပွားများရေးကို ပျို့တွင် ပိုရ၍ ထင်ရှားအောင် ဖွဲ့ပြသည်။

မင်းမိဖုရား၊ ရှေးကား ကြည်ဖြူ၊ ချစ်သောဟူသို့၊ တို့သူများစွာ၊ လူတကာလည်း၊ မေတ္တာမပျက်၊ ချစ်သက်မျှကာ၊ နေပေရာ၏ ဟူ၍လည်းကောင်း။

သည့်တူနိုးဦး၊ နည်းယူခိုးလျက်၊ ချစ်ကြိုးမပြတ်၊ ဆင့်ဆင့်ပတ်၍၊ ကြင်မြတ်လေးကြစေသတည်း ဟူ၍လည်းကောင်း ရေးဖွဲ့လျက် မေတ္တာရန့်သင်းပျံ့စေခဲ့သည်။

ဘလ္လာတီယပျို့သည် တွင်းသင်းမင်းကြီး၏ လက်စွမ်းကို ထင်ထင်

http://www.cherrythitsar.org

ရှားရှားဖော်ပြနေသည့် နည်းတူ တွင်းသင်းမင်းကြီး၏ လက်စွမ်းကြောင့်လည်း ဘလွှာတိယပျို့သည် မြန်မာစာပေစင်မြင့်ထက်ဝယ် ယခုတိုင်ထည်ထည်ဝါဝါ နေရာယူလျက် ရှိနေပေသည်။

ကရောရွှေခင်း
အမှတ် ၁၀၊
အောက်တိုဘာ၊ ၁၉၈၅၊

http://www.cherrythitsar.org

ဓားလည်းပြက်ရယ် ပေရွက်နှယ်သို့

[၁]

သူ့တစ်လက်ကို၊ ဆယ်ချက်လျှပ်ခြည်
ခပ်ခပ်နည်လျက်၊ သွေးရည် ယူထုတ်
မြူမကြုတ်ရှင့်၊ ထိုးခုတ်ရေသား
ချိပ်ဆူပွားသည်၊ ဓားလည်းပြက်ရယ် ပေရွက်နှယ်သို့. . .

ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်တွင် အာသံသို့ ချီတက်သည့် မြန်မာစစ်သည်တော်များ၏ လက်ရုံးရည်နှင့် သူရသတ္တိကို စာဆိုတော် ဝက်မစွတ်နဝေးက အာသံနိုင်မော်ကွန်းတွင် ဤသို့ဤနှယ်ရေးဖွဲ့ချီးကျူးခဲ့သည်။ ရန်သူကတစ်ချက်မျှ တိုက်ခိုက်လျှင် မြန်မာစစ်သည်တို့က လျှပ်စီးလက်သကဲ့သို့ ဆယ်ချက်မျှ တုံ့ပြန်ကာ ရွှပ်ရွှပ်ချွဲချွဲချေမှုန်းတိုက်ခိုက်နိုင်ကြသည်။ မြန်မာစစ်သည်တို့၏ သွေးကား မြူကလေးတစ်မှုန်လောက်မျှ မည်းနက်ခြင်းမရှိ။ ရဲရဲနီလျက်ရှိသည်။ ရန်သူနှင့်ရင်ဆိုင်ကာ ထိုးခုတ်တိုက်ခိုက်နေစဉ် မြန်မာစစ်သည်တို့၏ သွေးသည်မီးနှင့်တွေ့သော ချိပ်ကဲ့သို့ ပွက်ပွက်ဆူနေသည်။ မြန်မာစစ်သည်တို့ကား သူရသတ္တိပြည့်ဝလှသည်။ ရန်သူ၏ ဓားကို ဓားဟုမထင်မှတ်။ ပေရွက်ကလေးများကဲ့သို့ သဘောထားကာ ပြက်ရယ်ပြုသည်အထိ ရဲဝံ့စွန့်စားကြသည်။

မြန်မာ့တပ်မတော်သားတို့၏ တိုက်ရည်ခိုက်ရည်နှင့် သူရသတ္တိကို ဤအရေးအဖွဲ့က အထင်အရှားဖော်ပြလျက်ရှိပါသည်။

[၂]

ရှေးအခါက စစ်မက်ငြိမ်းအေးချိန်တွင် လုပ်ငန်းအမျိုးမျိုးဖြင့် အေး

http://www.cherrythitsar.org

ချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုနေကြသော ယောကျ်ားကောင်းမှန်သမျှသည် စစ်ရေးကြုံလာသောအခါတွင် စစ်သည်တော်အဖြစ် တစ်မုဟုတ်ချင်း အသွင်ပြောင်းသွားကြမြဲဖြစ်သည်။ ဓားကိုကိုင်လှံကိုဆွဲကာ တိုက်ပွဲဝင်ရန် အသင့်ပြင်ကြမြဲဖြစ်သည်။ ညောင်ရမ်းခေတ်လုံမပျိုတစ်ဦးသည် ထိုသို့သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်သည့် မိမိ၏ ချစ်သူမောင်အကြောင်းကို ဤသို့ ဖော်ညွှန်းခဲ့ဖူးပါသည်။

နှမလေး မယ်တို့မောင်မှာ
စစ်သံကြားလျှင်၊ ရွှေဓားပိုက်ကာ
အိုးစားဖက်ကို လိုက်လို့ရှာသည်. . .

စစ်ချီရတော့မည်ဟူသော အသံကို ကြားလိုက်ရသည်နှင့် ချစ်သူမောင်သည် ရွှေဓားကြီးတပိုက်ပိုက်နှင့် တက်ကြွနေပုံ၊ ရှေးခေတ်မြန်မာတပ်ဖွဲ့စည်းပုံအရ ငါးယောက်လျှင် တစ်အိုးစားဟူသည့်အတိုင်း စစ်မြေပြင်တွင် မိမိနှင့်အတူ တစ်အိုးတည်း ချက်စားရမည့် အိုးစားဖက်ကို လိုက်ရှာပုံတို့ကို ဂုဏ်ယူစွာ ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။

[၂]

စစ်မြေပြင်သို့ရောက်သောအခါ တိုင်းတစ်ပါးမှ ကျူးကျော်လာသူတို့ကို အသက်စွန့်၍ တိုက်ခိုက်သည်။ အသက်ပေါင်းများစွာ စတေး၍ ရဲရဲဝံ့ဝံ့ တိုက်ခိုက်သည်။ ဓားစွမ်းလည်းပြသည်။ တိုင်းတစ်ပါးသားတို့သည် သာမန်လူမဟုတ်ဘဲ သံမှန့်စားထားသူများ ဖြစ်မှသာမိမိတို့၏ ဓားသွားတုံးလိမ့်မည်ဟူ၍ ခံယူသည်။ ထိုစိတ်ဓာတ်မျိုးဖြင့် ရဲရဲဝံ့ဝံ့တိုက်ခိုက်ရန် အားပေးသည်။ လက်ဝဲသုန္ဒရ အမတ်ကြီး၏ နန္ဒီသေနပျို့တွင် ထိုသဘောကို

လူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်
အားကြိုးတင်းတင်း၊ လူညှင်းချင်းကို
ဘယ်မင်းဘက်ဖြိုင်၊ ဘယ်တပ်ဆိုင်အဲ့
သူ့နိုင်ငံသား၊ သံမှန့်စားမှ
တို့ဓားတုံးမည်၊ မှတ်တော်တည်လော့

ဟူ၍ ပြောင်မြောက်စွာ ရေးဖွဲ့ထားပါသည်။

[၄]

စစ်သည်တော်တို့သည် သူရသတ္တိပြည့်ဝသည့်နည်းတူ စည်းကမ်းလည်းရှိလှသည်။

http://www.cherrythitsar.org

ဗိုလ်မှူးအာဏာ၊ စစ်ကဲမှာလျှင်၊ တည်ရာကြွင်းမဲ့၊ ကြောက်တုန်လဲ့ လော့၊ စစ်ကဲ အာဏာ၊ တပ်မှူးမှာလျှင်၊ သေချာစေ့ဉ၊ စွဲမှတ်ပြုလော့၊တပ် မှူးအာဏာ၊ အကြပ်မှာလျှင်၊ ညီညာနှလုံး၊ ယူ၍ ကျူးသို့၊ အရုံးမခွဲကြစေနှင့်

ဟူ၍ နန္ဒီသေနပျို့တွင် ရေးဖွဲ့ထားသည့်အတိုင်း ဗိုလ်မှူး၊ စစ်ကဲ၊ တပ်မှူး၊ အကြပ်ဟူသော ရှေးခေတ်တပ်ဖွဲ့စည်းပုံ ရာထူးအဆင့်ဆင့်အတိုင်း အထက်အမိန့်ကို တစ်သဝေမတိမ်းလိုက်နာကာ စည်းကမ်းကို တိတိကျကျ လိုက်နာရကြောင်း တွေ့ရပါသည်။

စစ်ချီရာခရီးတစ်လျှောက်တွင်လည်း

မြို့ကျေးရွာသီး၊ ခရီးတစ်ခွင်၊ ဥစ္စာရှင်က၊ ကြည်လင်မြတ်လေး၊ မပေးမစွန့်၊ သစ်ညွှန့်တစ်လက်၊ ဟင်းရွက်တစ်နွယ်၊ သက်ငယ်တစ်ပျစ်၊ ဝါးတစ်ဆစ်မျှ၊ သူ့ပစ္စည်းအား၊ မပြစ်မှားနှင့် –

ဟူသော ပညတ်ချက်ကို စစ်သည်များ တိကျစွာ လိုက်နာရသည်။ သူတစ်ပါး ကြည်ကြည်ဖြူဖြူပေးသော ပစ္စည်းမဟုတ်လျှင် အသေးအဖွဲပင်ဖြစ်စေ မယူင‌ရန် စည်းကမ်းချမှတ်ထားခြင်းဖြစ်သည်။

ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲကာလတွင် ထုတ်ပြန်သော 'ဟံသာဝတီ ကြောင်း အမိန့်တော်ပြန်တမ်းကြီး'တွင်လည်း

လမ်းခရီးတစ်လျှောက် မြို့ရွာများမှာ အရှင်မပေးသည့်ဥစ္စာ သစ်သီးတစ်လုံး၊ ဟင်းရွက်တစ်ချပ်ကိုမျှ မဆွတ်မခူး၊ မယူစေနှင့်

ဟူ၍ စည်းကမ်းချမှတ်ထားသည်ကို တွေ့ရသည်။

စစ်သည်တော်တို့သည် ချမှတ်ထားသော စည်းကမ်းများကို တိတိကျကျလိုက်နာရကြောင်း၊ တပ်အတွင်းလိုက်နာရမည့် စည်းကမ်းထားရှိသကဲ့သို့ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် လိုက်နာရသည့် စည်းကမ်းများလည်းရှိကြောင်း အထင်အရှားတွေ့ရပါသည်။

[၅]

တိုက်ရည်ခိုက်ရည် အပြည့်အဝဖြင့် တိုက်ပွဲဝင်ပြီးနောက် ရန်ဆူး ရန်ငြောင့်များ ရှင်းလင်းသွားပြီး အေးချမ်းသော ကာလသို့ရောက်သောအခါ ဓား၊ လှံကိုင်၍ တိုက်ပွဲဝင်ခဲ့သော စစ်သည်တို့သည် ဓား၊ လှံကို ချပြီး ထွန်တုံး၊ ထွန်တံကို ပြန်ကိုင်သူကိုင်၊ ရင်းထောင် ရင်းဆွဲကို ပြင်ဆင်သူပြင်ဆင်စသည်ဖြင့် မိမိတို့ အသက်မွေးဝမ်းကျောင်းပြုရာ လုပ်ငန်းခွင်အသီးသီးသို့ အေးချမ်းစွာ ပြန်ဝင်ကြပါတော့သည်။

နိုင်ငံအတွက် အရေးကြီးလာလျှင် လုပ်ငန်းခွင်ကို ကျောခိုင်း၍ ဓား၊

http://www.cherrythitsar.org

လုံ့စွဲကာ တိုက်ပွဲဝင်သောအစဉ်အလာသည် ဘေး၊ ဘိုးအစဉ်အဆက် ကျင့်သုံးခဲ့သော မြန်မာ့အစဉ်အလာဖြစ်သည်။

မြန်မာယောကျ်ားကောင်း မှန်သမျှ ထိုအစဉ်အလာကို လေးစားသည်။ ထိုသို့ နိုင်ငံအတွက် လိုအပ်သည့်အခါတိုင်း အမှုထမ်းရသည်ကို ဂုဏ်ယူသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ် 'ဒုံးချင်း'တစ်ပုဒ်တွင် လယ်ယာလုပ်ကိုင်စားသောက်နေသော တောင်သူကြီးတစ်ဦးက–

ကုန်းဘောင် ရွှေဘို၊ ထောင်ကနက်က
ဘေးဘိုးစဉ်ဆက်၊ ခုတိုင်အောင်
ရေးတော် မရှောင်၊ ထမ်းတဲ့ ယောကျ်ား

ဟူ၍ ဂုဏ်ယူဝင့်ကြွားစွာ ကျူးရင့်ခဲ့သည်။

အလောင်းမင်းတရားကြီး ကုန်းဘောင်မင်းဆက် စတင်တည်ထောင်ချိန်ကတည်းက ယခုအထိ နိုင်ငံအတွက် အရေးကြုံလာလျှင် ဘေးဘိုးအစဉ်အဆက် ဘယ်အရေးကိစ္စပင်ဖြစ်စေ မရှောင်မလွှဲဘဲ အမှုထမ်းခဲ့သောယောကျ်ားကောင်းဖြစ်ကြောင်း ဂုဏ်ယူပြောဆိုခြင်းဖြစ်ပါသည်။

[၆]

ဤအစဉ်အလာများသည် ရှေးခေတ်မြန်မာ့စစ်သည်တော်တို့ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့ကြသော အစဉ်အလာကောင်းများ ဖြစ်ပါသည်။ ပုံမှန်စနစ်တကျဖွဲ့စည်းထားသော မျက်မှောက်ခေတ် မြန်မာ့တပ်မတော်ပေါ်ပေါက်လာသောအခါ ထိုအစဉ်အလာကောင်းများကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော အမွေအနှစ်များအဖြစ် မွန်မြတ်စွာ ခံယူကျင့်သုံးလျက် ရှိကြသည်ပင်ဖြစ်ပါသည်။

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရင်း ပြည်တွင်း၊ ပြည်ပ ရန်စွယ်များနှင့် ရင်ဆိုင်ရသည့်အခါတိုင်း "ဓားလည်းပြက်ရယ်၊ ပေရွက်နှယ်သို့"ဟူသော အစဉ်အလာကောင်းနှင့်အညီ ရန်သူ၏ ဗုံး၊ အမြောက်၊ စိန်ပြောင်းစသည့် လက်နက်များကို အမှုမထားဘဲ အသက်စွန့်၍ ရင်ဆိုင်ဝံ့သော မြန်မာ့တပ်မတော်သားများသည်ကား အစဉ်အလာကောင်းများ၏ စံနမူနာကောင်းများပင်ဖြစ်ပါပေတော့သည်။

ဒေါက်တာ(ရှေ့)
အမှတ် ၄၁၅၊
ပြည်၊ ၁၉၉၅၊

http://www.cherrythitsar.org

ပါတော်မူရပ်ပုံလာ

"ကဒဏ်ထီးဖွင့်၊ ဆဲ့တစ်ဆင့်တွင်၊ ရာမင်းဘုရင်၊ သီပေါရှင်လျှင်၊ မြန်ခွင်စိုးခဲ့၊ တန်ခိုးမဲ့၍၊ နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်တွင်၊ စစ်ဗိုလ်သေနင်၊ စလေတင်လျှင်၊ နန်းခွင်ဝင်ရောက်၊ မင်းရွှေမှောက်ကို၊ သူ့နောက်ခေါ်ရာ၊ ယာဉ်စကြာဖြင့်၊ ရတနာဂီရိ၊ မျှို့ထူးရှိသည့်၊ အိန္ဒိယသို့၊ ဆောင်ယူပို့ရှင့်"

အမည်မသိ စာဆိုတစ်ဦးက "ပွဲမှာအောင်စေ"ချီဇကပိုဒ်ရတုတွင် ပါတော်မူအကြောင်းကို ဤသို့ဤပုံ ရေးဖွဲ့ထားပါသည်။ စာဆို၏အလိုအရ သီပေါမင်းကို 'စလေတင်'(ဆလေဒင်)က ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု နားလည်ရသည်။ ဟုတ်ပါသည်။ သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားသူများတွင် ဆလေဒင်လည်း တစ်ဦးပါဝင်သည် မှန်ပါ၏။ သို့သော် တကယ်ဖမ်းဆီးသူကား ဆလေဒင်မဟုတ်ပါ။ ဆလေဒင်က ကိုယ်စားပြုထားသော 'ဗြိတိသျှနယ်ချဲ့'သာဖြစ်ပါသည်။

လောကကို အပိုင်ကြံ့၍၊ နိုင်ငံပါယူတဲ့ ခေတ်တွင်မှ၊
ရှစ်ခွင်ဗလောင်ဆူ၍၊ မကြည်ဖြူ ပြည်သူတို့ ညှိုးပြန်တော့. . .

နယ်ချဲ့အရင်းရှင်စနစ် ထွန်းကားသော ခေတ်၏ သရုပ်ကို စာဆိုဦးကြော့က ဤကဲ့သို့ တိုတိုနှင့် ထိမိအောင် စာဖွဲ့ခဲ့ဖူးသည်။ "လောကကို အပိုင်ကြံ့၍ နိုင်ငံပါယူသည့်"ထိုခေတ်ကြီးတွင် မြန်မာနိုင်ငံသည်လည်း အပိုင်ကြံ့သိမ်းယူခြင်း ခံလိုက်ရသည့်အတွက် ပါတော်မူအရေးအခင်းကြီး ပေါ်ပေါက်ခဲ့ရသည်မှာ အများအသိပင်ဖြစ်ပါသည်။

'ပါတော်မူ'ဟူသော စကားကို မြန်မာတိုင်းသိကြသည်။

သိရုံမျှမဟုတ် ထိုစကားကို ကြားလိုက်သည်နှင့် ဝမ်းနည်းကြေကွဲသော ခံစားမှုအရှိန်အဝှေ့ကလေးများ ယှက်သန်းလာမြဲပင်။ ထီးကျိုးစည်ပေါက်

http://www.cherrythitsar.org

ဖြစ်ခဲ့ရသော၊ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော ဖြစ်ရပ်ကို ပြန်သတိရပြီး စိတ်မ ကောင်းဖြစ်ရမြဲပင်။

ကျွန်တော်သည်လည်း ပါတော်မူအကြောင်းကို ငယ်ငယ်ကတည်းက ပင် လူကြီးသူမများထံမှ ပုံပြင်သဖွယ် နားထောင်ခဲ့ရသည်။ နားထောင်ရင်း သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားသည့် မြင်ကွင်းကို တရေးရေးမြင်ယောင် ကာ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဒေါ်စိန်ပါတီ၏ ပါတော်မူသီချင်းကို ကြားရ ပြန်သောအခါ ပို၍ပင် ခံစားမှုအရှိန်တက်ခဲ့ရပြန်သည်။

"ရေမြေရှင်ကို ယူငင်သွားတော့၊ လူရှင်အများက ကြေကွဲကြရှာ ရေနည်းငါးပုံညီ၊ ဩော်. . .သီပေါရာဇာပါတော်မူလေပြီ"

ဟူသော သီချင်းသံကို နားထောင်ရင်း သီပေါမင်းကို သနားမဆုံး ခံစားခဲ့ရပါသည်။

စာကလေး ပေကလေး အတန်အသင့် ဖတ်လာသောအခါ 'ပါတော် မူ'သည် သီပေါမင်း၏ သနားဖွယ်ဖြစ်ရပ်မျှသာမကဘဲ အမျိုးသားရေး ဆုံးရှုံး မှုကြီးတစ်ရပ်အဖြစ် လေးနက်သော အဓိပ္ပာယ်ကို ဆောင်နေကြောင်း သဘော ပေါက်လာရသည်။ သို့သော် ငယ်ငယ်က စိတ်ထဲမှာ စွဲခဲ့သော ပါတော်မူ မြင် ကွင်းသည် ပျောက်၍ မသွားဘဲ၊ စိတ်ထဲမှာ စွဲထင်ကျန်နေဆဲသာဖြစ်သည်။ ထို့ကြောင့် "ပါတော်မူကာလတုန်းက တကယ့်မြင်ကွင်းဟာ ဘယ်လိုနေမှာပါ လိမ့်"ဟူသော အတွေးဖြင့်၊ စာပေအထောက်အထားများ၏ အကူအညီယူပြီး "ပါတော်မူ ရုပ်ပုံလွှာ"ကို ပုံဖော်ကြည့်မိသည်။ ထိုအခါ ငယ်ငယ်က ကိုယ့်စိတ် ကူးနှင့် ကိုယ်ပုံဖော်ခဲ့ဖူးသော မပီမသ ရုပ်ပုံလွှာသည် ပို၍ ပီပီသသဖြစ်လာပါ သည်။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်
ခရစ်နှစ် ၁၈၈၅ ခုနှစ်
အင်္ဂလိပ်မြန်မာ တတိယစစ်ဖြစ်ချေပြီ။

ရတနာပုံနေပြည်တော်တွင် အင်္ဂလိပ်တပ်များ ချီတက်လာတော့မည် ဟူ၍ ကောလဟာလများ ပျံ့နှံ့နေသည်။ လူအများ ရုတ်ရုတ်သဲသဲဖြစ်နေသည်။

မန်းဌာနီ ပြည်ပါလျှောချင်တော့၊ သီပေါဘုရင်ရှိစဉ်က၊ ဗောဓိပါ အမှုယွင်းပါလို့၊ လူချင်းပင် လူကိုဖမ်းသည်ဟု၊ မချမ်းမသာ ပရမ်းပတာ နှုတ်စကားတွေနှင့်၊ လှပ်ရှားကာ ကောလာဟာလ၊ ပြောရှာကြ၊ ကိန်းလန့်ပုံ။

မောင်းထောင် ဦးကျော်လှ၏ သံချိုတစ်ပုဒ်တွင် တွေ့ရသည့်အတိုင်း လူလူချင်း ဖမ်းနေသည်ဟူသော ကောလာဟာလမျိုး ပေါ်ပေါက်ကာ အထိတ်

http://www.cherrythitsar.org

တလန့်ဖြစ်နေကြသည်။ မြန်မာတို့ဘက်က အစစ အရေးနိမ့်ခဲ့ပြီ။ အင်္ဂလိပ်တပ်များက ရတနာပုံနေပြည်တော်သို့ ချီတက်သိမ်းပိုက်ရန် အသင့်ဖြစ်နေကြချေပြီ။

တန်ဆောင်မုန်း လပြည့်ကျော် ခုနစ်ရက်
နိုဝင်ဘာလ နှစ်ဆယ့်ရှစ်ရက်

အင်းဝတွင် အသင့်ရှိနေသော အင်္ဂလိပ်တပ်များသည် စစ်ဗိုလ်ချုပ် ဂျင်နရယ် ပရင်ဒါဂတ်၏ အမိန့်အရ နေပြည်တော်သို့ ရေကြောင်းဖြင့် ချီတက်လာကြသည်။

နံနက် ၆ နာရီ မိနစ် ၃၀ တွင် သင်္ဘောများ အင်းဝမှ စတင်ထွက်ခွာသည်။ သင်္ဘော ၂၈ စင်းနှင့် တွဲသမ္ဘာန်ကြီးများလည်း ပါသည်ဟု ဆိုသည်။

နံနက် ၁၀ နာရီတွင် ရွှေမြို့တော် အနောက်ပြင် ဂေါဝိန်ဆိပ်သို့ ဆိုက်ကပ်သည်။ မြို့သူမြို့သားများ ကမ်းလုံးညွှတ်မှု လာရောက်ကြည့်ရှုကြသည်။ တအုံ့တသြဖြစ်နေကြသည်။

သို့သော် နံနက် ၁၁ နာရီထိုးသည်အထိ ရွှေနန်းတော်မှ တစ်စုံတစ်ရာ အဆက်အသွယ် မပြုသည့်အတွက် ကာနယ်ဆလေဒင်က ကင်းဝန်မင်းကြီးထံ စာတစ်စောင် ပါးလိုက်သည်။ မြို့နှင့် နန်းကို အပ်ရေးအတွက် ဆွေးနွေးစီစဉ်ရန် ကင်းဝန်မင်းကြီး ဂေါဝိန်ဆိပ်သို့ ဆင်းခဲ့စေလိုကြောင်း၊ မြန်မာဘုရင်မင်းမြတ်ကိုယ်တိုင်လိုက်ပါလာလျှင် ပိုကောင်းမည်ဖြစ်ကြောင်း၊ မွန်းတည့်ချိန်ထိ စောင့်၍မှ အကြောင်းမပြန်ကြားလျှင် မိမိတို့ တောင်းဆိုချက်များရရှိရေးအတွက် အလိုရှိရာ ပြုလုပ်ရပါလိမ့်မည်ဖြစ်ကြောင်း စာထဲတွင် ဖော်ပြထားသည်။

အကြောင်းပြန်ကြားချက်မလာသဖြင့် နေ့ ၁ နာရီ မိနစ် ၃၀ တွင် တပ်များ ကုန်းပေါ်တက်ကြပြီး ၂ နာရီတွင် ရွှေနန်းတော်သို့ စတင်ချီတက်ကြသည်။ ကင်းဝန်မင်းကြီးသည် ဆလေဒင်၏ စာကို ရသဖြင့် ဆင်စီးပြီး ဂေါဝိန်ဆိပ်သို့လာရာ အင်္ဂလိပ်တပ်နှင့်လမ်းမှာ လွဲသွားသည်။ အင်္ဂလိပ်တပ်များသည် မြို့တော်တံခါးငါးခုတွင် မြန်မာတပ်များထံမှ လက်နက်များကို သိမ်းယူပြီး နေ့ ၃ နာရီတွင် တောင်ဘက်တံခါးသို့ ရောက်လာကြသည်။ ထိုစဉ် ပြန်လိုက်လာသော ကင်းဝန်မင်းကြီးနှင့် ဆလေဒင်တို့ တွေ့ကြသည်။ ကင်းဝန်မင်းကြီးက ဆလေဒင်တစ်ဦးတည်း နန်းတော်သို့ လိုက်ခဲ့ရန် ပြောသည့်အတွက် ဆလေဒင်က ပရင်ဒါဂတ်ကို အကျိုးအကြောင်းတင်ပြပြီး ကင်းဝန်မင်းကြီးနှင့်လိုက်လာခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်စစ်သည် တစ်သောင်းကျော်တို့သည် ရွှေနန်းတော်၊ သစ်တပ်ပတ်ပတ်လည်တွင် ဝိုင်းထားပြီးကြချေပြီ။ မြို့တံခါး ၁၂ ရပ်တွင်လည်း တပ်များချထားပြီးချေပြီ။

ကင်းဝန်မင်းကြီးနှင့် ဆလေဒင်တို့ လွှတ်တော်တောင် အုတ်တိုက်သို့

http://www.cherrythitsar.org

ရောက်ကြသည်။ ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ ရွှေတိုက်အတွင်းဝန်၊ ညောင်ရွှေစော်ဘွားကြီးစသော မှူးမတ်အစုံအညီနှင့် တွေ့ကြသည်။ ထိုအခါ ဆလေဒင်က မြန်မာဘုရင်မင်းမြတ်အထွက်အသွားမရှိရအောင် တာဝန်ခံရန် ကင်းဝန်မင်းကြီးကို ပြောသည်။ ကင်းဝန်မင်းကြီးကလည်း အရှင်နှစ်ပါးကို အင်္ဂလိပ်နိုင်ငံသို့ မယူပါနှင့်ဟုပြောသည်။

ဆလေဒင်က ရှေ့တော်ဝင်လိုကြောင်းပြောသည့်အတွက် ထိုမှူးမတ်များနှင့်အတူ သီပေါမင်းရှေ့တော်သို့ ဝင်သည်။ သီပေါမင်းသည် (ယိမ်းနွဲ့ပါး) နန်းစဉ်လက်သုံးတော်ဓားကို အအိမ်မှ ချွတ်ပြီး စွဲကိုင်ထားသည်။ စုဖုရားလတ်၊ ဆင်ဖြူမရှင်၊ သမီးတော်နှစ်ပါးနောက်လိုက် အထိန်းတော် အပျိုတော် မြို့စားရွာစားများနှင့်အတူ တွေ့ရသည်။ အတွင်းဝန် ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားနှင့် သံတော်ဆင့်လက်နက်တိုက်ဝန် မြဝန်းလှေတော်အုပ်တို့က အင်္ဂလိပ်တပ်များ နန်းတွင်းသို့ ရောက်ကြောင်း လျှောက်ထားသည်။ ထိုအခါ ကင်းဝန်မင်းကြီးက အရှင်နှစ်ပါးကို မယူဘဲ ချမ်းသာရာရအောင် အင်္ဂလိပ်မင်း နောက်ဆုံးတောင်းဆိုသည့်အတိုင်း အခွင့်အရေးပေးပြီး လက်နက်အပ်၍ စစ်ရုပ်သိမ်းပြီးဖြစ်ကြောင်းပြောသည်။ သီပေါမင်းကလည်း ရွှေနန်းတော်မှာ တစ်ရက်နှစ်ရက်စံလိုသေးကြောင်း၊ တောင်ဥယျာဉ်တော် နွေရာသီစံနန်းသို့ ပြောင်းရွှေ့စံရန် ဆန္ဒရှိကြောင်း မိန့်ကြားသည်။ ဆလေဒင်က စစ်ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်ထံတင်ပြပေးမည်ဖြစ်ကြောင်း၊ မနက်ဖြန်တွင် မြန်မာမင်းက မိမိကိုယ်ကို ပေးအပ်ရန်လိုကြောင်း ပြောသည်။ ညနေ ၅ နာရီတွင် ဆလေဒင် နန်းတော်မှ ပြန်ထွက်လာပြီး နန်းမြို့အရှေ့ဘက်တံခါးမှာ စောင့်နေသော ပရင်ဒါဂတ်နှင့်တွေ့ဆုံ၍ သီပေါမင်းက မိမိကိုယ်နှင့်တိုင်းပြည်ကို အပ်ကြောင်း ခြွင်းချက်မရှိ လက်နက်ချကြောင်း အစီရင်ခံသည်။ ပရင်ဒါဂတ်က ဗိုလ်မှူးချုပ် ဂွိုက်အား တပ်ဖြင့် နန်းတော်ကို စောင့်ရှောက်ရန် တာဝန်ပေးခဲ့ပြီး၊ ကျန်တပ်များ သဘော်ဘသို့ ပြန်လည်ချီတက်သွားကြသည်။

တန်ဆောင်မုန်းလပြည့်ကျော်ရှစ်ရက်
နိုဝင်ဘာလ ၂၉ ရက်

နံနက် ၆ နာရီက စ၍ တံခါးနီတော်အတွင်းတံခါး ရွှေနန်းအဆောင်တော်များတွင် အင်္ဂလိပ်တပ်များ ဝင်ပြီးစောင့်နေကြလေပြီ။ နန်းတော်တွင်းသို့ မည်သူမျှ ဝင်ခွင့်မပေးတော့။ ထွက်လိုလျှင်မှ ထွက်နိုင်သည်။ နန်းတော်တွင်း ဝင်ခွင့်မရကြ၍ မင်းမိဖုရားတို့အတွက် စိုးရိမ်ပြီး အမှုထမ်းများ ငိုကြွေးကြသည်။

http://www.cherrythitsar.org

တောင်ဥယျာဉ်တော်အတွင်း စံနန်းတော်တွင် မင်းမိဖုရား သားတော်သမီးတော်များ ထွက်စံနေကြသည်။ ထိုစဉ် ဆလေဒင်က ရှေ့တော်ဝင်ပြီး နန်းစဉ်ရတနာကျောက်တော်များမှစ၍ မင်းသုံးရတနာများ မပျောက်မပျက်ရအောင် ထိန်းသိမ်းထားလိုကြောင်း လျှောက်ထားသည့်အတွက် အတွင်းဝန် ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားက ဆလေဒင်ကို စာရင်းနှင့်တကွ နန်းစဉ်ကျောက်များ ပေးအပ်ရသည်။ ငမောက်၊ လှော်ကားတင်လေး၊ လှော်ကားတင်ကြီး၊ ဆင်မတော်၊ စံကျောက်တော်၊ နဂါးဗိုလ်စသော ကျောက်တော်များပါဝင်သည်ဟု ဆိုသည်။

ထိုနေ့နံနက်မှာပင် ပရင်ဒါဂတ် အမိန့်အရ အင်္ဂလိပ်တပ်များ သဘော်ဘမှ ချီတက်လာရာ နေ့ ၁ နာရီတွင် နန်းတော်သို့ ရောက်သည်။ တောင်ဥယျာဉ်တော်တွင် စံနေသော မင်းမိဖုရားတို့ကို ဟမ်ရှိုင်းယားတပ်များက အထပ်ထပ်စောင့်ကြပ်နေကြလေပြီ။

နာရီပြန်နှစ်ချက်တွင် ပရင်ဒါဂတ်နှင့် ဆလေဒင်တို့သည် ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ တိုင်တားမင်းကြီးစသော မှူးကြီးမတ်ကြီးများနှင့် အတူ ရှေ့တော်သို့ ဝင်သည်။ တိုင်တားမင်းကြီးက လမ်းပြခေါ်ဆောင်သွားသည်။ ညီလာခံခန်းမကို ဖြတ်ပြီး နွေရာသီ စံနန်းတော်ရှိရာသို့ရောက်သည်။ ပရင်ဒါဂတ်နှင့် ဆလေဒင်တို့ ရှေ့တော်ဝင်စဉ် ဘုရင်မင်းမြတ်သည် ခါသာပိတ်ဖြူ ထိုင်မသိမ်းအင်္ကျီနှင့် ပန်းပွင့်ပါသော ပန်းရောင်ဗောင်းတော်ကို ဆင်မြန်းထားသည်ဟု ဆိုသည်။ မြေနန်းတော်အောက်က ရပ်နေသော ပရင်ဒါဂတ်နှင့် ဆလေဒင်တို့သည် ထိုင်နေသော ဘုရင်မင်းမြတ်၏ ပခုံးစွန်းနှင့်ညီမျှရုံသာရှိသည်ဟု ဆိုသည်။ သူတို့သည် ယခင်ကကဲ့သို့ ဘုရင့်ရှေ့တော်တွင် ဖိနပ်ချွတ်စရာလည်း မလိုတော့ပြီ။

ဆလေဒင်က အရှင်နှစ်ပါးကို အင်္ဂလိပ်မင်းနိုင်ငံသို့ ယူမည်ဖြစ်၍ လိုက်ပါရန် လျှောက်သည်။ မင်းမိဖုရားတို့က ရက်ရှေ့နိုင်လျှင် ရှေ့ပေးရန် မေတ္တာရပ်ခံရာ ပရင်ဒါဂတ်က မဖြစ်နိုင်ကြောင်းနှင့် ချက်ချင်းပင် သဘော်သို့ လိုက်ရန် ပြင်ဆင်ရန် ပြောသဖြင့် နန်းတော်မှ ထွက်ခွာရန် အစီအစဉ်ပြုလုပ်ရသည်။

သီပေါမင်းက အတွင်းနန်းတော်သို့ ဆယ်မိနစ်ခန့် ဝင်ကြည့်ခွင့်တောင်းပြီး မိမိစံခဲ့သည့် နေရာများကို ၄၅ မိနစ်ခန့်ကြာအောင် ကြည့်ရှုသည်ဟုဆိုသည်။ မှူးမတ်များဘက်သို့ လှည့်၍ "ကျွန်ုပ်နောက်သို့ မည်သူလိုက်ပါကြဦးမည်နည်း"ဟု မေးရာ တိုင်တားမင်းကြီးနှင့် အခြားမင်းကြီးတစ်ပါးကသာ လိုက်ပါမည်ဟု လျှောက်ထားသည်ဟု ဆိုသည်။

http://www.cherrythitsar.org

စစ်သေနာပတိချုပ် ပရင်ဒါဂတ်၏ အမိန့်အရ လမ်းမကြီး တစ်လျှောက်တွင် အစောင့်တပ်များ ချထားသည်။ အမတ် ၂၃ မဒရပ် ခြေလျင်တပ်ရင်း ဦးဆောင်လျက် အမှတ် ၉ ပထမ ဖဲငါးပွင့်တပ်ရင်း၊ ဘုရင့်အမြောက်တပ်ဖွဲ့၊ ထို့နောက် မင်းမိဖုရားအခြွေအရံများ၊ နောက်ဆုံးမှ ဘုရင့် ဝက်ဝံရေ ဦးထုပ်ဆောင်းဝေလတပ်ဖွဲ့တို့ အစဉ်အတိုင်း လိုက်ပါရန် စီစဉ်ထားသည်။ ညနေ ၃ နာရီတွင် မင်းတရားကြီး၊ မိဖုရားခေါင်ကြီး၊ သမီးတော် ထိပ်စုဖုရားကြီး၊ ထိပ်စုဖုရားလတ်၊ အစ်မတော် မိုင်းနောင်စုဖုရားကြီး၊ ညီမတော် ရမည်းသင်းစုဖုရားကလေး၊ မယ်တော်ဆင်ဖြူမရှင်နှင့် အခြွေအရံများ နွေရာသီ စံနန်းတော်မှ စတင်ထွက်ခွာသည်။ စံနန်းတော်မှ ရွှေနန်းတော်ကြီး တောင်စမုတ် လှေကားတော်သို့ တက်ပြီး မြေနန်းတော်ဦး မင်းတက်လှေကားကို ဆင်းသည်။ မြို့ရိုးအပြင်ဘက်လမ်းမကြီးပေါ်အထိ ခြေလျင် လျှောက်ကြရသည်။ ထို့နောက် အသင့်ပြင်ထားသော ဗီရိုလှည်းနှစ်စီးပေါ်သို့ တက်ကြရသည်။ ၃ နာရီ မိနစ် ၃၀ တွင် လှည်းများ စတင်ထွက်ခွာသည်။ မင်းမိဖုရား၏ ဗီရိုလှည်းကို ထီးဖြူတော်ရှစ်ချက် မိုးထားသည်။ အင်္ဂလိပ်စစ်သည် တစ်ထောင်ကျော်ခန့် ဝဲယာသွယ်တန်းပြီး ရွှေးတော်ယူတံခါးသို့ လှည့်လျက် နန်းမြို့တော် တောင်မျက်နှာကျော်မိုးတံခါးမှ ထွက်ခွာသည်။ လမ်းတစ်လျှောက်တွင် လူများ ကြိတ်ကြိတ်တိုးပြီး "ငါတို့ ရှင်ဘုရင်ကို အပါဆောင်လာပြီ"ဟူ၍ ငိုကြွေးမြည်တမ်းကြသည်။ မင်းမိဖုရားတို့ မဟာမြတ်မုနိဘုရားကို နောက်ဆုံးဖူးမြော်သွားချင်သည်။ အင်္ဂလိပ်တို့က ခွင့်မပြု။

ဘုရားအတွင်း၌ ဘုရင်ကို အင်္ဂလိပ်တပ်မှ လုယူခေါ်ဆောင်မည်ဟု ကြံစည်နေသူများ ရှိနေကြောင်း အင်္ဂလိပ်တို့ သတင်းရထားသည်ဟု ဆိုသည်။ ညနေ ၆ နာရီ ၁၅ မိနစ်တွင်မှ ဂေါဝိန်ဆိပ်သို့ရောက်သည်။

ဂေါဝိန်ဆိပ်တွင် သူရိယသဘော်သည် အသင့်စောင့်လျက်ရှိသည်။ မင်းမိဖုရားတို့ ရောက်ချိန်တွင် မှောင်စပျိုးနေပေပြီ။ အရှင်နှစ်ပါးတို့ လှည်းပေါ်က ဆင်းပြီးနောက် ခေတ္တမျှ တွေဝေပြီး ရပ်နေကြသည်။

မလှမ်းမကမ်းတွင် အင်္ဂလိပ်စစ်သားများ စောင့်နေသည်။ ပြည်သူများ ကြိတ်ကြိတ်တိုးနေသည်။ အင်္ဂလိပ်စစ်ဗိုလ်က သီပေါမင်းကို ကုန်းဘောင်ပေါ် တက်သွားရန် ညွှန်ပြသည်။ မသွားဘဲ ဆိုင်းငံ့နေသောအခါ အင်္ဂလိပ်စစ်ဗိုလ်က စိတ်မရှည်ဟန်ဖြင့် လက်ဟန်ပြပြန်သည်။ ထိုအခါတွင်မှ မိဖုရားကြီးက မိမိလက်ကို ဘုရင့်လက်ထဲထည့်ပြီး ကုန်းဘောင်ပေါ် လှမ်းတက်ကာ ရှေ့က လမ်းပြခေါ်ဆောင်သွားတော့သည်။ မကြာမီ သဘော်ဘလည်း ကမ်းကခွာပြီး ရေလယ်မှာ ကျောက်ချရပ်နားနေသည်။

http://www.cherrythitsar.org

အပါးတော်တွင် ကင်းဝန်မင်းကြီး၊ အတွင်းဝန်မြို့သစ်မြို့စား၊ အတွင်းဝန် ကျောက်မြောင်းမြို့စား၊ သမီးတော် ထိပ်စုဖုရားကြီး၏ အထိန်းတော်သုံးဆယ်မြို့စား သုကေသာဝတီ၊ အထိန်းတော် တောင်ဆင်း မြို့စား သုနန္ဒာဝတီ၊ ထိပ်စုဖုရားလတ်၏ အထိန်းတော် မိုးညှင်းမြို့စား သုပဘာဝတီ၊ အပျိုတော် ကျွန်းတောင်မြို့စား သုသီရိစန္ဒဝတီ။ ပင်းယမြို့စား သုသီရိတုမ္ဘာဝတီ၊ နဂါးဆင်းမြို့စား သုစန္ဒာဝတီ၊ အပျိုတော်ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဋ္ဌာ၊ သောရီ၊ နန်းပေါ၊ နန်းထူး၊ နန်းမတော်ဖုရား ဘဏ္ဍာစိုးစာရေးကြီး မဟာမင်းထင်မင်းကျော်ရာဇာ၊ သံတော်ဆင့် ပန်းတဉ်းဝန်မဟာမင်းလှကျော်ခေါင်တို့ လိုက်ပါကြသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

နိုဝင်ဘာလ ၃၀ ရက်

လီဗာပူးတပ်မဟာမှ ဗိုလ်မှူးကြီး လဲမယ်စူးရီးယား ဦးစီးသော တပ်ဖွဲ့နှစ်ဖွဲ့ စောင့်ကြပ်လျက် သူရိယသင်္ဘောရန်ကုန်သို့ စတင်ထွက်ခွာသည်။ လပြည့်ကျော် ၁၅ ရက်တွင် ရန်ကုန်သို့ရောက်သည်။ ကလိုက်ခေါ်သင်္ဘောပေါ်သို့ ပြောင်းရသည်။

နတ်တော်လဆန်း ၄ ရက် ညနေ ၅ နာရီတွင် အရှင်နှစ်ပါးသည် ညီမတော် ရမည်းသင်းစား စုဖုရား၊ သမီးတော်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စား၊ မိုးညှင်းမြို့စား၊ အပျိုတော်ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဋ္ဌာ၊ သောရီ၊ နန်းပေါ၊ နန်းထူး၊ သံတော်ဆင့်ပန်းတဉ်းဝန်၊ ဘဏ္ဍာစိုးစာရေးကြီး၊ အင်္ဂလိပ်မင်းက ထည့်လိုက်သော ဟင်္သာတဇာတိစကားပြန်တော် မောင်ရှိန်း၊ ညီတော် မောင်သိန်းတို့နှင့်အတူ ကလိုက်သင်္ဘောမှ 'အိပ်ချ်အမ်၊ အက်စ်ကင်းနင်း'ခေါ် ပင်လယ်ကူးသင်္ဘောပေါ်သို့ ပြောင်း၍ ခရီးဆက်ရပြန်သည်။ မဒရပ်သို့ ထိုမှတစ်ဆင့် သီပေါဘုရင်မင်းမြတ် ကံတော်ကုန်သည်အထိ ဆင်းရဲငြိုငြင်စွာ တစ်သက်ပန်လုံး စံနေသွားရမည့် ရတနာဂီရိသို့. . .

"ဝေမှိုင်းငယ်မှန်. . .
ရေလှိုင်း တသုန်သုန်နှင့်
ဆွေနှစ်စုံ ရွှေဘုံဖွားတို့မှာ
စုစုထား ရွှေရင်ဆီတို့ကို
ပိုက်ပွေ့ချီ ကိုယ်စီ ထိန်းရှာလိမ့်
ရွှေပိန်း ခြယ်စီမြွှာတဲ့
ဝေယန္တာ ရတနာကျွန်းဆီသို့
သည်ဆီနော် ရည်ရော်လို့ ညွှန်းလိုက်လျှင်. . .

http://www.cherrythitsar.org

လွမ်းလိမ့်နှစ်ပါး. . .”

မှန်မှိုင်းရီဝေကာ ရေလှိုင်းကလေးများ တသုန်သုန်လှုပ်ရှားနေသော ပင်လယ်ရေပြင်ကို ဖြတ်၍ ခုတ်မောင်းနေသည့် သင်္ဘောပေါ်တွင် အရှင်နှစ်ပါးသည် သားသမီးတို့ကို ပွေ့ချီရင်း၊ ရွှေနန်းတော်ကို ရည်ရော်လွမ်းဆွတ်နေကြရှာပေလိမ့်မည်ဟု စာဆိုဦးကြော့က အရှင်နှစ်ပါး၏ ပါတော်မူ ရုပ်ပုံလွှာကို ပုံဖော်ရေးဖွဲ့ခဲ့သည်။ ယခု ကျွန်တော်သည်လည်း လက်လှမ်းမီသမျှ စာပေအထောက်အထားများကို အခြေပြု၍ ပါတော်မူရုပ်ပုံလွှာကို ပုံဖော်ကြည့်ပြီးပါပြီ။

စာဆိုဦးကြော့ မိန့်ဆိုသကဲ့သို့ “လောကကို အပိုင်ကြံ၍ နိုင်ငံပါယူသည့် ခေတ်”တွင် အပိုင်ကြံခြင်းခံလိုက်ရသော မြန်မာနိုင်ငံ၏ ဖြစ်ရပ်ကို ဤပါတော်မူရုပ်ပုံလွှာက အထင်းသား ထင်ဟပ်ပြသလျက် ရှိသည်မှာ ကြေကွဲဖွယ်၊ ယူကျုံးမရဖွယ်၊ သင်ခန်းစာယူဖွယ် ကောင်းလှပါပေတော့သည်။

စကိုး

၁။ ကျွန်ုပ်ကြွေးကဲမင်းထင်ရာ၊ မမ္ဗာလေး ရတနာပုံ မဟာရာဇဝင်တော်ကြီး။
၂။ ဦးမောင်မောင်တင်။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။
၃။ ဦးသိမ်းမောင်။ ဂိုရိ ရတနာဆောင်းပါးမဟာ။
၄။ နတ်မောက်ဘုန်းကျော်။ အင်္ဂလိပ်မြန်မာစစ်သမိုင်း။
၅။ H.Fielding Hall; Thibaw's Queen.

စစ်ကြီးမှူးဗိုလ်ချုပ်
အာမုတ် ဂပ၊
နီဝင်ဘာ ၊ ၁၉၈၅။

http://www.cherrythitsar.org

လယ်ယာတော်ခွင်မှာ

[၁]

ပုဂံခေတ် နရသီဟပတေ့မင်း လက်ထက်တွင် ဖြစ်သည်။

တစ်ခါသော် ရဟန်းတော် ရှင်ဒီသာပါမောက်သည် တရုတ်ပြည်သို့ ကြွရောက်ပြီး မွန်ဂိုဧကရာဇ်နှင့် တိုင်းရေးပြည်ရေးအတွက် အပြေအပြစ်စကား ဆိုခဲ့ရသည်။ ထိုသို့စကားဆိုရာတွင် ရဟန်းတော်က တိုင်းပြည်တွင် စပါး၏ အရေးပါပုံကို ထောက်ပြသည့်အနေဖြင့် "စပါးကား ပြည်စည်းစိမ် အမြစ်မ(ဟုတ်)လော"ဟု ထည့်သွင်းမိန့်ဆိုခဲ့ပါသည်။

မှန်ပါသည်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် စပါးသည်လည်းကောင်း၊ အခြားအခြားသော ကောက်ပဲသီးနှံများသည်လည်းကောင်း အခြေအမြစ်ကျသော၊ အရေးပါသော စားရေရိက္ခာများ ဖြစ်ပါသည်။ ထို့အတူ ထိုသီးနှံများကို စိုက်ပျိုးထုတ်လုပ်ပေးသော လယ်ယာလုပ်ငန်းသည်လည်း အခြေအမြစ်ကျသော၊ အရေးပါသော လုပ်ငန်းဖြစ်ပါသည်။ ထို့အတူ ထိုလယ်ယာလုပ်ငန်းကို လက်တွေ့အကောင်အထည် ဖော်ပေးသော လယ်သမား၊ ယာသမားများသည်လည်း အခြေအမြစ်ကျသော၊ အရေးပါသော ပုဂ္ဂိုလ်များဖြစ်ပါသည်။

ထို့ကြောင့်လည်း လယ်ယာလုပ်ငန်းကို လည်းကောင်း၊ လယ်သမား၊ ယာသမားကိုလည်းကောင်း ခေတ်အဆက်ဆက် မြန်မာစာဆိုတို့က တမွန်တမြတ် တလေးတစား သဘောထားခဲ့ကြသည်။ လယ်ယာအကြောင်း၊ လယ်သမား ယာသမားအကြောင်းတို့ကို တမွန်တမြတ်တလေးတစား စာဖွဲ့ခဲ့ကြသည်။ ထိုစာပေအဖွဲ့များက လယ်သမား၊ ယာသမားတို့၏ ဘဝအထွေထွေနှင့် ဂုဏ်ရည်အမျိုးမျိုးကို လှစ်ပြနေသကဲ့သို့ ရှိပါသည်။

http://www.cherrythitsar.org

[၂]

မြန်မာစာပေခရီးကို နောက်ကြောင်းပြန်ကြည့်ပါဦးစို့။ ခမ္ဘာကြောင်း၊ ရာဇကြောင်းစာပေများ ထွန်းကားပြီး လောကအကြောင်းစာပေများကို အရေးတယူနေရာပေးရ၍ ရေးဖွဲ့လေ့မရှိသေးသော ခေတ်မျိုးမှာပင် ကဗျာစာဆိုတို့သည် လောကအကြောင်းဟု ဆိုရမည့် လယ်အကြောင်း၊ ယာအကြောင်းကို ခရီးသွားဟန်လွှဲပင်ဖြစ်စေ ထည့်သွင်းဖွဲ့ဆိုခဲ့ကြပါသည်။ လျစ်လျူမရှုခဲ့ကြပါ။

အုံ့ကာမည်း၊ ကြည်းကာ ရိုက်ကြိုး၊ ပျဉ်ထောင်မိုး၊ တောင်လေ
ခတ်ဖြူး၊ မြူးကာသွေး၍၊ မြက်မွေးလပွင့်၊ အခြင့်ရှာသည်၊ အခါလကြိုက်၊
စိုက်ကောက်ပျိုး။

မြန်မာသက္ကရာဇ် ၇၄၇–၇၅၁ ခန့်က ရေးဖွဲ့သော ပြည်မင်းမျက်နှာရှည်၏ ကာချင်းမှ ဖြစ်ပါသည်။ ရှေးခေတ်စစ်သည်များ ကာစွဲကိုင်လျက် ကပြသီဆိုသော စစ်သီချင်းဖြစ်သည်။ ပျဉ်ထောင်ပေါ်မှ အရှိန်ပြင်းစွာ စီးဆင်းသည့်နယ် ရေစီးအလွန်သန်သော ထိုပျဉ်ထောင်မိုးရွာချိန်တွင် တောင်လေဆော်မြူး တိုက်ခတ်ပုံ၊ မြက်မွေးများ ပွင့်ကြပုံတို့ကို ဖွဲ့ရင်း "မိုးသည်းထန်စွာ ရွာခိုက် အခါသင့်တုန်း အင်တိုက်အားတိုက် ပျိုးနုတ်ကောက်စိုက်ကြကုန်လော့"ဟူ၍ တိုက်တွန်းထားခြင်းဖြစ်ပါသည်။ လယ်ယာကိစ္စကို စစ်သီချင်းထဲမှာ လျစ်လျူမရှုဘဲ ထည့်သွင်းဖွဲ့နွဲ့ခြင်းပင် မဟုတ်ပါလော။

စာဆို ရှင်ဥတ္တမကျော်ကလည်း တောလားကဗျာကြီးထဲတွင် 'တောခွင်တောင်ထု၊ ပျော်ကြောင်းလုသည်၊ တောင်သူ့ခလေ့၊ ယာမီးကျွေ့သား၊ မျိုးစေ့ မြေနှံ'ဟူ၍လည်းကောင်း၊ 'ဝသန်ကာလ၊ ရာသီစဝယ်၊ ထွန်ချမင်္ဂလာ၊ တောင်သူမှာလည်း၊ ဘာသာခလေ့၊ ပျော်မွေ့စိုက်ပျိုး၊ ကောက်ပဲမျိုးကို'ဟူ၍ လည်းကောင်း သတိတရ ထည့်သွင်းရေးဖွဲ့ပါသေးသည်။ တောတောင်ထဲတွင် တောင်သူတို့ သဘာဝ မီးရှို့ထားသော ယာမြေ၌ မျိုးစေ့များ စိုက်ပျိုးကြပုံ၊ မိုးရာသီအစတွင် ထွန်ချမင်္ဂလာကျင်းပပြီး ကောက်ပဲများကို တပျော်တပါး စိုက်ပျိုးကြပုံတို့ကို ပုံဖော်ခြင်းဖြစ်ပါသည်။

ကောက်ပင်တို့၏ တင့်တယ်ပုံကို ဆရာကြီး ဦးပုညကလည်း

နတ်ချောင်းရေယဉ်၊ မြကွင်းပြင်မှာ
ကောက်ပင်စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့နှင့်
တာဖွဲ့ကျယ်ဝန်း၊ လယ်မြေခင်းလည်း
နတ်မင်းမချို့၊ ဖန်၏သို့ပင်

ပျော်ဖို့မငြီး ဟူ၍ သရုပ်ဖော်ရေးဖွဲ့ဖူးပါသေးသည်။ စိမ်းလဲ့လဲ့ ကောက်ပင်ကလေးများ ယိမ်းနွဲ့လှုပ်ရှားနေသည်ကို မြင်ရသကဲ့သို့ ရှိပါသည်။

http://www.cherrythitsar.org

ဤအဖွဲ့များသည် လယ်ယာနှင့် လယ်သမားယာသမားကို ခပ်လှမ်းလှမ်းက ကြည့်ပြီး ဖွဲ့ပြသကဲ့သို့ ရှိပါသည်။ အနီးကပ် အလုံးအထည် ပုံမပေါ်ပါ။ သို့သော် ရှေ့တွင် ဆိုခဲ့သည့်အတိုင်း ခရီးသွားဟန်လွှဲဖွဲ့ရသည်ပင်ဖြစ်စေ အရေးတယူ လေးလေးစားစား ဖွဲ့ခြင်းဖြစ်ကြောင်းကား ထင်ရှားပါသည်။

[၃]

အချို့စာဆိုများကမူ လယ်သမား ယာသမားဘဝကို အနီးကပ်ကြည့်ပြီး အနုစိတ်ခြယ်မှုန်းတတ်ကြပါသည်။ ထိုစာဆိုတို့၏ ရှေ့ဆောင်လမ်းပြကား ဝန်ကြီးပဒေသရာဇာပင်ဖြစ်ပါလိမ့်မည်။ ဝန်ကြီး၏ လယ်သမားဘွဲ့တျာချင်းကို ကြည့်ပါ။ လယ်သမားမိသားစုကို အနီးကပ်ရှုမြင်ပြီး ရှင်ရှင်သွက်သွက်စာစာ နာနာ ပုံဖော်ထားခြင်းပင် မဟုတ်ပါလော။ မိုးကျပြီဆိုသည်နှင့် လယ်သမားမိသားစုသည် တပျော်တပါး လယ်ထဲဆင်းကြတော့သည်။ လယ်သမားခမျာ ပုဆိုး၊ အင်္ကျီများ စုတ်ပြဲနေရှာသည်။ ခေါင်းမှာ ချည်တဘက်နီတွတ်တွတ်ကို ပေါင်းထားသည်။ တစ်ထွာလောက်ရှိသော ဆေးတံကိုခဲပြီး လယ်ထွန်နေသည်။ သားငယ်သမီးငယ်တို့က အဝတ်ဗလာနှင့်လယ်ထဲမှာ ဖားပေါင်စင်း၊ ခရု၊ ပီလော၊ ဆူးပုပ်၊ ကင်းပုံ၊ ကြက်ဟင်း၊ ကြွက်နားပေါင်း စသည်တို့ကို လိုက်ရှာကြ ခူးကြသည်။ အလုပ်သိမ်း၍ အိမ်ပြန်ရောက်သောအခါ တပျော်တပါး ချက်ပြုတ်စားကြသည်။ "ထမင်းကပူ၊ ဟင်းကပူ၊ ရှူးရှူးသာ ရှမ်းငရုတ်ကယ်နှင့်လေး"ဟူသည့်အတိုင်း တရှူးရှူးတရှဲရှဲနှင့် အားပါးတရ လွှေးကြသည်။ ထမင်းလုတ်ကြီး တစ်လုတ်တစ်လုတ် နည်းနည်းနောနောမဟုတ်။ ဤသို့ စားသောက်ပြီး သားမြေးများကို ဘယ်ညာပိုက်ထွေးလျက် ကြည်နူးနေသော လယ်သမားဘဝကို ပဒေသရာဇာက အားတက်သရော ပုံဖော်လိုက်ခြင်းပင် ဖြစ်သည်။ အရေးတယူ နေရာပေး၍ ရေးဖွဲ့ပြလိုက်ခြင်းပင် ဖြစ်သည်။ ထို့အတူ

စိုက်ရေးငယ်မှ ကျင်းကျင်း၊ အမကြီးငယ်၊ မယ်သာစိုက်တဲ့ ကောက်ပင်ရင်းမှာ၊ ကင်းကို ဘယ်ကထားသလဲတော်၊ ညီနှဲ့ငယ်မှ ကြော့ရှင်း၊ မောင်ကလေးငဲ့၊ မောင့်လည်ပင်းမှာ၊ ညှင်းကို ဘယ်ကပွားသလဲတော်

ဟူ၍ အိုင်ချင်းစာဆို တောင်တွင်းရှင်ငြိမ်းမယ်က လယ်ယာအရေးနှင့် အချစ်ရေးကို သမပြီး လှလှပပ စာဖွဲ့ခဲ့ပါသေးသည်။ ကောက်စိုက်ရာတွင် ကောက်ငန်းဖြောင့်စေရန် ရှေ့ဆောင်စိုက်ရသည့် 'ကင်း'နှင့် ရှေးက အလေ့တစ်ခုဖြစ်သည့် ချစ်သူချင်းပွားယူသည့် 'ညှင်း'ကို ယှဉ်ကာတွဲကာ အရေးတယူ ဖွဲ့ကြခြင်းပင်။

ကုန်းဘောင်ခေတ် လွမ်းချင်းစာဆို ဦးကြီးကမူ လယ်သမား ဇနီး

http://www.cherrythitsar.org

မောင်နှံ၏ ချမ်းမြေ့သော ဘဝကို ဇနီးသည်က ပြန်ပြောနေဟန်ဖြင့် ပုံဖော်ရေးဖွဲ့သည်။

'မင်ကော်ရစ်ကယ်နှင့်၊ ကြင်သစ်တဲ့ ပျို့လူ၊
ထွန်ရေးငယ်ပူ၊ ကိုတောင်သူ နံနက်စော၊
ကြက်ရေးပြင်ဆင်လို့၊ ထွန်နှင်မောင်းတဲ့ဖေကိုလေး'

ဟူ၍ ဂုဏ်တင်ပြောပြဟန်ဖြင့် စလိုက်သည်။ ခါးတောင်းကျိုက်ကျားကျားနှင့် ယောကျ်ားပီသလှသော ကြင်သစ်စ ပျို့လူသည် ကော်ရစ်ခေါ်မင်ကြောင်များနှင့် သားနားတင့်တယ်နေပုံ၊ နံနက်စောစော ကြက်တွန်သံကြားစဉ်ကပင် လုပ်ငန်းခွင်အတွက် ပြင်ဆင်ပြီး ထွန်ရေးငင်နေပုံတို့ကို ပြောပြသည်။ ထိုမျှ လုံ့လဝီရိယရှိသော ခင်ပွန်းကို လယ်ထွန်ပြန်လျှင် မြိန်မြိန်ယှက်ယှက်စားရန်အတွက် ဂုံညိုရွက်နှင့် ယုန်ဖိုသားကို ရောချက်ထားပုံ၊ တောပြည့်စင်သီးနှင့် လယ်ကန်စွန်းကိုလည်း အချဉ်ချက်ထားပုံ၊ 'လှော်ပြီးကင် ပုစွန်ထောင်း' ကလေးလည်း ပါသေးပုံတို့ကို ပြောပြပြီး မြိန်မြိန်ယှက်ယှက်စားရပါစေ့မည် ဟူ၍ အာမခံလိုက်ပုံမှာ ရိုးရိုးကလေးနှင့် ချစ်စရာကောင်းလှပါသည်။ ခင်ပွန်းသည်၏ ဂုဏ်ကို တစ်ဖက်က ပြရင်း ခင်ပွန်းသည် ဖွယ်ဖွယ်ရာရာစားရအောင် အိမ်ရှင်မအနေနှင့် အားထုတ်ထားပုံကို တစ်ဖက်က ပြထားသည်မှာ ပုံပေါ်ပါသည်။

လယ်သမားယာသမားဘဝကို အနီးကပ်လေ့လာပြီး လုပ်ငန်းခွင်အမှုအရာ၊ မိသားစုအမှုအရာကို စာနာနားလည်စွာ ပုံဖော်ပြသော အဖွဲ့များဟု ဆိုရပါလိမ့်မည်။

[၄]

အချို့စာဆိုများကား လယ်သမား၊ ယာသမားတို့ ဘဝသွင်ပြင်များကို သာမက အတွင်းစိတ်ကိုပါ ထိုးထွင်းရှုမြင်ပြီး စိတ်အလှ စေတနာအလှကို ဖော်ထုတ်ရေးဖွဲ့ပြတတ်ကြပါသည်။

တို့နန္ဒာလယ်တော်တိုက်မအော့၊
ညည်းစိုက်တဲ့ ကောက်သွယ်ငယ်
မှန်း ဘယ်မျှကြီး။
ဟော. . .ကြည့်စမ်းမွန်
တစ်နှံကို ဆယ်ပြည်ထွက်တယ်
ဖြိုးအက်လို့ သီး။

ဦးစီ၏ ဗုံကြီးသံမှ ကောက်စိုက်မကလေးများ အချီအချပြောသံကို

http://www.cherrythitsar.org

နားဆင်ကြည့်ပါ။ ဖွဲ့ထွားလှသော ကောက်နှံများကို ကြည့်ရင်း အားရဂုဏ်ယူ နေသည့် အသံပေါ်လာသည်မဟုတ်ပါလော။ မိမိလုပ်အား၏ အသီးအပွင့်အ တွက် ဂုဏ်ယူတန်ဖိုးထားတတ်သည့် စိတ်ထားသည်လည်း ပေါ်လွင်နေသည် မဟုတ်ပါလော။

နေပူမိုးရွာမရှောင် ပင်ပန်းကြီးစွာ တစ်နေကုန် ကောက်စိုက်ရသည့် လုပ်ငန်းအတွက် ပင်ပန်းသည်မထင်ဘဲ စိတ်ဖြေဖျော်မှုရစေရန် ရည်ရွယ်၍ ကောက်စိုက်သီချင်းများ၊ ဗုံကြီးသံများ ပေါ်ပေါက်လာရသည်။ သူတို့ခမျာ

ချစ်ပါတဲ့ ကြီးက်ပါ
လူပျိုတွေ လယ်ကန်သင်းက၊ ပျင်းနေ့တိုင်းလာ
မချစ်သာလို့ နေပါသေးတယ်
မကြီးက်သာလို့ နေပါသေးတယ်
နှမလေး ကိုယ်မအား၊ ရဲစားနှင့်လေး

ဟူ၍ အချင်းချင်း နောက်ပြောင်ကျီစယ်နေကြချိန်တွင် ပေါ့ပေါ့ပါး ပါးရှိသော်လည်း

လုပ်ရတယ်တဲ့ ကိုင်ရတယ်
မောင်ကြီး ထွန်ကို ဖြုတ်လျှင် ပျိုးနုတ်ရတယ်။
လုပ်ငန်းရယ်တဲ့ မတွင်သာ
နွားပြာပိန်ချိုလိမ်ကော့က၊ အားပျော့လို့ဗျာ

ဟူ၍ သူတို့၏ ဘဝအခြေအနေကိုလည်း အလေးအနက် ရင်ဖွင့်မိ ရှာပါသေးသည်။ ချဉ်ပေါင်ဟင်းနှင့် ထမင်းညှဉ့်ညှဉ့်ကို အားတင်းမျိုရုံ၊ 'ထွာနံ ငယ်ခမောက်စုတ်'နှင့် ဖြစ်သလိုနေရုံ၊ မိုးမရွာ၍ ခန္ဓာနှင့် အပန်းတကြီးရေတင် နေရုံ၊ ထိုမျှ ပင်ပန်းသော်လည်း စပါးအောင်လျှင် မယ်နှင့်မောင်အလှူပေးရန် ရည်ရွယ်ထားသဖြင့် 'မိုးကူပါ့လေး'ဟု ဆုတောင်းမိပုံတို့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြရှာ သည်။ ပင်ပန်းဆင်းရဲလှသည့် ဘဝကို ခံနိုင်ရည်ရှိစွာ ရယ်ရယ်မောမောပြော ပြနိုင်စွမ်းရှိသည့် စိတ်ထားကား လေးစားဖွယ်ပါပေ။ မိမိတို့၏ ဆင်းရဲလှသော ဘဝကို အကောင်းဘက်က ကြည့်ပြီး ရယ်ရယ်မောမော ပြောနိုင်စွမ်းရှိသူများ တွင် အောင်ပင်လယ်ရှာ ကောက်စိုက်မကလေးများကား စံပြုဖွယ်ပင်။ သူတို့ ၏ ဘဝကို 'ဟန်ချင်း'ကလေးဖြင့် တစ့ေတစောင်း လှစ်ပြကြရှာသည်။

သူတို့ခမျာ သနပ်ခါးကိုပင် ဝယ်မလိမ်းနိုင်ရှာကြ။ လှည်းစာခေါက် (လှည်းဘီးမမြည်အောင် အစာထိုးရသော လှည်းစာပင်က အခေါက်)ကို သနပ် ခါးအစား သွေးလိမ်းရသည်။ သူတို့ဝတ်ထားသည့် လက်ကောက်၊ လက်စွပ်များ ကကော 'ပန်းထိမ်လက်ခ မပေးရသည့် 'ထန်းပင်ကြီးကဖြစ်သည့်ရွှေ'များသာ

http://www.cherrythitsar.org

ဖြစ်သည်။ ထန်းရွက်များကို လက်ကောက်လုပ်ဝတ်ရသည့်ဘဝကို ပန်းထိမ်လက်ခပင် သက်သာသေး'ဟု ရယ်သွမ်းသွေးနိုင်ကြသည်။ ဆူးပန်းကုံးတွေကို ဘယက်လုပ်ဆွဲသည်။ ပေရွက်လိပ်ကို နားပေါက်ထဲထည့်ပြီး နားတောင်းပန်သည်။ "တို့အောင်ပင်လယ် ရွာသူတွေ တယ်ယဉ်ကျေးပါကလား"ဟုပင် ဟာသနှောလိုက်သေးသည်။

သူတို့အဝတ်အစားကို ကြည့်ပါဦး၊ ယက်ကန်းစင်တွင် တိုင်ချည်ငါးရာရှိမှ ပုံမှန်ဖြစ်သည်။ သူတို့ထမီက တိုင်ချည်လေးရာ့နှစ်ဆယ်တည်းနှင့် ရက်သောအနံ့တို ထဘီဖြစ်သည်။ အင်္ကျီက သစ်ခေါက်ဆိုး ဖျင်အင်္ကျီ။ အဖာဗရပျစ်နှင့်။ ဤသည်ကို 'ချုပ်ရိုးတွေ သီတတန်းမှာလည်း သန်းကိုက်လို့မယား'ဟု အကောင်းဘက်က လှည့်တွေးသည်။

ဗျာပါဆံကလေးများ တခါခါနှင့် သူတို့ကနေကြပုံကို 'ကျွဲခတ်သည့်ဟန်'ဟု ဟာသနှောလိုက်သေးသည်။ သူတို့ဟန်ချင်းဆိုရ၍ ကနေစဉ်လာပြီး ပိုးပန်းသူကို တွေ့သောအခါတွင်လည်း

ပုံးဖာမှောက်ဆင်
တို့လှတုန်းကို မြင်ပတဲ့အောင်
ငါးမျိုးဆင် ပဝါပြောက်မှာ
အဖာတွေ တစ်ရာလောက်ကို
ဟော မြှောက်လို့ ပြစမ်း ဟူ၍ ဆိုလိုက်ကြသည်။ အိတ်သွန်ဖာမှောက်အလှပြင်လာသော သူတို့၏ အလှကို ထိုသူမြင်သွားအောင် အဆင်ငါးမျိုးစပ်ချုပ်ထားသော အဖာတစ်ရာလောက်ပါသည့် စပ်ပဝါကလေးကို မြှောက်ပြနေပုံမှာ သနားစရာလည်းကောင်း၊ ရှင်မြူးစရာလည်း ကောင်းလှပါသည်။

မိမိတို့ ထိုမျှဆင်းရဲသော်လည်း ဆင်းရဲလှပါကလားဟု ညည်းညူမနေဘဲ အကောင်းဘက်က လှည့်တွေးကာ ဆင်းရဲမှုကိုပင် ရယ်သွမ်းသွေးနိုင်စွမ်းရှိသည်။ စိတ်အလှကို လင်းခနဲ လက်ခနဲ ပြနေသကဲ့သို့ ရှိပါသည်။

[၅]

လယ်ယာဘဝ။

လယ်သမား ယာသမားဘဝ။

ထိုဘဝကို စာဆိုအချို့က ခပ်လှမ်းလှမ်းက ကြည့်ပြီးပုံဖော်သည်။ စာဆိုအချို့က အနီးကပ်ကြည့်ပြီး အနုစိတ်မှုန်းသည်။ စာဆိုအချို့က ရှုပ်ဆင်းသွင်ပြင်ကိုသာမက စိတ်စေတနာကိုပါ ထိုးထွင်းကြည့်ပြီး စိတ်အလှကို လှစ်ပြသည်။

မည်သို့ရေးဖွဲ့သည်ပင် ဖြစ်စေ။

http://www.cherrythitsar.org

ထိုစာဆိုအားလုံးတွင် တူညီသော အချက်တစ်ချက်ရှိသည်။ ယင်းကား လယ်သမားယာသမားအကြောင်းကို လေးလေးစားစားအရေးတယူ ရေးဖွဲ့ခြင်းပင်ဖြစ်သည်။

ဤသို့လျှင် 'ပြည့်စည်းစိမ်အမြစ်'ဖြစ်သော လယ်ယာဘွဲ့ကဗျာများသည် မြန်မာစာပေခရီးတစ်လျှောက်တွင် အင်နှင့်အားနှင့် ပေါ်ထွန်းခဲ့သည့်နည်း တူ ဆက်လက်၍လည်း အင်နှင့်အားနှင့် ပေါ်ထွန်းပြီး တင့်တင့်တယ်တယ် နေရာ ယူနေမည်သာ။

ဒေါ်အိမ်ရွှေ
အမှတ်၃၁၃၊ မတ်၊ ၁၉၇၆၊

http://www.cherrythitsar.org

ခုနစ်လုံးဘွဲ့ကလေးများ

ကျွန်တော်ငယ်ငယ်က အသံတိတ်ရုပ်ရှင်ကား အတော်များများကြည့်ခဲ့ဖူးပါသည်။ အသံတိတ်ဆိုသည့်အတိုင်း ရုပ်ရှင်ကားထဲက ဇာတ်ဆောင်များ၏ စကားပြောသံ ထွက်မလာဘဲ ပါးစပ်လှုပ်သည်ကိုသာ မြင်ရပြီး ပြောသည့် စကားကို စာတန်းထိုးပြသည့် ရုပ်ရှင်ကားမျိုးဖြစ်ပါသည်။ ရုပ်ရှင်ကား အမည်များကိုတော့ အတော်များများ သတိမရတော့ပါ။ မေ့ကုန်ပါပြီ။ သို့သော် ယခုတိုင် မမေ့သေးဘဲ ထူးထူးခြားခြား မှတ်မိနေသော ရုပ်ရှင်ကား အမည်အချို့ ရှိနေပါသည်။ 'ကုံ့ကော်ပလ္လင်မြနန်းရှင်'၊ 'ခြေရာတစ်ထောင်မောင်မဲခေါင်'၊ 'ဆရာမနိုင် နှစ်ဆောင်ပြိုင်'ဟူသော အမည်များ ဖြစ်ပါသည်။

အခြားရုပ်ရှင်ကားအမည်များကို မေ့သွားပါလျက် ထိုအမည်များကို မမေ့ဘဲ အဘယ်ကြောင့် မှတ်မိနေရသနည်း။ ကျွန်တော်စဉ်းစားကြည့်မိသည်။ စဉ်းစားကြည့်တော့ အဖြေပေါ်လာပါသည်။ ထိုအမည်များကို ကာရန်ကလေးများချိတ်ထားသည့်အတွက် နားထဲမှာ စွဲကျန်ရစ်ခဲ့ခြင်းဖြစ်မည်ဟူသော အဖြေပင်ဖြစ်ပါသည်။ 'ကုံ့ကော်ပလ္လင်မြနန်းရှင်'တွင် 'လင်'နှင့် 'ရှင်'၊ 'ခြေရာတစ်ထောင် မောင်မဲခေါင်'တွင် 'ထောင်'နှင့် 'ခေါင်'၊ 'ဆရာမနိုင်နှစ်ဆောင်ပြိုင်'တွင် 'နိုင်'နှင့် 'ပြိုင်'တို့အသီးသီး ကာရန်မိနေသည် မဟုတ်ပါလော။ ထိုအမည်များကို ယခုထိ မေ့မသွားအောင် ထိုကာရန်ကလေးများက ဖမ်းထားခြင်းဖြစ်မည်ဟု တွေးမိပါသည်။ ထိုမျှမက ထိုအမည်ကလေးများသည် စာလုံးခုနစ်လုံးစီပါသော အဖွဲ့ကလေးများ ဖြစ်နေသည်ကိုလည်း သတိပြုမိပါသည်။

တစ်နေ့တွင် ထိုခုနစ်လုံး ဘွဲ့ကလေးများ၏ အာနိသင်ကို ပို၍ ဂရုပြုမိအောင် လမ်းညွှန်ပေးသော စာအုပ်တစ်အုပ်ကို ဖတ်မိသည်။ ဆရာကြီး 'ဝဇီရ ဗုဒ္ဓ ဦးဖိုးစိန်'ပြုစုသော 'မြန်မာကဗျာဖွဲ့နည်းကျမ်း'ဖြစ်ပါသည်။ ထိုကျမ်းတွင်

http://www.cherrythitsar.org

ဆရာကြီးက ခုနစ်လုံးဘွဲ့အကြောင်းကို အကျယ်တဝင့်ရှင်းလင်းမိန့်ဆိုထားပါသည်။

ခုနစ်လုံးဘွဲ့များ အသုံးတွင်ကျယ်ပုံကို သာဓကဆောင်ရာတွင် သတင်းစာဂျာနယ်တို့မှာ ဆောင်းပါးရေးသူက 'ပျော်လို့မဆုံး တောင်ပြုံး'ဟု ခေါင်းစဉ်တပ်ပြီး တောင်ပြုံးပွဲတော်အကြောင်းကို ဆောင်းပါးရေးကြောင်း၊ ရုပ်ရှင်ကုမ္ပဏီကလည်း 'နောက်စနေတွင် ရှုဖို့ပြင်'ဟု ခေါင်းစဉ်တပ်ပြီး ကြော်ငြာကြောင်း၊ သတင်းစာအယ်ဒီတာကလည်း 'ဓားပြငါးဖော်ထောင်နန်းပျော်'ဟု ခေါင်းစဉ်တပ်ပြီး ဓားပြငါးယောက် ထောင်ကျသည့် သတင်းကို ရေးကြောင်း၊ ဆေးဆိုင်ရှင်ကလည်း 'ဘေးမျိုးကင်းကွာ ချိုရသာ'ဟု ခေါင်းစဉ်တပ်ပြီး ဆေးကြော်ငြာကြောင်း မျက်မြင်သာဓကများ ပြထားပါသည်။ 'မိမိကြော်ငြာကို လူအများ ဖတ်ချင်အောင် ကြံပုံတည်း။ ပိုင်ပေစွ'ဟု မှတ်ချက်ချလျက် ခုနစ်လုံးဘွဲ့များ အသုံးတွင်ကျယ်ပုံကို ဖော်ညွှန်းထားပါသည်။

ထို့ပြင် ဆရာကြီး ဦးဖိုးစိန်က ခုနစ်လုံးဘွဲ့၏နောက်ခံသမိုင်းကြောင်းကိုလည်း ဤသို့ ထောက်ပြပါသေးသည်။

ယင်းခုနစ်လုံးဘွဲ့သည် 'ခုမှ ပေါ်ထင် ရွှေကြာပင်'မဟုတ်။ 'အသစ်ဘယ်လိုကောင်းသော်လည်း အဟောင်းကိုတဲ့ တလည်လည်အောက်မေ့လှတယ်'ဆိုသလို သတိုးမင်းဖျား လက်ထက်သက္ကရာဇ် ၇၂၆ ခုမှာပင် 'ထဘီကောင်းစေ ခြေကောင်းစေ'စသော တဘောင်သံများပေါ်ကုန်သည်။ ဗေဒင်ပိုင်းဌာလည်း 'နောင်ဆိုသည်ကား မြအလား' 'အန္တော ဂဇ္ဇေစုတ်ဝင်စေ'ဟူ၍ ခုနစ်လုံးဘွဲ့ဖြင့် လိုရာကို မှတ်သားကြသည်။ မုံရွေးဆရာတော်မှတ်စုဌ် 'သတ္တအက္ခရာသုံးလုံးပုဒ်ဆိုနည်း၊ အဋ္ဌအက္ခရာရှစ်လုံးပုဒ်ဆိုနည်း'စသော မှတ်သားချက် တွေ့ရသည်။

ဤသို့ ထောက်ပြပြီးနောက် 'ယခုအခါ ခုနစ်လုံးဘွဲ့ ပြန်လည် စန်းထလာပြန်ပြီ'ဟူ၍ မှတ်ချက်ချထားပါသေးသည်။ မှန်ပါသည်။

ဆရာကြီး ဦးဖိုးစိန် မြန်မာကဗျာဖွဲ့နည်းကျမ်းပြုစုသည့် ၁၂၉၅ ခုအချိန်တွင် ပြန်လည်စန်းထလာသော ထိုခုနစ်လုံးဘွဲ့ကလေးများသည် ယခုအနှစ်ငါးဆယ်ကျော်လာသည့် အချိန်တိုင်အောင်ပင် ဆက်လက်၍ အသုံးတွင်ကျယ်နေသေးသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ သုံးစွဲပြောဆိုနေသော စကားပုံများတွင် ခုနစ်လုံးဘွဲ့ စကားပုံများ အများအပြားပါဝင်နေကြောင်း လေ့လာကြည့်လျှင် သိနိုင်ပါသည်။ 'ပညာရဲရင့် ပွဲလယ်တင့်'၊ 'သံကို သံဖျက် သံချေးတက်'၊ 'စည်းလုံးညီညာအောင်ကြောင်းဖြာ'၊ 'အမိမဲ့သား ရေနည်းငါး'စသည်ဖြင့် ခုနစ်လုံး ဘွဲ့

http://www.cherrythitsar.org

စကားပုံကလေးများကို ကျွန်တော်တို့ ပါးစပ်ထဲမှာ စွဲနေအောင် အကြိမ်ကြိမ် ပြောဆိုသုံးစွဲခဲ့ကြဖူးပါပြီ။

အခြားအခြားသော မှတ်သားဖွယ်ရာများကိုလည်း ကြည့်ပါဦး။ စိတ်ထဲမှာ မပျောက်မပျက်ဘဲ စွဲငြိပြီး မှတ်မိနေအောင် ခုနစ်လုံးဘွဲ့ကလေးများဖြင့် ရှေးကတည်းက မှတ်သားခဲ့ကြသော အစဉ်အလာရှိပါသည်။ မြန်မာ့သမိုင်းတွင် ကုန်းဘောင်မင်းဆက်တည်ထောင်သည့် ၁၁၁၅ ကို 'ဥသြအော်မြည် ကုန်းဘောင်တည်'ဟူ၍ လည်းကောင်း၊ မန္တလေးမြို့တည်သည့် ၁၂၂၁ ခုကို 'အောင်ကျော်ချမ်းအေး မန္တလေး'ဟူ၍လည်းကောင်း ခုနစ်လုံးဘွဲ့ကလေးများဖြင့် မှတ်သားခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

လရာသီအခြေအနေနှင့်ပတ်သက်၍ မှတ်သားရာတွင်လည်း 'ရာသီမသိ ပန်းနှင့်ညှိ'ဆိုသော အဖွဲ့ကလေးကစ၍ 'တပေါင်းတန်ခူး မိုးသားကျူး'၊ 'နယုန်မိုးသေးမြက်သားမွေး'၊ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'၊ 'တော်သလင်းနေ ပုစွန်သေ'၊ 'ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း'စသည်ဖြင့် ခုနစ်လုံးဘွဲ့ကလေးများဖြင့်ပင် မှတ်သားခဲ့ကြသည် မဟုတ်ပါလော။

နေ့သင့်၊ နံသင့်အမည်မှည့်ရာတွင် ရဟန်းရှင်လူတို့ကိုဆိုလျှင် အစဦးဆုံးစကားကို နေ့နံသင့်အောင် မှည့်ရသည်။ ဂူ၊ ကျောင်းဘုရားတို့ကိုဆိုလျှင် နောက်ဆုံးစကားကို နေ့နံသင့်အောင် မှည့်ရသည်ဟု ဆိုကြပါသည်။ ထိုအချက်ကို မှတ်သားရာတွင် 'ရဟန်းရှင်လူအစယူ၊ ဂူကျောင်းဘုရားနောက်ကထား'ဟူ၍ ခုနစ်လုံးဘွဲ့ကလေးနှစ်ခုဖြင့် မှတ်သားခဲ့ကြသည်မှာ အထင်အရှားပင်။

ထို့အတူ လူတို့ပြောကြဆိုကြသည့် စကားခြောက်မျိုးရှိသည့်အနက် အကျိုးမရှိသည့် စကားလေးမျိုးကို ပယ်ပြီး အကျိုးရှိသည့် စကားနှစ်မျိုးကိုသာ ပြောသင့်သည်ဟူသော အချက်ကိုလည်း 'စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းကယ်'ဟူ၍ ခုနစ်လုံးဘွဲ့ကလေးများဖြင့်ပင် မှတ်သားခဲ့ကြပါသည်။

ခုနစ်လုံးဘွဲ့များသည် ကာရန်လည်း ပါသည့်အတွက် နားတွင်စွဲငြိနိုင်သည်။ ထိုသည့်အတွက် ရွတ်ဆိုရလည်း လွယ်သည်။ မှတ်ရသားရလည်း လွယ်သည်။ ထိုအာနိသင်ကို ကောင်းစွာ ဂရုပြုမိသော ကဗျာဆရာများက ကလေးများအတွက် ခုနစ်လုံးဘွဲ့ကလေးများ ရေးဖွဲ့ခဲ့ကြသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ ဆရာမင်းသုဝဏ်ရေးဖွဲ့သော 'က ကန်စွန်းပင် ရေမှာရွှင်၊ ခ ခရမ်းသီးဓားနှင့်လှီး'စသည့် သင်ပုန်းကြီးလက်ီာမှသည် ယနေ့သူငယ်တန်းဖတ်စာတွင် ပါဝင်သော 'က ကလေးငယ် ချစ်စဖွယ်၊ ခ ခရေကုံး မလေးပြုံး' စသည့် သင်ပုန်းကြီးလက်ီာအထိ ခုနစ်လုံးဘွဲ့ကလေးများပင်ဖြစ်ပါသည်။

http://www.cherrythitsar.org

ဆောင်ပုဒ်များ ဖန်တီးရာတွင်လည်း ခုနစ်လုံးဘွဲ့များက များစွာ သြဇာသက်ရောက်ပါသည်။ အကြောင်းအမျိုးမျိုးနှင့်စပ်လျဉ်း၍ အသုံးပြုကြသော ဆောင်ပုဒ်များကို ကြည့်ပါ။ 'စာအုပ်စာပေလူ့မိတ်ဆွေ'၊ 'စာမတတ်သူ တို့ဝိုင်းက'၊ 'နောင်တစ်ခေတ်၏ အောင်စစ်သည်'၊ 'လုပ်အားတန်ဖိုး ချစ်မြတ်နိုး'၊ 'ရှောင်လေဝေးဝေး မူးယစ်ဆေး'စသည်ဖြင့် တွေ့ရပါလိမ့်မည်။

အချို့သော ခုနစ်လုံးဘွဲ့များသည် လေးလုံးစပ်ကဗျာများမှ အလိုက်သင့် ထုတ်နုတ်ယူငင် သုံးစွဲရာမှ အသုံးတွင်ကျယ်လာခြင်းဖြစ်ကြောင်းကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရပါသည်။ သာဓကအားဖြင့် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့လာ 'ပထမအရွယ်၊ ငယ်သော် ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့ယောင်သို့၊ မရှောင်မည့်ဘ၊ တင်းတင်းမာ၍ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်'ဟူသော အဖွဲ့မှ 'ပညာရဲရင့်၊ ပွဲလယ်တင့်'ဟူသော စကားခုနစ်လုံးကို အလိုက်သင့် ထုတ်နုတ်သုံးစွဲရာမှ ယခုဆိုလျှင် စကားပုံတစ်ခုဖြစ်နေပါပြီ။ ထို့အတူ ကုန်းဘောင်ခေတ်စာဆို တွင်းသင်းမင်းကြီး၏ 'မုဒုလက္ခဏာပျို့'လာ 'လွမ်းညောက်ပင်မြင့်၊ လွမ်းဖူးဆင့်၍၊ လွမ်းပွင့်ကြွေကြွေ၊ တဖွေ့ဖွေ့သည်၊ ခြွေ၍ မကြွေနိုင်တကား'ဟူသော အဖွဲ့မှ ထုတ်နုတ်ခြင်းဖြင့် 'လွမ်းပွင့်ကြွေ့ကြွေ့ တဖွေ့ဖွေ့'ဟူသော စာရေးဆရာတစ်ဦး၏ ဝတ္ထုခေါင်းစဉ်ဖြစ်လာသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

ခုနစ်လုံးဘွဲ့များ ယနေ့အထိ အသုံးတွင်ကျယ်နေသေးကြောင်း ဝေးဝေးလံလံကြည့်စရာမလိုပါ။ သတင်းစာထဲတွင် ပါနေသော 'မြို့တော် သာယာတို့ဝန်တာ'၊ 'ညီညာဖြဖြ ကြိုးပမ်းကြ'ဟူသည် ဆောင်ပုဒ်မျိုးများက အထင်အရှားသက်သေပြပြီးဖြစ်ပါသည်။

မြန်မာတို့သည် ကာရန်ကို မြတ်နိုးကြသည်။ အထူးတလည် မှတ်သားစေချင်သော စကားမျိုးကို ကာရန်ကလေးချိတ်ပြီး ပြောတတ်သည်။ အထူးတလည် မှတ်သားစေချင်သော စာမျိုးကို ကာရန်ကလေးချိတ်ပြီး ရေးတတ်သည်။ ကာရန်ပါသည့်အတွက် ကြားရဖတ်ရသူအဖို့ နားစွဲသည်။ လွယ်လွယ်နှင့်မေ့မသွားဘဲ ရုပ်ရှင်ဇာတ်ကားအမည်တွေကို ကျွန်တော်မှတ်မိနေသလို အမှတ်ထင်ထင်ဖြစ်ရသည်။ ကာရန်ချိတ်ရာတွင်လည်း ရှေ့တွင် တင်ပြသကဲ့သို့ ကာရန်တစ်ချက်သာ ချိတ်ရသော ခုနစ်လုံးဘွဲ့ကလေးများမှာ ဖန်တီးရာလည်း လွယ်ကူကြောင်း တွေ့နိုင်ပါသည်။

ခုနစ်လုံးဘွဲ့ကလေးများသည် ရှေ့အဖို့တွင်လည်း ဆက်လက်၍ အသုံးတွင်ကျယ်နေဦးမည်ဟူ၍သာ ဆိုချင်ပါတော့သည်။

ဒေါ်ကောင်ကြီးမြင့်ခင်၊ ဘရမ် ၃၄၃၊ ဗေဒေါ်ထိန်ရိုး ဘဏ္ဍာရုံ။

http://www.cherrythitsar.org

ရှစ်လုံးဘွဲ့ကို ခြေရာခံခြင်း

[၁]

ရူပ် ဤရုပ်၊ ရေမြုပ်သဏ္ဌာန်
အနိစ္စပဲ၊ မမြဲအမှန်
မကင်းဘဲမို့၊ ဆင်းရဲပူပန်
အနတ္တ မှတ်ကြ ဝေကန်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးဖွဲ့သော ခန္ဓာငါးပါးဘွဲ့ကဗျာများမှ 'ရူပကွန္ဓာဘွဲ့' ဖြစ်ပါသည်။ တစ်ပိုဒ်လျှင် အကွာရာရှစ်လုံးစီပါသည့်အတွက် ဤကဗျာမျိုးကို 'ရှစ်လုံးဘွဲ့' ဟုခေါ်ကြောင်း အများသိကြပါသည်။ ကိုလိုနီခေတ်တွင် အလွန်အသုံးတွင်ကျယ်ခဲ့ပြီး ရေးနည်း ဖွဲ့နည်းအသားကျပြီးသော အဆင့်သို့ရောက်သည်မှာ ကြာပြီဖြစ်ပါသည်။ ရှစ်လုံးဘွဲ့ကဗျာမျိုးသည် ယနေ့ခေတ် မစားတော့သော်လည်း မြန်မာကဗျာဖွဲ့နည်းတစ်ခုအနေနှင့်မူ လေးလေးစားစား အသိအမှတ်ပြုကြရပါမည်။

ရှစ်လုံးဘွဲ့ကဗျာပေါ်ထွန်းလာပုံကို ခြေရာခံကြည့်မည်ဆိုပါလျှင်

[၂]

ရှစ်လုံးဘွဲ့ကဗျာသည် ပါဠိဂါထာဖွဲ့ပုံကို မှီငြမ်းပြုထားသော ကဗျာဖြစ်ပါသည်။

"ပါဠိဘာသာတွင် 'ပဇ္ဇ' ဟု ခေါ်သော ဂါထာမျိုးကဲ့သို့ အကွာရာရှစ်လုံးဖြင့် ဖွဲ့စီရသော အနုဋ္ဌု ဘဆန်းမျိုးနှင့်အတူ ပါဒလေးခုထား၍ တစ်ပါဒလျှင် အကွာရာရှစ်လုံးစီ အညီအမျှရေးသားအပ်သောကြောင့် ပါဠိဂါထာနှင့် တူရကား 'မြန်မာဂါထာ' ဟူ၍လည်းကောင်း၊ 'မြန်မာကဗျာ' ဟူ၍လည်းကောင်း

http://www.cherrythitsar.org

ခေါ်ဝေါ်အပ်သည်”ဟူ၍ ပုပ္ပား ဦးကျော်ရင်က ‘ကဝိ ဘာရတီ ကျမ်း’ တွင် မိန့်ဆိုထားပါသည်။

ထို့အတူ ရှစ်လုံးဘွဲ့ကဗျာရေးနည်း ဖွဲ့နည်းကို စနစ်တကျဖြစ်အောင် ကြိုးပမ်းခဲ့သော လယ်တီပဏ္ဍိတ ဦးမောင်ကြီးကလည်း

“ရှစ်လုံးဘွဲ့များသည် ဆန္ဒော မဠ္ဆရီကျမ်းစု၊ စုတ္တောဒယကျမ်း၊ သုသုဗောဓကကျမ်းမှစ၍ ဆန်းကျမ်းပေါင်းများစွာတို့၌ ပြဆိုကြသော ကဗျာဂီတအမျိုးမျိုးတို့တွင် ဝတ္တဂါထာ၊ ပတျာဝတ္တဂါထာ၊ ဝိပုလဂါထာအသွားမျိုးပင် ဖြစ်သည်ဟု မှတ်စေချင်ပါသည်”ဟူ၍ ဒဂုန်မဂ္ဂဇင်း (၁၉၂၅–ဇွန်လ)တွင် ရေးသားမိန့်ဆိုဖူးပါသည်။

မှန်ပါသည်။ ရှေးက ပါဠိမြန်မာရောနှောရှစ်လုံးတစ်ပိုဒ်ကျရေးဖွဲ့သော ဂါထာများပေါ်ပေါက်ခဲ့ဖူးပါသည်။ ‘အလွန်ရှေးကျသော သဒ္ဒါဘက်ဆိုင်ရာကဗျာ’ဟု အမှတ်အသားရှိသော ဂါထာတစ်ပုဒ်တွင်

သော်လည်းမူလည်း စ ဂရဟာ ။
လျက်ဝစန တထေဝစ၊
၍ရကား ကိရိယာဝိသိသ်၊
ကွစိဟိတ်စ ဒွဟံဘဝေ – ဟူ၍ ပါဠိမြန်မာရောနှောရှစ်လုံးတစ်ပိုဒ်ရေးဖွဲ့ထားသည်ကို တွေ့နိုင်ပါသည်။ သို့သော် ရှစ်လုံးဘွဲ့မှာကဲ့သို့ ကာရန်မပါသေးကြောင်း သတိပြုဖွယ်ဖြစ်ပါသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး အလေးအမြတ်ပြုသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကလည်း

ပစ္စယေ လက်ကိုင်မပြုရာ၊
လွှဲအပ်ရာ လက်ထောက် သဒ္ဒဟံ၊
ဖိုချောင်ယံ နပ္ပဝီသေယျ၊
သံဃေ ဘာဇေရသမ္ဗျကို စသည်ဖြင့် ပါဠိမြန်မာရောနှောကာ ရှစ်လုံးဘွဲ့ ဆုံးမကဗျာများ ရေးဖွဲ့ခဲ့ကြောင်း သိရပါသည်။

[၃]

ကုန်းဘောင်ခေတ် မုံရွေးဆရာတော်၏ မှတ်စုတွင် ရှစ်လုံးဘွဲ့ကဗျာအဖွဲ့မျိုး တွေ့ရကြောင်း ဝဇိရဗုဒ္ဓိ ဦးဖိုးစိန်က မြန်မာကဗျာဖွဲ့နည်းကျမ်းတွင် ဖော်ညွှန်းထားပါသည်။ ‘အိမ်ရှေ့မင်းဘွဲ့ လင်္ကာ’ဟူ၍ ပြရာတွင်

မြတ်လှမင်း**လျှာ**၊ ပညာထောက်**ထား**
အဌာရ**သ**၊ သိပ္ပလောက်**သား**

http://www.cherrythitsar.org

စွမ်းအား **သန်**မြန်၊ ရဲ**အန်**မြောက်**မြား**

ဇမ္ဗူကျွန်**းတွင်**၊ မြေ**ပြင်**ချောက်ချားဟူ၍ ရှစ်လုံးတစ်ပိုဒ်စီတွင် ပိုဒ်တွင်းကာရန်လည်းပါ၊ ပိုဒ်ဆုံး ကာရန်လည်း ညီသော အဖွဲ့မျိုးဖြစ်လာကြောင်း တွေ့ရပါသည်။ ထိုမျှမက

ဥပရာ**ဇာ**၊ သ**မ္ဘာ**တက်**ပွား**

ရည်**သွား**မြင်းဆင်၊ ရုပ်အင်ပျိ**ထွား**

မြောက်**မြား**ပညာ၊ အံ့ရာထင်**ရှား**

သုံ**းပါ**းယုတ်**လတ်**၊ အ**မြတ်**ထူခြား ဟူ၍ ရှစ်လုံးတစ်ပိုဒ်ချင်းပင် ရှေ့အပိုဒ်နှင့် နောက်အပိုဒ်ပါ ကာရန်ချိတ်ဆက်ကာ ရေးဖွဲ့လာသည်ကိုလည်း တွေ့ရပါသည်။ ထိုရှစ်လုံးဘွဲ့များ၏ အသံနေအထားမှာမူ ယခုအများသိနေသော ရှစ်လုံးဘွဲ့များနှင့် ကွဲပြားခြားနားနေပါသည်။ ဆောင်းပါးအစတွင် တင်ပြခဲ့သော လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ရှစ်လုံးဘွဲ့နှင့် ယှဉ်ကြည့်လျှင် သိနိုင်ပါသည်။ [လယ်တီပဏ္ဍိတ၏ ရှစ်လုံးဘွဲ့တွင် ပိုဒ်တွင်းကာရန်ယူရာ၌ 'ရုပ်–မြှုပ်၊ ပဲ–မြ၊ ဘဲ–ရဲ၊ က–ကြ'ဟူ၍ 'ချသံ'(အောက်မြစ်သံ၊ ဝိသဇ္ဇနီသံ)များဖြင့် ကာရန်ယူသော်လည်း ပိုဒ်ဆုံးကာရန်ယူရာ၌မူ 'ဌာန်၊ မှန်၊ ပန်၊ ကန်'ဟူ၍ ချီသံ(အောက်မြစ်၊ ဝိသဇ္ဇနီတို့ မပါသောအသံ)များဖြင့် ကာရန်ယူကြောင်း တွေ့နိုင်ပါသည်။ မုံရွေးဆရာတော် မှတ်စုလာ ရှစ်လုံးဘွဲ့များတွင် ပိုဒ်တွင်းကာရန်ယူရာ၌ 'လျာ–ညာ'ဟူ၍ ချီသံဖြင့် လည်းကောင်း၊ 'သ–ပ'ဟူ၍ ချသံဖြင့်လည်းကောင်း ရောနှောယူထားပြီး ပိုဒ်ဆုံး ကာရန်ကိုမူ 'ထား၊ လား၊ မြား၊ ချား'ဟူ၍ ချသံများဖြင့် ကာရန်ယူထားကြောင်း တွေ့နိုင်ပါသည်]

၁၂၄၀ ပြည့်နှစ်လောက်တွင် ထိုရှစ်လုံးဘွဲ့ကိုအနည်းငယ်ပြုပြင်၍ 'ယိုးဒယား နန်းသိမ်းသံ'ဟု တီထွင်လာကြောင်းကို ဝဇိရ ဗုဒ္ဓဦးဖိုးစိန်က ဆတိုင်မွတ်ဦးကူး၏ 'ဝေဿန္တရာ ပြဇာတ်'လာ အောက်ပါအဖွဲ့များဖြင့် သာဓကဆောင် ပြပါသည်။

၁။ ရီဆိုင်းသာစွ၊ ဝက်တောင်ဆီ
မျှော်ကာ၊ ယောင်မှား၊ မယ်ဘွားမဒ္ဒီ
ကဏ္ဌာလေးနှင့် ရင်သွေးဇာလီ
ကြမ္မာညှိုး၊ ကံဆိုးလေကြုံခဲ့ပြီ။
၂။ ဝင့်မွဲ၊ လွတ်ခဲလေနိုင်တော့သည်။
ဇွတ်ဆွဲ၊ မြင်မြဲလေ တာကရှည်
ဘယ်ကာလမှ၊ ဝင့်စ ကုန်မည်
ဗျာပါကြီး၊ ပူမီးလေလျှံကစည်။

http://www.cherrythitsar.org

အမှတ် ၁– ရှစ်လုံးဘွဲ့သည် ယခုခေတ်ရှစ်လုံးဘွဲ့နှင့် ဖွဲ့ပုံချင်း အလွန်နီးစပ်နေပါပြီ။ အဆုံးပိုဒ်တွင် ရှစ်လုံးချ မချဘဲ ကိုးလုံးနှင့်ချခြင်းသာ ထူးခြားပါသည်။ အမှတ် ၂ ရှစ်လုံးဘွဲ့တွင်မူ တစ်ပိုဒ်စီ၌ ယခုခေတ်ရှစ်လုံးဘွဲ့ကဲ့သို့ အက္ခရာလေးလုံးစီ မခွဲဘဲရှေ့နှစ်လုံး၊ နောက်ခြောက်လုံး ခွဲကာ ကာရန်ယူထားပုံ ထူးခြားပါသည်။

ယခုခေတ် ရှစ်လုံးဘွဲ့များ၏ ရှေ့ပြေးဟု မှတ်ယူနိုင်ပါသည်။

[၄]

ရှစ်လုံးဘွဲ့ကဗျာသည် ယခုခေတ်အများသိနေသော ဖွဲ့ပုံမျိုးဖြစ်လာခြင်းမှာ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ 'မြန်မာအထက်တန်းကျောင်း ဆရာကြီး မောင်ဘညွန့်'ဆိုသော ပုဂ္ဂိုလ်က လယ်တီပဏ္ဍိတဦးမောင်ကြီးအား မေးမြန်းဖူးပါသည်။

"ဆရာ ယခုတီထွင်ရေးသားလျက်ရှိသာ ရှစ်လုံးဘွဲ့မြန်မာဂါထာ၊ သို့မဟုတ် ရှစ်လုံးဘွဲ့မြန်မာကဗျာနှင့် စပ်လျဉ်း၍ ရှေးအခါပညာရှင်များ ရေးသားချက် မူဟောင်းများ ရှိပါသလား"ဟူသော အဓိပ္ပာယ်ရအောင် ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် ရေးသားမေးမြန်းခြင်းဖြစ်ပါသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးကလည်း ထိုမေးမြန်းချက်ကို ၁၂၈၇ ခုနှစ်၊ နယုန်လ (၁၉၂၅၊ ဇွန်)ထုတ် ဒဂုန်မဂ္ဂဇင်း၊ 'ဒဂုန်ကဝိပေါင်းချုပ်'အခန်းတွင် ရှင်းလင်းစွာ ပြန်လည်ဖြေကြားခဲ့ပါသည်။

ထိုရှစ်လုံးဘွဲ့မျိုးကို ရှေးပညာရှိများ ရေးသားခဲ့ဖူးကြောင်း၊ 'မြန်မာဂါထာ'ဟူ၍ ခေါ်ဝေါ်လေ့ရှိကြောင်း၊ 'ပေါရာဏကထာပါဠိ'သည် ဤအသွားအတိုင်းပင်ဖြစ်ကြောင်း၊ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးကလည်း (ဆောင်းပါးရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း)ရှစ်လုံးဘွဲ့ဆုံးမကဗျာ ရေးဖွဲ့ခဲ့ကြောင်း၊ ယခုရေးဖွဲ့နေသော ကာရန်အသံအနေအထားအတိုင်း စနစ်တကျရှိအောင် မိမိက တီထွင်ရေးသားခြင်းဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းထားပါသည်။ ဆရာကြီး ဦးမောင်ကြီးက –

"ဤကဗျာမျိုးကို ဆရာ စထွင်၍ ရေးသားသောအချိန်မှာ ၁၂၈၅ ခုနှစ်တွင် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး ပျံလွန်တော်မူပြီးနောက် မုံရွာလယ်တီတိုက်သို့ သွားရောက်၍ ဥပုသ်သီတင်းစောင့်သုံးနေခိုက်တွင် လယ်တီတိုက်ကြီးကို ဖွဲ့ဆိုရေးသားခဲ့သည်ကစ၍ ဆရာ စထွင်ရေးသားခဲ့ပါသည်။ ထိုသို့ လက်မွန်စထွင်ရေးသာခဲ့စဉ်အခါ အထက်က ဆရာပြခဲ့သော နိဿရည်းအ

http://www.cherrythitsar.org

တိုင်း စနစ်မကျလှသေးပါ"ဟု မိန့်ဆိုပြီး ပထမဆုံး စတင်တီထွင်ရေးဖွဲ့သော လယ်တီတိုက်ဘွဲ့ဂါထာများကိုလည်း ဖော်ပြထားပါသည်။

"ဥဒ္ဓံယာဝ၊ ဗန်းမော်ကောင်းတုံ
အဓောယာဝ၊ ပုသိမ်ဒဂုန်
ပသံသန္တိ၊ ကြေညာဆန်စုန်
ပသီဒန္တိ၊ ဇနာဗဟုံ။
နောက်မျက်နှာက၊ သလ္လာဝတီ
ရှေ့မျက်နှာက၊ ဧရာဝတီ
ဗဟိုဌာန၊ မုံရွယ်လယ်တီ
သံခိပ်အာဒိ၊ ကျမ်းဒီပနီ"စသည့် ကဗျာများဖြစ်ပါသည်။ ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ပထမဆုံးရှစ်လုံးဘွဲ့ကဗျာများ အဖြစ် မှတ်သားဖွယ် ဖြစ်ပါသည်။

နောက်ပိုင်းတွင်မူ ကာရန်ယူပုံ၊ အသံထားပုံတို့ကို စနစ်ပိုကျလာပြီး ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် ရူပကွန္ဒာဘွဲ့ကဲ့သို့ ပုံစံကျသော ရှစ်လုံးဘွဲ့ကဗျာအဖြစ်သို့ ရောက်လာရပါသည်။ ထိုခေတ်က ရှစ်လုံးဘွဲ့ကဗျာများတွင် ကျယ်ပုံကို ၁၂၉၈ ခုတွင် ပြုစုပြီးစီးသော ပုပ္ပားဦးကျော်ရင်၏ 'ကဝိဘာရတီ ကျမ်း'၌

'အဆိုပါ လယ်တီပဏ္ဍိတ ဆရာကြီး ဦးမောင်ကြီး ရေးသားခဲ့သော မြန်မာဂါထာကဗျာတို့ကား သံဝေဂဘွဲ့ဝိပါက်တော် ဆယ့်နှစ်ပါးဘွဲ့၊ ရောင်ခြည်တော် ခြောက်ပါးဘွဲ့အစရှိသောအားဖြင့် မြောက်မြားစွာ ရှိလေသည်။ ၎င်းတို့ကို နည်းမှီ၍ နောက်မှ သူရေးငါရေးနှင့်မြန်မာကဗျာ ဂါထာနည်းများ ပြန့်ပွားလာခဲ့လေသည်။ ယခုအချိန်မှာကား တစ်နိုင်ငံလုံးတွင် ပျံ့နှံ့လျက် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ မြန်မာဂါထာများကို သုံးစွဲနေကြလေပြီ"ဟူ၍ ဖော်ညွှန်းထားပါသည်။

[၅]

အရိုးခံတေးထပ်ကို အခြေခံ၍ ရှစ်ဆယ်ပေါ်တေးထပ်၊ ထပ်တွန့်တေးထပ်စသည်ဖြင့် တစ်မျိုးတစ်ဖုံဆန်းသစ်လာသကဲ့သို့ အရိုးခံ ရှစ်လုံးဘွဲ့ကို အခြေခံ၍ တီထွင်ဆန်းသစ်လာသော ရှစ်လုံးဘွဲ့အဆန်းများလည်း ပေါ်ထွန်းလာပါသေးသည်။ သာဓကအားဖြင့် ပြရလျှင် မြစ်ကွေ့ဆရာတော် ပျံလွန်တော်မူသောအခါ ဟသ်ာတမြို့အထက်တန်း ကျောင်းဆရာကြီး ဦးဘထွန်းဆိုသည့် ပုဂ္ဂိုလ်က 'ထပ်တွန့်ရှစ်လုံးဘွဲ့'ဟူ၍ ရေးဖွဲ့သည်ကို ဤသို့ တွေ့နိုင်ပါသည်။

http://www.cherrythitsar.org

'ဝင်းဝါနေလို့၊ ဟသံဘရှေမြို့၊ မချို့ထင်ပေါ်၊
ကောင်းမြိုက်လှစ်၍၊ ကျောင်းတိုက်မြစ်ကွေ့၊ ချမ်းမြေ့သူပျော်၊
နေမြဲနိုက်ဝယ်၊ ရွှေသဲလှိုက်ဖွယ်၊ တကယ်ကြုံသော်၊
မရဏာမင်း၊ ကြမ္မာယွင်း၊ အတင်းဆောင်ယူခေါ်'။

ရှစ်လုံးတစ်ပိုဒ်စီတွင် အစလေးလုံးကို နဘောထပ်ပြီး ထပ်တွန့်ရေးဖွဲ့ခြင်းဖြစ်၍ ထပ်တွန့်ရှစ်လုံးဘွဲ့ဟု အမည်ပေးခြင်း ဖြစ်ပါလိမ့်မည်။

ထို့အတူ 'သာကီဆွေ'ခေါ် ပုဂ္ဂိုလ်ကလည်း 'နဘောရှစ်လုံးဘွဲ့'ကဗျာမျိုးကို ကွန့်၍ ရေးဖွဲ့ဖူးပါသည်။

'သုမေဓာသွင်၊ ခုနေခါလျှင်၊ ဆုခြွေကာဆင်လို့ နေတော့ချင်၊
နောက်ဘဝဟို့တွင်၊ ထောက်ဆပို့ရှင်၊
အတိုးချိုးကျပေါင်းမယ်ခင်'

ဟူသော အဖွဲ့မျိုးဖြစ်ပါသည်။ ပထမပိုဒ်နှင့် တတိယပိုဒ်တို့တွင် ရှေ့နှင့်နောက်နဘောထပ်ကာရန်ယူထားသည်ကို တွေ့ရပါလိမ့်မည်။ ဤသို့တေးထပ်ကာ ရေးဖွဲ့သော ပါဠိဂါထာဆန်းကလေးများကို နည်းမှီ၍ ရေးဖွဲ့ခြင်းဖြစ်သည်ဟု ဆရာသာကီဆွေက ကဗျာဖွဲ့နည်းဆိုသည့် နိဿရည်းကျမ်းပြုသူဦးတင့်ဆွေကို ရှင်းပြဖူးကြောင်း မှတ်သားရပါသည်။

[၆]

ရှစ်လုံးဘွဲ့ကဗျာပေါ်ထွန်းလာပုံကို တတ်စွမ်းသမျှ ခြေရာခံကြည့်ပြီးပါပြီ။ ရှေ့တွင်တင်ပြခဲ့သည့်အပေါ် ရှစ်လုံးဘွဲ့ကဗျာသည် ယနေ့တွင် ခေတ်မစားတော့သော်လည်း မြန်မာကဗျာအဖွဲ့တစ်ရပ်အဖြစ် အခိုင်အမာနေရာရရှိပြီးဖြစ်သည်။

ရှစ်လုံးဘွဲ့ကဗျာရွတ်ဆိုသံများသည်လည်း လုံးဝတိတ်ဆိတ်သွားသည်မဟုတ်ပါ။ ဝတ်အသင်းများ ဝတ်ရွတ်ရာတွင် ရောင်ခြည်တော်ခြောက်ပါးဘွဲ့၊ ဝိပါက်တော် ဆယ့်နှစ်ပါးဘွဲ့၊ အောင်ခြင်းရှစ်ပါးဘွဲ့စသည့် ရှစ်လုံးဘွဲ့ရွတ်ဆိုသံများကို ယခုတိုင် ကြားနေရဆဲဖြစ်ပါသည်။

ရေးဖွဲ့သည့် အကြောင်းအရာအရလည်းကောင်း၊ ကာရန်အနေအထား၊ အသံအနိမ့်အမြင့်အရ ကြည်နူးချမ်းမြေ့မှုကို ပေးစွမ်းနိုင်သော ကဗျာဖွဲ့မျိုးအဖြစ် တင့်တယ်စွာ ရပ်တည်လျက်ရှိဆဲပင်ဟု ဆိုရပါလိမ့်မည်။

ဒေါ်ခင်ဦးမွန်
အမှတ် ၃၄၆၊ ဒေ၊ ၁၃ရဝ၊

http://www.cherrythitsar.org

ကဗျာသီဂီ

[၁]

ကဗျာသီဂီ. . .

အမည်က တည်ငြိမ်သည်။ လှပသည်။ ဤအမည်ကို 'ရွှေအဆင်တန်ဆာနှင့်တူသော ကဝိတို့၏ ဥစ္စာ၊ ကဗျာရတနာသိုက်ကြီး'ဟု အနက်ဖွင့်ထားသည်။

ဤရတနာသိုက်ကြီးကို ဖန်တီးတည်ဆောက်သူကား 'ကျိုက်လတ်ဆရာချစ်'ဟု ထင်ရှားသော မြန်မာပညာရှိကဗျာဆရာကြီးပင်ဖြစ်ပါသည်။

ကျိုက်လတ်ဆရာချစ်သည် ကိုလိုနီခေတ်က ထင်ရှားသော ကဗျာဆရာကြီးတစ်ဦးဖြစ်ပါသည်။ ဆရာချစ်ကို ဝိသေသနပြုရာတွင် 'လယ်တီတရားသတင်းစာ၊ ရယ်ရွှင်ဖွယ် အလင်းမဂ္ဂဇင်း၊ ဝိဇယဂျာနယ်၊ ခေတ်သစ်ဂျာနယ်စသည်တို့တွင် စာရေးဆရာအယ်ဒီတာအဖြစ်ဖြင့် နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူ မြန်မာကဗျာဆရာကြီး'ဟူ၍ ကဗျာသီဂီကျမ်းတွင် ဖော်ညွှန်းထားသည်ကို တွေ့ရသည်။

ကျိုက်လတ်ဆရာချစ်၏ ကဗျာများကို စုစည်းထားသော 'ကဗျာသီဂီ' ကျမ်းသည် ၁၉၃၄ ခုနှစ်တွင် ပေါ်ထွက်လာသည်။ မြန်မာစာပေလောကတွင် ကဗျာစာဆိုတစ်ဦး၏ ကဗျာပေါင်းချုပ်စာအုပ်အဖြစ် အတော်စောစောကပင် ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

[၂]

ကဗျာသီဂီကျမ်းလာ ကဗျာများသည် 'စပ်ဆိုင်ရာ စပ်ဆိုင်ရာ မိတ်

http://www.cherrythitsar.org

ဆွေအပေါင်းတို့၏ တိုက်တွန်းတောင်းပန်းချက်အရ အသီးသီးအသက အသက'ရေးသား ချီးမြှင့်ရသော ကဗျာများဖြစ်ကြောင်း နိဒါန်းအရ သိရပါသည်။ ဤဖော်ပြချက်တွင် မြန်မာတို့၏ နှစ်သက်မြတ်နိုးဖွယ် ဓလေ့တစ်ခုထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။ အခြားမဟုတ်ပါ။ အကြောင်းကိစ္စကြုံကြိုက်လာသည့်အခါ ကောက်ကာ ငင်ကာ ကဗျာဖွဲ့တတ်သည့် ဓလေ့ဖြစ်ပါသည်။

မြန်မာသည် ကဗျာကို ချစ်သည်။ မြတ်နိုးသည်။ ကောက်ကာ ငင်ကာ ကဗျာဖွဲ့နိုင်သည့် စွမ်းရည်ကို တန်ဖိုးထားလေးစားသည်။ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ အပြန်အလှန် ကဗျာဖွဲ့ကြပုံ၊ မောင်းထောင်း ဦးကျော်လှ၊ ဦးဥာဏ်ကျယ်စသည့် သံချိုဆရာကြီးများ ရုပ်သေးစင်တွင် သံချိုကဗျာများ လက်တန်းစပ်ဆိုကြပုံတို့ကို ယခုတိုင် တသသ ပြောစမှတ်ပြုနေကြဆဲပင် မဟုတ်ပါလော။ ယခုခေတ်တွင်လည်း အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ကြီး၏ ဂုဏ်ကို ရတုကဗျာရေးဖွဲ့ပြီး ရွတ်ဆိုပူဇော်သည့် ကိစ္စမျိုးကအစ ထိမ်းမြားမင်္ဂလာပွဲများတွင် သတို့သား သတို့သမီး၏ ဂုဏ်ကို ရတုကဗျာရေးဖွဲ့ပြီး ရွတ်ဆိုဂုဏ်ပြုသည့် ကိစ္စမျိုးအထိ လတ်တလော ကဗျာဖွဲ့သည့် အလေ့ တွင် ကျယ်နေသည်မဟုတ်ပါလော။

ကဗျာဆရာကြီး ကျိုက်လတ်ဆရာချစ်သည်လည်း အကြောင်းကိစ္စကြုံကြိုက်လာသည့်အခါတွင် ဤပုံဤနည်းအတိုင်းပင် ကဗျာများ ရေးဖွဲ့ပါသည်။ ကဗျာသီဂီကျမ်းတွင် ဆရာကြီး၏ ကဗျာ ၄၆ ပုဒ်ကို တွေ့ရပါသည်။ အမျိုးအစား ခွဲခြားကြည့်မည်ဆိုလျှင် 'ဖြစ်ရပ်မှတ်တမ်းဘွဲ့'ကဗျာမျိုးလည်းပါဝင်သည်။ သာဓကအားဖြင့် တွံတေးမြိုင်အပိုင် ဓနုပ်တိုက်နယ်ရှိ ဓနုပ်စေတီတော်ကြီး ထီးတော်တင်ပွဲ အောင်ဩဘာမင်္ဂလာရတု၊ ကျောက်တန်းမြို့ကျောင်းအလှူပွဲရေစက်ချ မင်္ဂလာရတု၊ ရွှေတိဂုံဘုရားကြီးမီးခသော အထိမ်းအမှတ်ဘွဲ့ တေးထပ်စသည်တို့ဖြစ်ပါသည်။

'ပုဂ္ဂိုလ်ဘွဲ့'ကဗျာမျိုးလည်း တွေ့ရပါသည်။ နတ်တလင်းမြို့ကျောင်းကြီးရှာ ဓမ္မကထိက မောင်ချစ်လှဘွဲ့ ရတုပိုဒ်စုံ၊ ဆာဂျေအေမောင်ကြီးဘွဲ့ ရှစ်ဆယ်ပေါ်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဘွဲ့ ရှစ်ဆယ်ပေါ်၊ ဓမ္မကထိက မောင်ထွန်းကြိုင်ဘွဲ့ လေးချိုးကဗျာစသည်တို့ ဖြစ်ပါသည်။

သီပေါမြို့ ရတနာသီဟ ဂျာနယ်ဘွဲ့ ရှစ်ဆယ်ပေါ်၊ ဝေဘူစံ ဇာတ်ကားဘွဲ့လေးချိုးကဗျာ၊ သန်ဂျာနယ် ပဉ္စရီ စာအုပ်ဘွဲ့လေးချိုးကဗျာ၊ လယ်တီသိပ္ပံ စာအုပ်ဆိုင်ဘွဲ့ ရှစ်ဆယ်ပေါ်စသည့် 'အရာဝတ္ထုဘွဲ့'ကဗျာများလည်း ပါဝင်ပါသည်။

http://www.cherrythitsar.org

မောင်ထွန်းရှိန်ဆိုသူက မိမိ၏ မိခင်အား တောင်းပန်ဝန်ချကာ ပေးပို့သော ရတု၊ ဓမ္မကထိက ပုဂ္ဂိုလ်တစ်ပါးက မိမိ၏ တပည့်မအား ဆုံးမပြေဝါဒ ပေးသော ဆုံးမစာစသည့် 'အထွေထွေ'များလည်း ပါဝင်ပါသည်။

[၃]

ဒ္ဒိနဝါဒေကဋ္ဌ၊ ရွှေအစ လှမ်းမှီ၊ ဟောမဝါ စခန်းဆီမှာ၊ ပန်းသရဖီ ကြိုင်သင်း။ မိန်တပေါင်း ဆုတ်အသီဝယ်၊ စတုတ္ထိပူးနေ့အချဉ်း။ မွန်းယိမ်းစ နေမှုန်မှုန်တွင်၊ လေအဟုန်ထင်ရင်း။ ရွှေတိုဝုံ အရဟံ သနင်းမှာ ဖြင့်၊ ရန်မကင်းဆက်နွယ်။ နောက်မျက်နှာ မုခ်အဆင်းဆီက၊ တစ်မုဟုတ် ချင်း မီးစလို့ သွယ်။ ဝူတန်ဆောင်းနဲ့အကျယ်ကို၊ လန့်စဖွယ် အထွေထွေ တောက်ရာမှ၊ အခြေအောက် ငြမ်းဆိုက်ကပ်မှီ၊ ကျွမ်းမြိုက် ပတ်လည်။ တိဝုမ္မမွေသရီမှာ၊ ထွေလေသည် ဝင့်မီးကွဲလေး။

၁၂၉၂ ခု၊ တပေါင်းလဆုတ် ၄ ရက်နေ့တွင် အနောက်ဘက် မုခ်အမှိုက်ပုံနှင့် ကိုင်းခြောက်တောက စတင်လောင်ကျွမ်းသည့်အတွက် ကုန်းတော်တစ်ခုလုံးကို ပြာကျသွားရကြောင်း အမှတ်အသားရှိပါသည်။ ကျိုက်လတ်ဆရာချစ်က ထိုဖြစ်ရပ်ကို ကဗျာဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ 'လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ဖွဲ့ရာတွင် 'ဉာဏ်စုံလင်းသည့် မြန်ခင်းပထဗျာမှာ၊ မှန်ကင်းပမာ တစ်ဆူထင်ရှားလို့၊ လူရှင်အများ လောကပါလံ၊ အဟောသာဓုသံ၊ ကဝိမှန်သမျှ ကန်တော့ခံတယ်၊ မဟော်သဏ္ဌာန် ဉာဏ်ကြီးပါပေ့လေး' ဟူ၍ ခမ်းခမ်းနားနား ဖွဲ့ထားပါသည်။

ထို့အတူ အသက်ငယ်ငယ်ကလေးနှင့် တရားဟောနိုင်သော 'ပန်းတနော်' မင်းဆယ်ရွာ၊ ငါးနှစ်သားအရွယ်ရှိ ဓမ္မကထိက မောင်ထွန်းကြိုင်ဘွဲ့လေး ချိုးကဗျာတွင် ဤသို့ မှတ်တမ်းတင်ထားပါသည်။

သောအဌာ ဒ္ဒိကေမှာတော့၊ ကောလာဟလရှိနေကြတာ၊ (အိုဗျာ) ဝိသေသရယ်တဲ့ မောင်ထွန်းကြိုင်။

ညြော်. . .လွမ်းဖို့ ကောင်းလိုက်ပါဘိ၊ ယွန်းကျောင်းရယ် ထေရ်မဟာအရှင်ဟု၊ နေပမာအသွင် ၎င်းဆရာတော်ဘုရားရယ်က၊ မူတစ်သွင် လူဝင်စားသည်ဟု၊ လောကဌာန်ပြောသံစကားကိုဗျာ၊ ကြားရပိုင်ပိုင်။

ပုဗ္ဗေယခင် ထေရ်မဟာသနစ်ကယ်နှင့်၊ ရှုကွေ့ရှင် ဒေဝါအဖြစ်တို့ကိုတော့၊ သေချာလှစ်ပါလို့ ဟောပြနိုင်၊ လောကခရိုင်မှာတော့ လွန် ကျော်စော။

တွေးဆလျှင်၊ ရှေးကပင် ထင်မြင်တဲ့ အမှုရယ်ကြောင့်၊ သုံးလှ

http://www.cherrythitsar.org

အရှင် အခေါ်ပရမော်က၊ နှစ်ထောင်ကျော် သာသနာတိုင်တော့မှ၊ ဆရာကြီးပေါ်မည့်အရေးကိုဖြင့်၊ မိန့်ရွှေဗျာ၊ ထုတ်ဖော်ကြွေးလို့ရယ်ဗျာ၊ ပေးခဲ့ လေသလော။

၁၂၈၆ ခုနှစ်တွင် ဓမ္မကထိက မောင်ထွန်းကြီးဟူ၍ ထင်ရှားခဲ့သော ထိုပုဂ္ဂိုလ်ထူးအကြောင်းကို စုံစုံလင်လင် သိခွင့်ရပါသည်။

ကျိုက်လတ်ဆရာချစ်၏ ကဗျာများတွင် မြန်မာအဆွေရုပ်ရှင်ကုမ္ပဏီ၏ သမိုင်းညွှန့်ပေါင်း ဇာတ်ကားထောမနာဘွဲ့ လေးချိုးကဗျာ၊ မြိုင်တောဖွယ်ဇာတ်ကား အမျှော်ဘွဲ့လေးချိုးကဗျာ၊ ဝေဘူစံ ဇာတ်ကားဘွဲ့ လေးချိုးကဗျာစသည့် ရုပ်ရှင်ဘွဲ့ကဗျာများ ပါဝင်နေသည်ကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရပါသည်။

'ပျော်စိတ်ကို ရှာသလေလေ၊ မော်ဝိန္ဒာ တစ်မူဆောင်လို့၊ ပင်သူယောင် တောမြိုင်အတွင်းမှာတော့၊ အတွေးပေါ်အောင် မွေ့ပျော်တဲ့အခင်းတွေနှင့်၊ နတ်ဘုံပါ ဇာတ်ခုံကျင်းတယ်ကွယ်၊ (အိုဗျာ) မပျက်မယွင်းကြပါလို့ အလှည့်ကျ အပတ်စဉ်သာ ဆွဲကြပါတော့ (မိတ်ဆွေတို့ရာ) ရမ္ဘက်တမျှင်းမျှင်းနဲ့ ဆွဲပါလိမ့် အဓိကရ ဇာတ်ရှင်မင်းလာပွဲ'

ဟူ၍ ဝေဘူစံဇာတ်ကားဘွဲ့ကဗျာတွင် ဖွဲ့ထားသည်ကို တွေ့နိုင်ပါသည်။

ထိုစဉ်က နိုးကြားတက်ကြွသော လူငယ်များပါဝင်သည့် 'ရတနာသီဟဂျာနယ်'ကိုလည်း ဆရာကြီး ဂရုပြုမိသည်။ ထို့ကြောင့်. . .

'နိုးဖို့ ကြားဖို့ လမ်းညွှန်သွယ်တယ်၊ ငြမ်းကြီးသဖွယ် အားအင်ကောင်းလို့၊ ဖွားမြင်အပေါင်း နှစ်ခြိုက်လေးစားရန်၊ ခေတ်လိုက်ရေးသားဟန်၊ အတုခက်ဖို့ ပြုချက်ဟန်တယ်၊ ဓမ္မူမျက်မှန် သီဟရတနာကွဲ့လေး'

ဟူ၍ လေးလေးစားစားဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ ခေတ်ကိုမျက်ခြည်မပြတ်ဘဲ အားပေးသင့်သည့် ကိစ္စကို လိုလိုလားလား အားပေးသည့် သဘောဟု ဆိုနိုင်ပါသည်။

[၄]

ဆရာကြီး၏ ကဗျာလက်ရာကို လေ့လာကြည့်လျှင် ရေးဖွဲ့ပုံ ရှေးဆန်ကြောင်း အထင်အရှားတွေ့ရပါလိမ့်မည်။ ရေးဖွဲ့သော အကြောင်းအရာများမှာမူ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းဖွဲ့သည့် အဖွဲ့မျိုးကအစ ခေတ်ကာလအလျောက်ပေါ်ပေါက်သည့် အဖြစ်အပျက်အရေးကိစ္စများအကြောင်း ဖွဲ့သည့်အဖွဲ့မျိုးအထိ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နေကြောင်း တွေ့ရပါ

http://www.cherrythitsar.org

သည်။ ထိုအရေးကိစ္စများနှင့် ပတ်သက်၍ ကရုဏာထားသင့်သည်ကို ကရုဏာထားပြီး နှစ်သက်ဝမ်းမြောက်သင့်သည်ကို နှစ်သက်ဝမ်းမြောက်သော ဆရာကြီး၏ စေတနာကိုလည်း အထင်အရှားတွေ့ရပါသည်။

ဆရာကြီး 'ကျိုက်လတ် ဆရာချစ်'၏ 'ကဗျသီဂီ'သည် ကိုလိုနီခေတ် မြန်မာကဗျာလမ်းကြောင်းတွင် တစ်ခန်းတစ်ကဏ္ဍနေရာယူလျက်ရှိပါသည်။

ကလျာမရွှေငင်း
အမှတ် ၄၅၅၊ စက်တင်ဘာ ၁၉၇၈၊

http://www.cherrythitsar.org

ကဗျာလမ်းကြောင်းမှ ကျင်းဆက်တစ်ခု

ကဗျာရေးဖွဲ့ရာတွင် ကဗျာစာဆို၏ စေတနာသည် ပဲ့ကိုင်သဖွယ်ဖြစ်ကြောင်း၊ ဘဝပတ်ဝန်းကျင်ကို အကြောင်းပြု၍ ခံစားမှုအသိနှင့် ယှဉ်ကာ ဖူးပွင့်လာသော ကဗျာစာဆို၏ စိတ်ကူးဉာဏ်သည် အရေးပါကြောင်း၊ စိတ်ကူးဉာဏ်မရှိဘဲ ကဗျာဖွဲ့လျှင် ကာရန်များချိတ်ဆက်ထားသော 'ကာရန်စာ'အဆင့်သာရှိမည်ဖြစ်ကြောင်း ပညာရှင်တို့၏ မိန့်ဆိုခဲ့ကြဖူးပါသည်။ ဤအဆိုအမိန့်များသည် ယနေ့စာပေလောကတွင် လေးလေးစားစား နာယူမှတ်သားအပ်သည့် အဆိုအမိန့်များအဖြစ် ခိုင်ခိုင်မာမာ နေရာယူနေပါပြီ။

လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော်ကာလကို ပြန်ကြည့်မည်ဆိုလျှင် ကဗျာနှင့်ပတ်သက်၍ ဤသို့သော အဆိုအမိန့်များ တွင်တွင်ကျယ်ကျယ် မရှိသေးကြောင်း တွေ့ရပါသည်။ အထူးသဖြင့် စာနယ်ဇင်းများ အရှိန်ရလာသော ၁၉၂၀ ပြည့်နှစ်ဝန်းကျင်ကဆိုလျှင် စာနယ်ဇင်းပါ ကဗျာအများစုသည် သုတိသာယာမှုကို အခြေပြုသော ကဗျာများသာဖြစ်နေသည်ကို တွေ့ရပါသည်။ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ရာသီဘွဲ့၊ သဘာဝပတ်ဝန်းကျင်ဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့ စသည်တို့ကို တေးထပ်၊ လေးချိုးစသည့် ပုံသဏ္ဌာန်များဖြင့် လက်စွမ်းပြရေးဖွဲ့သည့် ကဗျာများက အများစုဖြစ်နေသည်ကို တွေ့ရပါသည်။ ကဗျာ၏ အရည်အသွေးကို ဝေဖန်သုံးသပ်အကဲဖြတ်ရာတွင်လည်း သုတိသာယာမှုကို အားပြုအကဲဖြတ်မှုမျိုးက အလေးကဲနေသည်ကို တွေ့ရပါသည်။ ကဗျာစာဆို၏ စေတနာ၊ စိတ်ကူးဉာဏ်၊ ခံစားမှုအသိတို့ကို အလေးပေးဖော်ထုတ်မှုမျိုး အားနည်းသေးသည်ဟု ဆိုနိုင်ပါသည်။

ထိုသို့သော အချိန်အခါမျိုးတွင် ကဗျာဝေဖန်သုံးသပ်မှုနှင့် ပတ်သက်၍ ထူးခြားသော အဆိုအမိန့်တစ်ခု ပေါ်ပေါက်ခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၂၃

http://www.cherrythitsar.org

ခု သြဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်း (အတွဲ ၃ အမှတ် ၃၆)တွင် ပါသော **ကဗျာ လက်ာနှင့် စိတ်ဝင်စားခြင်းအကြောင်း**ဟူသော ခေါင်းကြီးပိုင်းဖြစ်ပါသည်။

(ထိုနှစ်တွင် ဒဂုန်မဂ္ဂဇင်းအယ်ဒီတာအဖြစ် လယ်တီပဏ္ဍိတ ဦးမောင်ကြီး စတင်ဆောင်ရွက်ကြောင်း အမှတ်အသားရှိသည့်အတွက် ဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အဆိုအမိန့် ဖြစ်ဖွယ်ရှိပါသည်။)

စာရေးသူက 'ကျမ်းဂန်တတ်သူ'နှင့် ပညာရှိ ကဝိစာဆိုကို ခွဲခြားပြသည်။ ကျမ်းဂန်တတ်တိုင်း ပညာရှိကဝိစာဆိုမဟုတ်ကြောင်း၊ ပညာရှိကဝိစာဆိုဘွဲ့ခံရန် အရေးကြီးသော အချက်တစ်ချက်မှာ စိတ်ဝင်စားခြင်းပင်ဖြစ်ကြောင်း မိန့်ဆိုသည်။

"စိတ်ဝင်စားခြင်းဟူသည်မှာ ကျွန်ုပ်တို့၏ မျက်စိက တစ်စုံတစ်ခုကို မြင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ စိတ်က တစ်စုံတစ်ခုကို စဉ်းစားမိသည်ဖြစ်စေ၊ ထိုစိတ်ဌာသော်လည်းကောင်း၊ မျက်စိအာရုံဌာသော်လည်းကောင်း၊ ဖြစ်ပေါ်ထင်လာသော အရာကိုရုတ်တရက် အမှတ်မဲ့မြင်ရုံထင်ရုံမျှမဟုတ်၊ မြင်သောအရာ၌ ရုပ်တန့်စွဲလမ်းလျက် စိတ်တွင် တံဆိပ်ရိုက်နှိပ်လိုက်ဘိသကဲ့သို့ စွဲလမ်းမြဲမြံခြင်းပင် ဖြစ်ပေသည်"

ဟူ၍ ဖွင့်ဆိုထားပုံကို ကြည့်လျှင် ထူးခြားလေးနက်သော အဆိုအမိန့်ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ မြင်ရတွေ့ရ ခံစားရသော ပတ်ဝန်းကျင်အာရုံများကို အကြောင်းပြု၍ ကဗျာစာဆို၏ စိတ်တွင် ခံစားမှုဖြစ်ပြီး ထိုအာရုံများ စာဆို၏ စိတ်တွင် စွဲထင်ကျန်နေသည့် သဘောကို ဖွင့်ဆိုကြသော ယခုခေတ် ပညာရှင်တို့၏ အဆိုအမိန့်နှင့် သဘောချင်း အတူတူပင်ဖြစ်ပါသည်။

စာရေးသူက ထိုသို့ဖွင့်ဆိုပြီးနောက် ကဗျာတစ်ပုဒ်သည် သဒ္ဒါနည်း ဆန်းနည်း အလင်္ကာနည်းများဖြင့် ကောင်းမွန်ပြေပြစ်စွာ ဖွဲ့ထားစေကာမူ စိတ်ဝင်စားခြင်းဟူသော လက္ခဏာချို့တဲ့လျှင် ကဗျာကောင်းမဖြစ်နိုင်ကြောင်း မိန့်ဆိုထားပါသေးသည်။

ထိုခေါင်းကြီးပိုင်းတွင်

"စကားလှ စကားကောင်းတည်းဟူသော အနုံ့အရသာမရှိသဖြင့် ကဗျာဟု ခေါ်ဆိုရသော်လည်း ကဗျာကဲ့သို့ အသုံးအစွဲများစွာ နည်းပါးရလေသည်"

ဟူသော အဆိုအမိန့်ကို တွေ့ရသောအခါ **စိတ်ကူးဉာဏ်မပါသော စာမျိုးသည် ကာရန်စာမျှသာ ဖြစ်ပြီး တကယ့်ပန်းအစစ်နှင့်မတူဘဲ စက္ကူပန်းကဲ့သို့သာ လှနိုင်သော သဘောရှိကြောင်း** မိန့်ဆိုခဲ့ဖူးသော ဇော်ဂျီ၏ အဆိုအမိန့်ကိုပါ သတိရမိပါသည်။

http://www.cherrythitsar.org

စာရေးသူက ရှေးမြန်မာကဗျာများကို သာဓကဆောင်ထားပါသည်။ လက်ဝဲသုန္ဒရ၏ ရတုများမှ မိမိခံစားမှုဖြင့် ရေးဖွဲ့သော 'မဲဇာတောင်ခြေ၊ ဝေရွှန်း စန္ဒာရတုများနှင့် မင်းမိန့်ဖြင့်ရေးဖွဲ့သော ရွှေဘုန်းတော်ရောင်၊ ငွေဝန်းလကျာ ရတုများကို နှိုင်းယှဉ်ပြသည်။ ကိုယ်ပိုင်ခံစားမှုဖြင့်ရေးသော စာနှင့် သူတစ်ပါး ခိုင်း၍ ရေးသော စာတို့သည် သိမ်မွေ့နူးညံ့၍ စိတ်ကို လှုပ်ရှားစေတတ်သော သတ္တိချင်းကွာသွားကြောင်း နှိုင်းယှဉ်မိန့်ဆိုသည်။ ထို့အပြင် ရှင်မဟာရဋ္ဌသာရ၏ 'ဝဏ္ဏပဘာ'၊ ရှင်တေဇောသာရ၏ 'ဌာနတည်၍'ရတု၊ နတ်ရှင်နောင်၏ 'တင့်လှပေဟန်' ရတုတို့သည် စိတ်ဝင်စားခြင်းဟူသော လက္ခဏာပါသည့်အတွက်၊ ကဗျာကောင်းများအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်းကိုလည်း အထင်အရှားဖော်ပြသည်။ ထို့နောက် ဤသို့သော ဉာဏ်မျိုးသည် တစ်သန်းတွင် တစ်ယောက်၊ တစ်ကုဋေတွင် တစ်ယောက်ဆိုသကဲ့သို့ ဇာတိကပါလာသော ဉာဏ်မျိုးဖြစ်ကြောင်း၊ မြန်မာတို့က ရှေးကုသိုလ်ပါရမီကြောင့် ဖြစ်ရသည့် ဉာဏ်ဟုဆို၍ အနောက်တိုင်းသားတို့က အမိဝမ်းတွင်း ဇာတိကပါလာသည့် ဉာဏ်ဟု ဆိုကြောင်း၊ မိန့်ဆိုပြီး **"တစ်ပါး အတတ်ကဲ့သို့ လေ့ကျင့်၍မရ၊ ကဝိစာဆို ဖြစ်လိုသူတိုင်းမှာ ဇာတိပါရမီ ကုသိုလ်ကပင် ပါလာရလေသည်"** ဟူ၍ ကောက်ချက်ချထားပါသည်။

ဤတွင်လည်း ကဗျာစာဆို၏ စိတ်ကူးဉာဏ်ဟူသည် ဗီဇမောတ်ခံနှင့်ဆိုင်ကြောင်း၊ ထိုသို့သော ဗီဇမောတ်ခံမရှိသူကို စိတ်ကူးဉာဏ်ပေါ်ပေါက်အောင်လုပ်ပေးနိုင်သည့် နည်းလမ်းမရှိကြောင်း ဆရာဇော်ဂျီမိန့်ဆိုခဲ့ဖူးသည်ကို သတိရဖွယ်ဖြစ်ပါသည်။

စာ၏ ပုံသဏ္ဌာန်အလှဖြစ်သော သုတိသာယာမှုကို အလေးပေး၍ ကဗျာရေးဖွဲ့နေသော၊ ဝေဖန်သုံးသပ်အကဲဖြတ်နေသော ထိုအချိန် ကာလမျိုးတွင် တင်ပြခဲ့သော အဆိုအမိန့်သည် အမှန်ပင် ထူးခြားလှပါသည်။ လေးစားဖွယ်လည်း ဖြစ်ပါသည်။ မြန်မာကဗျာလမ်းကြောင်းတွင် မျက်မြင်နားကြား အတွေ့အကြုံကို သိလွယ်နားလည်လွယ်သော စကားမျိုးဖြင့် စိတ်စေတနာသက်ရောက်သလို ရေးဖွဲ့သော ခေတ်စမ်းကဗျာလှုပ်ရှားမှုသည် ၁၉၃၀ ဝန်းကျင်မှ ပေါ်ပေါက်ခြင်းဖြစ်ပါသည်။ ဒဂုန်မဂ္ဂဇင်း ခေါင်းကြီးတွင် အလေးပေးဖော်ညွှန်းခဲ့သော 'စိတ်ဝင်စားမှု'သည် ခေတ်စမ်းကဗျာများတွင် လေးလေးနက်နက် နေရာယူလာသည့်အလျှောက် ခေတ်စမ်းကဗျာများသည် ခေတ်စမ်းမတိုင်မီ ကဗျာများနှင့် သိသိသာသာ ကွဲပြားလာသည်မှာ အများအသိပင်ဖြစ်ပါသည်။ သို့သော် ထိုသို့သော အခြေအနေသို့ ရောက်အောင် အသိအမြင်ရှိသော ပညာရှင်များက ၁၉၂၀ ကျော်ကာလကတည်းကပင်၊ ရှေ့ဆောင်လမ်းပြအဖြစ်

http://www.cherrythitsar.org

လမ်းခင်းပေးခဲ့ကြောင်း အဆိုပါ ခေါင်းကြီးက သက်သေပြလျက်ရှိပါသည်။ ဤအချက်သည် မြန်မာကဗျာလမ်းကြောင်းကို ခြေရာခံရာတွင် အရေးပါသော ကွင်းဆက်တစ်ခုဖြစ်လိမ့်မည်ဟူ၍လည်း ထင်မြင်မိပါသည်။

ကျေးထမာကဗျာဝိုင်း
စက်တင်ဘာ ၊ ၁၉၉၅၊

http://www.cherrythitsar.org

ရှင်မာလဲကို လေလာခြင်း

"လှိုက်ဆူကျော်သဲ၊ ရှင်မာလဲဟု
အုံ့အဲထင်ပေါ်၊ ထေရ်မြတ်ကျော်. . ."

ကုန်းဘောင်ခေတ်စာဆိုဦးနိုးသည် ရှင်မာလဲမထေရ်၏ ဂုဏ်ကို 'ရှင်မာလဲပျို့'တွင် ဤသို့ ချီးကျူးရေးဖွဲ့ထားပါသည်။

ချီးကျူးရလောက်အောင်လည်း ရှင်မာလဲ၏ ဂုဏ်သတင်းသည် ပါဠိစာပေ၊ မြန်မာစာပေတို့တွင်သာမက ထိုင်း၊ ကမ္ဘောဒီးယား(ခမာ)၊ လောစသော အရှေ့တောင်အာရှစာပေတို့တွင်လည်း ထင်ပေါ်ကျော်ကြားပါသည်။ အရှေ့တောင်အာရှစာပေများတွင် ရှင်မာလဲကို Pra Malay ဟုခေါ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် ရှင်မာလဲကို 'ရှင်မာလဲပွဲ'၊ 'ရှင်မာလဲဘုရား'စသည်တို့နှင့် ယှဉ်တွဲ၍ အသိများကြပါသည်။ ရှင်မာလဲသည် မြန်မာအခေါ်ဖြစ်ပါသည်။ ပါဠိစာပေတွင်မူ ထိုအရှင်ကို 'မလိထေရ'၊ 'မဟာဒေဝ ထေရ'၊ 'မလိယ မဟာဒေဝထေရ'ဟူ၍ အမျိုးမျိုးဖော်ညွှန်းလေ့ရှိပါသည်။

ရှင်မာလဲသည် ဘုန်းတန်ခိုးကြီးသည်။ ဈာန်အဘိညာဉ်ရသည်။ မြေကို ခွဲ၍ ငရဲပြည်သို့လည်း ကြွနိုင်သည်။ နတ်ပြည်သို့လည်း ဈာန်ဖြင့် ကြွနိုင်သည်။ တစ်ခါသော် ထိုအရှင်သည် စူဠာမဏိစေတီကို ဖူးမြော်ရန် တာဝတိံသာနတ်ပြည်သို့ ကြွစဉ် မေတ္တေယျဘုရားအလောင်းတော် နတ်သားနှင့် တွေ့ရသည်။ နတ်သားက မိမိဘုရားဖြစ်ချိန်တွင် ကျွတ်တမ်းဝင်လိုသူတို့ ကျင့်သုံးလိုက်နာဖွယ်များကို ရှင်မာလဲအား ဤသို့ လျှောက်ထားလိုက်သည်။

ဘုရားစင်စစ်၊ ငါလျှင်ဖြစ်က၊ ဖူးရလွယ်ကူ၊ ကျွတ်လိုမူကား၊

http://www.cherrythitsar.org

ဘုရားသခင်၊ အရှင်ဂေါတမ၊ သမ္မာဒ္ဓလျှင်၊ မိန့်ဟဒေသနာ၊ ဟောခဲ့မှာ၍၊ ဂါထာတစ်ထောင်၊ မြားမြောင်လှချင်၊ တန်ဆာဆင်၍၊ ဇာတ်တွင်ထင်စွာ၊ မဟာဝေဿန္တရာ၊ ဇာတ်တကာတို့၊ လမှာ တန်ဆောင်မုန်း၊ ဆန်းတုန်းပေါ်တက်၊ ပြည့်သည့်ရက်တွင်၊ ကြည်ရွှင်စိတ်သံ၊ ညောင်းညာခံ လျက်၊ နှစ်သက်အားရ၊ အစအဆုံး၊ သိမ်းရုံးရိုသေ၊ နာကြလေလော့။

(ရှင်မာလဲဗျို့၊ အပိုဒ် ၂၅)

ကျွတ်တမ်းဝင်လိုသူများသည် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်ထားသောအပ်သော ဝေဿန္တရာ ဇာတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း နာကြရန် လျှောက်ထားခြင်းဖြစ်သည်။ ထို့ပြင် ကျွတ်တမ်းဝင်လိုသူများသည် ရဟန်းပြုကြပါ။ အဗြဟ္မစရိယာ သိက္ခာပုဒ်ကို စောင့်ထိန်းကြပါ။ သီတင်းသီလ ဆောက်တည်ကြပါ။ ဝေဿန္တရာဇာတ်တော်၏ ဂါထာတစ်ထောင်ကို ကြည်ညိုသောအားဖြင့် လှော်ကားသဏ္ဌာန်ပြုလုပ်ပြီး သစ်သီးမျိုးစုံ၊ ကြက်လျှာတံခွန်၊ ကုက္ကား၊ ထီး၊ ထမင်းဆုပ်၊ ပဒုမ္မာကြာ၊ ကြာညို၊ အောင်မဲညိုပန်းစသည်တို့ကို တစ်ထောင်စီ ပူဇော်၍ ဝေဿန္တရာဇာတ်ကို နာကြပါ။

ဤသို့လိုက်နာဆောင်ရွက်သူများသည် မိမိဘုရားဖြစ်သည့်အခါ ကျွတ်တမ်းဝင်ကြရပါလိမ့်မည်ဟု မှာကြားလျှောက်ထားသည်။ ရှင်မာလဲ မထေရ်သည် ထိုအကြောင်းကို လူ့ပြည်တွင် ပြန်လည်မိန့်ကြားသည်။ ထိုအခါကစ၍ တန်ဆောင်မုန်းလပြည့်နေ့တွင် ရှင်မာလဲပွဲဟူ၍ အစဉ်အဆက်ကျင်းပခဲ့ကြသည်ဟု ဆိုပါသည်။

လှော်ကားသဏ္ဌာန်ပြုလုပ်ပူဇော်ခြင်းမှာ နိဗ္ဗာန်သို့ ကူးသည့် မဂ္ဂင်ဖောင်ကြီးအဖြစ် တင်စားကာ ပူဇော်ခြင်းဖြစ်သည့်အတွက် 'လှော်ကားပွဲတော်' ဟူ၍လည်းကောင်း၊ လှုဖွယ်ပစ္စည်းတစ်ထောင်စီ ပူဇော်ခြင်းအတွက် 'ထောင်ပြည့်ပွဲတော်'ဟူ၍လည်းကောင်း ခေါ်ကြောင်းလည်း သိရပါသည်။

ရှင်မာလဲတရားနာသည့် အလေ့သည် မြန်မာနိုင်ငံတွင် ပုဂံခေတ်ကတည်းက ရှိနေပြီဖြစ်ကြောင်း၊ သက္ကရာဇ် ၅၆၃–ခုနှစ်ထိုး 'သင်ကြီး ညောင်အုပ်ကျောက်စာ'အရ သိရပါသည်။ (ယခုခေတ် စာလုံးပေါင်းနှင့် ဖလှယ်၍ ပြထားပါသည်။)

သက္ကရာဇ် ၅၆၃ ခု။ မြိုက္ကသိုလ်နှစ်။ သင်ကြီးညောင်အုပ် ဖုန်းမူသော တန်ခူးလဆန်း ၁၄ ရက်တနင်္ဂနွေနေ့ မာလဲနာ၏။

သင်ကြီးညောင်အုပ်ခေါ် ကုသိုလ်ရှင်သည် ကောင်းမှုပြုပြီး ရှင်မာလဲတရားနာကြောင်း မှတ်တမ်းတင်ထားကြောင်းဖြစ်သည်။ ဤကျောက်စာသည် မြန်မာစာပေတွင် ရှင်မာလဲအကြောင်း တွေ့ဖူးသမျှ အစောဆုံးဖော်ပြချက်ဖြစ်

http://www.cherrythitsar.org

ကြောင်း သမိုင်းပညာရှင် ဗိုလ်မျှားဘရှင်က ဆိုထားပါသည်။ တရားနာရာတွင် တန်ဆောင်မုန်းလ၌ မနာဘဲ တန်ခူးလ၌ နာခြင်းမှာမူ မည်သည့်အကြောင်း ကြောင့်ဟူ၍ မသိပါ။ နောက်ပိုင်းတွင်မူ ရှင်မာလဲ ပွဲတော်ကို တန်ဆောင်မုန်း လပွဲတော်အဖြစ် သတ်မှတ်ကျင်းပကြောင်း တွေ့ရပါသည်။ ပုဂံဝန်ထောက် ဦးတင်က . . .

"လောကသတ္တဝါ၊ တာရာထိန်ဆဲ၊ ကထိန်ပွဲလျှင်၊ ရှင်မာလဲပွဲ၊ တန်ဆောင်ပွဲက၊ ပွဲကြီးသုံးဖြာ၊ ကြုံကြိုက်ပါလိမ့်"

ဟူ၍ တန်ဆောင်မုန်းလ၏ ပွဲတော်သုံးမျိုးတွင် ရှင်မာလဲပွဲကိုပါ ထည့်သွင်း ဖွဲ့ဆိုထားပါသည်။

ရှင်မာလဲအကြောင်း ဖော်ပြသည့် စာပေများကို လေ့လာသောအခါ နတ်ပြည်ခရီးကိုသာ ဖော်ပြသော စာပေမျိုးနှင့် နတ်ပြည်ခရီးရော၊ ငရဲပြည်ခရီး ကိုပါ ဖော်ပြသော စာပေမျိုးဟူ၍ နှစ်မျိုးတွေ့ရပါသည်။

သာဓကဆောင်ရလျှင် မဓုရ ရသဝါဟိနီ ဝတ္ထုသည် နတ်ပြည်ခရီးကို သာ ဖော်ပြသော စာပေမျိုးဖြစ်သည်။ ထိုဝတ္ထုကို မထေရ်များက သီဟိုဠ် ဘာသာဖြင့် ပြုစုခဲ့ရာ အရှင်ရဋ္ဌပါလက ပါဠိဘာသာ ပြန်ဆို၍ ထိုမှတစ်ဖန် အရှင်ဝဇိရ ပဘာသာက မြန်မာဘာသာပြန်ဆိုကြောင်း သိရပါသည်။ ထိုဝတ္ထု လာ 'စူဠ ကလ္လကဏ္ဍကဝတ္ထု'အပိုင်းတွင် အရှင်မာလိယထေရ်အကြောင်း ဖော် ပြသည်။ ရှင်မာလိယသည် သီရိလင်္ကာကျွန်း ဝေရိယဝိဟာရကျောင်း ကမ္မဋ္ဌာန်း အုံ၌ သီတင်းသုံးနေစဉ် လေနာကပ်ရောက်၍ ရောဂါပျောက်မည့်ဆေးကို ဒိဗ္ဗ စက္ခုဖြင့် ကြည့်ရာ စူဠကလ္လရွာနေ ဥပါသကာတစ်ဦးထံ၌ ဆေးယာဂုရအုံ့သည် ကို မြင်၍ စျာန်ဖြင့် ကြွရောက်အလှူခံသည်။

ဥပါသကာက ဆေးယာဂုချက်ရန် စီစဉ်နေစဉ် မထေရ်က ဥပါ သကာကို တာဝတိံက နတ်ပြည်သို့ ခေါ်သွားသည်။ စူဠာမဏိစေတီတွင် မေတ္တေယျဘုရားလောင်းနတ်သားနှင့်တွေ့ရာ နတ်သားက ဥပါသကာကို နတ် ပုဆိုးတစ်စုံပေးပြီး ဒါနသီလစောင့်ရန် ဆုံးမသည်။ ထို့နောက် မထေရ်နှင့် ဥပါသကာတို့ စူဠကလ္လရွာသို့ ပြန်ဆင်းလာကြသည်။ ဆေးယာဂုကို မထေရ် သောက်သုံးရ၍ လေနာငြိမ်းပြီး သိမ်ကျောင်းသို့ ပြန်ကြွကြောင်းပါရှိသည်။ ထိုမူတွင် ရှင်မာလဲမထေရ်ငရဲပြည်ကြွသည့်အကြောင်း မပါဝင်ပေ။

မဟာဝံသ အဋ္ဌကထာကို ကျီးသဲလေးထပ် ဆရာတော် မြန်မာပြန် သော မဟာဝင်ဝတ္ထုတွင် ရဟန္တာငါးပါး၏ အကြီးအမှူးဖြစ်သော 'မလိယမဟာ ခေဝမထေရ်သည် သီရိလင်္ကာကျွန်း ဒုဋ္ဌဂါမဏိမင်းထံမှ ဘောဇဉ် အလှူခံ ကြောင်း ပါရှိပါသည်။

http://www.cherrythitsar.org

ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၆၆ ခုတွင် ရေးဖွဲ့ပြီးစီးသော ဦးနိုး၏ ရှင်မာလဲပျို့တွင်မူ ငရဲပြည်သို့ ကြွသည့်အကြောင်း၊ နတ်ပြည်သို့ ကြွသည့်အကြောင်း၊ အလောင်းတော် နတ်သားက မှာကြားသည့် အကြောင်းများ အပြည့်အစုံပါဝင်သည်။ ထိုပျို့ဖွဲ့ရသည့်အကြောင်းကို ဖော်ပြရာ၌ ပျို့နိဂုံးအပိုဒ် ၂၉ တွင်–

ရှေးက လက်ဘ၊ မာလဲစာလျှင်၊ အကွေရာမည်၊ စာစီမမှန်၊ ကာရန်မသွား၊ နားမနာသာ၊ ရှိခြင်းရာကြောင့်၊ လက်ဘတစ်သီး၊ နားမငြီးအောင်၊ ဘုရားကြီးဒါယကာ၊ စီကုံးပါဟု၊ ခြင်းရာကြောင်းလျှား၊ တောင်းပန်ကြားသည်၊ စကားမွှေးပျံ့ကြက်ရုံးတည်း။

ဟု ဖော်ပြထားချက်အရ ဦးနိုးမတိုင်မီကလည်း ရှင်မာလဲအကြောင်းကို ကဗျာလက်ဘများ ရေးဖွဲ့ခဲ့ကြဖူးကြောင်း သိရပါသည်။ ထိုင်းစာပေ၊ လောစာပေများတွင်လည်း ထိုခရီးစဉ်နှစ်မျိုးစလုံး ပါဝင်ကြောင်း ဗိုလ်မှူးဘရှင်က 'Shyan Ma Lai of the Burmese' ဟူသော စာတမ်းတွင် ဖော်ပြဖူးပါသည်။ မော်ဘီဆရာသိန်းကြီးသည် ပေါရာဏ ဒီပနီကျမ်းဒုတိယတွဲတွင် ရှင်မာလဲ ရဟန္တာအကြောင်းဟူ၍ အခန်းတစ်ခန်း ထည့်သွင်းဖော်ပြထားပါသည်။ ရှင်မာလဲ ပျို့လာအကြောင်းအရာနှင့်အတူတူပင်ဖြစ်ပါသည်။ ငရဲပြည်ခရီးရော၊ နတ်ပြည်ခရီးပါ ပါဝင်ပါသည်။ အဆုံးတွင် မော်ဘီဆရာသိန်းကြီးက ဤသို့ ဖော်ပြထားပါသည်။

"ၜင်းရှင်မာလဲပွဲတော်သည် ရှေးအခါက အမြို့မြို့အရွာရွာတို့၌ တန်ဆောင်မုန်းလပြည့်ကျရောက်လျှင် လှူဒါန်းကြမြဲဖြစ်သည်။ ယခုအခါ အောက်မြို့ကျေးရွာတွင် ပျောက်လျက် အထက်မြို့ကျေးရွာတို့၌ ပွဲတော်ပြုလုပ်လှူဒါန်းပူဇော်ကြသည်ကို တွေ့မြင်ရပေသည်။

အယုဒ္ဓယပြည်၊ ယွန်း ၅ မြို့နယ်တွင် တန်ဆောင်မုန်းလပြည့်အခါ ရှမ်းယွန်းဘုန်းကြီးများတို့သည် တရားဟောပလွင်ထက်က ဝေဿန္တရာ၏ ဇာတ်ဝတ္ထုပေစာကို ဖတ်၍ လူအများတို့အား ဟောကြသည်များကို တွေ့မြင်ခဲ့ဖူးပါသည်"

ဆရာကြီးကိုယ်တိုင် ထိုင်းနိုင်ငံဘက်တွင် ရှင်မာလဲ တရားနာခဲ့ရဖူးကြောင်း ထိုဖော်ပြချက်အရ သိရပါသည်။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရပုံများကိုလည်း မှတ်တမ်းတင်ထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ဖျာပုံဘက်တွင် ရှင်မာလဲ ထောင်ပြည့်ပွဲတော်ကို ကျင်းပဆဲဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းက ဆိုပါသည်။ ဗိုလ်မှူးဘရှင်ကမူ ရှင်မာလဲပွဲသည် ယခုအခါ မြန်မာနိုင်ငံအောက်ပိုင်းတွင် တိမ်ကောသွားပြီဖြစ်ကြောင်း၊ အထက်

http://www.cherrythitsar.org

မြန်မာနိုင်ငံအချို့ဒေသများတွင် ပွဲတော်ကျင်းပကြသော်လည်း ရှင်မာလဲပွဲ၏ မူလအဓိပ္ပာယ်ကို မသိကြတော့ကြောင်း မှတ်ချက်ချထားပါသည်။ ဘုရားပုထိုးများတွင်လည်း 'ရွှေမာလဲဘုရား'ဟူ၍ ရှိပါသေးသည်။ ရှင်မာလဲကို အကြောင်းပြု၍ မှည့်ခေါ်ခြင်းဖြစ်ပုံရပါသည်။ ကောက်စိုက်မတေးသံတစ်ပုဒ်တွင် ကောက်စိုက်မကလေးက သူ့ချစ်သူအား ရွှေမာလဲဘုရားသို့ အတူသွားပြီး ဖူးစာဆုံမည် မဆုံမည် သိရအောင် ကျောက်ချီရန်ခေါ်ပုံကို ဤသို့ ဖွဲ့ထားပါသည်။

ဘုရားဖူးချေစို့ရဲ့
မင်းပျို့ကို သွေး။
ဖူးချေစို့ ရွှေမာလဲ
တောင်ထဲမှာလေး။
ဘုရားစေတီမှာ
ခဲချီစို့လေး။
ပျိုချီမယ်စေတီလှကို
မင်းကြွခဲ့လေး။

ဒေါ်ခိုမဝေ။
အမှတ် ၂၈၈၊ ဇွန်၊ ၁၉၈၄၊

http://www.cherrythitsar.org

မြန်မာနှင့် ခါးတောင်းကျိုက်ယဉ်ကျေးမှု

မြန်မာတို့သည် ကြိုးစားအားထုတ်မှု မလျှော့ရန် တိုက်တွန်းလိုသည့် အခါ 'ခါးတောင်းကျိုက်ထား'ဟူ၍လည်းကောင်း၊ 'ခါးတောင်းကျိုက်မဖြုတ်နဲ့' ဟူ၍လည်းကောင်း တင်စားပြောဆိုတတ်ကြသည်။ အားကြိုးမာန်တက်လုပ်စရာ ကိုင်စရာရှိလျှင် ခါးတောင်းကျိုက်၍ လုပ်တတ်သော မြန်မာခေလေ့ကို အစွဲပြု၍ တင်စားခြင်းဖြစ်ပါသည်။

မှန်ပါသည်။ မြန်မာအမျိုးသားတို့သည် အားကြိုးမာန်တက်လုပ်စရာ ရှိလျှင် ခါးတောင်းကျိုက်၍ လုပ်တတ်ကြသည်။ ကိုလိုနီခေတ်တွင် ဂီတစာဆိုကြီး ရွှေတိုင်ညွှန့်က 'ခါးတောင်းကျိုက်ကာ ဟောဒီစစ်ကို နိုင်အောင်သာ တိုက်မယ်'ဟူ၍ 'ရာဇဝင်ကြွေး'သီချင်းဖြင့် မြန်မာ့ဇာတိမာန်ကို လှုံ့ဆော်ခဲ့ဖူးသည် မဟုတ်ပါလော။

စင်စစ် အားသွန်ခွန်စိုက် အလုပ်မျိုးတွင် ပုဆိုးကြီးဖားဖားနှင့်ဆိုလျှင် လွတ်လွတ်လပ်လပ်မလှုပ်ရှားနိုင်သည့်အတွက် ခါးတောင်းကျိုက်ကြခြင်းဖြစ်သည်။ ထိုမှတစ်ဖန် ခါးတောင်းကျိုက်ခြင်းသည် အားထုတ်ကြိုးပမ်းမှု သရုပ်ကို ဆောင်လာရသည်။

အချို့သော အာရှနိုင်ငံများတွင်လည်း မြန်မာနည်းတူ ခါးတောင်းကျိုက်သော အလေ့ရှိကြောင်း တွေ့ရသည်။ ပါဠိမြန်မာအဘိဓာန်တွင် ခါးတောင်းကျိုက်ခြင်းကို 'ကစ္ဆဗန္ဓန'ဟူ၍ ပြသည်။ ဇာတ်အဋ္ဌကထာတွင် လာသော 'ကစ္ဆံဗန္ဓိက္ခာ'ဟူသော ပုဒ်ကို 'ခါးတောင်းကျိုက်၍'ဟု မြန်မာပြန်လေ့ရှိသည်။ အိန္ဒိယနိုင်ငံသားတို့တွင် ရှေးကတည်းက ခါးတောင်းကျိုက် အလေ့ရှိပုံကို သာဓကများက ဖော်ပြနေသည်။ ယခုတိုင်လည်း ဒိုတီခါးတောင်းကျိုက်ထားသော အိန္ဒိယနိုင်ငံသားများကို တွေ့နေရသည် မဟုတ်ပါလား။ ထိုင်းနိုင်ငံ

http://www.cherrythitsar.org

တွင်လည်း ရှေးက အမျိုးသမီးများ ခါးတောင်းကျိုက်သည့် အလေ့ရှိကြောင်း စာပေများတွင် တွေ့ရပါသည်။

မြန်မာ့ရှေ့ဟောင်းပန်းချီ၊ ပန်းပုရုပ်များကို လေ့လာကြည့်လျှင် ပျူခေတ်ကတည်းက အမျိုးသားများ ခါးတောင်းကျိုက်သည့် အလေ့ရှိကြောင်း အထင်အရှားတွေ့နိုင်ပါသည်။

ခါးတောင်းကျိုက်ခြင်းကို အင်းဝခေတ်တွင် 'အောက်တောကျိုက်' ဟုခေါ်သည်။ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုတွင် ရှင်သာရိပုတ္တရာပညာရှိမြတ်နိုးပုံကို ဖော်ပြရာ၌ စူဠနီဗြဟ္မဒတ်မင်းဘဝက မဟောသဓာသုခမိန်ကို ကြည်ညိုမြတ်နိုးသဖြင့် အကယ်၍ ရေစောင့်ဘီလူးက စားဖို့တောင်းမည်ဆိုပါက မိမိသာ ခါးတောင်းကျိုက်ပြီး ဘီလူးပါးစပ်ထဲ ခုန်ဆင်းမည်၊ မဟောသဓာကိုမူ ဘီလူးအစားခံမည်မဟုတ်ကြောင်း ဖော်ပြရာ၌ 'မြစ္စာအောက်တောကျိုက်၍'ဟု သုံးနှုန်းထားသည်။ အင်းဝခေတ်က အခေါ်အဝေါ်ဖြစ်ကြောင်းထင်ရှားပါသည်။

တောင်ငူခေတ် နတ်ရှင်နောင်၏ ထိုးကွင်းမင်သေ့ဘွဲ့ရတုကို ကြည့်ရုံနှင့် ထိုခေတ်မြန်မာအမျိုးသားများ ပေါင်နှစ်ဖက်ပေါ်က ထိုးကွင်းစိမ်းစိမ်းကလေးများ ပေါ်အောင် ခါးတောင်းကျိုက်ပြီး အလှပြကြမည့် အသွင်ကို မြင်ယောင်ကြည့်နိုင်ပါသည်။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာက ပန်းလောင်မြစ်ကြောတွင် ထွက်ဝင်သွားလာနေသော ပိန်းကောလှေငယ်ရှင်တစ်ဦး၏ သွင်ပြင်ကို 'တျာချင်း'ဖြင့် ပုံဖော်ရာ၌ 'ခါးတောင်းကျိုက်လုံး ပခုံးခဲတွေ၊ ချွေးကလည်းစီး ဒီးဒီးကျသည့်ရေ'ဟု ဖွဲ့ထားသည်။ ခါးတောင်းကို လုံးကျစ်မြှောင်နေအောင် ကျိုက်ထားပြီး ထိုးဝါးကို တွန်းရထိုးရသော ပခုံးသားများကလည်း ဖုထစ်သန်မာနေပုံကို ပုံဖော်ထားခြင်းဖြစ်သည်။ ယောကျ်ားတစ်ယောက်၏ အားမာန်တက်ကြွဖွယ် ရုပ်သွင်ပါတည်း။

ကုန်းဘောင်ခေတ်တွင်မူ ခါးတောင်းကျိုက်ကို 'အောက်ပိုးကျိုက်'ဟူ၍လည်း ခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံ 'နောက်ပိုးကျိုက်'ဟူ၍လည်း ခေါ်လေ့ရှိကြောင်းတွေ့ရသည်။ ရှေ့က ဖော်ပြခဲ့သော စူဠနီဗြဟ္မဒတ်မင်းအကြောင်းကို မဟောသဓာဇာတ် အဋ္ဌကထာ နိဿယတွင် မြန်မာပြန်ရာ၌ 'ကစ္ဆဗန္ဓိကွာ၊ နောက်ပိုးကျိုက်၍'ဟု ပြန်ဆိုထားကြောင်း တွေ့ရသည်။

ခါးတောင်းကျိုက်ထားသော အသွင်သည် ကြမ်းတမ်းသော သဘောရှိသည်။ ဘလွှာတိယပျို့တွင် တောထဲ၌ မုဆိုးအသွင်ဖြင့် သမင်လိုက်နေသော ဘလွှာတိယမင်းကြီး၏ ဝတ်စားဆင်ယင်ပုံကို ဖွဲ့ရာ၌ 'သင်တိုင်း ဦးစွပ်၊ ဖန်ရည်တပ်သား၊ ကိုယ်ကျပ်အင်္ကျီ၊ ဖျော့ဖျော့နီနှင့်၊ ပင့်ချီတောလိုက်၊ ခါးတောင်း

http://www.cherrythitsar.org

ကျိုက်လျက်'ဟု တွင်းသင်းမင်းကြီးက ဖွဲ့ပြသည်။ တောဟန်ပေါက်ပြီး ကြမ်းတမ်းနေသော အသွင်ကို ပြခြင်းဖြစ်သည်။

ထို့အတူ မုံရွေးဆရာတော်ကလည်း 'ကုသပျို့'တွင် ပပဝတီ၏ တုံ့ပြန်မှုကို မျှော်ငံ့ရင်း စားဖိုဆောင်တွင် အိုးဆေးခွက်ဆေး အလုပ်ကြမ်းလုပ်နေရသော ကုသမင်းကြီး၏ ရုပ်သွင်ကိုဖွဲ့ရာ၌ 'ပုဆိုးလွှာကို၊ ရည့်ကာ မပိုက်၊ ခါးတောင်းကျိုက်၍၊ ငိုက်စိုက်ဦးခေါင်း၊ ပွဲတော်ဈေးတွင်၊ စလောင်းအိုးခွက်၊ ပွတ်လျက် ဆေးကြော၊ ကျွန်သဘောသို့'ဟု ဖွဲ့ထားပါသည်။

ကင်းဝန်မင်းကြီးကလည်း နေမိရကန်တွင် တင်းထိမ်ပြတ်ကို ခေါင်းပေါင်းပြီး ခါးတောင်းကို မသေမသပ်ကျိုက်ထားသော ရုပ်သွင်ကို 'တင်းထိမ်ပြတ်ခေါင်းပေါင်း၊ ခါးတောင်းအောက်ပိုး၊ ဒေါင်းသိုးသိုး၊ ဆိုးလှသည့်ပုံ'ဟု ဖွဲ့ကာ ကဲ့ရဲ့ထားပါသေးသည်။ ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်းသွင်ပြင်မျိုးကို ပုံဖော်ထားခြင်းဖြစ်ပါသည်။ ခါးတောင်းကျိုက်ရာတွင် ခါးနောက်မှ ပုဆိုးစကို ညှပ်ပြီး အပြင်သို့ ပြန်ချထားသော အစကို 'ခါးတောင်းမြီး'ဟုခေါ်သည်။ အမြီးကဲ့သို့ တန်းလန်းကလေး နေသောကြောင့်ဖြစ်သည်။ 'ပြေးလိုက်တာ ခါးတောင်းမြီးကလေးကို တန်းနေတာပဲ'ဟု အချို့သုံးကြသည်။ ပြေးနေစဉ် ခါးတောင်းမြီးကလေး လေဟုန်ဖြင့် တလွင့်လွင့်တန်းနေပုံကို ပုံဖော်ခြင်းဖြစ်ပါသည်။ ရှင်မြူးစရာ ပုံသွင်မျိုးဖြစ်ပါသည်။

ခါးတောင်းကျိုက်ခြင်းသည် မြန်မာ့နန်းဓလေ့နှင့်လည်း ဆက်နွယ်နေသေးသည်။ ရှေးက မင်းညီမင်းသားများ ခါးတောင်းကျိုက်နည်းနှင့် စစ်သည်သူရဲများ ခါးတောင်းကျိုက်နည်းဟူ၍ နှစ်နည်းရှိကြောင်း ဆရာကြီးဦးချမ်းမြက မိန့်ဆိုဖူးသည်။ မင်းညီမင်းသားများက ပုဆိုးကို ပွပွရွရွထားပြီး ခါးတောင်းကျိုက်လေ့ရှိကြသည်။ စစ်သည်သူရဲများကမူ ပိတုန်းများ မိမိတို့အိမ်ကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားသကဲ့သို့ ပုဆိုးကို တင်းကျပ်ပြီး ပိတ်နေအောင် လိပ်၍ ခါးတောင်းကျိုက်ကြသည်။

ထို့ကြောင့် ထိုခါးတောင်းကျိုက်နည်းကို 'ပိတုန်းပိတ်'ကျိုက်နည်းဟု ခေါ်ကြသည်ဟူ၍ မှတ်သားရပါသည်။ ဦးပုညက အချုပ်တန်းဆရာဖေကို တေးထပ်ဖြင့် တိုက်ခိုက်ရာ၌ 'ခါးတောင်းကျိုက် ပိတုန်းပိတ်နှင့် ကျုံးထိပ်ကငဖေ၊ ကုန်းပြိတ္တာတဏ္ဍေလို အသရေ ဟိတ်နွမ်း'စသည်ဖြင့် သရုပ်ဖော်ထားသည် မဟုတ်ပါလော။

ထို့ပြင် မြန်မာမင်းများလက်ထက်က လွတ်တော်ပေါ်သို့ အမိန့်တော်ခန့်ဗိုလ်မှတစ်ပါး အခြားမည်သူမျှ ခါးတောင်းကျိုက်လျက် မတက်ရဟူသော စည်းကမ်းသတ်မှတ်ချက်ရှိကြောင်းလည်း မှတ်သားရပါသေးသည်။

http://www.cherrythitsar.org

ဘုရင်က အထူးသဖြင့် သဒ္ဓါယုံကြည်တော်မူသော သူကို 'လက်သုံးတော်ကြီးကိုင်'ဟူ၍ ခန့်သည်။ ဒုတိယအရှယ် မှူးမတ်ဗိုလ်အရာရှိထဲမှလည်းကောင်း၊ အမျိုးအနွယ်စင်ကြယ်သော မှူးရိုးမတ်ရိုးထဲမှလည်းကောင်း ခန့်ထားခြင်းဖြစ်သည်။ ထိုလက်သုံးတော်ကြီးကိုင်တို့မှာ အနားကြယ်ထိုး ကတ္တီပါစိမ်း ထိုင်မသိမ်းအင်္ကျီနှင့် ရွှေကျင်ခတ်ပဝါစိမ်း ပေါင်းရသည်။ အနားကြယ်ထိုး ကတ္တီပါစိမ်း ဒူးထိ ဘောင်းဘီတိုပေါ်တွင် လွန်းများပုဆိုးကို အောက်ပိုးခါးတောင်းကျိုက်ဖြင့် အမြဲဝတ်ဆင်၍ ခစားရသည်။ လက်သုံးတော်ကလေးတို့မှာလည်း ထို့နည်းတူ အနီရောင်ဝတ်ဆင်ရပြီး အနားငွေဇာဖျင်သတ် ဒူးထိ ဘောင်းဘီပေါ် လွန်းများပုဆိုးကို ခါးတောင်းအောက်ပိုးကျိုက်လျက် ခစားရသည်။ ဘုရင့်ရှေ့တွင် အမြဲ ခါးတောင်းကျိုက်ခွင့် ရသူများဖြစ်သည်။

ထိုသို့ခွင့်ရသူမဟုတ်ဘဲ ဘုရင့်ရှေ့မှာ ခါးတောင်းကျိုက်မိပါက ပြဿနာဖြစ်တတ်ပုံကိုလည်း လှိုင်ထိပ်ခေါင်တင်၏ ဝိဇယကာရီနန်းတွင်း ဇာတ်တော်ကြီးတွင် တွေ့ရဖူးသည်။ ဝိဇယကာရီမင်းသားသည် မြင်းစီးလာပြီး မြင်းပေါ်က ဆင်းသောအခါ မေ့လျော့၍ ခါးတောင်းကျိုက်တော်ကို မဖြုတ်မိဘဲ သန်လျက်ကိုင်ကာ ဘုရင့်ရှေ့ဝင်မိရာ ဘုရင်က သူ့ကို သတ်ရန်လာသည်ဟု အထင်မှားသည့် ဇာတ်ကွက်တစ်ကွက်ပါဝင်ပါသည်။

ရှေးက မြန်မာအမျိုးသားတို့၏ ယောကျ်ားပီသသော အသွင်ကိုပုံဖော်မည်ဆိုလျှင်ခါးတောင်းကျိုက်နှင့် ထိုးကွင်းမင်ကြောင် ပါမြဲဖြစ်သည်။ ဘောင်းဘီအောက်ခံပေါ်တွင် ခါးတောင်းကျိုက်ထားပြီး ကော်ရစ်ခေါ် မင်ကြောင်များနှင့်တင့်တယ်နေသော မင်းမှူထမ်းအသွင်ကို 'စွပ်ဘီဘောင်းခါးတောင်း မင်ကော်ရစ်ကယ်နှင့်'ဟူ၍လည်းကောင်း၊ ခြင်းလုံးခတ်နေသောအသွင်ကို 'ခါးတောင်းရယ် မြှောင်၊ မည်းမှောင်တဲ့ သျှောင်စောင်း၊ ပျိုလေးတို့ ရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း'ဟူ၍လည်းကောင်း ကဗျာဖွဲ့ခဲ့ကြပါသည်။

ခါးတောင်းကျိုက်သည့်အလေ့သည် မြန်မာ့ဇာတ်သဘင်တွင်လည်း နေရာယူလျက်ရှိသည်မှာ ယခုတိုင်ပင်ဖြစ်ပါသည်။ မင်းသားများ ခါးတောင်းကျိုက်၍ ကကြသည်မှာ ရှေးရာမ၊ အီနောင်စသည့် နန်းတွင်းဇာတ်ကြီးများမှာ ကတည်းက ဖြစ်သည်။ ရတနာပုံခေတ် မင်းသားများသည် ဗလာပုဆိုးကို ကြက်မြီးခါးတောင်းကျိုက်၍ ထိုင်မသိမ်းအင်္ကျီဝတ်ပြီး ရင်အုံနှင့်လည်တိုင်မှာ ဆေးနီထိုးလေ့ရှိကြောင်း သိရသည်။ ခါးတောင်းကျိုက်ပြီးနောက် ကြက်မြီးကဲ့သို့ အမြီးကလေးချထားခြင်းဖြစ်သည်။

မြန်မာ့သဘင်တွင် 'ခါးတောင်းကျိုက်မင်းသား'ဟု ခေါ်သော မင်းသားလတ်များ ပေါ်ပေါက်လာခဲ့သည်။ အသက်ကြီး၍ဖြစ်စေ၊ အသံပျက်၍ဖြစ်

http://www.cherrythitsar.org

စေ တစ်ခုခုရွှေတ်ယွင်းသဖြင့် မင်သားနုလည်းမက၊ မင်းသားကြီးလည်းမကျ၊ ထိုစပ်ကြားမှာ ခါးတောင်းကျိုက် မင်းသားလတ်ဟုလည်း ပေါ်ပေါက်ခြင်းဖြစ်သည်။ မင်းသားကြီး ဦးစိန်ကတုံးဆိုလျှင် များသောအားဖြင့် 'ခါးပုံချမင်းသား' အဖြစ် ညက်ညက်ညောညော ကပြလေ့ရှိသော်လည်း မမာမကျန်းဖြစ်ပြီး နဂိုသံအတိုင်း ဟစ်အော်မရသဖြင့် ခါးတောင်းကျိုက်မင်းသားလတ်အသွင် ဝတ်ဆင်ပြီး မြူးမြူးသွက်သွက်ကခဲ့ရာ နှစ်သက်သဘောကျသဖြင့် ဦးစိန်ကတုံးကို တပည့်ခံသော ခါးတောင်းကျိုက်မင်းသားလတ်များ သူ့ထက်ငါ ပေါ်ထွန်းခဲ့သည်ဟု ဆိုပါသည်။

မင်းသားများ ပုဆိုးဝတ်ရာ၌ (ခါးပုံတင်လူယဉ်၊ ခါးပုံထိုး လူရိုး၊ ခါးတောင်းကျိုက် လူမိုက်)ဟူ၍ ဆိုရိုးရှိသော်လည်း ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် ခါးတောင်းကျိုက်နှင့် လိုက်အောင် ခြေက အမျိုးမျိုးထွင်၍ ကြည့်ကောင်းအောင် ကနိုင်ခဲ့သဖြင့် အချို့မင်းသားများ ခါးတောင်းကျိုက်နှင့်လိုက်ကကြကြောင်း ဆရာကြီးဦးဂုဏ်ဘဏ်က မိန့်ဆိုခဲ့ဖူးပါသည်။

ဤသို့ဖြင့် ခါးတောင်းကျိုက်ခြင်းသည် အားကြိုးမာန်တက်သဘောကိုဆောင်သော မြန်မာမှုတစ်ခုဖြစ်နေသည့်အလျောက် သေကျွတောင်ဆရာတော် ဦးတိလောကသည် ပဏ္ဍိတဝေဒနိယဒီပနီကျမ်းတွင် တပည့်များအား ကမ္မဋ္ဌာန်းပေးရာ၌၊ စိတ်ခါးတောင်းကို နာနာကျိုက်ကြ တပည့်တို့ဟု ဩဝါဒပေးခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ တက်ကြွသော ဇာတိမာန်စိတ်ဓာတ်ကို ဆရာဇော်ဂျီကလည်း 'စိတ်ခါးတောင်းကျိုက်'ဟူ၍ တင်စားခဲ့ပါသည်။ လုပ်မဟဲ့ ကိုင်မဟဲ့ ဟူသော တက်ကြွသည့် သဘောကိုပြသော တင်စားချက်ပင်။

မြန်မာစကားပုံများထဲတွင် 'ခါးတောင်ကျိုက်တလွဲ တင်တလွဲ' 'ခရုခါးတောင်းကျိုက်ဖမ်းသည်'ဟူသော စကားပုံများ ပါဝင်နေခြင်းကလည်း မည်မျှအသားကျအနည်ထိုင်နေသော မြန်မာမှုတစ်ရပ်ဖြစ်ကြောင်း သက်သေပြနေပါသည်။ ထို့ပြင် "ခါးတောင်းကျိုက်မမြဲသေးသော အနွယ်"၊ "ချောင်းရေက ခါးတောင်းကျိုက်လွတ်ရုံကလေး ရှိသည်"ဟူသော နေ့စဉ်သုံးစကားများ၊ "ခါးတောင်းမြှောင်အောင်ကျိုက်"၊ "ခါးတောင်းကျိုက် တင်ကျ"၊ "ဒူးဖုံးခါးတောင်းကျိုက်"၊ "ခါးတောင်း ဖင်ကြားညှပ်" စသည့် ခါးတောင်းကျိုက်ပုံများကို ဖော်ပြသည့် စကားများလည်း ရှိပါသည်။

ခါးတောင်းကျိုက်ယဉ်ကျေးမှုသည် စိတ်ဝင်စားဖွယ် မြန်မာမှုတစ်ခုဖြစ်ပါပေသည်။

ဒေါ်ခင်ဇော်
အမှတ် ၃၁၄၊ ညဂုတ်၊ ၁၃ရပ်၊

http://www.cherrythitsar.org

စာတော်ဖတ်

ဆရာကြီးရွှေဥဒေါင်းသည် 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ်တွင် မိမိ၏ မိခင်အကြောင်းကို ဖော်ပြရာ၌ မိမိ၏အဘိုး(မိခင်၏ ဖခင်)မှာ မင်းတုန်းမင်း၏ စားတော်ကဲဖြစ်ကြောင်းနှင့် အစချီကာ ဤသို့ ဖော်ပြဖူးပါသည်။

"ကျွန်ုပ်အဘိုး၏ ရာထူးကို အကြောင်းပြု၍ ကျွန်ုပ်၏ မိခင်မှာလည်း အရွယ်ရောက်သောအခါတွင် 'မင်းနှစ်ပါး'တို့၏ 'စာတော်ဖတ်' ဖြစ်လာရသည်။ အရွယ်ငယ်သေးသောကြောင့် (၁၈–နှစ်သမီး) စာတော်ဖတ်ကြီးများဖြစ်ကြသည့် 'သခင်ကြီး'များ လက်အောက်တွင် စာတော်ဖတ်ကလေးမျှသာ ဖြစ်ခဲ့ရသေးသော်လည်း မိခင်မှာ အလွန်အသံကောင်းလှသည်။ ကျွန်ုပ်ငယ်စဉ်က ပုခက်ထဲ၌ အိပ်မည်ပြုစဉ် မိခင်က တေးသီချင်းဆို၍ ပုခက်လွှဲခြင်းကို ဖခင်၏ ဖိနပ်အလုပ်သမားများက နားထောင်ကြရသောကြောင့် ကျွန်ုပ်အိပ်မည့် အချိန်ကို စောင့်မျှော်နေကြသည်ဟု အလုပ်သမားများ ပြောကြသည်။ မိခင်သီဆိုတတ်ခြင်းမှာ ပတ်ဗျိုး၊ ယိုးဒယား၊ သီချင်းကြီး၊ သီချင်းခန့်မဟုတ်ဘဲ ရတု၊ ရကန်၊ ပျို့၊ အဲအိုင်စသည်တို့သာ ဖြစ်၍ ခုံညားလွန်းလှသော်လည်း အသံကောင်းသည့်အတွက်ကြောင့် နားထောင်၍ ကောင်းခြင်းကို ကျွန်ုပ်လည်း ကြားရဖူးသည်။

ဤစာပိုဒ်ကို ဖတ်ရသောအခါ ဆရာကြီးရွှေဥဒေါင်း၏ မိခင်ငယ်စဉ်က အမှုထမ်းခဲ့ရသော 'မင်းနှစ်ပါးတို့၏ စာတော်ဖတ်'ဟူသော ရာထူးအကြောင်းကို စိတ်ဝင်စားမိပါသည်။ မင်းနှစ်ပါးဆိုသည်မှာ မင်းတုန်းမင်းနှင့် သီပေါမင်းကို ဆိုလိုကြောင်း သိရပါသည်။ သို့ဖြစ်လျှင် စာတော်ဖတ်ဟူသည် မည်သည့် အလုပ်မျိုးပါနည်း။ မင်းနှစ်ပါးထံတွင် စာတော်ဖတ်များသည် မည်သို့အမှုထမ်းရပါသနည်း။ ဤသို့ ဤနှယ်မေးခွန်းများ စိတ်ထဲမှာ ပေါ်ပေါက်လာရပါသည်။

---

http://www.cherrythitsar.org

စာတော်ဖတ်အကြောင်းကို သိချင်သည့်အတွက် ရှာဖွေကြည့်သော အခါ 'ပင်စင်အငြိမ်းစား ဝန်ထောက်မင်း ဦးမောင်မောင်တင် စီရင်ရေးသား သည့် ရွှေနန်းသုံးဝေါဟာရ အဘိဓာန်၊ ပထမတွဲ'တွင် စာတော်ဖတ်အကြောင်း ကို ဤသို့တွေ့ရပါသည်။

. . .ဖတ်ရွတ်မှုကျွမ်းကျင်သော လေးနက်သာယာနာပျော်ဖွယ် အသံနှင့် ပြည့်စုံသော သူကို ရွေးချယ်၍ စာတော်ဖတ်ခန့်တော်မူသည်။

ယင်းသည့် စာတော်ဖတ်များမှာ မှန်နန်းတော် အရှေ့စနေဆောင် တွင် အလှည့်ကျဝင်၍ အိပ်ဖန်အိပ်ရသည်။ ညအခါ ဧကရာဇ်မင်းမြတ် စက်တော်ခေါ်ရာ သလွန်တော်သို့ စံတော်မူလျှင် စက်ခန်းတော်အပြင် ရွှေနားတော်ကြားတော်မှလောက်သော နေရာက ဒူးပုဆစ်တုပ်ပျပ်လျက် ဧာတ်ဝတ္ထု၊ ရာဇဝင်စသည်များကို ဖတ်ရသည်။

ဖတ်ရွတ်မှု ကျွမ်းကျင်ခြင်းဆိုရာ၌ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးခေါ် 'အက္ခရာ တို့ကို ရွတ်ဆိုပုံ ဆယ်ပါး'ကို ကျွမ်းကျင်ခြင်းပင်ဖြစ်ပါသည်။ အက္ခရာတို့ကို ဆက်စပ်၍ ဖတ်ခြင်း၊ ပိုင်းဖြတ်ဖတ်ခြင်း၊ ဖွင့်၍ ဖတ်ခြင်း၊ ပိတ်၍ ဖတ်ခြင်း၊ ရှည်ရှည်ဖတ်ခြင်း၊ တိုတိုဖတ်ခြင်း၊ လေးလေး ဖတ်ခြင်း၊ ပေါ့ပေါ့ဖတ်ခြင်း၊ အသံတင်းတင်းဖတ်ခြင်း၊ အသံလျော့လျော့ ဖတ်ခြင်းဟူ၍ သူ့နေရာနှင့်သူ ဌာန်ကရိဏ်းကျကျ ရွတ်ဖတ်တတ်သူကို ရွေးချယ်၍ စာတော်ဖတ်ခန့်ထားမြဲ ဖြစ်ကြောင်း သိရပါသည်။

မင်းတုန်းမင်းလက်ထက်တွင် စာတော်ဖတ်များ ဖတ်ရသော စာများ အကြောင်းကိုလည်း မှတ်သားဖွယ် ဖော်ပြထားပါသေးသည်။ တောင်လေးလုံး ဆရာတော်ရေးသားသော အဗ္ဗာသယပါမောဇ္ဇကျမ်း၊ သမန္တပါမောဇ္ဇကျမ်း၊ သာ သနာပိုင် ဆရာတော် ဦးဥေယျရေးသားသော သုရာဓမဂ္ဂဒီပနီကျမ်း၊ ဘုရားကြီး ဆရာတော် ဦးဇာဂရ ရေးသားသော သံဝေဂ ဝတ္ထုဒီပနီစသည့် လောကုတ္တရာ ကျမ်းများကို ဖတ်လျှောက်ရကြောင်း သိရပါသည်။ စာတော်ဖတ် သုံးယောက် က ညဦးလှည့်၊ အလယ်လှည့်၊ အလင်းလှည့်ဟူ၍ တာဝန်ခွဲကာ ထိုကျမ်းများ ကို အလှည့်ကျဖတ်လျှောက်ရသည်။ စာတော်ဖတ်ခြောက်ယောက်ရှိ၍ လစာ ၁၈၀ိ ရကြောင်း ဖော်ပြထားပါသည်။

မင်းနှစ်ပါးလက်ထက်တွင် စာတော်ဖတ်အဖြစ် အမှုထမ်းရသူတစ်ဦး မှာ နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အဝေးရောက်မင်း ဦးအောင်ကြီးဖြစ်ပါ သည်။

အဝေးရောက်မင်းသည် အသက်ရှစ်ဆယ်ကျော်အရွယ် ၁၉၃၉ ခုနှစ် တွင် သိပ္ပံမောင်ဝနှင့် ရွှေဘိုတွင် တွေ့ဆုံကြသည်။ သိပ္ပံမောင်ဝက အဝေး

http://www.cherrythitsar.org

ရောက်မင်းကို အိမ်သို့ပင့်ပြီး သိလိုသော အကြောင်းများကို မေးမြန်းသည်။ အဝေးရောက်မင်းကလည်း စိတ်ရှည်လက်ရှည်ဖြေကြားသည်။ အဝေးရောက်မင်းသည် ထိုရာထူးမရမီ စာတော်ဖတ်အဖြစ် အမှုထမ်းခဲ့ရသည်။ ငယ်စဉ်က စာရေးစာမေးပွဲအောင်မြင်ပြီးနောက် ကင်းဝန်မင်းကြီး၏ အစီအစဉ်အရ ပျို့ကဗျာလက်ရာများ လေ့လာရသည်။ ထို့နောက် ကင်းဝန်မင်းကြီးက အပ်နှံပေးသဖြင့် နာခံတော်ပြော့ကြီးမှူး ဦးဘိုထံတွင် လေးချိုးဧချင်းရတုရကန်လူးတားများ ဆိုတတ်အောင် သင်ရသည်။ ထိုစဉ် မင်းတုန်းမင်းက စာတော်ဖတ်တစ်ယောက် အလိုရှိသဖြင့် ကင်းဝန်မင်းကြီးက ဦးအောင်ကြီးကို မင်းတုန်းမင်းထံ အပ်သည်။ စာရေးတော်လခ ၃၀ ကျပ်၊ စာတော်ဖတ်လခ ၃၀ ကျပ်ပေါင်း ၆၀ ကျပ်ရသည်ဟု ဆိုပါသည်။ သိပ္ပံမောင်ဝက မေးသည့်အတွက် အဝေးရောက်မင်းက ဤသို့ပြောပြသည်။

"ည ၉ နာရီအချိန်လောက်မှာ ညီလာခံကွဲလို့ မင်းတရားကြီး အဆောင်တော်ဝင်လာတဲ့အခါ စာတော်ဖတ်က မင်းတရားကြီးအမိန့်တော်ရှိတဲ့ စာအုပ်ကို ဖတ်ပြရတယ်။ မင်းတရားကြီးနဲ့ မိဖုရားကြီးတို့က သလွန်ပေါ်ကနေပြီး နားထောင်တော်မူကြတယ်။ စာတော်ဖတ်က ဘုရားစင်အနား အပြင်ကနေပြီး ရပ်ကာ ဖတ်ရတယ်။ စာတော်ဖတ်က ဘုရားစင်ဘက်ကို မျက်နှာပေးပြီး မင်းတရားကြီးနဲ့ မိဖုရားကြီးတို့ဘက်ကိုတော့ ဘေးပေးပြီး ဖတ်ရတယ်။ မင်းတရားကြီးနဲ့ မိဖုရားကြီးတို့ဟာ စာပေကိုတော့ တော်တော်အရိုအသေပေးကြတာကလား"

"စာတော်ဖတ်တဲ့အခါ ဘာစာတွေကို ဖတ်ပြရပါသလဲ"

"စာအုပ်တွေကတော့ စုံလို့နေတာပဲ၊ လက်ဘက်ကဆို ရတုရကန်၊ ဧချင်း၊ ပျို့၊ လူးတားတို့၊ စကားပြင်ဘက်ကဆိုရင်လည်း ဓိနတ္ထပကာသနီ ကျမ်း၊ သံဝေဂဝတ္ထု ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်တို့ကို ဖတ်ရတာပါပဲ။ ရတုရကန်ဧချင်းတို့ကို ဖတ်တဲ့အခါမှာ အသံနေ အသံထားနဲ့ ဖတ်ရတယ်။ အဲဒါကြောင့် စာတော်ဖတ်မလုပ်ခင် ရတုရကန် ဧချင်းဆိုနည်းဖတ်နည်းတွေကို သင်ကြားရတာပေါ့"

"စာဖတ်တဲ့အခါ စာတော်ဖတ်က ကြိုက်တဲ့စာကို ဖတ်ရသလား၊ မင်းတရားကြီးက အဖတ်ခိုင်းတဲ့ စာကို ဖတ်ရသလား"

"မင်းတရားကြီးက သည်ည ဘယ်စာကို ဖတ်လို့ အမိန့်ပေးတယ်၊ သူအဖတ်ခိုင်းတဲ့စာကို ဖတ်ရတာပါပဲ"

"မင်းတုန်းမင်းကြီးက ဘယ်လိုစာမျိုးကို ပိုပြီး ကြိုက်နှစ်သက်ပါသလဲ"

http://www.cherrythitsar.org

"မင်းတုန်းမင်း တရားကြီးက ပျို့၊ ကဗျာ၊ လင်္ကာတွေကို တယ်မကြိုက်ဘူး။ ဇိနတ္ထပကာသနီနဲ့ သံဝေဂဝတ္ထုတွေကို အဖတ်ခိုင်းတာများတယ်။ မဟာဝင်ကိုလည်း ကြိုက်ရဲ့။ တစ်ခါတစ်ခါတော့ ကိုးခန်းပျို့ကို အဖတ်ခိုင်းတယ်။ ကိုးခန်းပျို့မှာလည်း မင်းသားလေးပါ။ တောထွက်ခန်းကို အဖတ်ခိုင်းလေ့ရှိတာပါပဲ"

အဝေးရောက်မင်းသည် သီပေါမင်းလက်ထက်တွင်လည်း စာတော်ဖတ်အဖြစ် ဆက်လက်ထမ်းရွက်ရသည်။ တစ်နှစ်ခန့်အကြာတွင် အဝေးရောက်မင်း(အဝေးမှ နေပြည်တော်သို့ ရောက်လာသော စာများကို ကြည့်ရှုပြီး မင်းတရားကြီးထံ ဆက်သင့်သည်ကို ဆက်၊ လွှတ်တော်ပို့သင့်သည်ကို ပို့စသည်ဖြင့် စီမံခန့်ခွဲပေးရသော အရာရှိ) အဖြစ် ရာထူးတိုးမြှင့်သွားကြောင်း အဝေးရောက်မင်းက မိန့်ကြားပါသည်။

"သီပေါမင်းတရားကတော့ ပျို့ကိုသာပြီး ကြိုက်နှစ်သက်တယ်" ဟုလည်းဆိုပါသည်။ ဦးအောင်ကြီးနှင့်အတူ စာတော်ဖတ်အဖြစ် အမှုထမ်းသူများမှာ 'မောင်သံတိုင်၊ မောင်ကျော်မြ၊ မောင်အို'တို့ဖြစ်ကြောင်း၊ မောင်အိုမှာ နာခံတော် ဝေါကြီးမှူးဦးခြ(၏) အစ်ကိုဖြစ်ကြောင်း၊ အဆိုကောင်းအရေးကောင်းသူဖြစ်ကြောင်းတို့ကိုလည်း မိန့်ကြားပါသေးသည်။ ဤအကြောင်းများကို သိပ္ပံမောင်ဝက 'အဝေးရောက်မင်း ဦးအောင်ကြီး'ဟူသော ဆောင်းပါးတွင် ဖော်ပြထားပါသည်။

ဤရေးသားချက်များကို ဖတ်ရသောအခါ 'စာတော်ဖတ်'ဟူသော ရာထူးအကြောင်းကို ကွဲကွဲပြားပြား သိမြင်လာရသည့် နည်းတူစာတော်ဖတ်၏ ဂုဏ်ကိုလည်း အလေးအနက် သဘောပေါက်လာရပါသည်။ စာတော်ဖတ်ဟူသည် သာမည အလုပ်မျိုးမဟုတ်ပါတကား။ စာပေအဖတ်အရှုအရွတ်အဆိုနှင့် ပတ်သက်၍ ကျွမ်းကျင်လိမ္မာအောင် ပညာဖြည့်ဆည်းပြီးမှ တာဝန်ထမ်းဆောင်နိုင်သော အလုပ်မျိုးပါတကားဟုလည်း နားလည်လာရပါသည်။ 'စာတော်ဖတ်' ဟူသော စကားသည် မြန်မာ့ယဉ်ကျေးမှု၏ အလှကွက်တစ်ကွက်ကို သိမ်မွေ့စွာ ဖော်ညွှန်းနေသည်ဟု ဆိုရမည်သာဖြစ်ပါသည်။

စကိုး

၁။ ရှေ့ဘေါင်း၊ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ။
၂။ ဦးမောင်မောင်တင်၊ ရှေ့ချန်းဘုံးဝေါဟာရ အဘိဓာန်ပထမတွဲ။
၃။ သိပ္ပံမောင်ဝ၊ ခေတ်ခမ်းရာဇဝင်ရေးများ။

ဒေါက်ခိုမဲ့ရွှေ
အမှတ် ၃၃၅၅၊ မေ၊ဘုရဏ၊

ရုပ်ပုံလွှာအတို့အထိများ

[၁]

ပန်းချီကားတစ်ချပ် ရေးဆွဲသည်ဆိုပါစို့။

ပန်းချီဆရာက တစ်ချက်ကောင်း နှစ်ချက်ကောင်းတို့ လိုက်ထိလိုက်သော စုတ်ချက်ကလေးများကြောင့် ပန်းချီကားမှာ ပို၍ ရုပ်လုံးကြွလာခြင်းမျိုး၊ ပို၍ အသက်ဝင်ခြင်းမျိုးရှိတတ်ပါသည်။ ထို့အတူ အကြောင်းအရာတစ်ခုခုကို စာဖြင့် ရေးဖွဲ့ပုံဖော်ရာတွင်လည်း အဆိုပါ စုတ်ချက်ကလေးများကဲ့သို့ပင် တစ်ကွက်ကောင်းနှစ်ကွက်ကောင်း တို့လိုက် ထိလိုက်သော အတို့အထိကလေးများသည် အရေးပါတတ်သည်။

[၂]

"ဟယ်. . .အမတ်တို့၊ နင်တို့ ငါ့ကို အိုပြီဟူ၍ မှတ်ကြသည်။ ငါမအိုသေး"

ဤစကားသည် စိတ်ဝင်စားဖွယ် ကောင်းသကဲ့သို့ ဤစကားနှင့် ဆက်နွယ်နေသော ဖြစ်ရပ်ကလေးသည်လည်း စိတ်ဝင်စားဖွယ်လေး ဖြစ်ပါသည်။ ဤစကားကို မိန့်ခွန်းသူကား အခြားမဟုတ်။ ပုဂံခေတ်က ဘုန်းတန်ခိုးကြီးမားသော ဘုရင်တစ်ပါးအဖြစ် ထင်ရှားသော အလောင်းစည်သူမင်းကြီး ဖြစ်သည်။

မိန့်ခွန်းရသည့် အကြောင်းမှာလည်း ဇာတ်လမ်းကလေးတစ်ခုသ ဖွယ်ဖြစ်ကြောင်း အများကြားဖူးကြပါသည်။ အလောင်းစည်သူမင်းကြီးသည် ညီလာခံတစ်ခုတွင် လက်ရုံးဆန့်တန်း၍ ကြုံးဝါးမိသည်။ သို့သော် အိုမင်းနေ

http://www.cherrythitsar.org

ပြီးဖြစ်သည့်အတွက် လက်မောင်းမှ အရေခွံအောက်သို့ တွဲကျ(လက်ပျဉ်းကျ)နေသည်ကို အမတ်တို့ မြင်သည့်အတွက် တိတ်တခိုး ရယ်ကြသည်။

ဤသို့ ပမာမခန့်ရယ်သော ပြောင်လှောင်သော အမတ်တို့ကို မင်းကြီးက သင်ခန်းစာပေးလိုသည်။

ထို့ကြောင့် 'တူရွင်းတောင်ခြေတွင် ဦးပေါင်းကျားနှင့် မြင်းကျားစီးကာ လုယက်ရမ်းကားသော လူဆိုးတစ်ယောက်ရှိသည်။ ထိုလူဆိုးကို မိအောင် ဖမ်းရမည်'ဟု အမတ်တို့ကို အမိန့်ပေးသည်။

ထို့နောက် မင်းကြီးတို့ မိမိစီးတော်မြင်းကို ဝမ်းဗိုက်တွင် ဝတ်လဲပုဆိုးဖြူပတ်ပြီး မြင်းကျားသဏ္ဌာန်ပြုသည်။ မိမိကိုယ်တိုင်လည်း ဦးပေါင်းကျားကို ပေါင်းသည်။ ထို့နောက် မြင်းစီးပြီး တူရွင်းတောင်ခြေသို့ ထွက်သွားသည်။

မိမိကို ဖမ်းရန် မြင်းစီးနှင်လာသော အမတ်ကြီး စစ်သူကြီး လေးယောက်ကို ရင်ဆိုင်သည်။ မြင်းလေးစီး ဝိုင်းရံနေသည့်ကြားက လွတ်အောင်တိုက်ဖောက်ပြီး မြင်းရေးပင် အမျိုးမျိုး ကစားပြလိုက်သေးသည်။ အမတ်တို့မှာ လွန်စွာ ကြောက်ရွံ့သွားကြသည်။

နောက်နေ့ညီလာခံတွင် မင်းကြီးက မေးသဖြင့် အမတ်တို့က ထိုဦးပေါင်းကျားနှင့် မြင်းကျားရှင်မှာ တန်ခိုးရှင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိမြင်းသည်တော်များ ဝိုင်းဖမ်း၍ပင် ရမည်မဟုတ်ကြောင်း လျှောက်ထားကြသည်။ ထိုအခါ မင်းကြီးက အထွေအထူးရှင်းမပြတော့ဘဲ ရှေ့တွင် ပြခဲ့သည့်အတိုင်း "ဟယ်. . .အမတ်တို့၊ နင်တို့ ငါ့ကို အိုပြီဟူ၍ မှတ်ကြသည်။ ငါမအိုသေး"ဟူ၍ မိန့်ကြားလိုက်ခြင်းဖြစ်သည်။ ထိုအခါကျမှ ထိုသူမှာ မင်းကြီးကိုယ်တိုင်ဖြစ်ကြောင်း သိသွားကြပြီး အလွန်ကြောက်ရွံ့သွားကြတော့သည်။

ဤဖြစ်ရပ်ကလေးကို ဦးကုလားမဟာရာဇဝင်စသော ရာဇဝင်များတွင် တွေ့နိုင်ပါသည်။ အလောင်းစည်သူမင်းကြီး၏ ကြီးကျယ်လေးနက်သော အခြားလုပ်ဆောင်ချက်များနှင့် ယှဉ်ကြည့်လျှင် ဤဖြစ်ရပ်ကလေးသည် ဘာမှ မကြီးကျယ်သော သာမန်ဖြစ်ရပ်ကလေးမျှသာဟု ဆိုချင်ဆိုနိုင်ပါသည်။

သို့သော် မိမိ၏ ဘုန်းတန်ခိုးအစွမ်းအစကို တစ်သက်လုံးပြလာခဲ့သော အလောင်းစည်သူ၏ အခြားဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေရှိသော ဖြစ်ရပ်ကလေးဟူ၍မူ ဆိုနိုင်ပါလိမ့်မည်။ ထိုမျှမက လူအိုသော်လည်း အစွမ်းသတ္တိမအိုသော ရာဇပရိယာယ်ကြွယ်ဝသော အလောင်းစည်သူမင်းကြီး၏ သဘောစရိုက်ကို ထင်းခနဲ ပေါ်လွင်စေသော အတို့အထိကလေးတစ်ခုဖြစ်သည်ဟူ၍ ဆိုရပါလိမ့်မည်။

http://www.cherrythitsar.org

[၃]

'ရာဇာဓိရာဇ'ဆိုလျှင် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော မွန်ဘုရင်တစ်ပါးဟူ၍ အများသိကြပါသည်။ ရာဇာဓိရာဇ်သည် တစ်သက်လုံး စစ်တိုက်သွားသည့် ဘုရင်ဖြစ်သည်။ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်ဝသည်။ အစီအမံအကွပ်အကဲကောင်းသည်။ မိမိကိုယ်တိုင် သူရဲကောင်းတစ်ဦးဖြစ်သည်နှင့်အညီ သူရဲကောင်းကိုလည်း မြတ်နိုးလေးစားသူဖြစ်သည်။

ရက်စက်ပြတ်သားရမည့်နေရာတွင် သားအရင်းညီအရင်းကိုပင် ကွပ်မျက်သုတ်သင်သည်အထိ ရက်စက်ပြတ်သားသည်။ ထိုသို့သော သူရဲကောင်းဘုရင်တစ်ပါး၏ ရုပ်ပုံလွှာကို မွန်ဝန်ကြီး ဗညားဒလက မွန်ဘာသာမှ မြန်မာပြန်သော 'ရာဇာဓိရာဇ်အရေးတော်ပုံ' ကျမ်းတွင် အထင်အရှားတွေ့နိုင်ပါသည်။ ရာဇာဓိရာဇ်ကို ပုံဖော်ရာ၌လည်း စိတ်ဝင်စားဖွယ် အတို့အထိကလေးတစ်ကွက်ကို တွေ့ရပါသည်။ ရာဇာဓိရာဇ် ငယ်စဉ်ကပင် မိခင်ပမာ ထိန်းယ ပြုစုပေးသည့် 'မိုးအဲလော'ခေါ် အထိန်းတော်ကြီးရှိသည်။ ရာဇာဓိရာဇ်သည် မိုးအဲလောကို ချစ်ခင်လေးစားသည်။

အရွယ်ရောက်ပြီး မင်းသားရင့်မကြီး ဖြစ်သည်အချိန်အထိ မိုးအဲလော၏ ရင်ခွင်မှာ အိပ်စက်ဆဲဖြစ်သည်။ တစ်ခါတစ်ရံတွင် **'အမယ့်ရင်ခွင်မှာ မအိပ်ရသည်မှာ ကြာပြီ'**ဟူ၍ တမ်းတမ်းတတပြောပြီး မိုးအဲလော၏ ရင်ခွင်ထဲ ခေါင်းဝင်တိုးပြီး အိပ်တတ်သည့် အကျင့်ရှိသည်။

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် ဤအကွက်ကလေးကို တွေ့ရသောအခါ တစ်ဖက်တွင် စစ်သွေး စစ်ဟန်အပြည့်အဝဖြင့် ခက်ထန်တင်းမာသလောက် တစ်ဖက်တွင် ချစ်မှုချစ်ရာကလေးများဖြင့် သိမ်မွေ့နူးညံ့သော ရာဇာဓိရာဇ်၏ သဘောစရိုက်ကို နားလည်လာရပါသည်။ မိမိမြတ်နိုးရသော သူရဲကောင်းများ ကျဆုံးသောအခါ ဝမ်းပန်းတနည်း ငိုတတ်သော ရာဇာဓိရာဇ်၏ အပြုအမူကလည်း ထိုသိမ်မွေ့နူးညံ့သော စရိုက်ကို ဖော်ပြနေပါသည်။ စစ်သည် သူရဲကောင်းကြီးက အထိန်းတော်၏ ရင်ခွင်မှာ ခေါင်းဝှေ့ပြီး ကလေးငယ်ပမာ ကန့်ကလျ ပြုမူနေသည့်အသွင်ကို သရုပ်ဖော်သော ထိုအကွက်ကလေးသည်လည်း အတို့အထိ ကောင်းကလေးတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။

[၄]

အလောင်းမင်းတရား၏ သားတော်ကြီးဖြစ်သော 'နောင်တော်ကြီးမင်း'ကို ပုံဖော်ရာတွင်လည်း ထူးခြားသော အကွက်ကလေးတစ်ကွက်ပါပါသည်။ နောင်တော်ကြီးမင်းသည် ဘုရင်ဖြစ်သည့်တိုင်အောင် မိမိနောက်

http://www.cherrythitsar.org

လိုက်နောက်ပါများနှင့် မန်ကျည်းတော မန်ကျည်းပင်များအောက်၌ မန်ကျည်းသီးများကို ထောင်းထုပြီး ဆား ငါးပိ စသည်တို့နှင့် စားသောက်နေတတ်သည့် အလေ့ကို ဖော်ပြခြင်းဖြစ်ပါသည်။

မှူးမတ်များက ထိုအလေ့ကို ရှောင်ကြဉ်ရန် လျှောက်ထားသောအခါ နောင်တော်ကြီးမင်းက **'တိုင်းပြည်၌ ဝန်လေးမည့် ကိစ္စကို ငါရှောင်ပါအုံ၊ ဝန်မလေးသည့် ကိစ္စကိုကား မတားမြစ်လိုကြပါနှင့်၊ ငါကြိုက်တတ်သည်ကို စားပါရစေ"**ဟု ပြန်ပြောကြောင်း ဦးဖိုးကျား၏ 'မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ' တွင် တွေ့ရပါသည်။ နောင်တော်ကြီးကို အေးချမ်းသိမ်မွေ့သော မာန်မာနကင်းသော မင်းတစ်ပါးအဖြစ် အများသိကြပါသည်။

ထိုအကွက်ကလေးသည်လည်း နောင်တော်ကြီး၏ စရိုက်ကို ပြနေသော အတို့အထိကလေးတစ်ခုပါပေ။

[၅]

ကုန်းဘောင်ခေတ်တွင် ထင်ရှားသော မင်းတစ်ပါးဖြစ်သည့် ဘကြီးတော်ဘုရား၏ စရိုက်ကို ဖော်ပြရာတွင် အလားတူ စိတ်ဝင်စားဖွယ် အကွက်ကလေးတစ်ကွက်ကို မော်ပီဆရာသိန်းကြီး၏ 'ပါးစပ်ရာဇဝင်ကျမ်း'တွင် တွေ့ရပါသည်။ ဘကြီးတော်ဘုရားသည် မြို့တော်အရပ်လေးမျက်နှာရှိ အသက်ငါးဆယ်ကျော် အမယ်အိုများကို နေ့စဉ်ခေါ်ပြီး မြေနန်းတော်အောက်တွင် ဖျာခင်းပေးကာ ချည်ချဗိုင်းငင်သည့် အလုပ်ကို လုပ်ကိုင်စေသည်ဟု ဆိုပါသည်။

ဘုရင်မင်းမြတ်သည် အမယ်အိုများ အနားမှာ ထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်များကို မေးမြန်းပြောဆိုသည်။ ဗိုင်းငင်သည့် အလုပ်ကိုပင် ကူလုပ်ပေးသေးသည်။ ဘုရင်မင်းမြတ်က သူသိလိုသည့် သတင်းများကို အမယ်အိုများအား မေးမြန်းသည်။ အမယ်အိုများ ငယ်စဉ်က နေထိုင်ကြပုံ၊ သမီးရည်းစားထားကြပုံ၊ အပျိုလူပျို စကားပြောကြပုံများကိုလည်း မေးမြန်းပြီး ရယ်မောကြသည်။ တစ်ခါတစ်ရံ ချည်ချရင်း အမယ်အိုတစ်ယောက်ယောက်၏ ရစ်ကြိုးပြတ်သွားသောအခါ 'မှောက်တော်ရေ ရစ်ကြိုးပြတ်သွားလို့ ဆက်ပေးလှည့်ပါ' ဟု အမယ်အိုက ဘုရင်ကို လှမ်းခေါ်သည်။ (မှောက်တော်ဆိုသည်မှာ ဘုရင်ကို ခေါ်သော စကားဖြစ်သည်)ဘုရင်ကလည်း အမြန်လာရောက်ဆက်ပေးသည်။

အမယ်အိုများ ငယ်စဉ်က ပွဲကြည့်ကြပုံ၊ မင်းသားမင်းသမီးများ ဆိုပုံကပုံများကိုလည်း ပြောပြခိုင်းသည်။ အချို့အမယ်အိုများက ထပြီး ကပြဆိုပြသောအခါ ဘုရင်မင်းမြတ်က ဝမ်းမြောက်သည်။ ဤသို့တစ်နေကုန်နေပြီးနောက် ညနေစောင်းလျှင် အမယ်အိုများကို ထမင်းဟင်းအချိုအချဉ်များ

http://www.cherrythitsar.org

ကျွေးမွေးစေပြီး ဗိုင်းငင်ချည်ချသည့် အလုပ်ပြီးသလောက် ဆုတောင်ငွေများပေးပြီးမှ အမှုထမ်းများကို လိုက်ပို့စေသည်ဟု ဆိုပါသည်။

သက်ကြီးရွယ်အိုများနှင့် စကားဝိုင်းဖွဲ့ကာ သိုက်သိုက်ဝန်းဝန်းနေတတ်သော ဘကြီးတော်ဘုရား၏ စရိုက်ကို ဤအကွက်ကလေးက ဖော်ပြနေပါသည်။ လူကြီးများထံမှ ရှေးဟောင်းနှောင်းဖြစ်များကို မှတ်သားနားထောင်ပြီး ပျော်မွေ့အေးချမ်းစွာ နေထိုင်တတ်သော ဘကြီးတော်ဘုရား၏ အမှုအရာကို မြင်ယောင်လာအောင်လည်း ဖော်ပြနိုင်စွမ်းရှိပါသည်။ ဘကြီးတော်ဘုရားကို စိတ်ထားသိမ်မွေ့အေးချမ်းသော မင်းတစ်ပါးအဖြစ် အများသိကြပါသည်။ ထိုစရိုက် ထိုစိတ်ထားကို အဆိုပါအကွက်ကလေးက ဖော်ပြနေသည်ဟု ဆိုရပါလိမ့်မည်။

[၆]

'တိုင်တားမင်းကြီး'ဆိုလျှင် မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်တို့တွင် ထင်ရှားသော မှူးကြီးမတ်ကြီးတစ်ဦးအဖြစ်သာမက အလွန်ခက်ထန်တင်းမာသော ပုဂ္ဂိုလ်ကြီးအဖြစ် အများသိကြပါသည်။ နယ်ချဲ့ကို ခုခံတိုက်ခိုက်ရမည်ဟူသောဘက်က တင်းတင်းမာတာရပ်တည်ခဲ့သူဖြစ်ကြောင်း မြန်မာရာဇဝင်များတွင် ဖော်ပြလျက်ရှိပါသည်။ ဦးမောင်မောင်တင်ပြုစုသော အမှတ်တရပုဂ္ဂိုလ်များ စာအုပ်တွင် တိုင်တားမင်းကြီးအကြောင်းကို ဖော်ပြရာ၌ ထိုတင်းမာခက်ထန်သူကို ဖြေလျှော့ပေးသော အကွက်ကလေးတစ်ကွက်ပါပါသည်။

တိုင်တားမင်းကြီးကလေးချစ်တတ်ပုံကို ဖော်ပြခြင်းဖြစ်သည်။ သီပေါမင်း၏ သမီးတော်ဝန်အဖြစ်လည်း အမှုထမ်းရသော တိုင်တားမင်းကြီးသည် **'သိုရင်း အကျီခေါင်းပေါင်းဖြူကြီးများနှင့်ပင် မြေနန်းတော်ပေါ်၌ ဘုရင့်သမီးတော်ကလေးများကို ချီပိုးကာ သွားလာလေ့ရှိကြောင်း'** ပြောစမှတ်ပြုကြလေသည်ကို ဖော်ပြထားပါသည်။ မင်းကြီးသည် ကလေးများနှင့်အတူ ပွဲကြည့်ဆောင်တွင် ဝါးကွပ်ပျစ်ခင်း၍ ပွဲကြည့်တတ်ကြောင်း၊ အချို့က မင်းကြီးတန်မဲ့အနေအထိုင် မတတ်ဟုပင် ဆိုကြကြောင်း၊ မင်းကြီးကမူ ကလေးများကို သီချင်းဆိုကာ ချော့ကာပြောသည့်အပြင် တစ်ခါတစ်ရံပါးစပ်ဆိုင်းပင် တီးသေးကြောင်း ဖော်ပြထားပါသည်။

အမြဲတမ်းခက်ထန်တင်းမာမနေဘဲ နူးညံ့သိမ်မွေ့သော အမှုအရာကလေးများလည်း ရောစွက်နေသည့် တိုင်တားမင်းကြီး၏ စရိုက်ကို ဤအကွက်ကလေးက တို့ကာထိကာ ဖော်ပြလျက်ရှိပါသည်။

http://www.cherrythitsar.org

[၅]

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိမှ အကွက်ကလေးတစ်ကွက်ကိုလည်း ဖော်ပြလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်က အမှုအကျင့်ကလေးတစ်ခု အကြောင်းကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ(အမျိုးသားပုံနှိပ်တိုက်၊ ၁၉၅၁)၌ ဤသို့ ဖော်ပြထားပါသည်။

လက်နှစ်ဖက်နှင့် စားပွဲစောင်းကို ဆိုင်းဝိုင်းတီးသည့်ပမာ တီးလေ့တီးထရှိပေသည်။ တီးဖန်များလတ်၍ အကျင့်သားရလာသည့်အချိန်၌ သီချင်းများကဲ့သို့ နားထောင်ကောင်းလာသည်အထိသို့ပင် ဆိုက်ခဲ့ရောက်ခဲ့လေသည်။ တခြားသူများ အိပ်နေသည် စာကြည့်နေသည်ဟု အမှတ်မထားဘဲ သူတီးလိုသည့် ဆန္ဒရှိသည့်အတွင်း အနည်းငယ်ဖြစ်ဖြစ်တီးလိုက်ပြီးမှ ရယ်မောကာ ရပ်သွားလေတော့၏။

တစ်ခါတစ်ရံ တစ်ယောက်တည်း ထိုင်လျက် တကယ့်ဆိုင်းဆရာကြီး၏ မျက်နှာပေးအမှုအရာနှင့် သဲသဲမဲမဲဖြစ်နေသည်မှာ မြင်ရသူများအဖို့ မည်သည့်နည်းနှင့်မျှ ကျွန်ုပ်ဆည်နိုင်ဖွယ်ရာမရှိအောင်ပင် ဖြစ်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ် ကျောင်းသားဘဝက အမှုအကျင့်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ထိုဖော်ပြချက်သည် အသေးအဖွဲကလေးမျှသာဟု ဆိုချင်ဆိုနိုင်ပါသည်။ သို့သော် ကိစ္စတစ်ခုကို ဆောင်ရွက်ရာတွင် စူးစူးစိုက်စိုက် အာရုံထားပြီး ဆောင်ရွက်တတ်သည့် ဗိုလ်ချုပ်၏ စရိုက်ကို ထိုဖြစ်ရပ်ကလေးက ဖော်ပြနိုင်သည်ဟု ဆိုချင်ပါသည်။ စားပွဲစောင်းကို ဆိုင်းတီးသလို တီးသည့် သာမန်အသေးအဖွဲ ကိစ္စကလေးကိုပင် သဲသဲမဲမဲ အာရုံစိုက်ပြီး ပြုလုပ်တတ်သည့် ဗိုလ်ချုပ်သည် နောင်ကြီးပြင်းလာသောအခါ နိုင်ငံအတွက် ဆောင်ရွက်ရသည့် ကြီးမားလေးနက်သော ကိစ္စများကို မည်မျှ စူးစူးစိုက်စိုက်အာရုံထားပြီး ဆောင်ရွက်သွားကြောင်း အများသိပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်၏ စူးစိုက်မှုကို ဖော်ညွှန်းသော အတို့အထိကလေးတစ်ခုဟု ဆိုရပါလိမ့်မည်။

[၈]

အမျိုးသား ပညာဝန်ဦးဖိုးကျားအကြောင်း ဆရာတိုက်စိုး၏ ရေးသားချက်မှ အကွက်ကလေးတစ်ကွက်ကို နောက်ဆုံးတင်ပြလိုပါသည်။ ရေဒီယိုမှ အသံလွှင့်သော သီချင်းကြီးများကို ဦးဖိုးကျားနားထောင်ပုံ ဖြစ်ပါသည်။

ဆရာတိုက်စိုးက . . .

"စာရေးစာဖတ် မလုပ်လိုလျှင် ရေဒီယိုမှ သီချင်းကြီးကို သူနားထောင်လေ့ရှိသည်။ သူနားတွေ့သည့် သီချင်းလာလျှင် ကောက်ခနဲထ လုံချည်

http://www.cherrythitsar.org

အောက်ပိုးကျိုက်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ နားထောင်တတ်သည်” ဟု ဖော်ပြထားပါသည်။ တစ်စုံတစ်ခုကို လေ့လာလိုက်စားတတ်သော ဦးဖိုးကျား၏ စရိုက်ကို သူပြုစုခဲ့သည့် စာအုပ်စာတမ်းများက အထင်အရှားသက်သေပြနေပါသည်။ ဤဖော်ပြချက်ကလေးသည်လည်း ဆရာကြီး ဦးဖိုးကျား၏ စူးစိုက်မှုကို လှစ်ခနဲ ပြလိုက်သည့် အတို့အထိကလေးတစ်ခုပင် ဖြစ်ပါသည်။

[၉]

ပုဂ္ဂိုလ်တစ်ဦး၏ ရုပ်ပုံလွှာကို စာပန်းချီရေးခြယ်ရာတွင် တစ်ကွက်ကောင်းတစ်ချက်ကောင်း တို့လိုက်ထိလိုက်သော အတို့အထိကလေးများပါတတ်သည့် သဘောကို ယခုသာဓကဆောင်ခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြခဲ့သော အကွက်ကလေးများသည် ကြီးကြီးကျယ်ကျယ်မဟုတ်သော အသေးအဖွဲအချက်ကလေးများ ဖြစ်သည်မှာလည်း မှန်ပါသည်။ သို့သော် ထိုအသေးအဖွဲအချက်ကလေးများဖြင့် တို့လိုက်ထိလိုက်သည့်အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ စရိုက်သဘာဝသည် ပို၍ အသက်ဝင်ထင်ရှားလာအောင် အထောက်အကူပြုပြီး အားဖြည့်ပေးပါလိမ့်မည်။ ထို့ကြောင့်လည်း အတို့အထိကလေးများသည် စိတ်ဝင်စားစရာကောင်းခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

သဘာန်းဆောင်ထဲမရွှေင်း

http://www.cherrythitsar.org

ပဲခူးရုပ်ပုံလှာ

"ပဲခူးသို့အဝင်၊ သန်လျင်သို့အဆိုက်၊ ယို့မောင်ရင်ခြင်ပုန်း ကိုက်လို့ ခြင်ထောင်မပါ၊ လေမလာ၊ မယ်သာဆတ်ဆတ်၊ တရုတ်ယပ်နှင့် ဖျတ်ဖျတ်လူးအောင် မရိုက်ပါရ၊ မောင်ကလေးအောက်သို့စုန်၊ ရွှေဂုံကျွန်းဝေးလွန်းလှတော်"

ညောင်ရမ်းခေတ်ပေါ် အိုင်ချင်းတစ်ပုဒ်ထဲမှ အညာသူမိန်းကလေးတစ်ယောက်၏ ညည်းညူသံဖြစ်ပါသည်။ သူ့ချစ်သူသည် သူ့ထက် အသက်ငယ်ပုံရသည်။ သူက သူ့ချစ်သူကို 'မောင်ကလေး'ဟု တယုတယခေါ်သည်။ သူ့မောင်ကလေးကို မိဘများက အောက်ပြည်အောက်ရွာသို့ ကုန်ကူးသွားခိုင်းသည်။ မောင်ကလေးက မသွားချင်။ တီးနေကျစောင်းနှင့် လောင်းနေကျ ကြက်ကလေးကို ပိုက်ပြီး ငိုရှာသေးသည်။ သို့သော် မသွား၍ မဖြစ်။ အောက်ပြည်အောက်ရွာသို့ လှေဖြင့် စုန်ခဲ့ရသည်။ အညာသူကလေးခမျာ သူ့ချစ်သူသွားသည့် အောက်ပြည်အောက်ရွာကို တစ်ခါမှ မရောက်ဖူး။ စိတ်ကူးနှင့်သာ မှန်းကြည့်ရသည်။ မောင်ကလေးသည် ပဲခူးသို့အဝင် သန်လျင်သို့ အဆိုက်တွင် ခြင်ပုန်းကိုက်သည်ကို အလူးအလဲခံရရှာလိမ့်မည်။ ခြင်ထောင်ကလည်း ပါမသွား။ လေကလည်းမတိုက်။ မယ်သာမောင်နှင့်အတူရှိနေလျှင် မောင့်ကို တရုတ်ယပ်ကလေးနှင့် တဖျတ်ဖျတ် ခြင်ခတ်ပေးနိုင်လိမ့်မည်။ ယခုမူ မယ်သည် မောင်နှင့်အတူ မရှိ။ 'မောင်ကလေး' စုန်သွားသော အောက်ပြည်က 'ရွှေဂုံကျွန်း' ဆိုသည့် နေရာကား ဝေးလွန်းလှပါကလားတော်'ဟု အညာသူမလေးက ညည်းရှာသည်။

---

http://www.cherrythitsar.org

အောက်ပြည်အောက်ရွာမရောက်ဖူးသော အညာသူကလေး၏ စိတ်ထဲတွင် ပဲခူးတို့ သန်လျင်တို့သည် တစ်ဆက်တည်း ဖြစ်နေပုံရသည်။ "ဝေးလိုက်တာမှ ပဲခူးနှင့် သန်လျင်ကျနေတာပါ"ဟု ယခုခေတ်တွင် ပုံခိုင်းလေ့ရှိကြသော်လည်း အညာသူမလေး စိတ်ထဲတွင် ပဲခူးနှင့် သန်လျင်သည် ဝေးပုံမရ။ ထို့ကြောင့် 'ပဲခူးသို့ အဝင် သန်လျင်သို့ အဆိုက်'ဟု တစ်ဆက်တည်း ပြောလိုက်သည်။ အထက်အညာဒေသက ကြည့်လျှင်မူ အင်မတန်ဝေးလံလှသော နေရာများဖြစ်ပေမည်ဟု ရော်ရမ်းနေရှာသည်။

ကျွန်တော်သည် အညာသူမလေးက ပဲခူးကို ရော်ရမ်းမှန်းဆကြည့်သလို အတိတ်ခေတ်က ပဲခူး၏ ရုပ်ပုံလွှာများသည် ကျွန်တော့် စိတ်အာရုံတွင် ရိပ်ခနဲ ရိပ်ခနဲ ပေါ်လာပါသည်။ ပဲခူးသည် အောင်မြေဖြစ်သည်။

ဒဏ္ဍာရီအရ ပဲခူးသည် ရှေးက ကျွန်းငယ်ကလေးမျှသာ။ ငယ်လွန်း၍ မနားလောက်သောကြောင့် ဟင်္သာဖိုး၏ ကျောပေါ်မှာ ဟင်္သာမက နားရသည်ဟုဆိုသည်။ ဟင်္သာဖိုနားရာကျွန်းဖြစ်၍ 'ဟံသာဝတီ'ဟု ခေါ်သည်။ ဟံသာဝတီကို မွန်မင်းသား သမလ ဝိမလညီနောင်က စတင်မင်းပြုသည်။

ဒဏ္ဍာရီဟုပင် ဆိုစေ၊ ပဲခူးကား ပြည်ပကျူးကျော်သူကို အောင်မြင်လိုက်သော အောင်မြေပင်တည်း။

ဆိုပြန်သေးသည်။

ပုဂံအနော်ရထာမင်းလက်ထက် ဥဿာပဲခူးသို့ ဂျမ်းစစ်သည်များ ကျူးကျော်သဖြင့် အနော်ရထာ၏ သူရဲကောင်းလေးယောက်ဖြစ်သော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့က သွားရောက်နှိမ်နင်းပေးရပြန်သည်။ အောင်မြင်သဖြင့် ဥဿာပဲခူးမင်းက သမီးတော် မဏိစန္ဒာကို အနော်ရထာမင်းစောထံ ဆက်သလိုက်သည်ဟု ဆိုပါသည်။ ပြည်ပကျူးကျော်ရန်ကို အောင်မြင်စွာ တွန်းလှန်နိုင်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသော ပဲခူးပေတကား။

ပဲခူးသည် သစ္စာဖောက်သူ၏ နယ်မြေလည်း ဖြစ်ခဲ့သည်။

ပုဂံစောလူးမင်းလက်ထက်တွင် နို့စို့ဖက်ငရမန်ကန်းကို ပဲခူးစားအဖြစ် ခန့်ထားသည်။ ငရမန်က စောလူးမင်းကို ပုန်ကန်ခြားနားသည်။

စောလူးမင်းကို သုတ်သင်ပစ်သည်အထိ အခြေအနေဆိုးခဲ့သည်။ ကျန်စစ်သားက အခြေအနေကို ပြန်ထိန်းပြီး ငရမန်ကို ချေမှုန်းနိုင်ခဲ့သော ပဲခူးသည် သစ္စာဖောက်နယ်မြေအဖြစ်မှ လွတ်ခဲ့ရသည်။ ရန်အောင်မြေဘဝမှ သစ္စာဖောက်နယ်မြေဘဝသို့ ပြောင်းရသော လောကဓံသဘောပင်။

http://www.cherrythitsar.org

အင်းဝခေတ်တွင် 'ပဲခူး'၏ ဂုဏ်သရေကို အသက်နှင့်လဲ၍ ကာကွယ်လိုက်သော သူရဲကောင်းတစ်ဦး ပေါ်ထွန်းခဲ့သည်။ သူကား မွန်သူရဲကောင်း လဂွန်းအိမ်တည်း။

ထိုစဉ်က ပဲခူးသည် မွန်မင်း ရာဇာဓိရာဇ်၏ မင်းနေပြည်တော်ဖြစ်သည်။ ရာဇာဓိရာဇ်၏ ဘုန်းလက်ရုံး အရှိန်အဝါကြောင့် ပဲခူးနေပြည်တော်၏ အရှိန်အဝါလည်း ကြီးမားလှသည်။ ရာဇာဓိရာဇ်နှင့် အင်းဝမင်းခေါင်တို့က လည်း အင်အားပြိုင်ကာ စစ်ခင်းနေကြသည်။ တစ်ခါတွင် အင်းဝမှူးမတ်သုံးဆယ်နှင့် ပဲခူးမှူးမတ်သုံးဆယ်တို့ သစ္စာပြုပြီးနောက် ပြေငြိမ်းရန် စီစဉ်သည်။ ရာဇာဓိရာဇ်သည် ထိုအခွင့်အခါကို အကြောင်းပြုပြီး အင်းဝမှူးမတ်အားလုံးကို ဖမ်းဆီးရန် တိတ်တဆိတ် စီစဉ်သည်။ သစ္စာပြုဟန်ဆောင်ပြီး ဖမ်းဆီးသည်။

ထိုအစီအစဉ်အရ သူ့မှူးမတ်များအား သစ္စာပြုမည့်နေရာတွင် ဓားများအသင့်မြှုပ်ထားစေသည်။ သစ္စာပြုရန် တစ်ဘက် လူသုံးဆယ်စီ တွဲသော အခါ အင်းဝက 'သတိုး'နှင့် ပဲခူးက 'လဂွန်းအိမ်'တို့က တစ်တွဲတည်း ကျသည်။ သူတို့နှစ်ယောက်က အငယ်ဆုံးမှူးမတ်များပင်။ ထိုစဉ်သတိုးက သက်ဦးမကင်းဖြစ်လာဟန်တူသည်။ သစ္စာမှန်ပါမည်လောဟု လဂွန်းအိမ်ကိုမေးသည်။ လဂွန်းအိမ်ကို ချက်ချင်းပင် "ဟဲ့ အရှူး၊ စစ်ကာလမှာ သစ္စာမှန်မည်လော၊ သင်ဦးလျှင် သင်က သတ်မည်၊ ငါဦးလျှင် ငါက သတ်မည်"ဟု အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ သတိုးက ထိုအကြောင်းကို ကျန်အင်းဝမှူးမတ်များအား သတင်းပို့သဖြင့် သစ္စာပြုပွဲပျက်သွားခဲ့သည်။ ရာဇာဓိရာဇ်ကြားလျှင် စိတ်ဆိုးလွန်းသဖြင့် လဂွန်းအိမ်ကို အပေါင်အလက်ဖျက်ပြီး သတ်စေဟု အမိန့်ပေးသည်။ မှူးကြီးမတ်ကြီးများ ဝိုင်းတောင်းပန်ပြီး သေတွင်းမှ ပြန်ခေါ်ခဲ့ရသည်။ အကျိုးအကြောင်း မေးသောအခါ လဂွန်းအိမ်က အင်းဝသားများကို ယခုကဲ့သို့ ကောက်ကျစ်စဉ်းလဲစွာ အနိုင်ယူမည်ပြုသည်ကို မိမိသဘောမတူကြောင်း၊ ယခုအခါ ကောက်ကျစ်စွာ အနိုင်ယူဦးမည်ဆိုလျှင် ဘယ်လိုအမည်ဆိုးထပ်တွင်ဦးမည်ဟု မပြောတတ်အောင် ရှိခဲ့သည်။ ထို့ကြောင့် အမှန်အတိုင်း ဖွင့်ပြောလိုက်သည်ဟု ရှင်းလင်းလျှောက်ထားသည်။

ဤဖြစ်ရပ်ကား 'သူရဲကောင်း'၏ အဓိပ္ပာယ် အစစ်အမှန်ကို ဖော်ကျူးလျက်ရှိသည်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့၏ အမည်ကို အသက်နှင့်လဲ၍ ကာကွယ်သော သူရဲကောင်းပင်တကား။

ပဲခူးဘုရင်မကြီး ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်း သီရိလက်ဦးသို့ သံဃာတော်များ စေလွှတ်ခြင်း၊ ကလျာဏီသိမ်၊ ကလျာဏီကျောက်

http://www.cherrythitsar.org

စာ၊ သာသနာပွင့်လင်းမှု၊ ဗုဒ္ဓ၏ အဆုံးအမများကို ထိန်းသိမ်းစောင့်ရှောက်မှု၊ မင်းကောင်းမင်းမြတ်၏ သာသနာရေးကြိုးပမ်းချက် ပြယုဂ်များပင်။

ဘုရင့်နောင် သို့မဟုတ် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး။

ထိုမင်းလက်ထက်တွင် ဟံသာဝတီပဲခူးနေပြည်တော်သည် မြန်မာနိုင်ငံတော်ကို စည်းရုံးသိမ်းသွင်းရာ အချက်အချာ ဗဟိုဌာနကြီးဖြစ်ခဲ့သည်။ သူ့ယောက်ဖတော် တပင်ရွှေထီးလက်ထက်တွင် ဟံသာဝတီကိုရခြင်းဖြစ်သည်။

တပင်ရွှေထီးကလည်း နှယ်နှယ်ရရ မဟုတ်။ ဟံသာဝတီကို မရမီ ရန်သူပတ်ပတ်လည် ဝိုင်းနေစဉ်မှာပင် ရွှေမော်ဓောဘုရား ရင်ပြင်ပေါ်တက်ပြီး အေးအေးဆေးဆေး နားထွင်းခဲ့သူဖြစ်သည်။ သူ့လက်ထက်တွင် ဟံသာဝတီကို အရယူခဲ့သည်။ သူ့နောက်ဆက်ခံသော ဘုရင့်နောင်လက်ထက်တွင်ကား ဟံသာဝတီသည် ကြီးကျယ်စည်ကားသော မင်းနေပြည်တော်ကြီးဖြစ်လာပေပြီ။ ဘုရင့်နောင်သည် ဟံသာဝတီပဲခူးကို ဗဟိုပြု၍ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ကျယ်ပြန့်စွာ စည်းရုံးထူထောင်နိုင်ခဲ့သည်။ ပဲခူးကား နိုင်ငံခေါင်းဆောင်ကောင်းတို့ ပေါ်ထွန်းရာ အချက်အချာပေတကား။

–ပဲခူး ဦးဆုသာ

–ကိုလိုနီခေတ်က ထင်ရှားသော ပြဇာတ်ရေးဆရာကြီးဖြစ်သည်။

ထိုစဉ်က အထက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ မရောက်သေး။ အောက်မြန်မာနိုင်ငံမှာမူ အင်္ဂလိပ်နိုင်ငံဖြစ်နေပေပြီ။ အောက်မြန်မာနိုင်ငံတွင် ထိုစဉ်က ပြဇာတ်စာမူများ ထွန်းကားသည်။ ပြဇာတ်ရေးဆရာမြောက်မြားစွာ ပေါ်ထွန်းသည်။ ဆရာကြီး ဦးဆုသာသည် ၁၈၈၃ ခုနှစ်တွင် စောဖေစောမေပြဇာတ်၊ တင်တင်နှင့် ခင်ခင် ပြဇာတ်တို့ကို ရေးသားခဲ့သည်။ စောဖေစောမေ ပြဇာတ်သည် အလွန်ထင်ရှားခဲ့ကြောင်း သိရပါသည်။

စာပေပညာရှင်များလည်း ပေါ်ထွန်းသော ပဲခူးပေတကား။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကမူ ပဲခူးနှင့်ပတ်သက်၍ မည်သို့တွေ့ကြုံ ခံစားထားရဖူးသည် မသိပါ။ အောက်ပြည်အောက်ရွာမှာ စီးပွားရှာရန် ဆင်းလာသော အထက်အညာသူတစ်ဦးက . . .

"ပဲခူးဘူတာမှာလေ
ငနဲသူခိုးလူညာတွေ မှုန်းလိုက်တဲ့
ပျောက်သဟာ တကောက်ဖာကလဲ တစ်လုံးပါပဲ"

ဟု ညည်းညူရှာပုံကို အညာမင်္ဂလာဆောင် လေးချိုးကြီးတွင် ရေးဖွဲ့ထားပါသည်။ ပဲခူးကျကာမှ သူခိုးခိုးခံရသည့်အတွက် သူသာ ကံဆိုးရှာသည် မဟုတ်၊ ပဲခူးလည်း ကံဆိုးရှာသည်။

http://www.cherrythitsar.org

ကျွန်တော်သည် စိတ်အာရုံတွင် တရိပ်ရိပ်ထင်လာသော ပဲခူးရုပ်ပုံ လွှာများကို မြင်ယောင်ကြည့်ပြီးနောက် စိတ်ထဲတွင် ကြည်နူးသလိုလို လွမ်းသလိုလို ဖြစ်မိပါတော့သည်။

ပဲခူးတိုင်းဒေသကောလိပ်
ဒုတိယနှစ်လယ်မဂ္ဂဇင်း
(၁၉၈၀–၈၁)

http://www.cherrythitsar.org

မြန်မာစာပေတွင် ထင်ဟပ်နေသော ပြည်ထောင်စုတိုင်းရင်းသား ရုပ်ပုံလွှာများ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မဂ္ဂဇင်းအတွက် ဆောင်းပါးရေးမည်ဟု စိတ်ကူးလိုက်သည်နှင့် ကျွန်တော့် အာရုံထဲတွင် ပုဂ္ဂိုလ်ကြီးတစ်ဦးရေးသားခဲ့သော တင်စားချက်တစ်ရပ်သည် လင်းခနဲ လက်ခနဲ ပေါ်ပေါက်လာပါသည်။ (ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ပြီး) မြန်မာစာပေ ပညာရှင်အဖြစ် နိုင်ငံ့အကျိုးကို အသက်ထက်ဆုံး သယ်ပိုးခဲ့သော ကွယ်လွန်သူ ဆရာကြီးဦးတင်ဇ(ရှမ်းပြည်)က ဆောင်းပါးတစ်ပုဒ်တွင် တက္ကသိုလ်ကို ပြည်ထောင်စုတစ်ခုအဖြစ် တင်စားခဲ့ဖူးပါသည်။ တက္ကသိုလ်ဟူသည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ပညာဆည်းပူးရန် လာရောက်စုဝေးရာ နေရာဖြစ်သည့်အတွက် ပြည်ထောင်စုလေးတစ်ခု၏ အသွင်ကို ဆောင်နေသည်ဟူသော အဓိပ္ပာယ်ဖြင့် တင်စားလိုက်ခြင်း ဖြစ်ပါသည်။ ဤတင်စားချက်ကို သတိရမိသောအခါ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သည်လည်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စုဝေးရာ ပြည်ထောင်စုတစ်ခု၏ အသွင်ကို ဆောင်နေပါကလားဟု အတွေးပေါ်မိပါသည်။

မြန်မာစာပေပညာရှင်ဖြစ်သော ဆရာကြီး ဦးတင်ဇ၏ အဆိုအမိန့်ကို သတိရမိရင်း မြန်မာစာပေတွင် ထင်ဟပ်နေသော ပြည်ထောင်စုသား ညီအစ်ကို မောင်နှမတို့၏ ရုပ်ပုံလွှာများကိုလည်း တရိပ်ရိပ်မြင်ယောင်လာမိပါသည်။

မြန်မာစာပေ စတင်ပေါ်ထွန်းသည့် ပုဂံခေတ်ကာလကတည်းက ပြည်ထောင်စုတိုင်းရင်းသားများသည် အေးအတူပူအမျှ နေထိုင်ခဲ့ကြသည်။

---

http://www.cherrythitsar.org

ပုဂံကျောက်စာများသည် အလှူမှတ်တမ်းများ ဖြစ်သည့်အတွက် အလှူနှင့်နီးနွယ်သော အကြောင်းများကို အဓိကရေးထိုးခြင်းဖြစ်သော်လည်း ထိုအလှူမှတ်တမ်းများတွင် တိုင်းရင်းသား လူမျိုးအမည်များကို အကြောင်းသင့်သလို ထည့်သွင်းရေးထိုးခဲ့ကြောင်း တွေ့ရသည်။ ပုဂံပြည်ကြီးကို အရိမဒ္ဒနပုရေရမ္မေ'နှလုံးမွေ့လျော်ဖွယ်ရာဖြစ်သော အရိမဒ္ဒနပုရပြည်'ဟု ကျောက်စာရေးထိုးသည်ကို ထောက်လျှင် မည်မျှပျော်မွေ့ဖွယ်ဖြစ်ကြောင်း တွေ့ရပါသည်။

ပုဂံခေတ်တွင် မွန်စာပေသည် အဆင့်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း ပုဂံခေတ်မွန်ကျောက်စာများက သက်သေခံနေပါသည်။ ကျန်စစ်သားမင်းကြီး၏ ရွှေစည်းခုံမွန်ကျောက်စာတွင် မင်းကြီး၏ စေတနာကို ဖော်ကျူးရာ၌ ချစ်သူအပေါင်းမှ ကွဲကွာကုန်သော သူတို့၏ မျက်ရည်ကို လက်နှင့်တူသော မေတ္တာစိတ်ဖြင့် သုတ်ပေးလိမ့်မည်။ စိတ်နှလုံးပူဆွေးသူတို့၏ နှာရည်ကို ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပေးလိမ့်မည်။ မင်းကြီးသည် 'ပြည်သူတို့အပေါင်းကို လက်ယာလက်ဖြင့် ထမင်း၊ မုန့်များပေးလိမ့်မည်။ လက်ဝဲလက်ဖြင့် ပစ္စည်းဥစ္စာအဝတ်ပုဆိုးပေးလိမ့်မည်'ဟူသော တင်စားချက်များဖြင့် ဖော်ကျူးထားပါသည်။ နှောင်းလူတို့အတွက် အတုယူဖွယ် ရှေ့ဆောင်လမ်းပြ အရေးအဖွဲ့များဖြစ်ပါသည်။ ပေါ်ထွန်းလာမည့် မြန်မာစာပေ၏ ရှေ့ဆောင်လမ်းပြလည်း ဖြစ်ပါသည်။

အင်းဝခေတ်စာဆို ရှင်ဥတ္တမကျော်သည် တောလားကဗျာကြီး၌

"တောင်သူခလေ့ယာမီးကျွေ့ပုံ"ကို အမှတ်ထင်ထင် ထည့်သွင်းရေးဖွဲ့ပါသေးသည်။ တောင်ယာမီးရှို့၍ ယာစိုက်ပျိုးသော တောင်သူတို့၏ သရုပ်ကို ပုံဖော်ခြင်းဖြစ်ပါသည်။ ပထမဆုံး ဇချင်းကဗျာအဖြစ် အင်းဝခေတ်တွင် ပေါ်ပေါက်သော အဒုမင်းညိ၏ ဇချင်းမှာ ရခိုင်ဘုရင် ဘစောဖြူ၏ သမီးတော် ရခိုင်မင်းသမီးကလေးကို ဖွဲ့သော ဇချင်းဖြစ်ပါသည်။ စာဆိုရှင်တောဇာသာရကလည်း 'ရွှေပြည်ကဲ့သို့ ရခိုင်မြို့'မှ 'ရွှေရည်ရုပ်တု ပုံသွင်းပြု'သကဲ့သို့ ချောမောလှသော ရခိုင်မင်းသမီးကလေးတစ်ပါး၏ အလှကို ပုံဖော်ခဲ့ဖူးပါသည်။ အင်းဝခေတ် မြန်မာတိုင်းရင်းသား သူရဲကောင်းတို့၏ အမူအရာကို မွန်ဝန်ကြီး ဗညားဒလ၏ 'ရာဇဓိရာဇ်အရေးတော်ပုံ'တွင် မြင်ကွင်းကျယ်ပန်းချီကားချပ်ကြီးသဖွယ် မြင်တွေ့ရပါသည်။ အင်းဝဘုရင်မင်းခေါင်နှင့် ဟံသာဝတီ ဘုရင်ရာဇာဓိရာဇ်တို့ သူနိုင်ကိုယ်နိုင် အစွမ်းပြိုင်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး ညီတော်နောင်တော်ဟု အလေးအမြတ်ခေါ်ကြပုံ၊ စစ်နားသည့်အခါ ပြည်မြို့ မြသိတင်(ရွှေဆံတော်) ဘုရားရင်ပြင်၌ တွေ့ဆုံ၍ အကြည်အသာတရား စကားဆိုကြပုံ၊ မင်းခေါင်ဘက်မှ မင်းရဲကျော်စွာ၊ အင်းပဲသူကြီးစသည့် သူရဲကောင်းများ ထွန်း

http://www.cherrythitsar.org

ကားသက့ဲသို့ ရာဇဝိရာဇ်ဘက်မှ အမတ်တိန်၊ ဗြတ်ဇ၊ လဂွန်းအိမ်၊ သမိန်ဗရမ်း စသည့် သူရဲကောင်းများထွန်းကားပုံ၊ တစ်ခါတွင် ရာဇာဝိရာဇ်ဘက်မှ သူရဲကောင်းသမိန်ဗရမ်းကို မင်းခေါင်ဘက်က ဖမ်းမိထားခိုက် ပြည်ပမှ ကျူးကျော်ဝင်ရောက်လာသူတို့နှင့် စီးချင်းတိုက်ရန် သမိန်ဗရမ်းက တာဝန်ယူပြီး တစ်ဘက်သူရဲကောင်းကို အနိုင်တိုက်ကာ ပြည်ပရန်ကို ကာကွယ်တိုက်ခိုက်ပုံ စသည့် မြင်ကွင်းများကို တက်ကြွအားရဖွယ် တွေ့ရပါသည်။ ပြည်ပရန်ကို ပြည်ထောင်စုသား အချင်းချင်း လက်တွဲ၍ ကာကွယ်ခဲ့သည့် အစဉ်အလာကို အလေးအနက် ဖော်ညွှန်းခြင်းဖြစ်ပါသည်။ တောင်ဂူခေတ်ဆီက တပင်ရွှေထီး၊ ဘုရင့်နောင်တို့နှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော ရခိုင်ဘုရင်မင်းဖလောင်း၊ မင်းရာဇာကြီးတို့လက်ထက်တွင် ရခိုင်အမတ်ကြီး မဟာပညာကျော်သည် နေလသဖွယ်ထင်ရှားသည်။ ပညာဉာဏ်ကြီးမားသည်။ အမှုများကို တရားမျှတစွာ အစီအရင်ဆုံးဖြတ်ပေးသည်။

တစ်ခါတွင် ရုံးလီကုလားပြည်က ပတ္တမြားခုနစ်လုံးလက်ဆောင် ဆက်သည်ဟုဆိုပြီး ချက်ကျောက်ခုနစ်လုံးကို လိမ်ညာ၍ ဆက်သလာသည်ကို မဟာကျော်၏ ဉာဏ်စွမ်းဖြင့် ဖော်ထုတ်ပြီး ၎င်းတို့၏ ချက်ကျောက်ကိုပင် ၎င်းတို့ထံသို့ပင် လက်ဆောင်ပြန်ပေးလိုက်နိုင်သည့်အတွက် ကုလားမင်းက မဟာပညာကျော်ကို အထူးလေးစားပြီး ၎င်း၏သားကို မြန်မာစာသင်ရန် ရခိုင်ပြည်သို့ စေလွှတ်ခဲ့ပါသည်။ ရှင်ကဝိသာရ၏ ဓညဝတီအရေးတော်ပုံတွင် အထင်အရှားတွေ့နိုင်ပါသည်။

ညောင်ရမ်းခေတ် ဦးကုလားမဟာရာဇာဝင်ကြီးမှစ၍ ကုန်းဘောင်ခေတ်တွင်းသင်းရာဇဝင်၊ မှန်နန်းရာဇဝင်စသော ရာဇဝင်တော်ကြီးများတွင် ရှမ်း၊ ကချင်၊ ကရင်စသော ပြည်ထောင်စုတိုင်းရင်းသားများ၏ ရုပ်ပုံလွှာများကို တွေ့မြင်ရပါသည်။

ကုန်းဘောင်ခေတ်က စာမျိုးစုံ ထွန်းကားချိန်တွင် ပြည်ထောင်စုတိုင်းရင်းသား ရုပ်ပုံလွှာများကို စာပေများတွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့်တွေ့မြင်လာရပါသည်။ လေးချိုးတစ်ပုဒ်တွင် အမိုးခေါ်ဖိုးစော်ကဲတို့မှာ ကွင်း အဌနှင်းမြူမစဲခင်က၊ တဲယက်စခန်းဟူ၍ ကရင်တိုင်းရင်းသားတို့၏ တောင်ယာစခန်းကို သရုပ်ဖော်ပုံ ဦးကြင်ဥ၏ ပဒေသာသီချင်းများတွင် လွယ်နောက်ကယ်သိုင်းတင်၊ သင်ပေါင်းရှင်လည်း မနှင်ထွန်တိုက်၊ ချွန်စူးငယ်စိုက်လို့၊ ဟူ၍ သင်တိုင်းရှင်ကရင်တောင်သူများ တောင်ယာစူးထိုးစိုက်ပုံများကို သရုပ်ဖော်ပုံ စသည့် အဖွဲ့များကို တွေ့ရပါသည်။ ဂီတနယ်တွင် မြဝတီမင်းကြီး ဦးစအစရှိသည့် ဂီတပညာရှင်များ ရေးဖွဲ့သော 'မွန်သံ'များမှအစ သာယာဝတီဦးစိုင်း၏

http://www.cherrythitsar.org

'ကရင်ညြသံ'များအထိ ပြည်ထောင်စုတိုင်းရင်းသားအသံတို့ လွင့်ပျံ့လျက်ရှိပါသည်။

အသံကွဲ မြန်မာစကားများ(ဒေသိယစကားများ)ဟု ဘာသာဗေဒ ပညာရှင်တို့ သတ်မှတ်သော ရခိုင်၊ ထားဝယ်၊ တောင်ရိုး၊ အင်းသားစသည့် တိုင်းရင်းသားတို့၏ တေးကဗျာများကိုလည်း တွေ့ရပါသည်။ ရခိုင်ဆရာတော် အရှင်စက္ကိန္ဒ၏ ရခိုင်သဘာဝ တေးကဗျာများသည် စိတ်ဝင်စားဖွယ် ဖြစ်သကဲ့သို့ "မိုးမလာဘဲ ကြာချေပြီ မိုးကီးလေကီးလာလေပြီ၊ မိုးမိုး၊ ဝါလိုက်ပါမိုး" ဟူသော ထားဝယ်ဒိန်းသံများကလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မောင်တင်မြိုင်(အင်းလေး)၊ သိန်းသန်းထွန်းစသည်တို့၏ ဖော်ထုတ်ချက်အရ ပေါ်ထွက်လာသော အင်းလေးတိုက်တေးများ၊ တောင်ရိုးဓနုကျောင်းသားများ ဖော်ထုတ်ချက်အရ ပေါ်ထွက်လာသော 'တောင်ရိုးဓနုကျေးလက်တေးများ'သည်လည်း နှစ်သက်ဖွယ်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးသည့်နောက် ပေါ်ထွက်လာသော စာပေအမျိုးမျိုးတွင်ကား ပြည်ထောင်စု တိုင်းရင်းသားတို့၏ ရုပ်ပုံလွှာများသည် ပို၍ ထင်ရှားလာပါသည်။ ရခိုင်အမျိုးသားတို့၏ ကျင်ကိုင်ပွဲတွင် အကျီရွှတ်ပုဆိုးခါးတောင်းကျိုက်ပြီး သူနိုင်ကိုယ်နိုင်အပြိုင်ကျဲကြပုံ၊ အလားတူပင် ကရင်အမျိုးသားတို့၏ 'ချအိုင်လောင်ပွဲ'တွင် လုလင်ပျိုများက လုံမပျိုများရှေ့တွင် အကျီမပါ ခါးတောင်းမြှောင်အောင် ကျိုက်ပြကာ ယောကျ်ားကောင်းပီသကြောင်း ဟန်ရေးပြပုံ၊ လုံမပျိုများက အားပေးကြပုံ၊ ဖူးစာဆုံကြပုံတို့ကို ပျော်ရွှင်တက်ကြွဖွယ် ရေးဖွဲ့ကြပါသည်။ အသက်ဝင်မြူးကြွနေသော ပန်းချီကားများသဖွယ်ဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရုပ်ပုံလွှာများသည် ပို၍ထင်ရှားလာပါသည်။ ရခိုင်အမျိုးသားတို့၏ ကျင်ကိုင်ပွဲတွင် အကျီရွှတ်ပုဆိုးခါးတောင်းကျိုက်ပြီး သူနိုင်ကိုယ်နိုင်အပြိုင်ကျဲကြပုံ၊ အလားတူပင် ကရင်အမျိုးသားတို့၏ 'ချအိုင်လောင်ပွဲတွင် 'လုလင်ပျိုများက လုံမပျိုများရှေ့တွင် အကျီမပါ ခါးတောင်းမြှောင်အောင် ကျိုက်ပြကာ ယောကျ်ားကောင်းပီသကြောင်း ဟန်ရေးပြပုံ၊ လုံမပျိုများက အားပေးကြပုံ၊ ဖူးစာဆုံကြပုံတို့ကို ပျော်ရွှင်တက်ကြွဖွယ်ရေးဖွဲ့ကြပါသည်။ အသက်ဝင်မြူးကြွနေသော ပန်းချီကားများသဖွယ်ဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံလက်တွဲ၍ တိုက်ပွဲ

http://www.cherrythitsar.org

ဝင်ခဲ့ကြပုံများနှင့်တကွ တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သရုပ်ဖော်ရေးဖွဲ့သော ဝတ္ထုများ အမြောက်အမြားပေါ်ထွက်ခဲ့ပြီး ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားတို့၏ ကြိုးပမ်းမှုဆိုသည်နှင့် စောဦး၏ 'တစ်မိုးသောက်သော်' နှင့် ဗန်းမော်တင်အောင်၏ 'ရိုးမတိုက်ပွဲ'တို့ကို သတိရမိမည်ဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားဟု ဆိုသည်နှင့် ရခိုင်စာရေးဆရာ ဖိုးကျော့၏ ဝတ္ထုများကို သတိမရဘဲ မနေနိုင်ပါ။ ရှမ်းတိုင်းရင်းသားဟုဆိုသည်နှင့် ရောင်နီ၏ 'ဆောင်း'စသည့် ဝတ္ထုများကို သတိရပါသည်။ ကချင်တိုင်းရင်းသားဟုဆိုသည်နှင့် နတ်နွယ်၏ 'မြန်မာပြည်မြောက်ပိုင်း'ကပေါ်လာပါသည်။ ချင်းတိုင်းရင်းသားဟု ဆိုလိုက်လျှင် စိန်စိန်၏ 'ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့'ကို သတိရမိပါသည်။ ကယားတိုင်းရင်းသားဟုဆိုသောအခါ 'ရောင်နီ'၏ 'နမ်းခမ်းမုန်'ဟူ သော ဝတ္ထုကလေးက ရေးရေးပေါ်လာပါသည်။ နာဂတောင်တန်း မောင်ကြည် ဇင်၏ 'တောင်ပေါ်မြေမှ မြေပြန့်ပန်း'တွင် နာဂတိုင်းရင်းသားတို့၏ ရုပ်ပုံလွှာ ကို တွေ့ရပါသည်။ သိန်းသန်းထွန်း၏ 'ဘယ်ပန်းချီရေးလို့မမီ'မှာတော့ အင်းသားတို့၏ အမှုအရာများကိုသာမက ပြောသံဆိုသံများကိုပါ ကြားယောင်လာရပါသည်။ သတိရမိသော သာဓကအချို့သာဖြစ်ပါသည်။ မဖတ်ဖူးသေးသော စာပေများတွင်လည်း ပြည်ထောင်စုတိုင်းရင်းသား ရုပ်ပုံလွှာအမျိုးမျိုး မလွဲမသွေ ပါဝင်နေမည်မလွဲပါ။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးအတူပူအမျှ နေထိုင်လိုသော စိတ်ဓာတ်ဟု ပညာရှင်တို့ ဖွင့်ဆိုပါသည်။ နှစ်ပေါင်းထောင်ချီခဲ့ပြီဖြစ်သော မြန်မာ့ဓလေ့၊ သမိုင်းတစ်လျှောက်ပေါ်ထွန်းခဲ့သော မြန်မာဓလေ့များတွင် ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရုပ်ပုံလွှာများသည် ပြည်ထောင်စု စိတ်ဓာတ်၏ သာဓကများအဖြစ် ထင်ဟပ်ခဲ့ပြီးဖြစ်သည်နှင့်အမျှ အနာဂတ်တွင် ပေါ်ထွန်းမည့် စာပေများတွင်လည်း နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ လေးစားဖွယ်အသွင်ဖြင့် ဆက်လက်ထင်ဟပ်လျက်ရှိနေမည်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ
စွမ်းရည်မြှင့်တိုးရေးဗဟိုကော်မတီ၊
ရန်ကုန်၊
နှစ်လည်မဂ္ဂဇင်း(၂၀၀၁)ခုနှစ်၊

http://www.cherythitsar.org

စာပေမှတ်တိုင်များကို ဖြတ်သန်းခြင်း

ပေါင်းခင်ပင်

(၀န္ထု)

cover: MISS TABANGGOR
by Taw Mong, acrylic
on canvas, 2004